# ဖြသန်းစံ

## မမေ့သူတို့ ဓလေ့တူ၍
## အတွေ့တူတို့ အတူတွေ့



# မမေ့သူတို့ မလေ့တူ၍ အတွေ့တူတို့ အတူတွေ့

စာမူခွင့်ပြုချက်အမှတ် – ၄၃၆/၂၀၀၃ (၇)
အဖုံးခွင့်ပြုချက် – ၃၉၉/၂၀၀၃ (၇)

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – ၂၀၀၃– ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ (၂၀၀၀)

❑

**အဖုံးနှင့်အတွင်းပုံနှိပ်**

ရွှေနိုင်ငံပုံနှိပ်တိုက်၊ ဦးမောင်မောင်လှ၊ (မြ–၀၅၇၄၅)
အမှတ်–၉၀ (စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးမြသန်းစံ (ယာယီ–၇၃၂)၊ အပ္ပမာဒစာစဉ်
အမှတ် (၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်
ရန်ကုန်မြို့။ ဖုန်း ၅၈၄၇၃၈

❑

**မျက်နှာဖုံးပန်းချီ**

ပန်းချီ ကျော်ခင်မောင်

❑

**အတွင်းပန်းချီ**

ပန်းချီ ကိုကျော်သိုက်

❑

**စီစဉ်ဖြန့်ချိသူ**

ဒေါ်သိန်းမိုး

❑

**တစ်ပြည်လုံးဖြန့်ချိရေး**

အပ္ပမာဒဓမ္မရသစာပေတိုက်

❑

**တန်ဖိုး**

( ၇၅၀ ) ကျပ်


အပ္ပမာဒစာစဉ်

# မမေ့သူတို့ မလေ့တူ၍ အတွေ့တူတို့ အတူတွေ့

**မြသန်းစံ**


အပ္ပမာဒဓမ္မရသစာပေတိုက်
အမှတ် (၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း–၅၈၄၇၃၈

(၃၁၊ ဇူလိုင်၊ ၂၀၀၃)

# မြသန်းစံ ရေးသားထုတ်ဝေခဲ့ပြီးသမျှ

၁။ မေတ္တာ၊ မေမွ၊ သာသနာ့အလင်းရောင်တို့၏ အေးမြသော ဆွဲငင်အား

၂။ မမေ့မလျော့သောသတိဖြင့်နေထိုင်ခြင်း

၃။ ငြိမ်းချမ်းသောစိတ်ဖြင့် မငြိမ်းချမ်းသောအာရုံများကိုဖြတ်ကျော်ခြင်း

၄။ နက်ရှိုင်းသောတော၏ ရင်ခွင်၌ ပျော်မွေ့ခြင်း

၅။ လာခြင်းကောင်းသောဧည့်သည်

၆။ ဘုရားရှင်၏အဓိပ္ပါယ်ကိုခံစားကြည့်ညိုခြင်း

၇။ မင်္ဂလာရှိသောနေ့တစ်နေ့မွေးဖွားခြင်း (ပထမအကြိမ်)

၈။ ချစ်တတ်တဲ့လူတွေနေရင် လောကကြီးကလှနေမယ်

၉။ ခန္ဓာအိမ်ကိုအရင်းပြု၍ သဘာဝမေမွကိုလေ့လာခြင်း

၁၀။ မေတ္တာ၊ မေမွ၊ သာသနာ့အလင်းရောင်မှသည်
မင်္ဂလာရှိသောနေ့များဆီသို့

၁၁။ မှောင်မိုက်ခြင်းရဲ့အဓိပ္ပါယ်အလင်းတန်းတွေ့ရင်သိလိမ့်မယ်

၁၂။ ဦးနှိမ်ရိုကျိုးမာန်ကိုချိုးကာ

၁၃။ ဥပေက္ခာအဝန်းအဝိုင်း

၁၄။ ငြိမ်းအေးမှုတို့ဖြင့် ထုံမွှမ်းအပ်သော စိတ်နှလုံးအိမ်

၁၅။ မမေ့သူတို့ မလေ့တူ၍ အတွေ့တူတို့ အတူတွေ့

## ထုတ်ဝေမည့်စာစဉ်

၁၆။ သဘာဝတရားရဲ့ရင်ခွင်

၁၇။ မခံစားရခြင်း၏ချမ်းသာ

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

မြတ်စွာဘုရားကိုအားကိုးရာဟူ၍ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

မြတ်စွာဘုရား၏တရားတော်ကိုအားကိုးရာဟူ၍
ယုံကြည်ဆည်းကပ်ပါ၏ဘုရား

**သံဃံ သရဏံ ဂစ္ဆာမိ**

မြတ်စွာဘုရား၏တပည့်သားသံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

**အလှူအားလုံးတို့တွင် တရားအလှူသည်**

**အမြတ်ဆုံးဖြစ်၏**



## မြသန်းစံ
## ( ၁၉၅၈ – ?)

၉-၁-၅၈ ရက်နေ့တွင် (အဘ) ဦးစံမောင်၊ (အမိ) ဒေါ်ခင်တင့် တို့မှ မွေးဖွား။
၁၉၆၃ ခုနှစ် မှ ၁၉၇၂ အထိ အ.လ.က (၂) ရန်ကင်းတွင် ပညာသင်ကြား။
၁၉၇၂ ခုနှစ် မှ ၁၉၇၄ အထိ အ.လ.က (၃) တာမွေတွင် ပညာသင်ကြား။
၁၉၇၄ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကို (သင်္ချာ၊ ဓာတု) ဂုဏ်ထူးဖြင့် အောင်မြင်။
၁၉၇၄ ခုနှစ် မှ ၁၉၇၈ အထိ ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွင် ဓာတုဗေဒ ဘာသာရပ် အဓိကဖြင့် ပညာသင်ကြား။
၁၉၇၈ ခုနှစ်၌ သိပ္ပံဘွဲ့ (ဓာတုဗေဒ) ရရှိခဲ့။
၁၉၈၀ ခုနှစ်၌ တပ်မတော်သို့ ဝင်ရောက်။
၁၉၈၀ ခုနှစ်မှ ၁၉၉၉ အထိ တပ်မတော်တွင် ဗိုလ်မှူးအဆင့်အထိ အမှုထမ်းခဲ့။
စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာကိစ္စများစွာ ဆောင်ရွက်ခဲ့။
မြဝတီရုပ်သံ မဖွင့်လှစ်မီ အချိန်မှစ၍ နံနက်ပိုင်း အစီအစဉ်၊ ညနေပိုင်း အစီအစဉ် များ ထုတ်လွှင့်သည့်အထိ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခဲ့။
တေးသီချင်း (၁၅)ခွေ ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့။
ရုပ်မြင်သံကြားနှင့် ရုပ်ရှင်တေးသီချင်းများလည်း ရေးသားခဲ့။

ရုပ်ရှင်ဇာတ်ညွှန်း၊ ဗီဒီယို၊ ရုပ်မြင်သံကြားဇာတ်ညွှန်းများလည်း ရေးသားခဲ့။
မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဝတ္ထုတို၊ ဝတ္ထုရှည် ဆောင်းပါးများစွာ ရေးသားခဲ့။
၁၉၉၆ခုနှစ်တွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား မိုင်းပြင်းမြို့နယ်၊ သုဝဏ္ဏသျှံတောင်တွင် ဖူးတွေ့ခဲ့ပြီးချိန်မှစ၍ ဘဝအမြင်များ ပြောင်းလဲလာခဲ့သည့်နောက် ၁၉၉၇ ခုနှစ်မှစ၍ ဘာသာရေးဆောင်းပါးများ၊ တစိုက်မတ်မတ် ရေးသားလာခဲ့။
"မေတ္တာ ဓမ္မ သာသနာ့ အလင်းရောင်တို့၏ အေးမြသော ဆွဲငင်အား" ခေါင်းစဉ် ဆောင်းပါးရှည်သည့် ပထမဦးဆုံး စာအုပ်ဖြစ်လာခဲ့။
၁၉၉၉ ခုနှစ်၊ ဧပြီလတွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့။
၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၎င်းဌာနမှ အငြိမ်းစားယူခဲ့သည်။
၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်းကို ထူထောင်၍ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူကာ စီစဉ်ရေးသားထုတ်ဝေလျက်ရှိ။
အပ္ပမာဒစာစဉ်ကို ထူထောင်၍ အပ္ပမာဒစာစဉ်ဖြင့် ဓမ္မရသဆောင်းပါးများအား အစဉ်တစိုက်ရေးသားလာခဲ့ရာ ယခုအချိန်အထိ စာအုပ်(၁၅)အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။
ဇနီးဖြစ်သူ ဒေါ်သိဂ်ီမိုး၊ သမီး မခိုင်ငြိမ်းငြိမ်းစံ၊ သား မောင်ကောင်းငြိမ်းစံ တို့နှင့်အတူ အမှတ် (၁၈၉)၊ ရွှေဝါထွန်း (၂)လမ်း၊ ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်မြို့၌ နေထိုင်လျက်ရှိ။
ပရိယတ္တိဆိုင်ရာ စုဒ္ဒစာပေလေ့လာမှု၊ ပဋိပတ္တိဆိုင်ရာ သတိပဋ္ဌာန် အကျင့်မြတ် ဘာဝနာပွားများမှုတို့ဖြင့် ဘဝ၏ လက်ကျန်အချိန်များကို ကျော်ဖြတ်လျက်ရှိ။
ကျေးဇူးတော်ရှင် ဆရာတော်ကြီးများဖြစ်သည့် မဟာဗောဓိမြိုင်ဆရာတော်၊ မဟာမြိုင်တောရ ဆရာတော်ဦးဇောတိက၊ ရွှေဥမင်ဆရာတော်၊ ချမ်းမြေ့ ဆရာတော်၊ အလိုတော်ပြည့်ဆရာတော်၊ ဖားအောက်တောရဆရာတော်၊ မိုလယ်ဆရာတော်၊ ရွှေမင်းဝံဆရာတော်၊ အောင်ဆန်းတောရတပ်ဦးဆရာတော်၊ နဝဇုတဂ်ါစာရ ဆရာတော်(ဟင်္သာတမြို့)၊ မဟာစည်နာယက (ပုသိမ်) ဆရာတော်တို့ထံတွင် နည်းနာခံသယ ခံယူ၍သတိပဋ္ဌာန် ဝိပဿနာတရားများကို စနစ်တကျ အားထုတ်ခဲ့။
ဤ "**မမေ့သူတို့ မလေ့တူ၍ အတွေ့တူတို့ အတူတွေ့** "စာအုပ်သည် ၂၀၀၁ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရေးသားခဲ့သည့် ဓမ္မရသဆောင်းပါးများအား စုစည်းထားသည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏ နိဒါန်းစကား | |
| ၁။ | သေခန္ဓာ အကြိုနှုတ်ဆက်ခြင်း (သို့) ဦးပဥ္စင်းကြီး ဦးဝဇီရာနန္ဒသို့ အသံတိတ်လျှောက်ထားခြင်း | ၁ |
| ၂။ | အကြွေးလာဆပ်တာပါ | ၉ |
| ၃။ | မစင်ကြယ်မှုများကို စင်ကြယ်စေခြင်း | ၂၁ |
| ၄။ | မထင်တာတွေသာ ဖြစ်တတ်လေသော | ၃၅ |
| ၅။ | နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်သွားတော့မယ် | ၄၅ |
| ၆။ | ညှိသည့်ခန်းရောက် ညှိသည့်တစ်ဦး | ၆၃ |
| ၇။ | စိတ်ကို သက်နှံးပတ်၍နေပါ့မယ် | ၇၁ |
| ၈။ | သတိရလိုက်တာ အရှင်ဘုရားရယ် ... | ၈၁ |
| ၉။ | ခပ်မွှာမွှာလေး နေကြမယ် | ၉၁ |
| ၁၀။ | စိတ်-စိတ်ပါကွယ် | ၁၀၁ |
| ၁၁။ | တောအရပ်မှီ အရည်ဝါသီ | ၁၁၃ |
| ၁၂။ | မမေ့သူတို့ မလေ့တူ၍ အတွေ့တူတို့ အတူတွေ့ | ၁၂၅ |

# စာရေးသူ၏နိဒါန်းစကား

"မမေ့သူတို့ ဧလေ့တူ၍ အတွေ့တူတို့ အတူတွေ့" ဆောင်းပါးရှည်ကြီး မရေးဖြစ်ခင် ဤစာအုပ်အတွင်း၌ ပါဝင်သော "မစင်ကြယ်မှုများကို စင်ကြယ်စေခြင်း" ဆောင်းပါးကို ခေါင်းစဉ်တင်၍ စာအုပ်ထုတ်ဝေရန် ရည်ရွယ်ခဲ့၏။ ထို့ကြောင့်လည်း ထုတ်ဝေမည့်စာစဉ်အဖြစ် ကြိုတင်အသိပေးကြေညာဖြစ်ခဲ့လေသည်။ သို့သော် "မမေ့သူတို့ ဧလေ့တူ၍ အတွေ့တူတို့ အတူတွေ့" ရေးဖြစ်ခဲ့သောအခါ ခေါင်းစီးဆောင်းပါးအဖြစ်တင်၍ စာအုပ်အမည်ပြောင်း၍ ထုတ်ဝေဖြစ်ခဲ့တော့သည်။

ဤစာအုပ်သည် (၂)နှစ်တာကာလအတွင်း ဂျာနယ်၊ မဂ္ဂဇင်းများ၌ ရေးသားဖြစ်ခဲ့သော ဆောင်းပါးအတို အရှည် (၁၂)ပုဒ်ကို စုစည်းထားခြင်းဖြစ်သည်။ ဆောင်းပါးအသစ်တွေ ဘယ်လိုရေးရေး၊ စာအုပ်နာမည်တွေ ဘယ်လိုပြောင်းပြောင်း၊ စာအုပ်အသစ်တွေ ဘယ်လိုထွက်ထွက် အဓိက ကျောထောက်နောက်ခံကတော့ သတိပဋ္ဌာန်အကျင့်မြတ်တရားတော်ပင်တည်း။

ဤတစ်ခုတည်းသော သတိပဋ္ဌာန်အကျင့်မြတ်တရားတော်နှင့် ပတ်သက်၍ ထပ်ကာ၊ ထပ်ကာ ပြောနေရခြင်းမှာ အဘယ်ကြောင့်နည်း။ ဒုက္ခခပ်သိမ်းအေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့သွားရန်အတွက် သတိပဋ္ဌာန်တရားတည်းဟူသော လမ်းကြောင်းတစ်ခုတည်းသာ ရှိသောကြောင့်ပင်တည်း။ ထို့ကြောင့်ပင် သတိပဋ္ဌာန်တရားနှင့်ပတ်သက်၍ ရဟန်း၊ လူ၊ လူပုဂ္ဂိုလ်မျိုးစုံတို့ နေရာဒေသအနှံ့၊အချိန်မျိုးစုံတို့၌ကြုံခဲ့သမျှအတွေ့အကြုံ အဖုံဖုံကို 'တစ်ဆင့်ကြား'၊ 'ကိုယ်တိုင်တွေ့'တို့ဖြင့် သိခဲ့ရသမျှကို တန်ဆာဆင်ရေးသားဖြစ်ခဲ့ခြင်းဖြစ်သည်။

ရေးသားပြုစုခဲ့ပြီးသော စာအုပ်အရေအတွက်အရဆိုလျှင် ရပ်တန်းက ရပ်ရင်လည်း ရနေပေပြီ။ သို့သော် ဝါသနာ၊ ဉာဉ်၊ စရိုက်ဆိုသည်က အခက်သားလား။ ဘဝ–ဘဝက အထုံအဆက်ပြုလုပ်ထားခဲ့သည်ထင်။ အာသေဝနပစ္စယော၏သတ္တိက အစွမ်းပြခွင့်ရတိုင်း ပြသနေစမြဲ။ စဉ်ဆက်မပြတ် တရားအားထုတ်ဖြစ်လာသောအခါ ဓမ္မ၏အတွင်းနယ်ပယ်ကို ချဉ်းကပ်မိလေလေ





သိခွင့်ရသမျှ ပညတ်တင်၍ ပြန်ပြောချင်လေ ဖြစ်တတ်၏။ စာရေးနေခြင်းသည်ပင်လျှင် စာဖြင့် စကားပြောနေခြင်း မဟုတ်လော။

အပြောပညတ် ဝင်သောအခါ သဘောပရမတ်တို့ ပျောက်ကွယ်ခဲ့ရသည်ကိုလည်း သတိပြုမိပါသည်။ အပြောပညတ်(သို့)အရေးပညတ်သည် ပရိသတ်၊ စကားလုံး၊ ဘာသာဗေဒ၊ အသံတို့ကို အာရုံပြုရသည်။ ကြုံခဲ့ရသမျှအတွေ့အကြုံဆီသို့ အတွေးဖြင့် နောက်ကြောင်းပြန်လှည့်ရသည်။ ထိုအချိန်တွင် ပစ္စုပ္ပန်တည့်တည့်၌ ဖြစ်ပေါ်ပြောင်းလဲ ပျက်ရွေ့အစားထိုးနေသော 'သဘောပရမတ်'တို့ ပြသရာ ခန္ဓာအပေါ်သို့ အာရုံပြုခွင့် ဆုံးရှုံးသွားရတော့သည်။ 'အပြောပညတ်'ကို အာရုံပြုမိရာမှ 'သဘောပရမတ်'ဆီသို့ အာရုံပြုခွင့် ဆုံးရှုံးလေသဖြင့် ဖွံ့ဖြိုးလာကာစ ဉာဏ်တို့သည်လည်း တုံ့နှေးရပ်တန့်သွားရလေသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို မကြာခဏ မေးခွန်းထုတ်ကြည့်ဖြစ်၏

'သဘောပရမတ်'ကို အာရုံပြုမှာလား။

'အပြောပညတ်'ကို အာရုံပြုမှာလား။

'သဘောပရမတ်' နှင့် 'အပြောပညတ်'တို့ လွန်ဆွဲပွဲ၌ 'အပြောပညတ်'ဘက်က အနိုင်ရသောအခါ ဤသို့ဤနှယ် စာအုပ်တွေ ထွက်လာဖြစ်စမြဲ။ တစ်ခါတစ်ရံ စိတ်ကောင်းဝင်၍ 'သဘောပရမတ်' ဘက်က အနိုင်ရလေသောအခါ ကိုင်နေကျကလောင်သည်ပင်လျှင် သူစိမ်းတစ်ရံဆံသဖွယ်။ ကိုယ်နှင့်မဆိုင်တော့သလို၊ မပတ်သက်တော့သလို၊ ပတ်သက်ရမှာကို ဝန်လေးနေသလို ဖြစ်တတ်ပါသည်။ ဖြစ်ခဲ့ဖူးပါသည်။

ထိုအခါမျိုး၌ စကားလုံးတွေ မရှိသော နယ်ပယ်၌ ဓမ္မဖြင့် တန်ဆာဆင်ထားသော ဉာဏ်ကိုအဖော်ပြု၍နေရခြင်းလောက် ထူးကဲသောအရသာမျိုး မရှိနိုင်ဟူသော အဓိပ္ပါယ်ကိုလည်း နားလည်ဖြစ်ခဲ့၏။ ဤသို့သော ငြိမ်းချမ်းရေးပန်းခင်းကြီး၏ ထာဝရပျော်မွေ့ရလောသော် ကောင်းလေစွဟူသော စိတ်ကူးအကြံတို့လည်း ဖြစ်ပေါ်လာတတ်၏။ သို့သော် မည်သည့်အရာမျှ မြဲနေခြင်းမရှိဟူသော စကားသည် ဤနေရာ၌ အထင်းသားပေါ်လွင်လှသည်။ ပေါ်လာသော ဉာဏ်လည်းဖြစ်ပြီးပျက်၊ ဖြစ်တည်လာသော စိတ်ကူး

အကြဲလည်း ဖြစ်ပြီးပျက်။ သည်တော့လည်း ပရမတ်အာရုံမှသည် ပညတ်အာရုံဆီသို့ ပြန်ရောက်။ ပညတ်နယ်ပယ်၌ တရစ်ဝဲဝဲလည်။ ပရမတ်အာရုံသို့ နောက်ထပ်တစ်ကြိမ် ပြန်မရောက်မီ (ထိထိရောက်ရောက်ပြန်၍ အားမထုတ်ဖြစ်သေးမီ)အတွင်း ဝါသနာ၊ ဉာဉ်၊ စရိုက်ဖြစ်သော 'စာပိုး'က လက်ယက်ခေါ်တော့သည်။ နှစ်ခါ မခေါ်ရပါ။ လက်တို့ဖြစ်ရုံလေးမျှနှင့်ပင် ချထားခဲ့သော ကလောင်ကို ပြန်ကိုင်ဖြစ်ခဲ့ပြန်ပါသည်။ အာရုံပြုဖြစ်ခဲ့လေသော ဓမ္မ၏ နယ်ပယ်ဆီသို့ ပြန်လည်မှန်းဆ အာရုံပြုကာ ပညတ်တန်းတင်၍ စကားလုံးတွေ စီကာစဉ်ကာ ရေးဖြစ်ပြန်တော့သည်။

ဤသည်ကပင် လည်ပတ်ခြင်း သံသရာတစ်ခုပင်တည်း။ အပြော ပညတ်နှင့် သဘောပရမတ်ကြား လူးလားတုံ့ပြန် သွားချည်ပြန်ချည်ဖြင့်။ တဝဲဝဲရယ်တဲ့ တလည်လည်နှင့် ရေးခရီးသည် တစ်ခါတစ်ရံမှန်ပျပျဖြစ်ချင်လာ၏။ ရေးစရာကုန်သလို ဖြစ်သွားပြန်သောအခါ တစ်ဖန်ပြန်ငြီးငွေ့လာပြန်၏ သည်လိုနှင့် ချာလည်လည်နေရင် ကြားဘူတာမှာပဲ အချိန်တွေကုန်သွားမှဖြင့် ... ဟူ၍ ငြီးငွေ့စိတ်အကြားမှ စိုးထင့်စိတ်ပေါ်လာပြန်သည်မျှ

ဤတိုက်ပွဲကား အတွင်းကျိတ်တိုက်ပွဲဖြစ်သဖြင့် မည်သူမျှ မမြင်နိုင်။ ကာယကံရှင် တစ်ဦးတည်းသာ မြင်ရသောတိုက်ပွဲဖြစ်သည်။ ရေရှည်စစ်လည်း ဖြစ်နေသဖြင့် မနည်းချော့တိုက်နေရသည်။ ဤသည်ကို သိသဖြင့် ဆရာအရှင်က ဆုံးမလေသည် –

"ခင်ဗျားမှာ စာပိုးရှိတယ်နော်။ သတိထား၊ ခင်ဗျားတို့၊ ကျုပ်တို့ မပြောနဲ့၊ ရှေးရှေးဆရာတော်ကြီးတွေတောင် ဒီလိုပဲ 'စာပိုး'အနှိပ်စက်ခံခဲ့ရတာချည်းပဲ၊ ကိုယ့်ကို လွတ်လွတ်ကျွတ်ကျွတ်မဖြစ်အောင် အဲဒီ 'စာပိုး'က အနှောင့်ယှက်နိုင်ဆုံးပဲ။ တချို့များ ခန္ဓာဝန်ချတော့မယ့် အချိန်အထိ အဲဒီ 'စာပိုး'က အကြွေးတောင်းသလို လိုက်တောင်းနေတော့တာ။ အဲဒါ သတိသာ ထားပေတော့ ဘယ်လိုလေး ရေးလိုက်ချင်တာ။ ဘယ်လိုလေး ပြေလိုက်ချင်တာဆိုတဲ့ စိတ်ကူးပေါ်လာရင် သတိသာ ထားပေတော့။ ကိုယ်က တောင်ကုန်းပေါ် တက်နေတုန်းမှာ သူများကို ကုန်းပိုးပြီး ခေါ်ချင်နေရင် ကိုယ်လည်း ခရီးမတွင် သူများလည်း ခရီးမရောက်ပေဘူး။ ကိုယ်ကိုယ်တိုင်





လွတ်လွတ်ကျွတ်ကျွတ် တောင်ကုန်း ပေါ်ရောက်ခဲ့ပြီးဆိုရင် အောက်ကို ကြိုးစပစ်ချလိုက်ပါဗျာ။ တစ်ယောက်ပြီးတစ်ယောက် ဆွဲတင်ပြီး ခေါ်လို့ရပါတယ်ဗျ။ ဘုရားရှင်နဲ့ အဂ္ဂသာဝက၊ မဟာသာဝက မထေရ်မြတ်ကြီးတွေက ရှေးရှေးတုန်းက ဒီလိုပဲ။ ကိုယ်တိုင် တောင်ကုန်းပေါ်ရောက်ပြီးမှ အောက်ကို ကြိုးစပ်ချပြီး ဝေနေယျတွေကို ကယ်ခဲ့ကြတာပါဗျ။ ကိုယ့်ကျမှ ပြောင်းပြန်မလုပ်ချင်ပါနဲ့ဗျာ"

ဤအဆုံးအမကို နာခံရသောအခါ တစ်ချိန်ချိန်တွင် ကိုင်နေကျ ကလောင်နှင့် အတိုင်းအတာတစ်ရပ်အထိ လမ်းခွဲရတော့မည့်အရေးကို တွေးဆနေမိ၏။ 'လမ်းခွဲရေး'နှင့် 'လက်တွဲရေး'တွင်'လက်တွဲရေး'ဘက်က အနိုင်ရသော် 'အပြောပညတ်'တို့ လွှမ်းမိုး၍နေပေမည်။

အကယ်၍ 'လမ်းခွဲရေး'ဘက်ကအနိုင်ရသည်ရှိသော် 'သဘောပရမတ်'ကို အချိန်ပြည့် အာရုံပြုခွင့်ရပေမည်။

သဘောပရမတ်ကို အချိန်ပြည့် အာရုံပြုခွင့်ရသည်ရှိသော် 'မမေ့သူ'စာရင်းဝင် ဖြစ်လာပေမည်။ ထိုမှသည် 'မမေ့သူ'အချင်းချင်းသတိပဋ္ဌာန်အကျင့်၌ ထပ်တူထပ်မျှ 'မလေ့တူ'သူ ဖြစ်ပေတော့မည်။ ထိုအခါ 'မလေ့တူ'သူတို့ အချင်းချင်း နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်ကြီးကို အာရုံပြုဖြစ်လေသော 'အတွေ့တူကြသူတို့'ဖြစ်လာပေမည်။ သည့်နောက် 'အတွေ့တူကြသူတို့'သည် နိဗ္ဗာန်တည်းဟူသော တစ်ခုတည်းသော ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ အငြိမ်းဓာတ်ကြီး၌ 'အတူတွေ့'ကြရမည် မဟုတ်ပါလော...။

'ပညတ်သွားရာ ဓာတ်သက်ပါ'ဟူသော စကားရပ်ရှိ၏။ ထိုစကားရပ်အရဆိုလျှင် "ဤစာအုပ်ခေါင်းစဉ်ဖြစ်သော **'မမေ့သူတို့ မလေ့တူ၍၊ အတွေ့တူတို့ အတူတွေ့'** ဟူသော ပညတ်သွားရာနောက်မှ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ် 'ဓာတ်သက်ကြီး'သည် ဤစာရေးသူနှင့် ယခု ဤစာအုပ်ဖတ်သူတို့၏ ထံမှောက်သို့ အခါမလင့်၊ အချိန်မဆိုင်းဘဲ အမြန်ဆိုက်ရောက်ပါစေ" ဟူသော အခါခါဆုတောင်းမေတ္တာ ပို့သနေမိပါတော့သည်။

**မြသန်းစံ**

**၂၇–၅–၂၀၀၃**



Happy Birthday to you ဟူ၍ သင့်အတွက် ပျော်ရွှင်သော မွေးနေ့ဖြစ်ပါစေဟု ပြောကြဆိုကြမည်။ ပုရိုလ်ကို အခြေပြုသောအခါ ထိုဆုတောင်း၊ ထိုအဆိုတို့သည် မင်္ဂလာရှိသယောင်ယောင် ကျက်သရေရှိသယောင်ယောင်၊ မှန်နေသယောင်ယောင်။

မွေးဘက်မှကြည့်သောအခါ "လက်ဖျစ်တစ်တွက်မျှသာရှိသော ဘဝကိုပင် ငါဘုရား ချီးမွမ်းတော်မမူ" ဟူသော ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားထားချက်နှင့် ဇီလာဆန့်ကျင် ဖြစ်နေတော့သည်။

## သေနေ့အကြို နှုတ်ဆက်ခြင်း (သို့မဟုတ်) ဦးပဉ္ဇင်းကြီး ဦးဝဇီရာနန္ဒသို့ အသံတိတ်လျှောက်ထားခြင်း

တစ်နှစ်တာပြက္ခဒိန်သက်တမ်း ကုန်ဆုံးလေတိုင်း ကျွန်တော် မွေးဖွားခဲ့သည့် လ၊ ရက် သို့ ရောက်ရစမြဲ။

နှစ်စဉ်နှစ်တိုင်း ဇန္နဝါရီလ(၉)ရက်နေ့၌ ကျွန်တော်၏အသက် ဂဏန်းနံပါတ်တစ်ခု တိုးလာရစမြဲ။ ယခုလည်း ၂၀၀၂–ခုနှစ်၊ ဇန္နဝါရီလ(၉) ရက်နေ့တွင် ကျွန်တော်၏ လူ့ဘဝ၌နေထိုင်ခွင့်ရခဲ့သော နှစ်အရေအတွက် တစ်ခုတိုးတော့မည်။

၄၄–နှစ်။

ဇန္နဝါရီလ(၉)ရက်နေ့ကျော်သည်နှင့် ကျွန်တော်သည် ၄၅–နှစ် အတွင်းသို့ ချဉ်းနင်းဝင်ရောက်တော့မည်။ အသိမိတ်ဆွေများနှင့် တွေ့သည့်အခါ "ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ" ဟုမေးလာလျှင် ၄၅–နှစ် ရှိပြီဟု ဖြေရတော့မည်။ ၄၅–နှစ်မှသည် နောက်ထပ် ဂဏန်းနံပါတ် မည်မျှအထိ ကျွန်တော်နေထိုင်ခွင့်ရမည်ဆိုတာကိုမူ ကျွန်တော့်ကိုယ် ကျွန်တော်

မသိနိုင်ပါ။ ကျွန်တော့်ကိုယ် ကျွန်တော် သိနိုင်သည်ကတော့ ၉၀–အောက် ဂဏန်းနံပါတ်တစ်ခုခု၌ ကျွန်တော်မလွဲမသွေ သေဆုံးရမည်ကိုပင်။ဒါက လျှော့လျှော့ပေါ့ပေါ့အတွေး။ တကယ့်တကယ်တွင် ဤဆောင်းပါးရေးပြီး ချိန်၌လည်း ကျွန်တော်သေဆုံးသွားနိုင်သည်။ သို့တည်းမဟုတ် စာဖတ်သူတို့ ဤဆောင်းပါးကိုဖတ်နေချိန်တွင် ကျွန်တော်သေဆုံးပြီးသားလည်း ဖြစ်နေနိုင်ပါသည်။

လွန်ခဲ့သောနှစ်လခန့်က ပျံလွန်တော်မူသွားခဲ့ပြီဖြစ်သော အရှင်ဝဇီရာနန္ဒ (ရှပ်ရှင်မင်းသားကြီး နိုင်ငံကြီးဖေယျ)၏ မွေးနေ့ဖိတ်စာပါ စကားလုံးအသုံးအနှုန်းကို ကျွန်တော် ပြန်အမှတ်ရမိသည်။ လွန်ခဲ့သော (၇)နှစ်ခန့်က သက်ရှိထင်ရှားဘဝဖြင့် ရုပ်ရှင်လောကသားများအား တွေ့ဆုံရာတွင် ဦးပဉ္ဇင်းကြီး၏ မွေးနေ့ဖိတ်စာပါ စကားလုံးအသုံးအနှုန်းသည် ဖိတ်စာ ဖတ်လိုက်ရသူတို့အား ထိတ်လန့်တုန်လှုပ် သံဝေဂရစေခဲ့ပါသည်။

''သေနေ့အကြို နှုတ်ဆက်ခြင်း''

ထိုစကားစုကလေးသည် ကျောက်စာပေါ် ထွင်းထုထားသလို ကျွန်တော့်ရင်ထဲ စွဲမြဲနေတော့သည်။ ရဲရင့်လိုက်သည်ဖြစ်ခြင်း။ တကယ်တော့လည်း သေခြင်းတရားဟူသည် ဘာမျှအဆန်းတကြယ် မဟုတ်လှပါ။ မွေးဖွားခြင်းဟူသည်ပင် သေဆုံးခြင်း၏ အကြိုသင်္ကေတ ဖြစ်ပါသည်။သို့သော် ကျွန်တော်တို့ ပုထုဇဉ်လူသားများကမူ ''မွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ''ဟု ခေါင်းစဉ်တပ် အမည်ပေးလျက် မင်္ဂလာယူနေကြပြန်ပါသည်။

အမှန်တော့ မွေးဖွားခဲ့သည့်နေ့၌ပင် မွေးနေ့ဟူသောအစီပွဲယ်သည် ပြီးဆုံးကွယ်ပျောက်ခဲ့ပြီ ဖြစ်ပါသည်။တစ်နှစ် တစ်နှစ်ကုန်ဆုံးလေတိုင်း အဆိုပါ မွေးနေ့ရှင်သည် သေနေ့ဆီသို့ တတိတိနှင့်ချဉ်းကပ်နေသည်သို့ရှိပါသည်။ အနီးပုဂ္ဂိုလ်တစ်ဦးသည် နေရာဌာနတစ်ခုခု၌ မွေးနေ့မင်္ဂလာအခမ်းအနားကျင်းပသည်ဆိုပါစို့။ ဖိတ်ကြားထားသော ဧည့်သည်ပရိသတ်တို့ လာကြမည်။ မွေးနေ့လက်ဆောင်ပေးကြမည်။ စားဖွယ်သောက်ဖွယ်ရာများ စားကြမည်။ အခမ်းအနားကို ချဲ့လျှင်ချဲ့သလို မြင်ကွင်းတွေက စုံလင်မည်။ Birthday Cake ပေါ်တွင်ထွန်းထားသော ဖယောင်းတိုင်မီးများကိုမှုတ်၍





ငြိမ်းသတ်ကာ မွေးနေ့ရှင်က ကိတ်မုန့်များကို လှီးဖြတ်၍ ဝေငှပေးမည်။ ထိုအခါ အခမ်းအနားတက်လာသူတို့က မွေးနေ့ရှင် ကျန်းမာ ချမ်းသာပါစေ၊ အသက်ရာကျော်ရှည်ပါစေဟု ဆုတောင်း ပေးကြလိမ့်မည်။

Happy Birthday to you ဟူ၍ သင့်အတွက်ပျော်ရွှင်သောမွေးနေ့ဖြစ်ပါစေဟု ပြောကြဆိုကြမည်။ ပုဂ္ဂိုလ်ကို အခြေပြုသောအခါ ထိုဆုတောင်း။ ထိုအဆိုတို့သည် မင်္ဂလာရှိသယောင်ယောင်၊ ကျက်သရေရှိသယောင်ယောင်။ မှန်နေသယောင်ယောင်။

မွေ့ဘက်မှကြည့်သောအခါ ''လက်ဖျစ်တစ်တွက်မျှသာ ရှိသောဘဝကိုပင် ငါဘုရားချီးမွမ်းတော်မမူ''ဟူသော ဗုဒ္ဓမြတ်စွာဘုရားရှင်ဟောကြားထားချက်နှင့် ဖီလာဆန့်ကျင် ဖြစ်နေတော့သည်။

''ဘဝရရှိခြင်းသည် ဒုက္ခသစ္စာကို ရရှိနေခြင်းဖြစ်သည်''ဟူသော ဘုရားရှင်၏အဆုံးအမသည် လွန်စွာနက်နဲသိမ်မွေ့လှသည်။ ပကတိ မျက်စိဖြင့် မြင်နေရသည့်ပုဂ္ဂိုလ် ခန္ဓာကိုယ်၏နောက်ကွယ်၌ ပကတိမျက်စိဖြင့် မမြင်နိုင်သည့် ခန္ဓာငါးပါးရှိနေသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသုံးအနှုန်းအရဆိုလျှင် ခွေးဟောင်သည့်ခန္ဓာနှင့် ခွေးမဟောင်သည့်ခန္ဓာ။

ကံကြောင့်ရလာသည့် ပကတိမျက်စိဖြင့် မြင်နေရသည်မှာ ခွေးဟောင်နိုင်သည့်ခန္ဓာ။

ဝိပဿနာဉာဏ်ထူထောင်ပြီးမှ မြင်ခွင့်ရမည်မှာ ခွေးမဟောင်နိုင်သည့် ခန္ဓာငါးပါး။ ခန္ဓာငါးပါးကိုမြင်မှ ဒုက္ခစက်ကြီး မပြတ်လည်နေသည်ကို တွေ့ရှိပေမည်။ သို့မဟုတ်လျှင် ကုသိုလ်ကံအကျိုးပေးကြောင့်ရလာသည့် လူ့ခန္ဓာ တစ်ခုကို ငါ့ခန္ဓာဟု စွဲလမ်းတော့မည်။ အတွင်းခန္ဓာငါးပါးကို မမြင်သောအခါ အပြင်ခန္ဓာကိုယ်ကြီးကိုပင်၊ ငါ၊ ငါ့ခန္ဓာ ဟု စွဲလမ်းလျက် ခိုင်မြဲနေသည်ဟုပင် အထင်အမြင်မှားနေရော့မည်။

မိမွေးတိုင်း၊ ဖမွေးတိုင်း ခန္ဓာကိုယ်မှသည် ဖုံးအုပ်လိုက်သော အဝတ်အစားအလျောက် နေထိုင်ကြီးပြင်းခဲ့ရသော ပတ်ဝန်းကျင်အလျောက်၊ ရရှိလိုက်သော ကုသိုလ်အကျိုးပေးခံစားခွင့်အလျောက်၊ခန္ဓာကိုယ် အဆင့်ဆင့်ကြီးထွားလာကာ သက်တမ်းတဖြည်းဖြည်း ကြီးရင့်လာမှုမှသည် တိုးတက်

ဖြစ်ထွန်းလာသော ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်၊ အတိုင်းအထွာအမျိုးမျိုး အပေါ် မူတည်၍ လူ၌ နဂိုရှိရင်းစွဲ မသိမှု၊ စွဲလမ်းမှုတို့သည်လည်း တစ်စ ထက်တစ်စ ကြီးထွားလာတော့သည်။ ကြာသောအခါ လူသည် တဏှာ၊ မာန၊ ဒိဋ္ဌိ အထုပ်အပိုးကြီး ဖြစ်မှန်းမသိ ဖြစ်နေတော့သည်။

ခန္ဓာငါးပါးရခဲ့ခြင်း၏ ဒုက္ခသစ္စာသဘောကို ကျော်နိုင်း၍ တဏှာ၊ မာန၊ ဒိဋ္ဌိ၏ ရင်ခွင်ထက်၌ မေ့လျော့ မွေ့လျော်နေသော လူတို့၏သန္တာန်၌ "မွေးနေ့ရှင်အတွက် ကောင်းသောဆုတောင်း" မှန်သမျှသည် ကြည်နူး နှစ်သိမ့်ဖွယ်ရာ ဖြစ်နေပေလိမ့်မည်။ နှလုံးပီတိဂွမ်းဆီထိသဖွယ် ဖြစ်နေရော့မည်။

နေခွင့်ရနေခြင်းသည် သေခွင့်မရသေးခြင်း၏ အဓိပ္ပါယ်ဖြစ်သည်။

ဥပါဒ်၊ ဋ္ဌီ၊ ဘင် – ဖြစ်၊ တည်၊ ပျက်–ရုပ်နာမ်ဓမ္မစက်တို့သည် စက္ကန့်မလပ်ဖြစ်ပေါ် ကုန်ဆုံးနေလေသည်။ ခန္ဓာထဲသို့ သတိထား၍ ဉာဏ်ဖြင့် အသေအချာစူးစိုက်ကြည့်မိသောအခါ ဘာမျှခိုင်မြဲရပ်တည်နေသည်ဟု မရှိ။ တစ်ရှင်ပြီး တစ်ရှင်နောက်က တစ်သေပြီး တစ်သေ။

"ကိုယ့်အသေကိုယ်ကြည့်ကြပါ။ ဒကာ၊ ဒကာမတွေရဲ့ ကိုယ်ထဲမှာ ခန္ဓာတွေဟာ မရပ်မနားသေပြနေတယ်။ ဒကာ၊ ဒကာမတွေက ကိုယ့်အသေ ကိုယ်မကြည့်ကြဘဲ သူများကိုပဲ ကြည့်နေကြတော့ ဘယ်မြင်နိုင်မလဲ။ ဒီဘဝ ဒီခန္ဓာကြီးသေဆုံးလို့ ရုပ်အလောင်းကောင်ကြီး ကျန်ခဲ့မှ သေတယ်လို့ ထင်မနေကြနဲ့၊ စက္ကန့်တိုင်း ကိုယ့်ကိုယ်ထဲမှာ ရုပ်နာမ်ခန္ဓာအသေတွေ အများကြီးပဲ၊ ကိုယ့်မသာ ကိုယ်ချကြပါ။ ကိုယ့်အသုဘ ကိုယ်ကြည့်ကြပါ။ ဒီဘဝရဲ့ရထားတဲ့ ကိုယ့်ရုပ်ခန္ဓာကြီးသေလို့ အလောင်းကြီးကျန်ရင် ကိုယ့် မသာကို သူများက ချပါလိမ့်မယ်။ ကိုယ့်အလုပ်မဟုတ်တာကို ဝင်လုပ်ဖို့ စိတ်မကူးကြပါနဲ့၊ ကိုယ့်အလုပ်က ကိုယ့်ကိုယ်ထဲက ကိုယ့်အသေတွေကို အမြဲမြင်နေဖို့ပဲ"

မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမစကား ပြတ်သားလှသည်။နားရင်း ပါးရင်း ဝိတ်အုပ်လိုက်သလို ထိမိလှသည်။ရင်ထဲကို ထိသည်။

ဘုရားရှင်၏အဆုံးအမများ၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီး





အသီးသီး၏ အဆုံးအမများကို နှလုံးသွင်း၍ နေထိုင်ခွင့်ရနေသောအချိန်များ၌ ကျွန်တော့်ဘဝသည် အဓိပ္ပါယ်တစ်မျိုးဖြင့် လေးနက်ပြည့်စုံနေသည်ဟု ယုံကြည်နေမိသည်။ လူခန္ဓာရထားသော လူ့ဘဝနှင့်လူ၏အဓိပ္ပါယ်ကို စူးစမ်း ဆင်ခြင်မိလေတိုင်း ခက်ခဲနက်နဲလှသော သဘော သဘာဝတွေကို အထိုက် အလျောက် တွေ့ရှိလာခဲ့သည်။ ပညာရှင်အမျိုးမျိုး၊ လူအမျိုးမျိုး၊ ပုဂ္ဂိုလ် အမျိုးမျိုးတို့သည် လူ့ဘဝ၊ လူ့အဓိပ္ပါယ်တို့ကို သူတို့သန်ရာသန်ရာ ရှုထောင့် အသီးသီးမှ ဖွင့်ဆိုသွားခဲ့ကြသည်။ သည်အထဲတွင် ပျံလွန်တော် မူသွားခဲ့ပြီ ဖြစ်သော ဦးပဥ္စင်းကြီး ဦးဝဇီရာနန္ဒခေါ် မင်းသားကြီး ဦးဖေယျသည် လူ၏အဓိပ္ပါယ်ကို မည်သို့မည်ပုံနားလည်၍ မည်သို့အဓိပ္ပါယ်ဖွင့်သွားခဲ့သည် မသိပါ။ ဦးပဥ္စင်းကြီး၏ စကားတစ်ခွန်းသည် ကျွန်တော့်ရင်ထဲ၌ ငြိတွယ် စွန်းထင်းလျက်ရှိနေပါသည်။ ရှင်းပါမည်။

ဦးပဥ္စင်းကြီး ပျံလွန်တော်မမူခင် တစ်နှစ်လောက်အလိုက ဖြစ်သည်။ ကျွန်တော်စီစဉ်ထုတ်ဝေနေသည့် အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၏ တွေ့ဆုံမေးမြန်း ဓမ္မလမ်း အခန်းကဏ္ဍအတွက် စာရေးဆရာ ဆရာတင်ဝင်း–ကသာ (မန်းတက္ကသိုလ်)က ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ ဦးပဥ္စင်းကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ခြင်း။ ထိုဆောင်းပါးသည် အပ္ပမာဒဓမ္မရသမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁၂) တစ်နှစ်ပြည့်အထူးထုတ်၌ ပါဝင်ခဲ့ပါသည်။ ဆောင်းပါး ခေါင်းစဉ်မှာ "ရုပ်ရှင်မင်းသား နိုးရိုးကြီးဖေယျ၏ ဘဝဆည်းဆာချိန် အလု ဒဿနများ" ဖြစ်ပါသည်။ စာရေးသူ ဆရာဦးတင်ဝင်း–ကသာသည် ဦးပဥ္စင်းကြီး ဦးဝဇီရာနန္ဒ သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး ညောင်တုန်း ချောင်သို့ အရောက်သွားကာ (၂၈–၆–၂၀၀၁)ရက်နေ့၌ တွေ့ဆုံမေးမြန်း ခဲ့ခြင်း ဖြစ်ပါသည်။ဦးပဥ္စင်းကြီးနှင့် စာရေးဆရာဦးတင်ဝင်းတို့ တွေ့ဆုံမေးမြန်း မှုနှင့်ပတ်သက်၍ စာဖတ်သူများ ဖတ်ခဲ့ပြီးဖြစ်သဖြင့် အထူးမပြောလိုတော့ပါ။ ဤနေရာတွင် ဆောင်းပါးအဆုံး၌ ကျွန်တော်နှင့်ပတ်သက်သော ကိစ္စတစ်ခု ပါလာပါသည်။

"အရှင်ဘုရား၊ အပ္ပမာဒဓမ္မရသမဂ္ဂဇင်း စာတည်းချုပ်လုပ်နေတဲ့ ဆရာမြသန်းစံကို ဘာများမှာစရာရှိပါသေးလဲ ဘုရား"

''ဒကာကြီး မြသန်းစံဟုတ်လား။ သူ့ကို တစ်ခုပြောလိုက်ပါ၊ ဒကာကြီး ‥ လူဖြစ်သွားပြီလို့ ဦးပဥ္စင်းကမြင်တယ် လို့လေ'' (အပူမာဒတစ်နှစ်ပြည့် အထူးထုတ် စာ-၅၉)

အတော် 'တာ'သွားသော စကားဖြစ်ပါသည်။ သို့တည်းမဟုတ် ကျွန်တော့်အတွက် အလွန်တာဝန်ကြီးသော စကားဖြစ်ပါသည်။ ဦးပဥ္စင်းကြီး မည်သည့်အဓိပ္ပါယ်ဖြင့် ပြောသွားသည်ကို ဦးပဥ္စင်းကြီးသာ သိပါလိမ့်မည်။ ကျွန်တော်သည် ဦးပဥ္စင်းကြီးနှင့် ယခင်ကလည်း မသိခဲ့၊ ရင်းနှီးခင်မင်ခဲ့ခြင်းလည်း မရှိခဲ့ပါ။ ဦးပဥ္စင်းကြီး ပျံလွန်တော်မူချိန်အထိ ဦးပဥ္စင်းကြီးနှင့် မျက်နှာချင်းဆိုင်ပင် စကားမပြောခဲ့ဖူးပါ။ ဦးပဥ္စင်းကြီးအနေဖြင့် ကျွန်တော်နှင့် ခပ်ဆင်ဆင်တူနေသော ဘဝအခြေခံအကြောင်းအပေါ် မူတည်၍ ကိုယ်ချင်းစာစိတ်ဖြင့် မိန့်ကြားဆုံးမခဲ့ခြင်းလည်း ဖြစ်တန်ရာပါသည်။ ဆိုရလျှင် ဦးပဥ္စင်းကြီးသည် ဖလင်ကော်ပြားများပေါ်၌ ပုံရိပ်ထင်ခဲ့သော မိမိဘဝကို ကျေနပ်ပီတိဖြစ်ခဲ့ရာမှ သင်္ခါရဓမ္မတို့အပေါ် ရှုမြင်သုံးသပ်ကာ ရဟန်းဘောင်သို့ ကူးပြောင်းဝင်ရောက်၍ ခန္ဓာဇာတ်သိမ်း ဒုက္ခခပ်သိမ်းအေးငြိမ်းရာ ဓမ္မရသ အစစ်အမှန်ကို ရှာဖွေသွားခဲ့သူဖြစ်သလို ကျွန်တော်သည်လည်း ရုပ်ရှင်၊ ရုပ်မြင်၊ ဂီတသံစဉ်တို့၏ မှိန်းကြပ်ဖွယ်ရာ အာရုံများမှ ရှောင်ဖယ်တိမ်းခွာ၍ ဘဝနှင့်ဓမ္မ တစ်ထပ်တည်းဖြစ်အောင် ကြိုးစားနေထိုင်နေသူဖြစ်သည်ဟု ဦးပဥ္စင်းကြီးဘက်မှ သတ်မှတ်ခဲ့၍လား မပြောတတ်ပါ။

ဘာပဲဖြစ်ဖြစ် ဦးပဥ္စင်းကြီး၏ သတ်မှတ်ချက်ကတော့ ကျွန်တော့်အတွက် တာဝန်ကြီးနေပါသည်။ ထို့အတွက် ကျွန်တော်မတွေ့ဖူး၊ မခင်ဖူး၊ မျက်နှာချင်းမဆိုင်ခဲ့ဖူးသော ဦးပဥ္စင်းကြီးဦးဝဇီရာနန္ဒအား ကျွန်တော့်ရင်ထဲမှ စကားစုတစ်ခုကို တိုင်တည်လျှောက်ထားလိုစိတ် ဖြစ်ပေါ်လာပါသည်။

''မိုးကုတ်ဆရာတော်ကြီး ဆုံးမသလို ကိုယ့်ခန္ဓာထဲမှာ ကိုယ့်အသေ ကိုယ်မြင်နေရတဲ့ ဝိပဿနာဉာဏ်ဖြစ်ထွန်း ပေါ်ပေါက်နေတဲ့ အချိန်မှာတော့ တပည့်တော်ဟာ ဦးပဥ္စင်းကြီးမိန့်သလို ''လူ''ဖြစ်နေပါတယ်ဘုရား။ အဲဒီလို ဝိပဿနာဉာဏ် ဖြစ်ပေါ်ခြင်းမရှိတဲ့ သာမန်အချိန်တွေမှာတော့ တပည့်တော်ဟာ လူ့ခန္ဓာရထားပေမယ့် 'လူ'လို့ခေါ်ဖို့ ခက်လှပါတယ် အရှင်ဘုရား။





တပည့်တော်ဘဝရဲ့ နောက်ဆုံးအချိန်ဖြစ်တဲ့ စုတိစိတ် မကျမီအထိ စက္ကန့်တိုင်းမှာ 'လူ'ဖြစ်နေအောင်၊ လူ့အဓိပ္ပါယ် ပီပီသသပြည့်ဝနေအောင် တပည့်တော်ဆက်ပြီး ကြိုးစားသွားရပါဦးမယ် အရှင်ဘုရား။ အခုလောလောဆယ်မှာတော့ တပည့်တော်ကိုယ်မှာ စွန်းထင်းပေကျံနေတဲ့ ကိလေသာ အညစ်အကြေးတွေကို ဘုရားရှင်ရဲ့အဆုံးအမ သတိပဋ္ဌာန်တရားမြတ်နဲ့ မပြတ်ဆေးကြောနေရဆဲ ဖြစ်ပါတယ် အရှင်ဘုရား။ အညစ်ကြေးတွေ ကင်းစင်စင်ကြယ်သွားတဲ့ အခြေအနေတစ်ခုဆီသို့ မလျှော့သောဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် တပည့်တော် ဆက်လျှောက်ရပါဦးမယ်ဘုရား။ တစ်ဆက်တည်းမှာပင် ဦးပဥ္စင်းကြီးထံ တပည့်တော် ခွင့်ပန်လျှောက်ထားလိုသည်မှာ ဦးပဥ္စင်းကြီး၏ ''သေနေ့အကြို နှုတ်ဆက်ခြင်း'' ဆိုသော စကားစုကို တပည့်တော်အား ဆက်လက်သုံးစွဲခွင့်ပြုဖို့အတွက် တောင်းပန်လျှောက်ထားလိုပါသည်ဘုရား''

ကျွန်တော်၏ တောင်းပန်လျှောက်ထားချက်ကို ဦးပဥ္စင်းကြီး ဦးဝဇီရာနန္ဒ ကြားနိုင်တော့မည် မဟုတ်ပါ။ သို့သော် ကျွန်တော်၏ တစ်နှစ်သက်တမ်းတိုးလာခြင်း (လောကအသုံးအနှုန်းအရ မွေးနေ့အသစ်တစ်ခု) အတွက် ကုသိုလ် ကောင်းမှုပြုရန် ဖိတ်စာရိုက်နှိပ်သည့်အခါ''သေနေ့အကြို နှုတ်ဆက်ခြင်း''ဆိုသော စကားစုကို ကျွန်တော့်အား ဆက်လက်သုံးစွဲခွင့် ပေးပါရန် စာဖတ်သူဓမ္မမိတ်ဆွေအပေါင်းအား ကျွန်တော်၏ လူ့ဘဝတွင် နေထိုင်ခွင့်ရခဲ့ခြင်း (၄၄)နှစ်မြောက်နေ့ အထိမ်းအမှတ်အဖြစ် ခွင့်တောင်းပန်ကြားတိုင်တည်လိုက်ရပါတော့သည်။

၁၅-၁၂-၂၀၀၁



"သောကဆိုတဲ့ ပရိဒေဝတရားတွေက လွန်မြောက်ချင်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောယန် မဂ္ဂတဲ့၊ ဒီသတိပဋ္ဌာန် တစ်လမ်းပဲရှိတယ်တဲ့၊ ဒီသတိပဋ္ဌာန်လမ်းပေါ်မှာ လျှောက်လှမ်းပြီးတော့ သွားမယ်ဆိုပါရင် အဲဒီပူဆွေးမှုဆိုတဲ့ သောကတရားတွေက လွန်မြောက်နိုင်ပါတယ်၊ ဒီသောကတရားဆိုတာက မုဆိုးမနှံသမျှ ပုဂ္ဂိုလ်တွေဟာ သားကြောင့်ပဲဖြစ်စေ သမီးကြောင့်ပဲဖြစ်စေ၊ ပစ္စည်းကြောင့်ပဲဖြစ်စေ စီးပွားဥစ္စာကြောင့်ပဲဖြစ်စေ၊ ရာထူးအာဏာကြောင့်ပဲဖြစ်စေ၊ ဒီပူဆွေးမှုဆိုတဲ့ သောကတရားတွေ ဝင်လာရင် အဲဒီသောကတရားတွေက လွန်မြောက်နိုင်တဲ့တရားဟာ အခုယောဂီများ အားထုတ်နေတဲ့ သတိပဋ္ဌာန်တရားပဲရှိတယ်။

## အကြွေးလာဆပ်တာပါ

(၁)

ဆောင်းနှောင်း နှင်းစက်တွေ ဝေနေပြီ သမီး ...။

ကြွေလွင့်နှင်းမှုန်တွေကြားမှာ လမ်းလျှောက်နေရင်းက သမီးကို တမ်းတမ်းတတ သတိရလိုက်မိသည်။

သည်လို နှင်းမှုန်ကြွေလွင့် ဆောင်းမနက်ခင်းတွေမှာ သမီးနဲ့အတူ လမ်းလျှောက်ခဲ့ရတာကို အမေ ဘယ်မေ့နိုင်ပါ့မလဲ ...။ အခုတော့ အမေ တစ်ယောက်တည်းပေါ့ သမီးရယ်။ အမေနဲ့ မဆုံနိုင်တော့တဲ့ ဟိုးအဝေးဆီကို သမီးထွက်ခွာသွားခဲ့ပြီ မဟုတ်လား ...။

ခန္ဓာကိုယ် တစ်နေရာမှာ အနာတရ ဖြစ်ခဲ့ဖူးသူတစ်ယောက်ဟာ အခုလို အအေးကဲရာသီကာလမျိုးမှာ နာကျင်ကိုက်ခဲဝေဒနာကို ပိုပြီး ခံစားရသလိုပါပဲသမီး။ ဆောင်းနဲ့ ဆက်စပ်ပတ်သက်၊ နှင်းမှုန်နှင်းစက်တို့ ဖျန်းပက်တဲ့ မနက်ခင်း များမှာ အသက်ပြင်းပြင်း ရှူရှိုက်ခဲ့သမျှ သမီးနဲ့အမေ နှစ်ယောက်တစ်ဘဝလို ဖြစ်ခဲ့ရာက အခုတော့ တစ်ယောက် တစ်ဌာန

တစ်ယောက် တစ်ဘဝစီလို ကွာဟခဲ့ရပါပကော သမီးရယ် ...။

စိတ်ထဲတွင် ပေါ်လာသော အတွေးပုံရိပ်တွေကို ရှုမှတ်ပစ်လိုက်ရသည်။ သမ္မဒယသစ္စာနယ်ပယ်မှ သံယောဇဉ်မီးသည် ယခုအချိန်ထိ မငြိမ်းနိုင်သေး။ ငါ့သမီးဟူသော သက္ကာယဒိဋ္ဌိနှင့်ယှဉ်သော အတွေးကြောင့်ပင် ငြိမ်းလုဆဲမီးတို့သည် အစွယ်တငေါငေါနှင့် လောင်မီးထဟန် ပြင်လာကြပြန်သည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ စသည့် မီးစဉ် မီးတန်းကြီးများက လှမ်းလင့်စောင့်ကြိုနေဟန်ရှိသည်။

'သတိ'။

'သတိ' ရခြင်းဟူသည် သစ္စာလေးပါးအတွက်သာ ဖြစ်သင့်သည်။ သောက၊ ပရိဒေဝ၊ ဒုက္ခစသည်တို့အတွက် အစပျိုးယမ်း မဖြစ်စေရ။ အစပျိုးယမ်း တောက်လောင်လျှင် ထိခိုက်ပျက်စီးမှု ပိုများတော့မည်။ ထိုအခါ ကြိုးစားတည်ဆောက်ထားခဲ့သမျှ သတိသမ္မဇဉ်တို့သည် အမွှာမွှာအစိတ်စိတ် ပျံ့ကြဲလွင့်စဉ်ကုန်တော့မည်။ စုစည်းထားသမျှ အားအင်တို့ ယုတ်လျော့သွားကုန်တော့မည်။ စုစည်းခဲ့သမျှ သတိ၊ သမာဓိအားတွေသည် ပညာဉာဏ်ဘက်ဆီသို့သာ ဦးတည်ရမည်ဖြစ်သည်။သောကပုံရိပ်နှင့်ယှဉ်သော အတွေးကို **"စိတ်မှန်"** ရှေ့၌ ပေါ်လာသော အရိပ်တစ်ခုလို သဘောထားရမည်။ **"စိတ်မှန်"** သို့မဟုတ် **"စိတ်ကြေးမုံ"** ရှေ့၌ ပေါ်လာသော အတွေးသည် အရိပ်တစ်ခုမျှသာ..။ ပေါ်လာမှန်းသိသည်နှင့် ထိုအရိပ်သည် ရပ်တည်နားနေခွင့် မရတော့။ လွင့်ပြယ် ဖယ်ခွာသွားရတော့သည်သာ။ သို့မဟုတ်ပါက ထို သောကပုံရိပ်နောက်မှ အုံနှင့်ကျင်းနှင့် တပ်ဖွဲ့ချီတက်လာကြသော ပရိဒေဝ၊ဒုက္ခ၊ ဒေါမနဿ စသည်တို့သည် မျက်ရည်စက်များကို ဖြစ်ပေါ်စေတော့မည်။ စိတ်နှလုံးအိမ်ကို ညှိုးချုံး ညစ်နွမ်းစေတော့မည်။ ကိုယ်ရော စိတ်ပါ နွမ်းနယ်ကြေမွသွားစေတော့မည်။

သမုဒယ သံယောဇဉ်ဘက်မှ လှမ်းကြည့်သောအခါ သည်သတိ၊ သည်သမာဓိ၊ သည်ပညာတို့သည် ရက်စက်သယောင်ထင်ရပေမည်။ သို့သော် ကံ ကံ၏အကျိုး၊ကုသိုလ်၊ အကုသိုလ်တို့၏ သဘောတို့ကို သံသရာအမြင်နှင့် ဖြန့်ကြက်ကြည့်လေသောအခါ ရက်စက်သည်ဟု မထင်ရတော့။





လူတိုင်းလူတိုင်း ကိုယ့်အကျိုးပေး ကိုယ်သယ်ဆောင်၍ လောကကြီးထဲသို့ ညွှန်သည်အဖြစ် ရောက်လာရခြင်း မဟုတ်လား။ ကိုယ့်အထုပ်ကိုယ်ဖြေ၍ နေထိုင်စားသောက် အသက်ရှင်သန်ခဲ့ရခြင်း မဟုတ်လား။

သည်လို နားလည် ရှုမြင်ဆင်ခြင်နိုင်ဖို့၊ သည်လိုသတိရဲ့တန်ဖိုးကို သိမြင်နိုင်ဖို့အတွက် ဟောပြောသွန်သင် ဆုံးမလမ်းညွှန်ခဲ့သူ ကျေးဇူးတော်ရှင် မဟာကမ္မဋ္ဌာနာစရိယ ရွှေမင်းဝံဆရာတော်ဘုရား၏ ကျေးဇူးတရားများကား ဆပ်၍မကုန်နိုင်အောင် ရှိတော့သည်။

ဩော် ...မမေ့ကောင်းတဲ့ ကျေးဇူးတရားတစ်ခုကိုလည်း အမေဖော်ထုတ်ချင်ပါတယ် သမီး။ ရွှေမင်းဝံ သာသနာ့ရိပ်သာကို အမေရောက်ဖြစ်သွားရတာကလည်း သမီးရဲ့ကျေးဇူးကြောင့်ပဲလို့ အမေဆိုချင်ပါတယ် သမီး။

(၂)

"သမီး ရိပ်သာဝင်ချင်တယ်အမေ"

"သမီး ငယ်ပါသေးတယ်လေ၊ ဒါတွေက နောက်လုပ်ရင်ရပါတယ်၊ သမီး ကျောင်းတက်ဖို့တွေက ရှိနေသေးတာ"

"ကျောင်းဖွင့်ရင်တော့ ကျောင်းတက်မှာပေါ့အမေ၊ အခုဟာက ကျောင်းပိတ်တုန်း စာမေးပွဲအောင်စာရင်းကလည်း မထွက်သေးတော့ သမီး သူငယ်ချင်းတွေနဲ့ အတူတူဝင်ကြည့်ချင်တာပါအမေ"

"အေးလေ ဝင်တာပေါ့၊ ဒါပေမယ့် သမီးအဖေ ရုံးခွင့်ရက်ရတုန်း အမေတို့ အညာဘုရားဖူးခရီးထွက်ကြမလို့၊ အဲဒီခရီးကပြန်မှ ရိပ်သာဝင်တာပေါ့နော်"

"အမေ တကယ်ပြောတာနော်"

"တကယ်ပေါ့သမီးရယ်"

တကယ့် တကယ်မှာတော့ သမီးအဖေကြီးနဲ့တောင် အမေ မတိုင်ပင်ရသေးဘူးသမီး ...။ တရားထိုင်တဲ့ဘက်ကို သမီးအာရုံရောက်သွားမှာစိုးလို့သာ အမေ ပရိယာယ်ဆင်ပြီး လမ်းလွှဲလိုက်ရတာ။ သမီးက ငယ်သေး

တယ်၊ ပြီးတော့ ဉာဏ်ထက်မြက်တယ်၊ ရုပ်ရည်ရှိတယ်၊ ရှေ့အလားအလာတွေ အများကြီးရှိနေတယ်။ ဒီလိုအချိန်မှာ တရားဘက်ကို သိပ်စိတ်ဝင်စားသွားရင် သမီးအောင်မြင်မှုတွေ အကုန်ဆုံးရှုံးသွားလိမ့်မယ်။ သမီးပညာအရှိန်နဲ့ရလာမယ့် လောကီစည်းစိမ်တွေ လက်လွှတ်ဆုံးရှုံးသွားရလိမ့်မယ်။ ပြီးတော့ ပိုက်ဆံရှိတဲ့ အရာရှိကြီးကြီးရဲ့ သားတစ်ယောက်နဲ့ အိမ်ထောင်ကျဖြစ်သွားရင် မေမေတို့ မော်ကြွားနိုင်ပြီပေါ့။ လောကီစည်းစိမ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ သမီးကို အမေ မြင်ချင်နေသေးတယ် သမီး။ တရားဘက်ကို သမီးသိပ်စိတ်ဝင်စားသွားရင် သမီးဆီမှာထားထားတဲ့ အမေတို့မျှော်လင့်ချက်တွေ ဆုံးရှုံးကုန်မယ် သမီး၊ အဲဒါကြောင့် အမေ ဥပါယ်တံမျဉ်နဲ့ အညာဘုရားဖူးခရီးစဉ်ကို ရေးဆွဲလိုက်ရတာ။ သမီးအဖေက အကုန်လုံးသဘောတူပါတယ်။ ရုံးမှာခွင့်တင်တယ်၊ ခွင့်ရတယ်၊ ကားငှားတယ်။ ပြီးတော့ မိသားစုတစ်တွေ ပျော်ပျော်ပါးပါး ဘုရားဖူးခရီးထွက်ခဲ့ကြတယ်ပေါ့၊ ဒါဆိုရင် သမီးလည်း ရိပ်သာဝင်ဖို့ စိတ်ကူးမရတော့ဘူး။ ဘုရားဖူးတယ်ဆိုတာလည်း ဘာသာတရားအရိပ်ခိုတာပဲ မဟုတ်လား။ ကုသိုလ်ပဲပေါ့ သမီးရယ်၊ အရေးအကြီးဆုံးက သမီးစိတ်ပြောင်းသွားဖို့ပဲလေ ....။

ဒါပေမယ့် မြန်မာပြည်တစ်ပတ်သာ ဘုရားဖူးခရီးစဉ် ပြီးသွားတယ်၊ သမီးကတော့ စိတ်မပြောင်းခဲ့ပါဘူး။ အိမ်ပြန်ရောက်တာနဲ့ သမီးဘက်က တောင်းဆိုချက်တွေ ထွက်လာတော့တာပါပဲ။

"အမေ အမေတို့ဆန္ဒအတိုင်း မိသားစုပျော်ပျော်ပါးပါး ဘုရားဖူးခရီးထွက်ခဲ့ကြပြီးပြီနော်၊ သမီးဆန္ဒအတိုင်း ရိပ်သာဝင်ခွင့်ပြုတော့နော် အမေ"

အမေ အကြံအိုက်နေတယ်သမီး၊ ဒါပေမယ့် သမီးတို့စာမေးပွဲအောင်စာရင်းထွက်မယ့်ရက်နီးနေတာကို အမေ ဖျတ်ခနဲသတိရလိုက် မိတယ်။

"ဪ .. အေးအေး ရိပ်သာဝင်တာလည်း ဝင်တာပေါ့သမီးရယ်၊ အခုသမီးတို့ စာမေးပွဲအောင်စာရင်းတွေ ထွက်ဖို့က သုံးရက်လောက်ပဲလိုတော့တာပဲ။ စာမေးပွဲအောင်စာရင်းထွက်ပြီးမှ ပျော်ပျော်ပါးပါး ဝင်တာပေါ့၊ မဟုတ်လား"





"အမေ ဒီတစ်ခါ တကယ်နော်"

"အေးပါသမီးရယ်၊ အမေ တကယ်ပြောတာပါ"

"ဒါဆိုရင် သမီးသူငယ်ချင်းတစ်ယောက်ဆီ သွားလိုက်ဦးမယ်၊ သူလည်း ရိပ်သာဝင်မယ်ပြောတယ်၊ အဲဒါ သွားပြီးတိုင်ပင်လိုက်ဦးမယ်နော် အမေ"

"အေး အေး၊ သွား သွား သမီး"

အမေ့အတွက် အသက်ရှူပေါက်တစ်ခု ရခဲ့ပြန်ပြီလို့ ထင်ခဲ့တယ် သမီး၊ ဒါပေမယ့် နာရီပိုင်းအတွင်းမှာ အသက်ရှူမှန်းကျပ်စေမယ့် သတင်းဆိုးကို အမေကြားရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့မိပါဘူး သမီးရယ်။

"ကလင် ... ကလင် ... ကလင်"

"ဒေါ် .... ရှိပါသလား"

"ဟုတ်ကဲ့၊ ကျွန်မ ဒေါ် .... ပါ"

"ဪ .. ကျွန်တော်တို့ ယာဉ်မှုခင်းဌာနကပါ"

"ရှင်"

"အဒေါ်ရဲ့သမီးက မ .... ပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင် .. သမီး .. ဘာများဖြစ်လို့ပါလဲ"

"ဪ .. ပြောရမှာတော့ စိတ်မကောင်းပါဘူးခင်ဗျာ၊အဒေါ့်သမီးကို လိုင်းကားအမှတ် (   )က ဝင်တိုက်သွားလို့ နေရာမှာတွင် ပွဲချင်းပြီး သေဆုံးသွားပါတယ်၊ အဲဒါအခု ကျွန်တော်တို့ အခင်းဖြစ်ပွားတဲ့နေရာမှာ ရှိနေပါတယ်၊ နေရာက ...."

နောက်ပိုင်းစကားသံတွေ အမေမကြားတော့ဘူးသမီးအမေသိတာက အမေ့နားထဲကို သံရည်ပူကြီး လောင်းချခံလိုက်ရသလိုဖြစ်ပြီး အဲဒီ သံရည်ပူစီးကြောင်းကြီးဟာ အမေ့ရင်ထဲအထိ စီးဆင်းလို့ အမေ့နှလုံးအိမ်ကို လောင်ကျွမ်း ပြာကျသွားစေသလိုပါပဲသမီး ...။

တယ်လီဖုန်းနားထောင်ရင်း ပုံလျက်ကလေး ခွေလဲနေတဲ့ အမေ့ကို ဝိုင်းထူပွေ့မကြတာတွေ၊ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ သမီးရဲ့အလောင်းကို အမေ့ကို ဖွင့်မပြတော့တာတွေ၊ သမီးသူငယ်ချင်းအိမ်နားမှာ သမီးကားတိုက်ခံ

ရလို့ သမီး သူငယ်ချင်း ကိုယ်တိုင် ထွက်ကြည့်ရာက သမီးဖြစ်နေမှန်းသိတော့ သမီးသူငယ်ချင်း အကြောင်းမကြားနိုင်လောက်အောင် တုန်လှုပ်ကြေကွဲနေလို့ ယာဉ်ထိန်းရဲ့ကို အကြောင်းကြားနိုင်းခဲ့တာတွေ၊ ဘေးကလူတွေရဲ့ အားပေးသံတွေဟာ အမေ့သောကကို ပိုတိုးစေတာတွေ၊ သမီးရက်လည်ဆွမ်းသွပ်တဲ့အထိ အမေ့မျက်ရည် မတိတ်နိုင်တာတွေ၊ ပြောရရင် မကုန်နိုင်အောင်ပါပဲ သမီးရယ်။ အမေ့ခန္ဓာကိုယ်တစ်ခုလုံးမှာရှိနေတဲ့ သွေးတွေဟာ မျက်ရည်တွေပဲ ဖြစ်စေခဲ့သလားလို့တောင် အမေထင်ခဲ့မိပါတယ် သမီး . . .။

သမီးကို ဆုံးရှုံးခဲ့ရလို့ ကြေကွဲပူဆွေးတဲ့စိတ်နဲ့ အိပ်ရာထဲ ပုံလဲခဲ့ရတဲ့ အမေ့စိတ်ထဲမှာ သမီးရဲ့ ဆန္ဒတစ်ခုကို အမေ မဖြည့်ပေးနိုင်ပါလားဆိုတာ နောင်တရမိတယ် သမီး။ နောင်တဆိုတာ နောင်မှတလို့ ရစကောင်းပေမယ့် လက်တွေ့မှာတော့ အမေ့အတွက် သမီးကလေးတစ်ယောက် ဆုံးရှုံးခဲ့ရပြီမဟုတ်လား။ ဒီနောင်တထဲမှာ ယူကျုံးမရဖြစ်စရာတစ်ခုကို အမေသွားမြင်တယ်၊ အကယ်၍သာ သမီးကို တရားရိပ်သာ မဝင်နိုင်အောင် အမေတို့ ဥပါယ်တံမျဉ် မလုပ်ခဲ့မိရင် သမီး ဒီလိုအသက်ဆုံးရှုံးရမယ် မဟုတ်ဘူးဆိုတာကိုပါ . .။ (ဒါကတော့ အဲဒီအချိန်တုန်းက အတွေးပေါ့၊ အကြောင်း အကျိုး သဘောသဘာဝ နားမလည်ခင် အချိန်တုန်းက အတွေးပေါ့၊ သမီးရဲ့ဘဝကံ အကြောင်း၊ သတ္တဝါတစ်ခု၊ ကံတစ်ခုဆိုတဲ့ သဘာဝကို နားမလည်သေးခင် အချိန်တုန်းကပေါ့)

အဲဒီတော့ အမေ ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ ဒီလိုပဲ အမေတစ်သက်လုံး ငိုသွားရတော့မှာလား။ အမေ အလေးအနက် စဉ်းစားကြည့်မိတယ်၊ ကွယ်လွန်သွားသူတွေရဲ့ဆန္ဒကို ကျန်ရစ်ခဲ့သူတွေအနေနဲ့ ဖြည့်ဆည်းပေးသင့်တယ်။ လုပ်ကို လုပ်ပေးသင့်တယ်လို့ အမေနားလည်လာမိတယ်။

အမေ့အနေနဲ့ သမီးအပေါ်မှာ အကြွေးတင်သလိုဖြစ်ခဲ့တာက သမီးအားထုတ်ချင်တဲ့ သတိပဋ္ဌာန်အကျင့်မြတ်တရားကို သမီးအားမထုတ်ဖြစ်အောင် အမေတားခဲ့သလို ဖြစ်မိခဲ့တာ။ အဲဒီအကြွေးကို အမေပြန်ဆပ်ရမယ်သမီး၊ ဒါဟာ သမီးဘဝနဲ့လဲပြီး၊ သမီးအသက်နဲ့လဲပြီး အမေ့ကို ရိပ်သာ





တွန်းပို့လိုက်တာပဲလို့ အမေခံစားမိတယ် သမီး . . .။

တရားအားထုတ်ဖို့ ဝါသနာမပါခဲ့တဲ့ အမေဟာ သမီးအပေါ် တင်နေတဲ့အကြွေးကို ကျေအောင်ဆပ်ချင်စိတ်နဲ့ ရိပ်သာကို ဝင်ဖြစ်ခဲ့ပါတယ် သမီး၊ အဲဒီစိတ်ဟာ အမေ့ကို သတိပဋ္ဌာန်တရားရဲ့ အေးမြတဲ့ရင်ခွင်ထဲကို အရောက်ပို့ပေးစေနိုင်ခဲ့တယ် သမီး . . .။

(၃)

"သောကဆိုတဲ့ ပရိဒေဝတရားတွေက လွန်မြောက်ချင်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောယန မဂ္ဂတဲ့၊ ဒီသတိပဋ္ဌာန် တစ်လမ်းပဲရှိတယ်တဲ့၊ ဒီသတိပဋ္ဌာန်လမ်းပေါ်မှာ လျှောက်လှမ်းပြီးတော့ သွားမယ်ဆိုပါရင် အဲဒီပူဆွေးမှုဆိုတဲ့ သောကတရားတွေက လွန်မြောက်နိုင်ပါတယ်၊ ဒီသောကတရားဆိုတာက ပုထုဇဉ်မှန်သမျှ ပုဂ္ဂိုလ်တွေဟာ သားကြောင့်ပဲ ဖြစ်စေ၊ သမီးကြောင့်ပဲဖြစ်စေ၊ ပစ္စည်းကြောင့်ပဲဖြစ်စေ၊ စီးပွားဥစ္စာကြောင့်ပဲဖြစ်စေ၊ ရာထူးအာဏာ ကြောင့်ပဲဖြစ်စေ၊ ဒီပူဆွေးမှုဆိုတဲ့ သောကတရားတွေ ဝင်လာရင် အဲဒီသောကတရားတွေက လွန်မြောက်နိုင်တဲ့တရားဟာ အခုယောဂီများ အားထုတ်နေတဲ့ သတိပဋ္ဌာန်တရားပဲရှိတယ်။ ဒီသတိပဋ္ဌာန်တရားကို ရိုရိုသေသေ ရှုမှတ်ပွားများလိုက်မယ်ဆိုပါရင် အဲဒီသောကဆိုတဲ့ တရားတွေ တစ်ချက်မှတ်ရင် တစ်ချက်ငြိမ်းတယ်၊ နှစ်ချက်မှတ်ရင် နှစ်ချက်ငြိမ်းတယ်။ တစ်နာရီမှတ်ရင် တစ်နာရီငြိမ်းတယ်၊ မှတ်တိုင်း မှတ်တိုင်း အဲဒီသောကတရားတွေ မငြိမ်းနိုင်ပေဘူးလား"

"တကယ်လို့ မိမိမှာ ပါရမီထူးရှိလို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဆိုတဲ့ အရိယာအန္တယ်ဝင်တွေ ဖြစ်သွားမယ်ဆိုရင် အဲဒီ သောကတရားတွေ အမြစ်ပြတ် ငြိမ်းမသွားနိုင်ပေဘူးလား။ လုံးဝကို ငြိမ်းသွားနိုင်တယ်၊ အရိယမဂ်ဉာဏ်ကို မရနိုင်ဘူးဆိုရင်တောင်မှ အရှုခံအာရုံ အပေါ်မှာ ရှုမှတ်စိတ်ကလေး စွဲစွဲမြဲမြဲတည်နေပြီဆိုရင် သား၊ သမီး၊ ပစ္စည်း၊ ဥစ္စာ၊ ရာထူး၊ စည်းစိမ်ဆိုတဲ့ ပူဆွေးမှုတရားတွေ ဝင်ခွင့်ရပါဦးမလားဗျာ"

''မရပါအရှင်ဘုရား''

ရွှေမင်းဝံဆရာတော်ဘုရား၏ ငြိမ်သက်တည်ကြည်သော အသံတော်သည် စိတ်နှလုံးအိမ်ကို လွှမ်းမိုးချုပ်ကိုင်လိုက်သည်သို့ရှိသည်။ မေတ္တာဓာတ်ပါသော တရားရေစီးသံသည် မီးလောင်ပြင်လိုဖြစ်နေသောရင်ခွင်ကို အေးမြခြင်းဘက်ဆီသို့ ပို့ပေးနိုင်လေသည်။ဆရာတော် လမ်းညွှန်သည့်အတိုင်း သတိပဋ္ဌာန်တရားကို နှစ်လနီးပါး ရှိရှိသေသေ ရှုမှတ်အားထုတ်ပစ်လိုက်သည်။ အသေးစိတ်အမှုအရာတွေကို မြင်အောင် ကြည့်သည်။ ရုပ်နာမ်နှစ်ပြားကြောင်းကျိုး ဆက်စပ်ပုံတွေသည် အချိန်ကြာလေ သိမြင်လာလေဖြစ်၏။ သောက အခြေခံဖြင့် ရိပ်သာဝင်ခဲ့ရသော စိတ်သန္တာန်၌ နောက်ထပ်သောကတွေ ဝင်မလာစေဖို့ အမှတ်စိပ်စိပ် သတိတရားဖြင့် တရစပ် ပိတ်ကာလိုက်၏။ 'ငါ'မရှိမှန်း ရိပ်မိလာသောအခါ ငါကို အခြေပြု၍ ငါ့သား၊ ငါ့သမီး၊ ငါ့စည်းစိမ်၊ ငါ့ရာထူး၊ ငါ့မျှော်လင့်ချက်စသည့် ငါကိုယ်ပွားများ ဝင်မလာနိုင်တော့ ....။

သိပ်ကို မှန်ကန်တဲ့ သတိပဋ္ဌာန်တရားပါလား။ ဤမျှငြိမ်းအေးချမ်းသာမှုကို ပေးစွမ်းနိုင်သည့် သတိပဋ္ဌာန်တရားကို သမီးအားမထုတ် ဖြစ်သွားခဲ့ခြင်းအတွက် တစ်ခါတစ်ခါ ဝမ်းနည်းစိတ်ကလေးများ ဝင်ချင်သေး၏။ သတိဖြင့်ပင် ပေါ်လာသော စိတ်ကလေးကို ရှုမှတ်ပစ်လိုက်ရသည်။ ယခုတော့ မျက်ရည်တို့ဖြင့် မှိုမောက်ခဲ့သော မျက်ဝန်းတွေလည်း ပုံမှန်အတိုင်းဖြစ်ခဲ့ရပြီ။ မရပ်မနားနိုင်သော မျက်ရည်တို့၏ လာရာအရပ်ကိုလည်း သတိပဋ္ဌာန်တရား၏ သတ္တိကြောင့် ထွက်ပေါ်လာသော ဉာဏ်စွမ်းအားဖြင့် ငုံ့ကြည့်သလို မြင်လာရသည်။ လက်ရင်းကို ကပ်ကြည့်သောအခါ သောကမွေးဖွားရာအရပ်ကို တွေ့ခဲ့ရပြီ။ ''တဏှာ၊ ဥပါဒါန်''။ သူတို့ဖြစ်အောင် ဝေဒနာဟူသော ခံစားမှုက ပံ့ပိုးပေး၏။ ဝေဒနာဖြစ်ဖို့ ဖဿဟူသော အထိအတွေ့က လာသည်။ဖဿဖြစ်ပေါ်နေခြင်းသည် သဠာယတနဟူသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ တံခါးခြောက်ပေါက်ရှိနေလို့ ..။

လည်ခဲ့လေသော သံသရာအကြောင်း၊ လည်နေဆဲသံသရာအကြောင်း၊ လည်ဦးမည့်သံသရာအကြောင်းတို့ကို သတိပဋ္ဌာန်မှ ဖြစ်ပေါ်လာ





သော ဉာဏ်စွမ်းအားဖြင့် ရှုမြင်သုံးသပ်လာနိုင်ခဲ့ပြီ။ ရက်ပေါင်းခြောက်ဆယ်နီးပါး သတိပဋ္ဌာန်တရား အရိပ်၌ ရှိရှိသေသေ ယုံယုံကြည်ကြည် (ကြာလေ ယုံကြည်လာလေဖြစ်၏) ကြိုးစားရှုမှတ်လိုက်သောအခါ မျက်ရည်တို့သည်ပင် သွေ့ခြောက်ကုန်တော့သည်။ ရက်စေ့၍ ရိပ်သာမှထွက်ရန် ဆရာတော်ထံ သွားလျှောက်သောအခါ ဆရာတော်က –

''စပ်စုတယ်လို့ မထင်နဲ့နော်၊ ဒကာမကြီးကို ဘုန်းကြီးတစ်ခု မေးချင်တယ်၊ ဒကာမကြီး တရားကို စနစ်တကျနဲ့ ရှိရှိသေသေအားထုတ်သွားတာကို ဘုန်းကြီးတို့ မှတ်တမ်းတင်ပါတယ်။ ဒကာမကြီးကိုလည်း လေးစားပါတယ်။ တရားကိုရှိသေတဲ့ ဒကာမကြီးကိုလည်း ဘုန်းကြီးတို့ ရိပ်သာက ဆရာလေးတွေ၊ဝေယျာဝစ္စအဖွဲ့တွေကတောင် တလေးတစားနဲ့ ကြည်ညိုကြပါတယ်။ ဘုန်းကြီးအနေနဲ့လည်း အားရပါတယ်။ ဒါပေမယ့် ဒါကနောက်ပိုင်းပေါ့လေ၊ ပထမပိုင်းရက်နှစ်ဆယ်လောက်မှာ ဒကာမကြီး ရိပ်သာရောက်ခါစကပေါ့လေ၊ ဘုန်းကြီး သတိထားမိတယ်၊ တရားထိုင်တဲ့ အချိန်တိုင်းမှာ ဒကာမကြီး မျက်ရည်တွေ အမြဲစီးကျနေတယ်၊ တရားနာတဲ့ အချိန်တွေမှာလည်း ဒကာမကြီး မျက်ရည်တွေသုတ်နေတာ သတိထားမိတယ်။ အဲဒီအကြောင်းကလေးကို ဘုန်းကြီးကို ပြောမပြနိုင်ဘူးလား''

သတိပဋ္ဌာန်တရားရေစင်ဖြင့် သောကတွေ ငြိမ်းသတ်နိုင်ခဲ့ပြီမို့ ဆရာတော်သိလိုသည်ကို ပုံမှန်စိတ်ဖြင့် လျှောက်ထားလိုက်နိုင်သည်။ ဖြစ်စဉ်ကို တင်ပြပြီးသောအခါ ရိပ်သာဝင်ခါစရက်နှစ်ဆယ်အတွင်း ကျခဲ့သော မျက်ရည်တို့၏ နောက်ကွယ်မှအဖြေကို ဆရာတော်ဘုရား သိရှိသွားပေပြီ။

''တပည့်တော်မမှာ အဲဒီအချိန်က သမီးနဲ့ရွယ်တူ မိန်းကလေးတွေကို ယောဂီတွေထဲမှာ တွေ့ရတိုင်း၊ ငါ့သမီးလေး ဒီမှာတွေ့ရတဲ့ယောဂီတွေလို တရားအားမထုတ်ဖြစ်သွားခဲ့ရဘူးဆိုပြီး မျက်ရည်ကျခဲ့ရတာပါ။ သမီးအားထုတ်ချင်တဲ့ သတိပဋ္ဌာန်တရားကို သမီးကိုယ်စား တပည့်တော်မ လာအားထုတ်ရင်းနဲ့ သမီးနဲ့ပတ်သက်ခဲ့ရတဲ့ တပည့်တော်မရဲ့ သောကတွေလည်း ငြိမ်းခဲ့ရပါတယ် အရှင်ဘုရား။ တကယ်တော့ တပည့်တော်မ ဒီရိပ်သာဝင်ဖြစ်ခြင်း အဓိကရည်ရွယ်ချက်ကတော့ သမီးအတွက် တပည့်တော်မ

အကြွေးလာဆပ်တာပါအရှင်ဘုရား''

(၄)

သမီးကြုံခဲ့ရတဲ့ အဖြစ်ဆိုး၊ အမေခံစားခဲ့ရတဲ့သောကမျိုး ဘယ်မိဘ၊ ဘယ်သားသမီးမျှ မကြုံကြရ၊ မခံစားကြရပါစေနဲ့လို့လည်း အမေလေးလေး နက်နက် ဆုတောင်းမေတ္တာပို့သနေမိပါတယ် သမီး ...။

သမီးအပေါ်တင်နေတဲ့အကြွေးကို သတိပဋ္ဌာန်အကျင့်မြတ်တရားနဲ့ တစ်ပိုင်တစ်နိုင်ဆပ်နိုင်ခဲ့ပြီမို့ ရောက်ရာအရပ်က သာဓုခေါ်ပါတော့သမီးရယ်...။

အမေ့ဘဝ နောက်ဆုံးထွက်သက်အချိန်ထိ သတိပဋ္ဌာန် အကျင့်မြတ်တရားကို ရိုရိုသေသေ လေးလေးစားစား ယုံယုံကြည်ကြည်နဲ့ ဆက်ပြီး အားထုတ်သွားပါဦးမယ်လို့ သမီးကို အမေကတိပေးလိုက်ပါတယ် .....။

၁၅-၁-၂၀၀၂

**မှတ်ချက်**

ရွှေမင်းဝံဆရာတော်ဘုရား၏ ''သတိပဋ္ဌာန်အကျိုးတရားတော်'' (၈)ခွေတွဲ ဟောစဉ်တရားတိပ်ခွေမှ ထုတ်နုတ်၍ တန်ဆာဆင်ရေးသားပါသည်။

**စာရေးသူ**



- စိတ်သဘောကို နားမလည်သောအခါ ငါ့ကိုယ်ထဲက ငါ့စိတ်ပဲ။ ငါပိုင်သော ရုပ်နာမ်၏ ငါသာသာ နေရာယူပေါ်ပွသော သဏ္ဌာနအစွဲလေးက ခေါင်းထောင်လာပါတော့သည်။
- ဤနေရာတွင် စိတ်ကလည်း သူ့သဘာဝအတိုင်း သူလုပ်နေ၏၊ သဏ္ဌာနအစွဲကလည်း ပိုရစ်ပိုင်းချင်ပြီ၊ နီးနီးကလေးနှင့် ကပ်ရှုပ်နေပါတော့သည်။
- သဏ္ဌာနအစွဲဘက်ကိုလည်း အမြဲမသင်ထိုက်၏။ သူကလည်း ကုသိုလ်အစေ သာရှိုးဆောင်ရွက်နေသည် မဟုတ်လား။ သူက ကုသိုလ်ရချင်နေသည်။ ကုသိုလ်အကျိုးကို သူက ခံစားချင်နေသည်။
- ကောင်းကျိုးချမ်းသာဆိုသည်ကို သူက ထပ်မံကြံချင်နေသည်။ ငါ့ကုသိုလ် ဖြစ်ချင်နေသည်။ စိတ်က ဖြစ်ခွင့်မပေး ပေါ်ရာအာရုံနောက်သို့ လိုက်မည်။ သန့်ရာအာရုံနှင့်ပူးတွဲ၍ နေချင်သည်။
- သည့်မှာတွင် စိတ်၏ သဘာဝနှင့် သဏ္ဌာနအစွဲ (ဒိဋ္ဌိ)တို့ ရန်ဖြစ်ကြ၏။
  “မင်းက အကုသိုလ်အာရုံတွေ လက်ခံနေတယ်။
  ငါက ကုသိုလ်ရေး လုပ်နေတယ်” ဟု ဒိဋ္ဌိက ဆိုလေသည်။
- သဏ္ဌာနအစွဲနှင့် စိတ်တို့ အကြီးအကျယ်ရန်ပွဲ ဖြစ်သောအခါ ဉာဏ်ကလေးရောက်ကို ရှောင်တော့သည်။



*<u>စိတ်အညစ်အကြေးတွေ ကင်းစေဖို့ စင်ကြယ်စေဖို့</u>*
*<u>တရားစခန်း ရက်ရှည်ဝင်ခဲ့သည် ဆိုသော်ငြား တကယ့်တကယ်တွင်</u>*
*<u>စိတ်အညစ်အကြေးတွေက အုံလိုက်ကျင်းလိုက် ပြူထလာပါတော့သည်။</u>*
*<u>ကျိုနေရာတွင် စာအားဖြင့် (ဝေါဟာရအားဖြင့်) ကျွန်တော့်စိတ်ဟု</u>*
*<u>ဆိုနိုင်သော်လည်း ဓမ္မအားဖြင့်မူ ကျွန်တော်က သပ်သပ်၊</u>*
*<u>စိတ်က သပ်သပ်ဖြစ်ပါသည်။ ကျွန်တော်သည် စိတ်မဟုတ်ပါ။</u>*
*<u>စိတ်သည်လည်း ကျွန်တော်မဟုတ်ပါ။</u>*

## မစင်ကြယ်မှုများကို စင်ကြယ်စေခြင်း

(၁)

အကယ်၍ ဤဆောင်းပါးဖတ်ပြီးချိန်၌ ''ဒီကောင် မြသန်းစံနဲ့ မဆက်ဆံနဲ့တော့ကွာ၊ မေးထူးခေါ်ပြောတောင် လုပ်ဖို့မကောင်းဘူး။ ဒီကောင် တော်တော်အောက်တန်းကျသွားပြီကွ''ဟု ပြောဆိုလာခဲ့သည်ရှိသော် ကျွန်တော် ပြုံး၍ ခေါင်းငုံ့ခံပါမည်။ အဘယ့်ကြောင့်နည်း။ ကျွန်တော် ဆောင်ရွက်ခဲ့သော အလုပ်နှင့် ထိုအလုပ် ဆောင်ရွက်နေသောအချိန်၌ ကျွန်တော်၏ စိတ်အစဉ်တို့ မည်ကဲ့သို့ဖြစ်ပေါ်လာခဲ့သည်၊ မည်ကဲ့သို့ တည်ရှိခဲ့သည်၊ မည်ကဲ့သို့ ချုပ်ဆုံးကွယ်ပျောက်သွားခဲ့သည်၊ သည့်နောက် အခြားမဲ့စွာဖြင့် ကျွန်တော့်စိတ်သန္တာန်၌ စေတနာ၏သတ္တိတို့ မည်ကဲ့သို့ ကျန်ရစ်ခဲ့သည်။ ထိုစေတနာ၏ သတ္တိကြောင့် ကျွန်တော်၏ စိတ်အစဉ်တို့သည် အရှိန်အဟုန်အတိုင်းအတာတစ်ရပ်အဖြစ် မည်ကဲ့သို့ ဆက်လက် အစဉ်တန်းနေဖြစ်သည်ကို ကျွန်တော် မှတ်သားသိမြင်နေရသောကြောင့်ဖြစ်ပါသည်။

(၂)

ဤသည့်အကြောင်းကို ရေးမည်ကြံရွယ်သောအခါ ပထမဦးစွာ လယ်တီဆရာတော်ဘုရားကြီး၏ မျက်နှာတော်ပုံရိပ်သည် အာရုံတွင် ဖျတ်ခနဲပေါ်လာပါသည်။ လယ်တီဆရာတော်ဘုရားကြီးကို ကျွန်တော် ဖူးတွေ့ဖို့ဝေးစွ၊ မီပင်မမီလိုက်ပါ။ ဆရာတော်ကြီး ရေးသားခဲ့သော လယ်တီ ဒီပနီများမှတစ်ဆင့်သာ ဆရာတော်ကြီး၏ဉာဏ်တော်ကို ဦးခိုက် ကြည်ညို နေရပါသည်။ ရှေးခေတ် ဓာတ်ပုံဆရာတစ်ဦး၏ ကျေးဇူးကြောင့်သာ ဆရာတော်ကြီး၏ ပုံတော်ကို ကြည်ညိုခွင့်၊ ပူဇော်ခွင့်ရနေခြင်းပင်။ ဤ နေရာတွင် ကျွန်တော်ပြောလိုသည်မှာ ဆရာတော်ကြီး၏ ကျမ်းစာများ၊ ပုံတော်များထက် ဆရာတော်ကြီး၏ လုပ်ရပ်ကို ဖြစ်ပါသည်။ဆရာတော်ကြီး၏ လုပ်ရပ်ဟုဆိုရာ၌လည်း သာသနာတော်နှင့်ပတ်သက်၍ ဆရာတော်ကြီး၏ မြောက်မြားလှစွာသော လုပ်ရပ်များထဲမှ တစ်ခုသောလုပ်ရပ်ကိုသာ ကျွန်တော် ဆိုချင်ပါသည်။

အခြားမဟုတ်ပါ။ကုဋိရေအိမ်ကို ရေဖြည့်ခြင်းနှင့် ဆေးကြောသန့်စင် ခြင်း ဖြစ်ပါသည်။ ကိုယ်တော်တိုင် ကျောင်းတိုက် အကြီးအကဲ ဆရာတော် တစ်ပါးဖြစ်ပါလျက် ကုဋိရေအိမ်များကို ဆေးကြောရေဖြည့်ခြင်းကို ကျောင်းနေသံဃာငယ်များ သိသွားသောအခါ မသုံးရဲ မပြုရဲ ဖြစ်ကြရသည်။ သို့သော် ဆရာတော်ကြီးက 'ရဲရဲသာသုံးကြ'ဟု မိန့်တော်မူခဲ့လေသည်။ မိမိကျောင်းတိုက်တွင်သာ မဟုတ်။ အခြားသောကျောင်းတိုက်များသို့ပါ လှည့်လည်၍ ဆောင်ရွက်တော်မူသည်ဟု ဆိုသည်။ အခြားကျောင်းတိုက်မှ သံဃာတော်များသိသောအခါ လုပ်ဆောင်ခြင်းမပြုရန် အားနာစိတ်ဖြင့် တားမြစ်ကြလေသည်။ သို့သော် လယ်တီဆရာတော်ကြီးက "တပည့်တော်ကို သနားရင် ခွင့်ပြုကြပါ၊ တပည့်တော်ရဲ့ ခြေလက်တွေဟာ တစ်သံသရာလုံး သားကျွန်၊ မယားကျွန် ဖြစ်ခဲ့ရပါတယ်။ အခု သံဃာ့ကျွန်၊ သာသနာ့ကျွန် အမှုပြုခွင့်ပေးကြပါ"ဟူ၍ ပြန်လည်လျှောက်ထားကာ လုပ်ဆောင်မြဲ လုပ်ဆောင်သည်ဟု ဆိုသည်။ဤသည်မှာ တစ်နေ့ တစ်လ၊ တစ်နှစ်မဟုတ်၊ အနှစ် (၂၀)လုံးလုံး ဆောင်ရွက်ခဲ့ခြင်းပေတည်း။





သည့်ထက်ပို၍ ထူးခြားသောဖြစ်ရပ်တစ်ခု ရှိပါသေးသည်။ လယ်တီကျောင်းတိုက်အတွင်း၌ ရဟန်းတစ်ပါး ဝမ်းရောဂါဖြစ်သောအခါ အချို့သံဃာများ ပြောင်းရွှေ့သွားကြ၏။ အချို့မှာ အနားမကပ်ရဲကြ။ လယ်တီ ဆရာတော်က "ကြောက်တဲ့ကိုရင် ဦးပဉ္ဇင်းများ သွားကြ၊ ဂိလာနပဉ္ဇင်းကို တို့များပြုစုမယ်"ဟုဆိုကာ ကျင်ကြီးများပေကျံနေသည့် သင်္ကန်းကို ကိုယ် တိုင်ဖွပ်လျှော်ပေးရန် ရေတွင်းသို့ယူခဲ့သည်။ ထိုသို့ယူလာနေရင်းမှ ဆိုးရွားလှသော ကျင်ကြီးအနံ့ကြောင့် ရွံရှာစိတ်ဖြစ်သောအခါ "ဟယ် .. စိတ်ယုတ်၊ နင်လှည့်စားလှပါတကား။ ရှုဦးဟာ"ဟုဆိုကာ စောင်သင်္ကန်းတို့၌ ပေကျံနေသော ကျင်ကြီးများဖြင့် ကိုယ်တော်တိုင် တစ်ကိုယ်လုံးကို ပွတ်တိုက် သည်ဟု ဆိုသည်။

ဤအကြောင်းများကို ဆရာကြီး မှော်စရိယဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်၏ စာမျက်နှာများပေါ်မှတစ်ဆင့် ဖတ်ကြား သိရှိခွင့် ရသောအခါ လယ်တီဆရာတော်ဘုရားကြီး၏ စိတ်ဓာတ်နှင့် လုပ်ရပ်အပေါ် ကျွန်တော်သည် အတိုင်းအဆမရှိ ကြည်ညိုသွားမိသည်။ ကြက်သီး မွေးညင်း ထမတတ် အားကျမိလေသည်။

သို့သော် ဆရာတော်ကြီးကို အားကျကြည်ညိုစိတ်နှင့် ဆရာ တော်ကြီးလို လိုက်လုပ်၍လည်း မဖြစ်ပြန်ပါ။ တွေ့သမျှ လမ်းဘေး အိမ်သာ လိုက်ဆေးနေပြန်လျှင်လည်း လစာဖြင့်ခန့်ထားသော သန့်ရှင်းရေး ဝန်ထမ်း များနှင့် ပြဿနာတက်သွားနိုင်ပါသည်။ ဘဝပုံစံအရလည်း ကျွန်တော့်မှာ ရဟန်းသံဃာမဟုတ်ပြန်သဖြင့် ဆရာတော်ကြီးကဲ့သို့ သေနာသနဝတ်ကို ဆောင်ရွက်ခွင့် မရနိုင်ပါ။သို့သော် အခြေအနေအချိန်အခါအရ ဤကုသိုလ်မျိုး ဆောင်ရွက်ခွင့်ကြုံလာလျှင် ကျွန်တော် မလွဲမသွေဆောင်ရွက်မည်ဟု စိတ်ထဲ တွင် မှတ်သားသိမ်းဆည်းထားမိခဲ့ပါသည်။

(၃)

ကျွန်တော့်ထက် အကြံဦးသွားသူတစ်ဦးအကြောင်းကို ကျွန်တော် ကြားခဲ့ရပါသည်။

"ထိုပုဂ္ဂိုလ်ကြီး"ဟူသော ဝေါဟာရကို ကျွန်တော် သုံးစွဲချင်ပါ သည်။ အကြောင်းမှာ ဌာနဆိုင်ရာ၌ ရာထူးကြီးကြီးဖြင့် လက်ရှိတာဝန် ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသောကြောင့်ပင်။ 'ထိုပုဂ္ဂိုလ်ကြီး'သည် မြားမြောင်လှသည့် တာဝန်များ ထမ်းဆောင်နေရင်းမှ အလုပ်အားလပ်သည့် စနေ၊ တနင်္ဂနွေလို နေ့မျိုးတွင် မိသားစုကို အပါခေါ်ကာ တရားရိပ်သာများ၊ ဘုန်းကြီးကျောင်းများသို့ သွားပါသည်။ ကျောင်းအကာ၊ ကျောင်းအစ်မကြီး များအဖြစ် ခေါင်းပေါင်းစထောင်ကာ ကျောင်းအဝ၌ ဟန်ရေးပြဖို့ မဟုတ်ပါ။ အိမ်က ထွက်ကတည်းက အဝတ်အစားအဟောင်းများ ဝတ်သွားပါသည်။ မထင် မရှားပုံစံနှင့် ကျောင်းဝင်းထဲဝင်ပါသည်။ သိုသိုသိပ်သိပ် ကုပ်ကုပ် ကလေးဖြင့် ကျောင်းနောက်ဘက်သို့ ဆက်၍ဝင်ပါသည်။ ပြီးလျှင် အိမ်မှ အသင့်ယူ လာသော အက်ဆစ်ရည်များ၊ ကြေပြားဆေးရည်များ၊ သံဘရပ်၊ ပလတ်စတစ် ဘရပ်များကို ကိုင်ကာ ကုဋီ အိမ်သာများအတွင်းထိ ဆက်၍ ဝင်ပြီးနောက် ပြောင်လက်နေအောင် ဆေးကြောပါတော့သည်။ ဇနီးနှင့် သမီးတို့က အမျိုးသမီး ယောဂီသီလရှင်တို့၏ ရေအိမ်များကို ဆေးကြော၍ ကုသိုလ်ယူ နေစဉ် ခင်ပွန်းနှင့်သားတို့ကလည်း အမျိုးသားယောဂီနှင့် သံဃာ တော်တို့၏ ရေအိမ်နှင့်ကုဋီများကို ဆေးကြော၍ ကုသိုလ်ယူကြပါသည်။ ပြီးလျှင် တစ်မိသားစုလုံး လုပ်ငန်းသုံး ပစ္စည်းကလေးများကို ထုပ်ပိုးကာ လာရာလမ်းအတိုင်း အိမ်သို့ပြန်ကြပါသည်။

ကျွန်တော်တို့ မည်သို့ဆောင်ရွက်သွားပါသည်။ ကျွန်မတို့တော့ မည်သို့ကုသိုလ်ယူသွားပါသည်ဟူ၍ မကျော်တိုင် တက်မပြပါ။ လိုရင်းမှာ နှလုံးသွင်းအမှန်ဖြင့် လုပ်ရပ်အမှန်ပြုလုပ်ဖို့ပင် မဟုတ်လား။ 'ထိုပုဂ္ဂိုလ်ကြီး'နှင့် မိသားစုတို့၏ လျှို့ဝှက်ကုသိုလ်ယူပုံကလေးကို ကျွန်တော် အားကျကြည်ညို ရပြန်ပါသည်။

ဝန်ထမ်းဘဝတုန်းက ထိုပုဂ္ဂိုလ်ကြီးအိမ်သို့ ကျွန်တော်လုပ်ငန်း ကိစ္စဖြင့် တစ်ကြိမ်ရောက်ခဲ့ဖူးစဉ်က ကျွန်တော့်ကို ထိုပုဂ္ဂိုလ်ကြီးက စာအုပ်တစ်အုပ် လက်ဆောင်ပေးခဲ့ဖူးသည်ကို အမှတ်ရမိပါသည်။ စာအုပ်မှာ ဆရာတော် အရှင်ဇောသိတ ရေးသားတော်မူသော မဟာဂန္ဓာရုံဆရာတော်





အရှင်ဇနကာဘိဝံသ၏ "တစ်ဘဝသာသနာ"စာအုပ်ပင်တည်း။

"ဒီစာအုပ်က သိပ်ထူတော့ ပြန်ထုတ်ဖို့က စရိတ်စကလည်းကြီး နေတယ်။ ဈေးကွက်မှာလည်း ရှားနေပြီ၊ တန်ဖိုးထားသူတွေရဲ့ လက်ထဲလည်း ရောက်စေချင်တယ်။ အဲဒါနဲ့ ကျောင်းတိုက်ကို ကျွန်တော်အလှူငွေထည့်ပြီး ကုသိုလ်ယူတဲ့ အနေနဲ့ ထုတ်ပေးလိုက်တာပါ။ ပြန်ရမယ့် ငွေမှန်သမျှကလည်း ကျောင်းတိုက်အတွက် သုံးဖို့ပါပဲ"

ဤမျှဆိုလျှင် ထိုပုဂ္ဂိုလ်ကြီး၏ သာသနာစိတ်နှင့် သာသနာတော် အပေါ် ထားရှိပုံသဘောထားတို့ကို ထင်ထင်လင်းလင်းတွေ့ရလောက်ပြီဟု ကျွန်တော် ထင်မြင်ပါသည်။ ကုဋီဆေးကြော ကုသိုလ်ယူခြင်းနှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်ကြီး၏ စိတ်ဓာတ်နှင့်လုပ်ရပ်တို့ကြောင့် ကျွန်တော့်အတွက် အားကျ ကြည်ညိုစရာ ပုဂ္ဂိုလ်တစ်ဦး တိုးလာရပြန်ပါပြီ။

(၄)

ရေအိမ်၊ ကုဋီဆေးကြောခြင်းသည် ရုပ်ပိုင်းဆိုင်ရာ အညစ်အကြေး များကို စင်ကြယ်စေသည့်ကုသိုလ် ဖြစ်ပါသည်။

ထိုကုသိုလ်ကို ကျွန်တော်ဆောင်ရွက်ခွင့် မရသေးသော်လည်း စိတ်ပိုင်းဆိုင်ရာ၊ အညစ်အကြေးများကို စင်ကြယ်စေသည့် ကုသိုလ်ကိုမူ ကျွန်တော် နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။ အခြားမဟုတ်ပါ။ သတိပဋ္ဌာန် တရားတော်ကို ယုံယုံကြည်ကြည်နှင့် စွဲစွဲမြဲမြဲအားထုတ်ခြင်းပင်တည်း။

***"စိတ်အညစ်အကြေးကို ကင်းစေလို ဘယ်လမ်းစဉ်ကို လိုက်ရမည်နည်း။***

***စိတ်အညစ်အကြေးကို ကင်းစေလို သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမည်"***

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ သတိပဋ္ဌာန်တရား တော်ဆိုင်ရာ ဆောင်ပုဒ်တစ်ခုဖြစ်ပါသည်။

ဝန်ထမ်းဘဝမှ အနားယူပြီးသောအခါ ဘဝနှင့်ရင်းပြီးရလိုက်သော အချိန်များကို တန်ဖိုးရှိစွာ ကုန်ဆုံးနိုင်စေရန်အတွက် တရားရိပ်သာများသို့

ခပ်စိပ်စိပ်ဝင်ခဲ့ပါသည်။ လူမှုဘဝ၊ လူမှုရေးတာဝန်အရ ကျွန်တော် ဆောင်ရွက်ရမည့်ကိစ္စများကို အတိုဆုံးနှင့်အကျဉ်းဆုံး အမြန်ဆောင်ရွက်ပြီးလျှင် မည်သည့်နေရာမျှ ကျွန်တော် ဝင်မပါတော့ပါ။ ဆရာသမားတို့၏ အဆုံးအမနှင့်အညီ သတိပဋ္ဌာန်တရားကို စနစ်တကျအားထုတ် ဖြစ်သွားဖို့သည်သာ ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံး တာဝန်ဖြစ်သည်ဟု ကျွန်တော်ခံယူပါသည်။ ကိုယ်တိုင်က သတိပဋ္ဌာန်တရား အကြောင်းတွေကို ဘုရားရှင်၏ အဆုံးအမများကိုင်ကာ တစ်ဆင့်ပြန်ပြောနေသူဖြစ်သဖြင့် ကိုယ်တိုင် အလုပ်များများလုပ်ဖို့လိုသည်ဟုလည်း ခံယူထားပါသည်။

ဖောင်ကိုဖျက်ပြီးခါမှ တစ်ဖက်ကမ်းပေါ်က ရန်သူ (ကိုယ့် ကိုယ်ထဲက ကိလေသာ)ကို နိုင်အောင်မတိုက်နိုင်ခဲ့လျှင် ဖောင်ဖျက်ခဲ့ ခြင်းသည် အချည်းနှီးဖြစ်တော့မည်။ နောင်ရိုးတိုက်ပွဲ၏ စိတ်ဓာတ်သည် တရားဓမ္မရှာဖွေရာ၌ ကြီးစွာသော အထောက်အပံ့ (အထူးသဖြင့် စိတ်ဓာတ်ခွန်အား)ကို ပေးပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ရွှေမင်းဝံဆရာတော်၏ အဆုံးအမဖြင့် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ (၄၅)ရက်တိတိ တရားစခန်းဝင်ဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ တရားစခန်းဝင်ဖြစ်ခဲ့ခြင်းများ၌ ထိုကာလသည် အရှည်ဆုံးဟု ဆိုရပေမည်။ ယမန်နှစ် (၂၀၀၁-ခုနှစ်) မိုးတွင်းကာလတုန်းက ဝင်ဖြစ်ခဲ့ခြင်းပင်။

စိတ်အညစ်အကြေးတွေ ကင်းဝေးစေဖို့ စင်ကြယ်စေဖို့ တရားစခန်းရက်ရှည်ဝင်ခဲ့သည် ဆိုသော်ငြား၊ တကယ့်တကယ်တွင် စိတ်အညစ်အကြေးတွေက အုံလိုက်ကျင်းလိုက် ပြုထလာပါတော့သည်။ ဤနေရာတွင် စာအားဖြင့် (ဝေါဟာရအားဖြင့်) ကျွန်တော့်စိတ်ဟု ဆိုနိုင်သော်လည်း ဓမ္မအားဖြင့်မူ ကျွန်တော်က သပ်သပ်၊ စိတ်က သပ်သပ်ဖြစ်ပါသည်။ ကျွန်တော်သည် စိတ်မဟုတ်ပါ။ စိတ်ထဲ၌လည်း ကျွန်တော်မရှိပါ။ ကျွန်တော့် စိတ်သန္တာန်၌ ဤအမြင်သာ ထင်ထင်ရှားရှား မဖြစ်ခဲ့လျှင် ဤသည့်ရှေ့ကို ကျွန်တော်ဆက်ရေးဝံ့မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် မြသန်းစံတည်းဟူသော ဓမ္မရသဆောင်းပါးများ ရေးသားသူအဖို့ သိက္ခာတွေ အတုံးလိုက်၊ အတစ်လိုက် ကျရတော့မည့်ကိန်းကို မြင်နေ၍ဖြစ်ပါသည်။ သို့သော်





မြသန်းစံဟူသော နာမပညတ်တည်ရှိရာ (၃၂)ကောဋ္ဌာသ ပညတ်ခန္ဓာအတုံးအခဲကြီး အတွင်းရှိ ဟဒယနှလုံးအိမ်ကို အမှီပြု၍ ဖြစ်ပေါ်ခဲ့သော စိတ်အညစ်အကြေးအပိုင်းအစများ၏ အကြောင်းများကိုမူ ကျွန်တော် အမနာပရေးမှ ဖြစ်ပေတော့မည်။

တရားစခန်း၊ တရားရိပ်သာဟူသည် နိစ္စဓူဝကိလေသာ အရှိန်အဟုန်ဖြင့် အဆုံးအစမဲ့စွာ ခရီးနှင်နေကြသော သာမန်လူမှု ပတ်ဝန်းကျင်များနှင့်မူ အခြားနားကြီး ခြားနားလှပါသည်။ ရိပ်သာ ပရဝုဏ်အတွင်းသို့ ရောက်ပြီဆိုလျှင် မည်သူမဆို ရိပ်သာစည်းကမ်းကို လိုက်နာကြရပါသည်။ နံနက်(၃)နာရီ အိပ်ရာမှ မထချင်သော်လည်း ထရပါသည်။ မှတ်ချင်သည်ဖြစ်စေ၊ မမှတ်ချင်သည်ဖြစ်စေ၊ အထိုင်တစ်လှည့်၊ စင်္ကြံ တစ်လှည့်ဖြင့် တစ်နာရီစီ မထစတမ်းရှုမှတ်ရပါသည်။ ဆွမ်းစားချိန်မှာ အမှတ်သတိဖြင့် ဆွမ်းစားရပါသည်။ တရားနာချိန် နာရပါသည်။ အကြောင်းထူး ကြီးငယ်ရှိသည်မှလွဲ၍ စကားမပြောရပါ။ စကားပြောခြင်းသည် သမာဓိကို ကြီးစွာထိခိုက်စေသောကြောင့် ဖြစ်ပါသည်။ အိပ်ချိန်တန်လျှင် အိပ်ရပါသည်။ ဤနေရာ၌လည်း ရှုမှတ်မှုသတိကို လွှတ်၍မဖြစ်ပါ။

ဤမျှအထိ အချိန်ပြည့်ရှုမှတ်နေရသော်လည်း လူကသာ လိုက်နာပြီး စိတ်က လိုက်နာခြင်း မရှိပါ။ အထိုင်တရားချိန်၌ သတိ သမာဓိကြီးစွာဖြင့် ရုပ်နာမ်ဓမ္မ သဘာဝတို့ကို ရှုရမည့်အစား စိတ်က တောင်ရောက်၊ မြောက်ရောက်ဖြစ်နေတတ်ပါသည်။ လိုချင်တပ်မက်စိတ်တွေကလည်း မကြာခဏပေါ်လာတတ်ပါသေးသည်။ တစ်ခါတစ်ရံ အတွေးထဲတွင် အပြင်တုန်းက ကိုယ်လုပ်ချင်တာ လုပ်ခွင့်မရခဲ့သဖြင့် မကျေမနပ်ဒေါသစိတ်တွေလည်း ဖြစ်လာတတ်ပြန်ပါသေးသည်။ အိပ်ချင်၊ ငိုက်မျဉ်းချင်စိတ်တွေကလည်း နေရာယူလာပြန်ပါသေးသည်။ တရားအားထုတ်ရမှာပျင်းသည့်စိတ်၊ နောက်ဆုံး တရားကိုပင် ဆက်လက်အားမထုတ်ချင်တော့သည့် စိတ်တို့ကလည်း မကြာခဏဖြစ်လာတတ်ပါသေးသည်။ ယုတ်စွအဆုံး ကိုယ်အားထုတ်နေသော တရားနည်းလမ်းအပေါ်မှာပင် သံသယဝင်သည့် စိတ်တွေဖြစ်လာတတ်ပါသေးသည်။ ဟုတ်မှဟုတ်ရဲ့လား။ ဒီပုံစံအတိုင်း

ဆက်အားထုတ်နေလို့ တရားမှရပါ့မလားဆိုသည့် သံသယစိတ်တို့ကလည်း ဝင်ချည်ထွက်ချည်လုပ်နေပြန်ပါသေးသည်။

ကာယာနုပဿနာဖြင့် ရုပ်ဖြစ်ပေါ်လာတိုင်း သိနေရမည့်စိတ်သည် အရှုခံအဖြစ်တည်ထားသော ရုပ်တရားပေါ်မှ မကြာခဏချော်ထွက်သွားတတ်ပါသည်။ကြာတော့ အရှုခံအာရုံပေါ်သို့ စိတ်ကို ပြန်တင်ပေးနေရသည်မှာ အလုပ်ကြီးတစ်လုပ်လို ဖြစ်လာပါတော့သည်။ အရှုခံနှင့်ရှုညာဏ် မတည့်ခြင်းကြောင့်ပင် ဘေးအာရုံတွေက တရစပ်ဝင်ရောက်လာပြန်ပါသည်။ ထိုဘေးအာရုံတွေကို မရှုမှတ်တတ်သေး၍ (ကြားထိုးကမ္မဋ္ဌာန်း၏သဘာဝကို နားမလည်သေးသဖြင့်)လည်း တရားအားထုတ်ရတာ စိတ်မောသလို၊ ပင်ပန်းသလို ဖြစ်နေရပြန်ပါသည်။ စိတ်၏သဘာဝကိုက အာရုံကို သိခြင်း၊ သိပြီးသားအာရုံနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်ခြင်း၊ သိစရာအာရုံမထင်ရှားလျှင် ကြံစည်တွေးတောခြင်း၊ ထိုကြံစည်တွေးတောခြင်းကိုပင် အာရုံအဖြစ် ဆက်၍ယူထားခြင်း စသည်တို့ဖြင့် မနေမနား ဗျာများတတ်ပါသည်။

စိတ်သဘာဝကို နားမလည်သောအခါ ငါ့ကိုယ်ထဲက ငါ့စိတ်ပဲ၊ ငါနိုင်းတာ ရရမှာပေါ့၊ငါထားရာ နေရမှာပေါ့''ဟူသော သက္ကာယအစွဲလေးက ခေါင်းထောင်ထလာပါတော့သည်။ ဤနေရာတွင် စိတ်ကလည်း သူ့သဘာဝအတိုင်း သူလုပ်ချင်၊သက္ကာယအစွဲကလည်း လိုရာနိုင်းချင်ဖြင့် နီးနီးကလေးနှင့် ကပ်ရှုပ်နေပါတော့သည်။ သက္ကာယအစွဲဘက်ကိုလည်း အပြစ်မတင်ထိုက်ပါ။ သူကလည်း ကုသိုလ်အရေး လာ၍ဆောင်ရွက်နေသည် မဟုတ်လား။ သူက ကုသိုလ်ရချင်နေသည်။ ကုသိုလ်အကျိုးကို သူက ခံစားချင်နေသည်။ ကောင်းကျိုးချမ်းသာဆိုသည်ကို သူက ထပ်မံကြုံချင်နေသည်။ ငါ့ကုသိုလ်ဖြစ်ချင်နေသည်။ စိတ်က ဖြစ်ခွင့်မပေး။ ပေါ်ရာအာရုံနောက်သို့ လိုက်မည်။ သန်ရာအာရုံနှင့်ပူးတွဲ၍ နေချင်သည်။ သည်မှာတွင် စိတ်၏ သဘာဝနှင့် သက္ကာယအစွဲ (ဒိဋ္ဌိ)တို့ ရန်ဖြစ်ချေပြီ။ ''မင်းက အကုသိုလ်အာရုံတွေ လက်ခံနေတယ်။ ငါက ကုသိုလ်ရေး လုပ်နေတယ်''ဟု ဒိဋ္ဌိက ဆိုလေသည်။ သက္ကာယအစွဲနှင့် စိတ်တို့ အကြီးအကျယ်ရန်ပွဲဖြစ်သောအခါ ညာဏ်က ဝေးရာကို





ရှောင်တော့သည်။

''လက်ရင်းကပ်တော့သာ၊ လက်ဖျားခတ်တော့နာ'' ဆိုသောစကား၏အဓိပ္ပါယ်သည် သည်နေရာတွင် တည့်တည့်ကြီး အကျုံးဝင်နေသည်။ စိတ်၏ အရင်းနားသို့ ကပ်၍ မကြည့်တတ်သောအခါ စိတ်ထဲတွင် အာရုံတွေ တစ်ခုပြီးတစ်ခုလာတိုက်သည်ကို မမြင်။ တစ်အာရုံပြီး တစ်အာရုံ ပေါ်ပေါက်လာနေခြင်းသည် စိတ်ဝင်စားစရာကောင်းသော စိတ်၏သဘာဝပင်တည်း။ ပေါ်လာသောအာရုံတွေသည်လည်း တစ်ခုပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေလေသည်။ ညာဏ်အားကိုဗိ၍ မဓိုက်လေသောအခါ ပေါ်လိုက်၊ ပျောက်လိုက်သဘာဝကို မရိပ်မိ။ထိုအခါ ဖြစ်ပြီးပျက်တတ်သော သဘာဝကို မတွေ့၊ ဖြစ်ပျက်ကို မသိသောအခါ အနိစ္စလက္ခဏာကို နားမလည်။ ဖြစ်ပျက်ဟူသည် အာရုံဘက် တစ်ခုတည်း၌လား။ မဟုတ်ပါ။ သူ့တွဲလုံးဖြစ်သော စိတ်ဘက်၌ပါ ဖြစ်ပျက်သဘာဝ ရှိပေသည်။ အရိပ်မရှိသောအခါ အကောင်လည်း မရှိနိုင်ပါ။ အကောင်မရှိသောအခါ၌လည်း အရိပ်မပေါ်နိုင်ပါ။ အကောင်ကြောင့် အရိပ်ထင်၊ အရိပ်ကြောင့် အကောင်ရှိရ၊ အပြန်အလှန်အမှီသဟဲပြုနေသော သဘာဝ။ စိတ်ဆိုသော အရင်းအမြစ်ပေါ်တွင် ညာဏ်ဖြင့်ခြေရာခံကြည့်လျှင် ဓမ္မသဘာဝ အတွင်းကိစ္စတို့ကို ထင်ထင်ရှားရှား မြင်ခွင့်ရသွားမည်။ ထို့ကြောင့် စိတ်ဆိုသောလက်ရင်းကို ကပ်ကြည့်တတ်လျှင် ကိုယ်၌ အခွင့်အရေးသာပေမည်။ သို့မဟုတ်က စိတ်နှင့် သက္ကာယအစွဲတို့ တိုက်ပွဲဖြစ်ကာ လက်ဖျားခတ်၍ နာပေတော့မည်။

အနုသယကိလေသာ၏ သဘာဝသည် စိတ်ကို အညစ်အကြေးများစွာဖြင့် အရောင်ဆိုးပေးနိုင်ကြောင်း ထိုအခါမှ ကျွန်တော် ကောင်းကောင်းကြီး ရိပ်မိတော့သည်။ ထို့ကြောင့်ပင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဝိပဿနာအလုပ် မလုပ်မီ သက္ကာယဒိဋ္ဌိကို အရင်ဖြုတ်နိုင်းခြင်းပေတည်း။ ငါအစွဲ မရှိတော့သောအခါ ရှုမှတ်ရသည်မှာ အများကြီး သက်သာသွားတော့သည်။ လွတ်လပ်သွားတော့သည်။ လွတ်လပ်သွားသဖြင့်လည်း ရှုညာဏ်သည်လည်း ပိုမိုတိုးတက်လာသည်။ ဇွဲစိုက်အားသည်လည်း ပိုမိုထက်မြက်လာသည်။ ထိုအခါ ယခင်က မြင်ခွင့်မရခဲ့သော စိတ်၏အတွင်း

သဘာဝ မြင်ကွင်းတွေကိုလည်း စာမပါ၊ ပေမပါ၊ စကားလုံးမပါ၊ ပုံသဏ္ဍာန် မပါဘဲ တိုက်ရိုက်မြင်ခွင့်ရတော့သည်။

သို့မဟုတ်လျှင် ရိပ်သာဝင်သောကာလသာ ရှည်သွားမည်။ သက္ကာယဒိဋ္ဌိတန်းလန်းဖြင့် မစို့မပို့ဉာဏ် တရွတ်တိုက်ဆွဲကာ မြင်မြင်သမျှ ကြားကြားသမျှအပေါ် အပြစ်တင်နေမိတတ်သည်။ ကိုယ့်ထက်စောစွာ တရားရိပ်သာသို့ရောက်၍ စိတ်ပါလက်ပါ အားထုတ်နေသော ယောဂီအပေါ် ဟန်လုပ်နေတာပါ။ လူအထင်ကြီးအောင် တမင်လုပ်နေတာပါဟု မှတ်ချက် ပြုချင်လည်းပြုသည်။ ကိုယ်က အားထုတ်ရက် ရလာသောအခါ၌လည်း နောက်မှဝင်လာသော ယောဂီအသစ်များအပေါ် ဘာမျှသိကြသေးတာ မဟုတ်ဘူး။ ဝီရိယလည်း မရှိကြဘူး။ တရားအပေါ် မရှိသေးဘူးထင်ပါရဲ့ စသည်ဖြင့် စိတ်ထဲမှာ ထင်မြင်နေတတ်သည်။ စားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေး တစ်ခုခုအဆင်မပြေရှိလာပါကလည်း ရိပ်သာဝေယျာဝစ္စ အဖွဲ့အပေါ် စိတ်ကွက်ချင် ကွက်နေတတ်ပြန်သည်။ ကမ္မဋ္ဌာနာစရိယများ အပေါ်၌လည်း ငါတို့ကိုသာ အမှတ်နဲ့နေနိုင်းတာ သူတို့မှာတော့ သွားတာ လာတာ မြန်လိုက်တာ၊ အမှတ်သတိမှ ရှိကြရဲ့လားမသိဘူးဟု ဝေဖန်နေတတ် ပြန်ပါသည်။ ဤသို့ဖြင့် စိတ်သည် အညစ်အကြေးများစွာတို့ဖြင့် ထူထပ် ရှုပ်ထွေးနေလေတော့သည်။

တရားအားထုတ်ရက် တစ်လကျော်လာသောအခါ သက္ကာယအစွဲ တွေ ပါးလျား၍ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစိုလ်တို့ အားကောင်းစွာ ဖွံ့ဖြိုးလာချိန်၌ စိတ်ကို အရင်းကပ်၍ ကြည့်လာနိုင်ပေပြီ။ တဏှာ၊ မာန၊ ဒိဋ္ဌိဘက်က အင်အားတွေ လျော့သွားချိန်၌ ဥပေက္ခာ၏ သဘောတွေသည် စိတ်၏သန္တာန်၌ နေရာယူလာတော့သည်။ အကြမ်းစားခံစားမှု၊ ချောမွေ့သော ခံစားမှုမှသည် အကြမ်းလည်းမဟုတ်၊ ချောမွေ့မှုလည်း မမည်သော ကြား ခံစားမှု၏သဘာဝကိုပါ နားလည်လာသည်။ မည်သည့်သဘာဝပင် ဖြစ်ပါစေ၊ ပေါ်လာပြီးရင် ပျောက်သွားမှာပါပဲ။ ဖြစ်လာပြီးရင် ပျက်သွားမှာပါပဲ။ ကိုယ်က ထိုင်ကြည့်နေရုံသက်သက်သာ၊ ဖြစ်ခြင်း ပျက်ခြင်း၌ ကိုယ်ဝင်မပါတော့သဖြင့် လည်း ရှုမှတ်ရတာသည် လွန်စွာမှ သက်သာ လွယ်ကူသွားတော့သည်။





ထိုအခါကျမှ ''ဩော် မြတ်စွာဘုရားရှင်ဆိုတာက ကိုယ်တော်တိုင်သာ အပင်ပန်းခံမယ်၊ အနစ်နာခံမယ်၊ သတ္တဝါအနန္တကို သက်သက်သာသာနဲ့ နိဗ္ဗာန်ချမ်းသာကို ရစေချင်တာပါကလား''ဟူ၍ ဘုရားရှင်၏ မဟာကရုဏာ ဉာဏ်တော်ကြီးကိုပါ ထဲထဲဝင်ဝင်နားလည် သဘောပေါက်သွားတော့သည်။

ဆိုရလျှင် တရားရိပ်သာ၊ တရားစခန်းသို့ ရက်ရှည်ဝင်ခဲ့သည် ဆိုသော်ငြား စိတ်၏သဘာဝကို နားမလည်သေးခင်အထိ၊ စိတ်အတွင်း၌ အညစ်အကြေးများစွာတို့ နေရာယူသွားနိုင်ခဲ့ကြ၏။ ထိုအညစ်အကြေး တို့ကြောင့် အကြေးတစ်ခုခု တင်သွားသလို ခံစားလာရသည်။ ထိုအကြေးကို ဤရိပ်သာအတွင်း၌ပင် တစ်ပါတည်းကျေအောင် ဆပ်သွားမှ တော်ပေတော့ မည်။

နည်းလမ်းကို ရှာသည်။ သည်မှာတွင် လယ်တီဆရာတော် ဘုရားကြီးနှင့် အထက်တွင်တင်ပြခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးတို့၏ လုပ်ရပ်ကို သတိရမိသည်။ သည်နည်းနဲ့ စိတ်အညစ်အကြေးအကြေးတွေကို ပြန်ဆပ်လျှင် နိုင်သလောက်တော့ ကျေကောင်းရဲ့ဟု ယူဆမိသည်။ ပြီးတော့ လည်း ထိုကုသိုလ်မျိုးကို ဆောင်ရွက်ခွင့်ရမည့် အခြေအနေနှင့် အချိန်အခါကို မျှော်လင့် စောင့်စားခဲ့ဖူးသည် မဟုတ်လား။ ယခု အခြေအနေပေးပြီ၊ အချိန်အခါရောက်ပြီ။

(၅)

သို့နှင့် ကျွန်တော် အားကျကြည်ညိုခဲ့ရသော ပုဂ္ဂိုလ်ကြီးများ၏ လုပ်နည်းလုပ်ဟန်အတိုင်း ရိပ်သာအတွင်းရှိ ရေအိမ်နှင့် ကုဋီများကို ဆေးကြောပါတော့သည်။ ပထမဦးဆုံး အကြိမ်ဖြစ်သဖြင့် အတော်ကြိုးစားရ ပါသည်။ ကိုယ့်ကိုယ်ထဲမှ မစင်ကိုပင်လျှင် စွန့်ပြီးချိန်၌ ရွံတတ်သော သဘောသည် လူတိုင်းမှာ ရှိတတ်ပါသည်။ သူများတကာကိုယ်အသီးသီးမှ စွန့်ပစ်ထားသဖြင့် မစင်ချေးကပ်နေသော ရေအိမ်ကြွေခွက်များကို အနီးကပ် ဆေးရသည်မှာ ထင်သလောက်မလွယ်လှပါ။ အက်ဆစ်ရည်ထိသဖြင့် လက်တွေပေါက်ပါသည်။ အက်ဆစ်ရည်နှူးပြီးသော မစင်ချေးများကို

ပလတ်စတစ်ဘရပ်နှင့်ဆေးသည့်အခါ မစင်ချေးဖတ်များက ကိုယ်နှင့် လက်ပေါ်သို့ ပြန်စဉ်တတ်ပါသည်။ ထိုအခါ ရွံရှာစိတ်တွေသည် တစ်ဖွားဖွား ပေါ်လာပါတော့သည်။ ထိုစိတ်ပေါ်သည်နှင့် ကျွန်တော်သည် ဝမ်းရောဂါ မစင်များနှင့် ကိုယ်တော်တိုင် ခန္ဓာကိုယ်ကို အားမနာတမ်းပွတ်ပစ်ကာ ရဲဆေးတင်ခဲ့သော လယ်တီဆရာတော်ဘုရားကြီးကို ပြန်မြင်မိပါသည်။ ဆရာ တော်ကြီးပင်လျှင် ထိုသို့နှလုံးသွင်းနိုင်သေးလျှင်၊ ဆောင်ရွက်နိုင်သေးလျှင် ဆရာတော်ကြီးကို အားကျကြည်ညိုမိသော ကျွန်တော့်အဖို့ အဘယ့်ကြောင့် မဆောင်ရွက်နိုင်ရမည်နည်း။ ဤသို့ နှလုံးသွင်း၍ လုပ်ဆောင်လေသောအခါ အမျိုးသားယောဂီများနှင့် ရဟန်းသံဃာများ၏ ရေအိမ်နှင့်ကုဋီများ ဆေးကြောခြင်းလုပ်ငန်းသည် တစ်နံနက်အတွင်း ပြီးစီးသွားပါတော့သည်။ ချေးအထပ်ထပ်ကပ်နေသော အိမ်သာကြွေခွက်များနှင့် ရေညှိများကပ် နေသော ကြွေခွက်နံဘေး အင်္ဂတေမျက်နှာပြင်များ၊ အိမ်သာနှင့် ရေချိုးကန် သို့သွားရာ လမ်းများပေါ်မှ ရေညှိအညစ်အကြေးများအားလုံး စင်ကြယ် ဖွေးလက်သွားပေပြီ။ ကျွန်တော် လုပ်ငန်းအစသတ်နေချိန်တွင် တစ်ဖက်ခန်း ကုဋီအတွင်းသို့ ရဟန်းတစ်ပါးဝင်ရောက်သွားရင်းမှ မှတ်ချက်ပြုသံကို ကျွန်တော်ကြားရပါသည်။

"ဟာ ...ကုဋီတွေ ဖြူဖွေးသန့်စင်သွားတာပဲ၊ ဘယ်သူလာ လုပ်သွားသလဲ မသိဘူး။ စိတ်ချမ်းသာစရာကောင်းလိုက်တာ"

ကျွန်တော် အသာလေးငြိမ်နေမိပါသည်။ သို့သော် စိတ်ထဲမှာတော့ ပီတိဖြင့် ကြည်နူးမှုတွေအပြည့်။ မစင်ချေးတို့ဖြင့် အထပ်ထပ်ညစ်ပတ်ပေကျံ နေသော နောက်ဆုံးအိမ်သာကြွေခွက်တစ်ခုကို ပွတ်တိုက်ဆေးကြောပြီးနောက် ရေလောင်းချရင်း စိတ်အတွင်းမှ အာရုံပြု၍ ဆုတောင်း နေမိပါသည်။

"ဤ မစင်များကို စင်ကြယ်အောင် ဆေးကြောခဲ့သော ကုသိုလ်ကံ အကြောင်းကြောင့် တပည့်တော်စိတ်အတွင်းမှ ကိလေသာအညစ်အကြေး တို့သည် ဤဘဝ၌ပင် စင်ကြယ်သန့်ရှင်းသွားသည့် အကျိုးတရားကို ရရှိပါစေ သတည်း"

ဆုတောင်းပြီးပြီ။ ထိုဆုတောင်းပြည့်မှာပဲဟု၍ အလုပ်မလုပ်ဘဲ





ထိုင်စောင့်နေ၍ ရမည်မဟုတ်ပါ။ ဤသည်ကို ကျွန်တော် သိပါသည်။ ကုသိုလ် ဟူသည် အထောက်အပံ့သဘောသာဖြစ်ပြီး တကယ့်တကယ်တွင် လုပ်အား စွမ်းရည်ကသာလျှင် လိုလားချက်ကို စွမ်းဆောင်ပေးနိုင်မည် ဖြစ်ပါသည်။ သည့်အတွက် ကျွန်တော်သည် ကျွန်တော့်စိတ်အတွင်းမှ အညစ်အကြေးများ ကို စင်ကြယ်သည်ထက် စင်ကြယ်အောင် သတိပဋ္ဌာန်တရားဖြင့် အထပ်ထပ် အခါခါ ဆေးကြောတိုက်ချွတ်နေရဦးမည် ဆိုတာကိုလည်း ကျွန်တော့်ကိုယ် ကျွန်တော်နားလည်ထားပါသည်။

(၆)

ကိလေသာအာရုံများနှင့် တစ်ပိုင်တစ်နိုင်ကင်းဝေးရာ တရားစခန်းဝင် ယောဂီတစ်ဦးသည်ပင်လျှင် ရှုမှတ်မှုနယ်ပယ်အတွင်း၌ စိတ်အညစ်အကြေး များဖြင့် မစင်ကြယ်မှုများ ဖြစ်ခဲ့သေးသည်ဆိုပါလျှင် ....။

ကိလေသာအာရုံများ တင်းကျမ်းဖြစ်ပေါ်နိုင်ရာ သာမန်လူမှု ပတ်ဝန်း ကျင်နယ်ပယ်မှ သတိပဋ္ဌာန်တရားကို အားထုတ်ရကောင်းမှန်း မသိသေး သော (ယောဂီမဟုတ်သော)သူများ၏ စိတ်အတွင်း၌ မစင်ကြယ်မှုတွေ မည်မျှနေရာယူနိုင်သည်ကို တွက်ဆခန့်မှန်းကြည့်နိုင်ပါသည်။

ဤသည့်အတွက် မစင်ကြယ်မှုများကို စင်ကြယ်စေရန်မှာ ဘုရားရှင် ကိုယ်တော်တိုင် ဟောဖော်ညွှန်ပြတော်မူခဲ့သော သတိပဋ္ဌာန်တရားတော်ကို ယုံယုံကြည်ကြည်အားထုတ်ဖြစ်ခြင်းမှတစ်ပါး အခြားမရှိပြီဟု ကျွန်တော် ဆိုချင်ပါတော့သည်။

၂၈-၆-၀၂



*နေ့တိုင်း၊ နေ့တိုင်းသည် သေနေ့အကြိုနေ့ရက်များပင်တည်း။ နေ့စဉ်နှင့်အမျှ အိုမင်းရာမှုနီးကပ်လာသလိုတိုင်း၊ တစ်နေ့နေ့တွင် ကိုယ်အလှည့် တကယ်သေရမှာပါလားဟု လေးလေးနက်နက်သတိရခြင်းနေသူ၊ "ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်"ဟု အမြဲတမ်းနှလုံးသွင်း ဆင်ခြင်လျှက်နေသူ၊ နောက်ဆုံးသေပေါက်သေတွင် ထားရှိရမည့် အသိဉာဏ်အတွက် အမြဲတစေပြင်ဆင် လေ့ကျင့်နေသူတစ်ဦးအဖို့ ကိုယ်တော်ထက်စောစွာ မရဏာ သေမင်းဆီ သတင်းပို့သွားကြသူတို့၏ ရှာပနာအသံးအနှုံးသို့ မရောက်ဖြစ်တော့ခြင်းသည် အထူးအဆန်းမဟုတ်တော့ပေ။*

## မထင်တာတွေသာ ဖြစ်တတ်လေသော • • •

(၁)

(၅)နှစ်ဆိုသော အချိန်ကာလသည် မနည်းလှ။

မျိုးဆက်သက်တမ်း တစ်ဝက်ဟု ဆိုရပေမည်။သည် (၅)နှစ်အတွင်း ပြောင်းလဲခြင်းတွေက အနန္တ။ လွန်ခဲ့သော (၅)နှစ်သည် ၂၀-ရာစုအကုန်ပိုင်းကာလ။ ယခုလက်ရှိကာလသည်ကား ၂၁-ရာစု အစောပိုင်းကာလ။ ကာလတွေကား ခြားခဲ့ပြီ။ ပေါ်ပြူလာဂျာနယ် (၅)နှစ်သားဖြစ်ခဲ့သလို ကျွန်တော်တို့လည်း အသက်(၅)နှစ် ကြီးခဲ့ရပြီ။ တစ်နည်းအားဖြင့် သေခြင်းတရားနှင့် ပိုမိုနီးကပ်လာခဲ့ပြီ။

ကျွန်တော်၊ ကိုဟိန်းလတ်နှင့် ကိုအောင်ပြည့်တို့ စတင်မျိုးထောင်စိုက်ပျိုးခဲ့သော ပေါ်ပြူလာဂျာနယ် ပင်ပျိုကလေးသည် ယခုအခါနုသစ်လန်းဆန်း စိမ်းစိုနေပေပြီ။ကိုအောင်ပြည့်က ပထမဦးစွာ ပေါ်ပြူလာဂျာနယ်၏ ဥယျာဉ်မှူးဘဝကို ကျောခိုင်းခဲ့သည်။ သည့်နောက် ကျွန်တော်။ ယခုတော့

ကိုဟိန်းလတ်တစ်ဦးတည်း ဥယျာဉ်မှူးကြီးအဖြစ် ကျန်ရစ်သည်။

ပေါ်ပြူလာဂျာနယ်ထုတ်ဝေခါစ ကျွန်တော့်မှာ ဝန်ထမ်းတာဝန်တွေနှင့်မို့ အားလပ်ချိန်နည်းလှသည်။ ဂျာနယ် တာဝန်ဆိုတာ မလွယ်လှ။ တိုက်ထိုင်ဖို့ လူလိုမည်။ သတင်းရှာဖို့ လူလိုမည်။ စာမူရှင်တွေနှင့် ဆက်ဆံဖို့ လိုလာမည်။ဒါတွေကို ကျွန်တော် လုပ်နိုင်မည်မဟုတ်။ ကျွန်တော်က အချိန်ပိုင်းသာတာဝန်ယူနိုင်မည်။ ရုံးချိန်ပြင်ပ၌သာ ဂျာနယ်တိုက်ကိုလာနိုင်မည်။ ရုံးချိန်အတွင်း ဂျာနယ်တိုက်၌ ဂျာနယ်အလုပ်တွေလုပ်ဖို့ စာပေသမား လိုအပ်သည်။ မည်သူနှင့်သင့်တော်မည်လဲ။ ကျွန်တော် ကြာကြာ မစဉ်းစား လိုက်ရ။ မဟာသီချင်းတွေ လုပ်ခဲ့စဉ်က ကျွန်တော့်သီချင်းစာသားများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သော ကိုဟိန်းလတ်ကို ချက်ချင်းသတိရ လိုက်မိသည်။ ကိုဟိန်းလတ်ထံ ဖုန်းဆက်လိုက်သည်။

''ဆရာ၊ ကျွန်တော် ဂျာနယ်တစ်စောင်လုပ်မလို့၊ ဆရာပါ ပါမှ ဖြစ်မယ်''

''ရတယ်လေ ဗိုလ်မှူး၊ ဗိုလ်မှူးလုပ်ရင် ကျွန်တော်လည်း လုပ်မှာ ပေါ့''

''ဒါဆိုရင် လာမယ့်တနင်္လာနေ့မှာ (၃၆)လမ်းက ဂျာနယ်တိုက်ကို လာခဲ့ပါလား''

''ကောင်းပြီလေ''

ကိုဟိန်းလတ်နှင့် ဖုန်းပြောပြီးသောအခါ ကိုမြတ်ခိုင်၏ လျှပ်တစ်ပြက် ဂျာနယ်မှာ Graphic Design လုပ်နေသူ ချစ်ဆန်းက ကျွန်တော့်ကို ပြောလာသည်။

''ဗိုလ်မှူး ပြောထားတာနဲ့ ကျွန်တော်လည်း ဆရာအောင်ပြည့်ကို ပြောလိုက်တယ်။ သူကလည်း လုပ်မယ်တဲ့၊ သဘောတူတယ်တဲ့''

''ဟုတ်လား၊ ဒါဆိုရင်ကောင်းတာပေါ့၊ ပိုပြီးမြိုင်သွားတာပေါ့၊ ဆရာ ဟိန်းလတ်ကိုတောင် (၃၆)လမ်း ဂျာနယ်တိုက်ကို လာမယ့်တနင်္လာနေ့ချိန်း ထားတယ်။ ဆရာအောင်ပြည့်ကိုပါ တစ်ပါတည်း မင်းခေါ်လာခဲ့ပေါ့''

ကျွန်တော်တို့သုံးဦးသား ပေါ်ပြူလာဂျာနယ်တိုက်(ယခင်ရုံးဟောင်း)





၌ တွေ့ဆုံပြီး ညှိနှိုင်းကြသည်။အားလုံး တက်ညီလက်ညီ သည်လိုနှင့် ပေါ်ပြူလာဂျာနယ် အတွဲ(၁)၊ အမှတ်(၁)သည် လွန်ခဲ့သော (၅)နှစ်၊ ၁၉၉၇-ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် စတင်မွေးဖွားဖြစ်ခဲ့သည်။ အမှတ်(၁၁) အထိ ထုတ်ဝေပြီးသောအခါ ကိုအောင်ပြည့် အနားယူသွားသည်။ ကိုဟိန်းလတ်က ခရီးသွားရင်းမှ ပေါင်ကျိုး၍ဆေးရုံတက်ရသည်။ ကျွန်တော် တစ်ယောက် တည်း ချာချာလည်ပေပြီ။ တော်ပါသေး၏။ လွမ်းဝေနိုင်၊ တင်မောင်ဆွေ၊ ရဲကျော်မြင့်တို့ သူငယ်ချင်းသုံးယောက် ရောက်လာပေလို့။ သူတို့က ဆရာ သီဟအောင်၏ သစ်တောမဂ္ဂဇင်းတစ်ခုတွင် အားကစားဆောင်းပါးတွေ ရေး၍ လက်သွေးနေကြသောအဖွဲ့။ သူတို့တွင် လက်စလက်နတွေရှိသည်။ လူငယ်တို့၏အားမာန်၊ သူတို့တစ်တွေ၏ ထက်မြက်စူးရှမှုတို့ကို အားပြုကာ ပေါ်ပြူလာဂျာနယ်ကို ကျွန်တော် ထိန်းသိမ်းခဲ့ရ၏။ ကိုဟိန်းလတ်ကား ဆေးရုံပေါ်၌ နာတာရှည်ဖြစ်နေပေပြီ။ ကျွန်တော့်မှာ ရုံးတစ်ဖက်၊ ဂျာနယ် တာဝန်တစ်ဖက်၊ မွေဆောင်းပါးတွေက တစ်ဖက်နှင့် ဖယ်ဆက်သလို အလုပ် တွေများနေတော့သည်။

ကိုဟိန်းလတ် ဆေးရုံမှဆင်း၍ ပေါ်ပြူလာဂျာနယ်သို့ တကျော့ပြန် ဝင်လာသောအခါ ပေါ်ပြူလာသည် အရှိန်အဟုန်ဖြင့် လည်ပတ်နေနိုင်ပေပြီ။ သည်မှာတွင် ကျွန်တော် ဗထူးသို့ သင်တန်းတက်ဖို့ ပေါ်လာ၏။ပေါ်ပြူလာကို ထားခဲ့ရပြီ။ ကျွန်တော်သည် လျှပ်တစ်ပြက်ဂျာနယ်နှင့် ပေါ်ပြူလာဂျာနယ် စာမျက်နှာတွေကို အမှီပြု၍ မွေဆောင်းပါးတွေရေးရင်းမှ လုံးချင်းစာအုပ်တွေ ထုတ်ဝေလာနိုင်ခဲ့သည်။သည်ဂျာနယ်နှစ်ခုသည် ကျွန်တော်၏ ကျေးဇူးရှင်များ ပင်တည်း။ လုပ်ဖော် ကိုင်ဖက်၊ ရေးဖော်ရေးဖက်အားလုံးသည်လည်း ကျွန်တော်၏ ကျေးဇူးရှင်များပင်တည်း။

သည်လိုနှင့် ဗထူးမှ ပြန်ရောက်သောအခါ အရှိန်အဟုန်မပျက် လည်ပတ်နေပြီဖြစ်သော ပေါ်ပြူလာဂျာနယ်ကို ကျွန်တော် ဘေးမှနေ၍ ကြည့်ဖြစ်သည်။ကျွန်တော်ဝင်မပါလည်း ရပေပြီ။သဘာဝမွေ၏ရင်ခွင်သို့ တစ်စ ထက်တစ်စ တိုးဝှေ့ဝင်ရောက်နေပြီဖြစ်သော ကျွန်တော်၏ စိတ်အာရုံတို့သည် ဂျာနယ်တစ်စောင်၏ လုပ်ငန်းလည်ပတ်မှုပုံစံနှင့် အံမဝင်နိုင်တော့မှန်း

ကျွန်တော့်ကိုယ် ကျွန်တော်သိလာသည်။ သို့နှင့် ကျွန်တော်သည် ပေါ်ပြူလာဂျာနယ်ကို နှုတ်ဆက်၍ ငြိမ်းချမ်းစွာ ထွက်ခွာခဲ့သည်။

သည့်နောက် မဟာအနုပညာရင်ပြင်မှ ကျွန်တော် ထွက်ခွာခဲ့သည်။

သည့်နောက် ဝန်ထမ်းလောကမှ ကျွန်တော် အနားယူခဲ့သည်။

သီချင်းရေးသားမှုသည်ကား လျှပ်တစ်ပြက်မှာ ကျွန်တော်ရှိခဲ့စဉ်ကတည်းက ကြေညာ၍ အနားယူခဲ့ပြီးဖြစ်သည်။

သည့်နောက် လောဘ၊ ဒေါသ၊ မောဟ၊ ဟိတ်(၃)ပါးတို့ ကျွန်တော့်စိတ်သန္တာန်တွင် နေရာမယူနိုင်အောင် အထူးကြိုးစားနေရသည်။ ကျွန်တော်ဝန်ခံချင်ပါသည်။ ကျွန်တော့်တွင် လောဘ၊ ဒေါသ၊ မောဟတွေ ရှိနေသေးသည်။ သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်နေ၍သာ ထိုမကောင်းသော ဟိတ်(၃)ပါးတို့ ပေါ်လာတိုင်း သိခွင့်ရနေခြင်းမျှသာ။

ထိုဟိတ် (၃)ပါးတို့၏ နယ်ပယ်မှ ကျွန်တော် အပြီးအပိုင်အနားယူချင်ပါပြီ။ ဘဝသံသရာတွင် ပါလာသော ရင်းတွင်းအောင်း အနုသယကိလေသာတို့နှင့် ဝေးရာအရပ်သို့ အပြီးတိုင်ထွက်ခွာချင်ပါပြီ။ ထွက်ခွာခွင့် မရသေး။ အနားယူခွင့် မရသေး။ ထွက်ခွာသွားနိုင်ဖို့ အနားယူနိုင်ဖို့အတွက် ကျွန်တော် ကြိုးစားနေဆဲဖြစ်သည်။ စိတ်ကို ဖြူစင်အောင် အတတ်နိုင်ဆုံး သတိထားနေရဆဲ ဖြစ်သည်။

''စိတ်ရှည်၊ ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'' မဟုတ်လား။

လောဘ၊ ဒေါသ၊ မောဟဟူသော မကောင်းသော ဟိတ်(၃)ပါး အစား အလောဘ၊အဒေါသ၊အမောဟဟူသော ကောင်းသော ဟိတ်(၃)ပါးတို့ ကျွန်တော့်စိတ်သန္တာန်တွင် နေရာယူနိုင်ဖို့ 'သတိ'ကို ရှေ့တန်းတင်၍ ကျွန်တော် ကြိုးစားနေရဆဲဖြစ်သည်။





(၂)

ပေါ်ပြူလာဂျာနယ် ကြီးထွားရှင်သန်ခဲ့ရသည့် (၅)နှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ထူးခြားသော၊ မထူးခြားသော၊ ဆန်းပြားသော၊ မဆန်းပြားသော ပြောင်းလဲမှုတွေ ဖြစ်ခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲတွေကား ရေတွက်မှတ်သား၍ မကုန်နိုင်အောင်ရှိတော့သည်။ မြင်၍ကြည့်လျှင် ထင်မထားတာတွေ ဖြစ်လာသည်က များသည်။

''သည်လို ဖြစ်မယ်လို့ မထင်ဘူးဗျာ''

''ဟုတ်လား။ ဟုတ်မှဟုတ်ရဲ့လား။ လုံးဝကို မထင်မိပါဘူးရှင်''

**မထင်တာတွေသာ ဖြစ်လာတတ်သော** လောကကြီးကို ကျွန်တော်သည် ပရိသတ်တစ်ဦးအဖြစ် ကြည့်နေဖြစ်ခဲ့သည်မှာ ကြာပြီ။ ကိုယ့်ကိုယ်ပမှာရော၊ကိုယ့် ကိုယ်တွင်းမှာရော ဖြစ်နေတတ်သည့် လောက သဘာဝမှ သဘာဝတို့သည် မထင်တာတွေချည်းဖြစ်သည်။ ကြာတော့ ရိပ်မိလာသည်။ 'အထင်' သည် 'အမြင်'မှ မဟုတ်ပေဘဲ။

ထိုအခါ ကိုယ့်ကို ထိုသို့၊ ဤသို့ ထင်စေချင်သည့်အစွဲ။ တစ်ဖက်က ကိုယ့်ကို ဤသို့၊ ထိုသို့ မထင်သောအခါ မထင်ရကောင်းလားဟူသော အစွဲစိတ်၏နောက်ကွယ်မှ ဒေါသ၏သဘာဝ။ ကိုယ်ထင်စေချင်သည့်အတိုင်း ထင်ပေးကြသောအခါ ကြည်နူးပြုံးပျော်ခြင်းဟူသော အစွဲစိတ်၏ နောက်ကွယ်မှ လောဘ၏သဘာဝ၊ကိုယ့်စိတ်သန္တာန်တွင် လောဘတစ်လှည့်၊ ဒေါသတစ်လှည့် ဖြစ်နေခြင်းကို မသိခြင်းတည်းဟူသော အစွဲစိတ် နောက်ကွယ်မှ မောဟ၏သဘာဝ။

သဘာဝတရားတို့ကား စရိုက်ကိုယ်စီဖြင့် လေးနက်သောအဓိပ္ပါယ်တို့ ရှိနေပေသည်။ သဘာဝ၏အဓိပ္ပါယ်တို့ကို လေ့လာမှုအားနည်းလေလျှင် ''သူ''ရှိတယ်၊ ''ငါ''ရှိတယ်ဟူသော ပုဂ္ဂိုလ်အစွဲ၊ ပညတ်အစွဲတို့ နေရာယူတော့မည်။ သမုတိနယ်ပယ်၏ စရိုက်သဘာဝဖြစ်သော ပုဂ္ဂိုလ်အစွဲ၊ ပညတ်အစွဲ စသည့် အလေ့အထုံတို့ များနေသမျှ ကာလပတ်လုံး မည်သည့်အခါမျှ လွတ်မြောက်နိုင်တော့မည်မဟုတ်။ အနုသယကိလေသာ၏ နယ်ပယ်မှ

မည်သည့်အခါမျှ အနားယူနိုင်မည်မဟုတ်။ 'ငါ'စွဲစိတ်ကြောင့် အနုသယ ကိလေသာ၏ နိုင်းရာကိုလုပ်ရင်း သံသရာတွေ ထပ်ကာထပ်ကာ လည်ဦးတော့မည်။

ပြင်ပဆက်ဆံရေးနယ်ပယ်သို့ ဖြန့်ကြက်အာရုံပြုနေသမျှ ကာလပတ်လုံး ကိုယ်တွင်းဓမ္မ ရုပ်နာမ်သဘာဝတို့ တရစပ်ဖြစ်ပျက် ချုပ်ငြိမ်းကွယ်ပျောက်နေခြင်းကို သိနိုင်မည်မဟုတ်။အမှန်တရားကို သိခွင့်၊ မြင်ခွင့်တွေ ဆုံးရှုံးနေပေလိမ့်မည်။ ကိုယ်တွင်းဓမ္မ ရုပ်နာမ်သဘာဝတို့၏ ဖြစ်ပျက်ပုံတို့ကို တဒင်္ဂမြင်သိခွင့်ရသည့် အချိန်၌ပင်လျှင် 'ငါ'ဟူသည် မရှိမှန်း၊ ရိပ်မိသိရှိနိုင်သည်။ ခဏ၊ ခဏ မြင်ခွင့်ရအောင် အထပ်ထပ်ကြိုးစားလျှင် 'ငါ-ငါ'ဟု ထင်ထားသမျှတို့သည် တကယ်မရှိပါလားဟု ကောက်ချက်ချမိပေမည်။ ဓမ္မခရီးလမ်းပေါ်၌ အတန်အသင့်အတွေ့အကြုံရလာသည့်အခါ ''ငါက တရားကို ရှာနေတာလား၊ တရားထဲမှာ ငါမရှိတာလား''ဆိုသည်ကိုပင် ခွဲခြားသိမြင်နိုင်လာသည်။

ဒါဖြစ်ရင် မရှိတဲ့ 'ငါ'ကို ဘာဖြစ်လို့ အရှိလုပ်နေဦးမှာလဲ။

ပညတ်အခေါ်၊ ပညတ်အသုံးအပေါ် ဘာဖြစ်လို့ ပုံသေစွဲမှတ်ထားလိုက်ကြသလဲ။

'အသိ'၊ 'ဉာဏ်'၊ 'ပညာ'တို့နှင့် သက်ဆိုင်ပေသည်။

သိခြင်းနှင့်ဉာဏ်ပညာ။ တစ်နည်းအားဖြင့် အသိဉာဏ်။

သည် အသိဉာဏ်ပေါ်ထွက်လာအောင် မကြိုးစားသေးသရွေ့ ဆင်းရဲမှုအပေါင်း သရဖူဆောင်းလျက်ရှိနေမည်သာတည်း။ အသိဉာဏ်နှင့် အရှိကို အရှိအတိုင်း တည့်တည့်ကြည့်မိသောအခါ စိတ်ကူးလည်း မဟုတ်တော့။ အတွေးအထင်လည်း မဟုတ်တော့။ တမ်းတမှန်းဆခြင်းလည်း မဟုတ်တော့။ အမှန်ကို အမှန်အတိုင်းမြင်ခြင်း ဖြစ်လာသည်။ သို့သော် 'ကံ'ပေးသော မျက်စိနှင့်မြင်ခြင်းတော့မဟုတ်၊ 'ဉာဏ်' မျက်စိနှင့် မြင်ခြင်းသာ ဖြစ်သည်။

'ပုဂ္ဂိုလ်အဖော်' ထက် 'အသိဉာဏ်အဖော်'၏ လေးနက်မှု၊ တန်ဖိုးကြီးမြင့်မှုတို့ကို တစ်စထက်တစ်စ သိမြင်လာသောအခါ ပတ်ဝန်းကျင်နှင့်





တဖြည်းဖြည်းဝေးသလိုဖြစ်လာသည်။ လူမှုဆက်ဆံရေးနယ်ပယ်၌ သူစိမ်းတစ်ရံဆံလိုဖြစ်လာသည်။

နေ့တိုင်း၊ နေ့တိုင်းသည် သေနေ့အကြိုနေ့ရက်များပင်တည်း။ နေ့စဉ်နှင့်အမျှ အိပ်ရာမှနိုးထလေတိုင်း၊ တစ်နေ့နေ့တွင် ကိုယ်အမှန် တကယ်သေရမှာပါလားဟု လေးလေးနက်နက်သတိရဖြစ်နေသူ၊ ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်ဟု အမြဲတမ်းနှလုံးသွင်း ဆင်ခြင် ရှုပွားနေသူ၊ နောက်ဆုံးသေပေါက်သေဝ၌ ထားရှိရမည့် အသိဉာဏ်အတွက် အမြဲတစေပြင်ဆင် လေ့ကျင့်နေသူတစ်ဦးအဖို့ ကိုယ့်ထက်စောစွာ မရဏသေမင်းဆီ သတင်းပို့သွားကြသူတို့၏ ရှာပနအခမ်းအနားသို့ မရောက်ဖြစ်တော့ခြင်းသည် အထူးအဆန်းမဟုတ်တော့ပေ။

တစ်သက်တွင် တစ်ခါသာသေရမည့် သမုတိခန္ဓာကြီးအတွင်း၌ 'ငါ'မဟုတ်သော ရုပ်နာမ်ဓမ္မတို့သည် စက္ကန့်မလပ် ချုပ်ဆုံးပျောက်ကွယ်သေဆုံးနေကြပါလားဟု နှလုံးသွင်းဆင်ခြင် ရှုမြင်နေသူအဖို့ သာရေး နာရေးကိစ္စများ၌ ဥပေက္ခာဖြစ်မှန်းမသိ ဖြစ်လာခဲ့ပေပြီ။

အပြန်အလှန်ယှဉ်တွဲ အမှီသဟဲပြုနေကျဖြစ်သော အာရုံနှင့်စိတ်၊ စိတ်နှင့်အာရုံတို့တွင် ဓမ္မသဘာဝ၊ သဘောတရားတို့သာ ထင်ဟပ်နေရာယူချိန် များလာသောအခါ လူမှုဆက်ဆံရေးနယ်ပယ်သို့ အရောက်အပေါက်နည်းသွားသည်မှာ ဘာမျှမဆန်း။ သတင်းစကား၊ သတင်းကွန်ယက်နယ်ပယ်၏ ဖြစ်ရပ်အထွေထွေတို့ကို သိလိုစိတ် နည်းလာသည်မှာလည်း ဘာမျှမဆန်း။ တစ်နည်းအားဖြင့် လောကီကာလီသံသရာချီနေကြသော ကိစ္စအဝဝတို့အား အာရုံမပြုဖြစ်တော့သည်မှာ ဘာမျှမဆန်းလှပါ။

မမြင်ရရာ ကိလေသာ သူ့ဘာသာသူ ငြိမ်းနေပါတော့သည်။

မကြားရရာ ကိလေသာ သူ့ဘာသာသူ ငြိမ်းနေပါတော့သည်။

ကိုယ့်အပေါ် သူများနားလည်နိုင်တာ၊ နားမလည်နိုင်တာထက် ကိုယ်က ကိုယ့်အပေါ်(ကိုယ့်ကိုယ်ကို) အမှန်အတိုင်း နားလည်နိုင်ဖို့၊ သစ္စာ(၄)ပါးမြတ်တရားကို သိနိုင်ဖို့ ဆက်၍ ကြိုးစားသွားရပါဦးမည်။

ပေါ်ပြူလာဂျာနယ် (၅)နှစ်သက်တမ်းအတွင်း ကမ္ဘာလောကကြီး

သည် မထင်တာတွေချည်း ဖြစ်ခဲ့သည်။ ရှေ့တွင်လည်း မထင်တာတွေပဲ ဖြစ်လာပေဦးတော့မည်။

ထင်သည့်အတိုင်း ဖြစ်လိုသည်ကား ပုထုဇဉ်တို့၏သဘာဝ။

ဖြစ်နေသည့်အတိုင်း အမှန်မြင်နေသည်ကား ပုထုဇဉ်မဟုတ်သော အရိယာတို့၏သဘာဝ။

ဖြစ်ခြင်းရှိလျှင် ပျက်ခြင်းရှိမည်။

ပျက်ခြင်းကို မြင်ခွင့်ရ၍ နလုံးသွင်းမှန်ကန်စွာဖြင့် လက်ခံနိုင်ခြင်းသည် အရိယာတို့၏ သဘာဝ။ ထင်သည့်အတိုင်း ဖြစ်လာခြင်းကိုသာ မျှော်လင့်၍ (မြင်ချင်၍) ပျက်သွားမှုကို မလိုလားသည်ကား ပုထုဇဉ်တို့၏ သဘာဝ။

ထိုသဘာဝနှစ်ခုအနက် မည်သည့်သဘာဝကို ရွေးချယ်မည်နည်း။

ကိုယ့် ကိုယ်ထဲမှာရော၊ ကိုယ့် ကိုယ်ပမှာရော၊ မထင်တာတွေသာ ဖြစ်လာတတ်သည့် သဘာဝကို အထိုက်အလျောက် ဆည်းပူးလေ့လာခဲ့ပြီ ဖြစ်သော ကျွန်တော့်အဖို့ ....။

(၃)

အထက်ပါစာစုသည်ပင်လျှင် (၅)နှစ်မြောက် ပေါ်ပြူလာဂျာနယ် အတွက် အမှတ်တရဖြစ်လောက်ပြီဟု ကျွန်တော် ဆိုချင်ပါတော့သည်။

၁၂-၆-၀၂



- တကယ်တော့ ကျွန်တော်တို့ဟာ တိတိကျကျအဖြေရှာမရတဲ့ ဘာမှန်းမသိနိုင်တဲ့ စိတ်ကူးအာရုံတစ်ခုကို စွဲလမ်းခဲ့ကြတာပါ။
- စွဲလမ်းရုံတွင်မက ကိုယ်က သူများထက် စွဲလမ်းအားကောင်းလေတော့ အနုပညာရှင်အဖြစ်နဲ့ ကျန်တဲ့သူတွေကိုပါ ကိုယ့်အာရုံတွေကို ဆင့်ပွားခံစား စွဲလမ်းစေခဲ့တာပါ။
- ဒီတော့ ငါ့အာရုံ၊ ငါ့စိတ်ကူး၊ ငါ့အနုပညာဆိုတဲ့ "ဒိဋ္ဌိ" အရင်းခံကနေပြီး "တဏှာ" ဆိုတဲ့ စွဲလမ်းမှုနဲ့ ပေါင်းရင်းက "မာန" တွေ မွေးဖွားလာစေတဲ့အထိ ကျွန်တော်တို့ဟာ "အဝိဇ္ဇာ" အမှောင်ထဲ နေခဲ့ရတာပါ။
- ဒါတွေကို ကျွန်တော် ပြောတယ်လို့ မထင်ပါနဲ့နော်။ ကျွန်တော် မပြောတတ်ပါဘူး။ ပြောတတ်သည်ထားဦးတော့ အနုပညာအာရုံ ခံမင်ခဲ့ကြတာချင်း တူခဲ့ကြတာမို့ ဘဝတူချင်း စာနာစိတ်နဲ့ ပြောရက်မှာ မဟုတ်ပါဘူး။ ပြောထွက်မှာ မဟုတ်ပါဘူး။
- အခု ကျွန်တော် ပြောနေတာက မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အသံတော် တိပ်ခွေအသုံးအမတွေအောက်မှာ ကျွန်တော်ရဲ့တစ်ချိန်က "အစွဲ" တွေ ပြားပြားဝပ် ကြေမွခဲ့ရတဲ့အကြောင်းကို ကျွန်တော်တစ်ဆင့် ဖောက်သည် ချနေမိတာပါ။



*တစ်ချိန်ချိန်မှာ သည်ဘဝမှာ ကိုယ်ရထားတဲ့ ကိုယ်ခန္ဓာအပြင်က ပစ္စည်းဖြစ်တဲ့ အိုးအိမ် တိုက်တာ မြို့ ရွာ ပစ္စည်းဥစ္စာ ရာထူး စည်းစိမ် ဇနီးမယား သမီးသားနဲ့ ဆွေမျိုးမောင်နှမတွေကို သေမင်းတမန်လာခေါ်တဲ့နေ့မှာတော့ မထားချင်လည်း ထားခဲ့ရမှာပါ၊ မခွဲချင်လည်း ခွဲခဲ့ရမှာပါ။ ဒါ့အပြင် ကိုယ်တစ်ခုလုံး ငါ-ငါနဲ့ အမည်တပ်ပြီးသုံးစွဲခဲ့တဲ့ (သုံးနေရင်းကလည်း စွဲလမ်း တပ်မက်စိတ်တွေ ဖြစ်ခဲ့တဲ့) သည်ခန္ဓာကိုယ် (၃၂)ကောဋ္ဌာသ အစုအဝေးကြီးကိုလည်း ထားခဲ့ရမှာပါ။ မီးသင်္ဂြိုဟ်စက်ကြီးထဲကို ထည့်လို့ပဲဖြစ်ဖြစ်၊ မြေကြီးထဲမှာ မြှုပ်လို့ပဲဖြစ်ဖြစ် လုပ်ချင်တာ လုပ်ကြပေတော့ဆိုပြီး ထားရစ်ခဲ့ရမှာပါ။*

# နှုတ်ဆက်ခဲ့ပါတယ်-ကျွန်တော်သွားတော့မယ်

(၁)

ယခု ဤဆောင်းပါးအား အဆုံးထိအောင် မဖတ်မိသေးပါက မေးငေါ့စရာ အပြစ်တင်စရာတွေ တသီတတန်းကြီး ဖြစ်လာပေလိမ့်မည်။ ကိစ္စမရှိပါ။ ဆောင်းပါးဆုံးအောင် ဖတ်ပြီးသည့်အခါ၌မူ အဖြေရှင်းသွားပါလိမ့်မည်ဟု ကျွန်တော်ပဏာမဆိုချင်ပါသည်။

''သတိပဋ္ဌာန်တရား အားထုတ်နေတယ်လည်း ပြောသေးတယ်၊ သီချင်းတွေကို စွန့်လွှတ်ခဲ့ပြီးပြီလို့လည်း ပြောသေးတယ်၊ အခု ဘာမဆိုင် ညာမဆိုင် သီချင်းတစ်ပုဒ်ကို ကိုးကားပြီး ဆောင်းပါးရေးပြန်ပါပြီ''ဟု စာဖတ်သူဘက်မှ ကြိုတင်ထင်မြင်ချက်တွေ ပေးထားနိုင်ပါသည်။

မှန်ပါသည်။ ဉာဏ်၊ စရိုက်၊ ဝါသနာဟူသည် ဘုရားရှင်မှတစ်ပါး မည်သူမျှ မပယ်ရှားနိုင်ပါ။ ဤသည်ကို နှစ်သင်္ချေနှင့်ကမ္ဘာ တစ်သိန်း ပါရမီ

ဖြည့်၍ လက်ယာတော်ရံ ပညာတေဒဂ်ဘွဲ့ရခဲ့သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်ပင်လျှင် ဆွမ်းခံအိမ်အသွား မြောင်းကလေးများကို ခုန်ကူးခဲ့သောဖြစ်ရပ်က သက်သေခံလျက်ရှိပါသည်။ ဤသည်ကိုလည်း အတော်များများ ကြားဖူးနားဝရှိခဲ့ကြပါလိမ့်မည်။

ဤသို့သော အစဉ်အလာကြီးမားသည့် ကြည်ညိုဖွယ်ရာ ရဟန္တာ မထေရ်မြတ်ကြီးသည်ပင်လျှင် အတိတ်ဟောင်းက ဉာဉ်၊ စရိုက်၊ ဝါသနာတွေ မကုန်ဆုံးနိုင်သေးပါဘူးဆိုလျှင် ကျွန်တော်ကဲ့သို့ သာမည အနိမ့်စားပုဂ္ဂိုလ် တစ်ဦးအဖို့ ယခုသည်ဘဝမှာပင်လျှင် လက်တစ်ကမ်းအကွာ၌ ပူပူနွေးနွေး ရှိနေသေးဆဲ ဉာဉ်၊ စရိုက်၊ ဝါသနာတို့ကား အဘယ်မှာကုန်နိုင်ပါအံ့နည်း။

ဤနေရာတွင်လည်း ကြီးမြတ်သောပုဂ္ဂိုလ်တစ်ပါးနှင့် နှိုင်းယှဉ် ပြော နေသည်ဟု မထင်စေလိုပါ။ ထင်သာမြင်လွယ်အောင် ဥပမာဆောင်ခြင်း မျှသာဟု နားလည်ပေးစေလိုပါသည်။

ကောင်းပါပြီ၊ ဆောင်းပါး၏ ဆိုလိုရင်းအဖွင့်တီးလုံးကို စတင် တီးခတ်ပါတော့မည်။ နားဆင်ကြည့်ပါဦးလို့ မေတ္တာရပ်ခံချင်ပါသည်။

(၂)

အကယ်၍သာ ပန်းချီဆရာ၊ တေးရေးဆရာ၊ တေးသံရှင် ကိုခင်ဝမ်း တစ်ယောက် အသက်ထင်ရှားရှိနေသေးပါက ကိုခင်ဝမ်းနှင့် ကျွန်တော် နှစ်ယောက်တည်း မျက်နှာချင်းဆိုင် စကားပြောလိုက်လျှင် ဤဆောင်းပါးကို ရေးစရာမလိုပါ။

ယခုတော့ ကိုခင်ဝမ်းတစ်ယောက် ယမန်နှစ်က တိမ်းပါးကွယ်လွန် ခဲ့ပြီးဖြစ်၍ ဤဆောင်းပါးကို ကိုခင်ဝမ်း ရောက်ရာဘဝမှ ဖတ်နိုင်ရန် ရေးသား လိုက်ရခြင်းလည်း ဖြစ်ပါသည်။

လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလက သီချင်းရေးဆရာဟူသော လောကအခေါ်အဝေါ် အမည်နာမကလေးတစ်ခုကို ဂုဏ်ယူဝင့်ကြွားစွာ ကိုင်စွဲ၍ တေးသံသွင်းစတူဒီယိုမြောက်မြားစွာသို့ ကျွန်တော် သွားလာ





ဝင်ထွက်ခဲ့ဖူးပါသည်။ သည်မှာတွင် မေစတူဒီယိုခြံဝင်းကြီးအတွင်း၌ ကိုခင်ဝမ်းနှင့် ကျွန်တော် ဆုံဖြစ်ခဲ့ပါသည်။

သူက မန္တလေးမလိုင်း တေးဂီတအဖွဲ့နှင့် မေစတူဒီယို (B)ခန်းမ၌ အသံ သွင်းနေသည့်အချိန်တွင် ကျွန်တော်က မိုးသောက်ပန်း တေးဂီတအဖွဲ့နှင့် မေစတူဒီယို (A)ခန်းမ၌ အသံသွင်းရင်း မကြာခဏဆုံဖြစ်ခဲ့ကြခြင်းဖြစ်ပါ သည်။ ကျွန်တော်တို့သည် အနုပညာအကြောင်း၊ သီချင်းအကြောင်း၊ ပန်းချီအကြောင်းတွေကို တမ်းတရင်ခုန်မှုယစ်စွာဖြင့် ပြောမဆုံးနိုင်အောင် ရှိခဲ့ပါသည်။

မေစတူဒီယိုဝင်းခြံကျယ်ကြီးအတွင်း လသာသောညများ၌ လမ်း လျှောက်ရင်း သူနှင့်ကျွန်တော် စကားပြောဖြစ်ခဲ့ကြသည်ကို အမှတ်ရမိနေ ပါသေးသည်။ ထိုစဉ်က ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှ နေ့စဉ်လိုလို လွှင့်ထုတ်နေသော ကျွန်တော်ရေးသားခဲ့သည့် သီချင်းများနှင့်ပတ်သက်၍ သူရှုမြင်ထားသော ကျွန်တော်၏ အနုပညာခွန်အားများကို ပြောပြသည့်အခါ ကျွန်တော်ပင်လျှင် အံ့အားသင့်ရသည်။ နေပင် မနေတတ်ခဲ့။ ကျွန်တော်က သူ့ကို ပြောရသည်။

"ကျွန်တော်က ကိုခင်ဝမ်းတို့၊ ကိုထီးနဲ့ဆရာခမ်းလိုက်တို့ သီချင်း တွေနဲ့ ကြီးပြင်းလာခဲ့ရတာပါ။ အထူးသဖြင့် ကျွန်တော် ဂစ်တာတီးတတ် ခါစတုန်းကဆိုရင် ကိုခင်ဝမ်းရဲ့ နှင်းဆီဖြူရဲ့အဝေးက လူတစ်ယောက် သီချင်း ဆိုရင် အသည်းစွဲပဲ။ နောက်တော့ ဆယ်လမွန်ငါးတို့အပြန်တို့၊ ပြည်မှာ ဆောင်းတို့၊ ရောဝတီတို့ ကျွန်တော်သိပ်ကြိုက်ခဲ့တာ"

ထိုသောအခါ ကိုခင်ဝမ်းသည် လရောင်ရိပ်အောက်တွင် ကြည်နူး ပီတိအပြုံးတို့ဖြင့် ငြိမ်သက်နေလေသည်။ ပြီးမှ–

"ဒါလည်း တစ်ပိုင်းပေါ့လေ–အခုဟာက ကိုမြသန်းစံတို့ ပေါ်လာ တော့ ကျွန်တော်တို့ထက်ငယ်ပေမယ့် အနုပညာသမားစစ်တဲ့လူဆိုရင် ကျွန်တော်တို့က လေးစားပြီးသားပါ"

သည်လိုနှင့် ကျွန်တော်တို့၏ အနုပညာရင်ခုန်သံများကား ပြောကြား၍မကုန်နိုင်ခဲ့။

သည့်နောက် ကျွန်တော် သီချင်းလောကမှ ထွက်ခွာလာခဲ့သည်။ ထို့နောက်ပိုင်း ကိုခင်ဝမ်းနှင့်ကျွန်တော် မဆုံဖြစ်တော့။ နောက်တော့ ကိုခင်ဝမ်းဆုံးသည့်သတင်း ကြားရသည်။ ဂျာနယ်ထဲမှာ သူ့အကြောင်းတွေ ပါလာသည်။ဆောင်းပါးရှင်တွေ၏ စာတွေကို ဖတ်ရသောအခါ ကျွန်တော်သည် ကိုခင်ဝမ်းကို သတိရနေဖြစ်ခဲ့သည်။ ထိုအချိန်တွင် ကျွန်တော့်မှာ ဓမ္မဆောင်းပါးတွေ ရေးနေပြီဖြစ်သဖြင့် ကိုခင်ဝမ်းနှင့် တစ်ချိန်က ပြောဆိုခဲ့သော အနုပညာရင်ခုန်သံတွေကို ကျွန်တော် ထုတ်ဖော်ရေးသား မပြောဆိုဖြစ်ခဲ့တော့ပါ။

ဒါဖြင့်ရင်–အခုမှ ဘာဖြစ်လို့ ရေးဖြစ်တာလဲဟု မေးစရာရှိပါသည်။ အကြောင်းတိုက်ဆိုင်လာခဲ့၍ဟု ကျွန်တော် ဆိုချင်ပါသည်။ "အကြောင်းကလည်း အခုမှတိုက်ဆိုင်ရသလား။ ဟိုမှာဖြင့် ကိုခင်ဝမ်းကွယ်လွန်ခဲ့တာကြာခဲ့ပြီပဲ"ဟု ဆိုနိုင်ပါသေးသည်။ ဟုတ်ပါသည်။ဤအကြောင်းတိုက်ဆိုင်မှုသည် ကိုခင်ဝမ်း မကွယ်လွန်ခင်က ပေါ်ပေါက်ခဲ့သော် ကောင်းလေစွတကား။ ကိုခင်ဝမ်းတစ်ယောက် သိခွင့်ရသွားနိုင်တာပေါ့လေ။

အခုတော့ ကျွန်တော်တစ်ယောက်တည်း ကိုခင်ဝမ်းကို တိုင်တည်သလိုပုံစံမျိုးနဲ့ပဲ ပြောရတော့မှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သည်အကြောင်းတိုက်ဆိုင်မှုသည်ပင်လျှင် ကိုခင်ဝမ်းသီချင်းတစ်ပုဒ်နဲ့ တိုက်ဆိုင်နေလို့ပါပဲ။ ကျွန်တော် ကိုခင်ဝမ်းကို ပြောခဲ့ဖူးသလို တစ်ချိန်တုန်းက ကျွန်တော် တရှိုက်မက်မက်စွဲလမ်းခဲ့တဲ့ "နှင်းဆီဖြူရဲ့အဝေးက လူတစ်ယောက်"သီချင်းကို ကြားခံထားလို့ ကိုခင်ဝမ်းနဲ့ ကျွန်တော် စကားပြောကြည့်ကြရအောင် . . . ။

(၃)

သီချင်းစာသားတွေကိုတော့ ကျွန်တော် အားလုံးမမှတ်မိတော့ပါဘူး ကိုခင်ဝမ်း။ ဒါပေမယ့် မှတ်မိသမျှထဲကပဲ ကျွန်တော့်ရဲ့အကြောင်း တိုက်ဆိုင်မှုဆိုတာကိုပဲ ဖော်ထုတ်တင်ပြချင်ပါတယ်။

***နှုတ်ဆက်ခဲ့ပါတယ် ကျွန်တော်သွားတော့မယ်၊***





***လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးကို–အဝေးကို။***

ကိုခင်ဝမ်းကတော့ ကျွန်တော့်ထက်စောစွာ လူ့ဘဝပတ်ဝန်းကျင်ကို နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီနော်။ ကိုခင်ဝမ်းလို့ နာမည်တပ်ထားတဲ့ ခန္ဓာတစ်ခုကို ကိုခင်ဝမ်း စွန့်လွှတ်သွားခဲ့ရပြီနော်။ ကိုခင်ဝမ်း ကိုယ်တိုင်ရေးပြီး–ဆိုခဲ့သလို နှုတ်ဆက်ပြီး ထွက်ခွာသွားခဲ့ပြီနော်။

ကျွန်တော်လည်း မြသန်းစံလို့ နာမည်တပ်ထားတဲ့ သည်ဘဝ သည်ခန္ဓာတစ်ခုကို တစ်ချိန်မှာ ကိုခင်ဝမ်းလိုပဲ နှုတ်ဆက်သွားရမှာပါ။ ကျွန်တော်သွားတော့မယ်လို့လည်း အဲသည်အချိန်မှာ ကျန်ရစ်ခဲ့မယ့်သူတွေကို ပြောကိုပြောသွားရမှာပါ။

ဒါပေမယ့် စိတ်ဝင်စားစရာက ဒုတိယစာကြောင်း။ **"လမ်းရဲ့သယ်ဆောင်ရာ"**ဆိုတာက ကိုခင်ဝမ်းက ဘယ်'လမ်း'ကို ဆိုလိုခဲ့သလဲ၊ ကျွန်တော်တော့ မသိနိုင်ပေဘူးပေါ့။ ကျွန်တော်ကတော့ ဘုရားရှင်ဟောကြားခဲ့တဲ့ "သတိပဋ္ဌာန်'လမ်း'သည် နိဗ္ဗာန်ရောက်ရာ ရောက်ကြောင်းအတွက် တစ်ခုတည်းသော'လမ်း'၊ တစ်ကြောင်းတည်းသော'လမ်း' ဖြစ်ပါပေသတည်း" ဆိုတဲ့'လမ်း'ကနေ သွားဖို့ ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်နေပါပြီ။ အဲဒီဆုံးဖြတ်ချက်အတိုင်းလည်း မဂ္ဂင်အကျင့်မြတ်'လမ်း'ကနေတစ်ဆင့် ဘုရားရှင်ညွှန်ပြတဲ့ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ ခန္ဓာဝန်ထုပ်ထမ်းသမားဘဝမှ ငြိမ်းလေရာဆီသို့ ဦးတည်လျှောက်လှမ်းနေဖြစ်ပါပြီ။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ခန္ဓာမှာ နှစ်လမ်းပဲရှိတယ်တဲ့။ သွားနေကျ သံသရာအတွင်းကို သွားတဲ့လမ်းနဲ့ ဘုရားရှင်ညွှန်ပြခဲ့တဲ့ သံသရာမှလွတ်ရာဖြစ်တဲ့ သံသရာအဆန်လမ်း နှစ်ခုပဲ ရှိတယ်တဲ့။ ဘယ်လမ်းကို ရွေးကြမလဲဆိုတော့ ကျွန်တော်က ဘုရားရှင်နဲ့ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများရဲ့ မိန့်မှာစကားတွေကို တလေးတစားယုံကြည်ပြီး သကာလ မဂ္ဂင်အကျင့်မြတ်လမ်းကိုပဲ ဘဝပုံပေးပြီး ရွေးချယ်ခဲ့တာပါ။

ဒါကြောင့်မို့လည်း ကိုခင်ဝမ်းတို့နဲ့ နောက်ပိုင်းမှာ ကျွန်တော် မဆုံဖြစ်ခဲ့တော့တာပေါ့။

ကောင်းပြီ။ ***"ဟိုအဝေးကို–အဝေးကို"***ဆိုတာက ကိုခင်ဝမ်းက

ဘယ်နေရာကို ဆိုလိုခဲ့သလဲတော့ ကျွန်တော်မသိဘူး။ ကျွန်တော့်ဘက် ကတော့ ဝေးလျက်နဲ့နီး၊ နီးလျက်နဲ့ဝေးဖြစ်နေတဲ့ ရွှေပြည်နိဗ္ဗာန်ကို ရည်မှန်းချက်ထားလိုက်ပါတယ်။ အဲသည်လိုပဲ ခံစားနားလည်ထားလိုက်ပါတယ်။

## လွမ်းတတ်ရင်လည်း၊ လမ်းမှာပဲလွမ်းတော့မယ်။

ဟုတ်ပါတယ်။ သံသရာခရီးသည်ဆိုတာ အလွမ်းသမားတွေချည်း ပဲပေါ့။ ဒါကို မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ပယ်ပယ်နယ်နယ် ဆုံးမခဲ့ဖူးပါတယ်။

''ခင်ဗျားတို့ဟာ-သိသင့်တာကိုတော့ မသိ၊မသိသင့်တာကိုမှ သိတဲ့ 'အဝိဇ္ဇာ'က ဖုံးလွှမ်းထားလေတော့ 'တဏှာ'ဆိုတဲ့ စွဲလမ်းမှုကလေးက အလွမ်းဓာတ်ခံကလေးတွေ ခင်းပေးလိုက်တာနဲ့ တရားနာတာတောင်မှ ဘယ်ဘဝ ငါဘာဖြစ်မယ်၊ ဘယ်ဘဝရောက်ရင်တော့ ငါ ဘယ်လိုကောင်းစားမယ်၊ ကုသိုလ်ရဖို့ဆိုပြီးတော့ တရားနာနေကြတာ၊ သစ္စာတရားသိဖို့ကျတော့ တရားမနာချင်ကြဘူး။ သစ္စာတရား နာရရင်လည်း အလွမ်းခံကလေးနဲ့ ဆိုတော့ သည်သံသရာလမ်းဆုံးကြီးကို ခင်ဗျားတို့ဝမ်းထဲက 'တဏှာ' ကလည်း မကြိုက်ဘူး။ သည်တော့ ခင်ဗျားတို့မှ မခက်ရင် ဘယ်သူတွေ ခက်ကြဦးမလဲ။ ဒါကြောင့် တရားနာရင် သစ္စာသိဖို့ပဲနာပါ၊ ကုသိုလ်ရ ရုံနဲ့တော့ တရားမနာကြပါနဲ့''တဲ့။

အနုပညာသမားဆိုတာကလည်း အလွမ်းခံ၊ အလွမ်းဓာတ်ကလေး တွေအားကောင်းမှ ဖြစ်တတ်တာမို့ သည်အလွမ်းဟာ ကျွန်တော်တို့ကို အနားကပ်ပြီး နှိပ်စက်နေတဲ့ တဏှာရဲ့ကိုယ်စားလှယ်ပါလားဆိုတာ ဆရာတော်ကြီးတရားတွေ နာရတဲ့အခါမှ ကျွန်တော် သဘောပေါက်လာခဲ့ပါတယ်။

အဲသည်တော့ လူတိုင်းလူတိုင်းသွားနေကျလမ်း သွားတတ်တဲ့ လမ်းကနေ ကျွန်တော် သွေဖည်သလို ဖြစ်ခဲ့ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် မလွမ်းချင်တော့လို့ပါပဲ။ အလွမ်းရဲ့ပင်ပန်းဆင်းရဲမှုဒဏ်ကို ဘဝပြောင်းပြီး ခန္ဓာပြောင်းပြီး ကျွန်တော် မခံစားချင်တော့လို့ပါပဲ။ အနုပညာ သမားဖြစ်ခဲ့ဖူးတဲ့သူပဲဗျာ သူများထက် ပိုလွမ်းတတ်တာပေါ့။ ဒါပေမယ့်





အဲဒီအလွမ်းကို အရသာခံချင်ရင် သည်အလွမ်းတွေပဲ ထပ်ရပါဦးမယ်။ သည်အလွမ်းနဲ့တွဲနေတဲ့ အနုပညာခွန်အားကိုပင်လျှင် ကျွန်တော်တို့က ငါ ဘယ်လောက်ခံစားတတ်တယ်ဆိုတဲ့ သညာအမှတ်မှားကြီးနဲ့ သာယာနေ ခဲ့ကြတာပါပဲ။ ငါက သိပ်ခံစားတတ်တာပဲ ဆိုကတည်းက ဒေသနာအရ 'ဝေဒနာက အတ္တစွဲ'ပါပဲတဲ့။ ငါ့ကိုယ်၊ ငါကောင်ကြီးက ငါဖန်တီးလိုက်တဲ့ အနုပညာဆိုပြီး ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ စိတ်ကူးအာရုံကို စွဲလမ်းတပ်မက်ကြတာပါပဲ၊ ဒါဟာ အကောင်အထည်ဒြပ်မရှိတဲ့ စိတ်ကူး ပုံရိပ်ကို အသက်ကောင်လို့ ထင်မှတ်စွဲလမ်းတာပါပဲ။ သည့်နောက် အနုပညာ ပစ္စည်းအမျိုးမျိုးနဲ့ မွမ်းမံခြယ်သလို့ ပရိသတ်ဆိုတဲ့ လူအများစုကို ကျွန်တော်တို့ အာရုံခံစားမှုတွေအတိုင်း ထပ်တူခံစားနိုင်အောင် ဝေငှခဲ့ကြတယ် မဟုတ် လား။ ပရိသတ်အများစုက လက်ခံသွားရင်၊ နှစ်ခြိုက်စွဲမက်လို့ လက်ခုပ်တွေ တီးကြပြီဆိုရင် ကျွန်တော်တို့ဟာ အောင်မြင်တဲ့ အနုပညာရှင်တွေ ဖြစ်ခဲ့ ကြပြန်ပြီပေါ့။ သည်တော့လည်း ''ငါမှငါ''ဆိုတဲ့ မာနတွေက ရင်ကော့ လက်မထောင်ပြီး ကျွန်တော်တို့ စိတ်သန္တာန်ထဲ လိုမ့်ဝင် နေရာယူလာ တော့တာပဲပေါ့။

တကယ်တော့ ကျွန်တော်တို့ဟာ တိတိကျကျအဖြေရှာမရတဲ့၊ ဘာမှန်းမသိနိုင်တဲ့ စိတ်ကူးအာရုံတစ်ခုကို စွဲလမ်းခဲ့ကြတာပါ။ စွဲလမ်းရုံ တွင်မက ကိုယ်က သူများထက် စွဲလမ်းအားကောင်းလေတော့ အနုပညာရှင် အဖြစ်နဲ့ ကျန်တဲ့သူတွေကိုပါ ကိုယ့်အာရုံတွေကို ဆင့်ပွားခံစား စွဲလမ်းစေ ခဲ့တာပါ။ ဒီတော့ ငါ့အာရုံ၊ ငါ့စိတ်ကူး၊ ငါ့အနုပညာဆိုတဲ့ 'ဒိဋ္ဌိ'အရင်းခံ ကနေပြီး'တဏှာ'ဆိုတဲ့ စွဲလမ်းမှုနဲ့ ပေါင်းရင်းက 'မာန'တွေ မွေးဖွား လာစေတဲ့အထိ ကျွန်တော်တို့ဟာ'အဝိဇ္ဇာ' အမှောင်ထဲ နေခဲ့ရတာပါ။ ဒါတွေ ကို ကျွန်တော် ပြောတယ်လို့မထင်ပါနဲ့နော်။ ကျွန်တော် မပြောတတ်ပါဘူး။ ပြောတတ်သည်ထားဦးတော့ အနုပညာအာရုံ ခံ့မင်ခဲ့ကြတာချင်း တူခဲ့ကြတာမို့ ဘဝတူချင်း စာနာစိတ်နဲ့ ပြောရက်မှာ မဟုတ်ပါဘူး။ ပြောထွက်မှာ မဟုတ် ပါဘူး။ အခု ကျွန်တော် ပြောနေတာက မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အသံတော် တိပ်ခွေအဆုံးအမတွေအောက်မှာ ကျွန်တော်ရဲ့တစ်ချိန်က 'အစွဲ'

တွေ ပြားပြားဝပ် ကြေမွခဲ့ရတဲ့အကြောင်းကို ကျွန်တော် တစ်ဆင့်ဖောက်သည် ချနေမိတာပါ။

သည်တော့ မဂ္ဂင်လမ်းပေါ် လျှောက်မိတဲ့အခါကျမှ မဂ္ဂင်လမ်းပေါ်က လူတွေဟာ မလွမ်းတတ်ကြဘူး။ အလွမ်းနာ၊ အခင်နာ၊ အစွဲနာတွေ သတိပဋ္ဌာန်အကျင့်တရားနဲ့ ကြိုးစားပြီး ကုသနေကြတယ်ဆိုတာ ကျွန်တော် နားလည်လာခဲ့ပါတယ်။ နောက်တော့လည်း တရားဆိုတဲ့အတိုင်း မျှတမှု မှန်ကန်မှုသဘောဆောင်နေတာမို့ အလွမ်းတွေလည်း တဖြည်းဖြည်း လျော့ပါးလာတော့တယ်။ ဒါက ခရီးနှင်ဆဲ ကာလမို့နော်။ ခရီးဆုံးသွားတဲ့သူတွေအဖို့ လမ်းဆုံးသွားတဲ့သူတွေအဖို့ကတော့ အလွမ်းဓာတ်ခံ ကျန်ကို မကျန်တော့ဘူး။ အလွမ်းနာ၊ အခင်နာ၊ အစွဲနာတွေ တစ်ခါတည်းအပြီး ဇာတ်သိမ်းသွားတော့တာပါပဲ။

ဒါကြောင့်''လွမ်းတတ်ရင်လည်း လမ်းမှာပဲလွမ်းတော့မယ်''ဆိုပြီး မဂ္ဂင်လမ်းပေါ်က လူတွေကတော့ အလွမ်းအပေါ် အရသာ မခံလိုကြတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အလွမ်းဇာတ်သိမ်းခြင်းရဲ့ အေးငြိမ်းမှုကို သူတို့တွေ နားလည်သွားကြလို့ပါပဲ။

### ***ငိုကြွေးခြင်းကို စွန့်လွှတ်ခဲ့ပြီ၊ အားလုံးအဆင်ပြေသွားမှာပါ။***

ဒါကိုတော့ မဂ္ဂင်လမ်းပေါ်က လူတွေကိုယ်စား ကျွန်တော်က ဓမ္မအမြင်နဲ့ အပြည့်အဝ ထောက်ခံပါရစေ၊ ဟုတ်ပါတယ်၊ သတိပဋ္ဌာန် လမ်းစဉ်ကို လျှောက်နေတဲ့သူဟာ (၁) စိတ်စင်ကြယ်လာမယ် (၂) စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့မှ လွန်မြောက်နိုင်မယ် (၃) ကိုယ်စိတ်ဆင်းရဲခြင်းမှန်သမျှ ချုပ်ငြိမ်းစေမယ် (၄)အရိယာမဂ် အဆင့်ဆင့်ကို ရလာလိမ့်မယ် (၅) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်ဆိုတဲ့ အကျိုးတရားတွေ ရနိုင်မယ့်အကြောင်း ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ် ပါဠိတော်မှာ အတိအကျဟောခဲ့တာပါ။ သဗ္ဗညုတဉာဏ်တော်ရှင်ရဲ့ နှုတ်မြွက်စကားမို့ အမှားအယွင်း အတိမ်းအစောင်း လုံးဝမရှိဘူးဆိုတာ ယုံယုံကြည်ကြည်နဲ့ အားထုတ်ကျင့်ကြံနေကြသူတိုင်း





အဲဒီခံစားခွင့်တွေ ကိုယ်စီရနေကြပါပြီ။

ဒါကြောင့် သတိပဋ္ဌာန်လမ်းပေါ်က လူတွေဟာ ''ငိုကြွေးခြင်းတွေလည်း စွန့်လွှတ်နိုင်ခဲ့ပါပြီ၊ အရာရာအားလုံးမှာလည်း အဆင်ပြေနေကြပါပြီ၊ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတွေလည်း ရရှိခံစားလို့ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်ကြပါပြီ''လို့ ဆိုချင်ပါတယ်။

သည့်ထက်ပိုလို့ ငိုကြွေးခြင်းအပြင် ငိုစေတတ်တဲ့အကြောင်းတွေကိုလည်း ပယ်သတ်နိုင်ခဲ့လို့ အဆင်အပြေဆုံးအနေအထားကို ရောက်သူတို့လည်း ရောက်ကုန်ကြပါပြီ။ ကိုခင်ဝမ်းကတော့ ဘယ်လိုအတွေးအမြင်၊ ဘယ်လိုအာရုံခံစားမှုနဲ့ ရေးခဲ့ စပ်ခဲ့သလဲဆိုတာကိုတော့ ကိုခင်ဝမ်းပဲ သိမှာပါ။ ကျွန်တော်တို့ဘက်ကတော့ သည်လိုပဲ သဘောပေါက် နားလည်လိုက်ပါတယ်လို့ ဆိုပါရစေ။

### ***ကံကြုံရင် ပြန်ဆုံရဦးမယ်၊ ပျော်ရွှင်ပါစေလို့ဆုတောင်းပါတယ်။***

ပျော်ရွှင်ပါစေလို့ ဆုတောင်းပါတယ်ဆိုတဲ့ မေတ္တာဓာတ်ပါတဲ့ ဆုတောင်းသံလေးကိုတော့ ကျွန်တော်တို့ ကြိုက်နှစ်သက်ပါတယ်။ ကျေနပ်အားရစွာ လက်ခံပါတယ်။ ဒါပေမယ့် ပြန်ဆုံဖို့တော့ မလွယ်တော့ပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဘက်က အဝိဇ္ဇာဦးစီးတဲ့ သင်္ခါရ (ကာယကံ၊ ဝစီကံ၊ မနောကံ (သို့) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ) တွေ မလုပ်ကြတော့လို့ပါဘဲ။ သည်ဘဝ သည်ခန္ဓာဝန်ထုပ်ကြီးတောင်မှ နဂိုဒုက္ခ၊ အပိုဒုက္ခနှစ်ဖြာနဲ့ လေးလံလှပါပြီ။ နောက်ထပ် ခန္ဓာဝန်ထုပ်ကြီး ထပ်ရဖို့ ကံသုံးပါးမှာ ဘယ်ကံနဲ့မှ မဆောင်ရွက်ချင်ကြတော့ပါဘူး။ သည်တော့ ကိုခင်ဝမ်းရေ ကံကတော့ မကြုံနိုင်တော့ဘူးထင်ပါတယ်။

### ***အားလုံးကို ခွဲထားရစ်ခဲ့ပြီ။ အရာရာကို စွန့်လွှတ်ထားခဲ့ပြီ။***

ဟုတ်ပါတယ်၊ တစ်ချိန်ချိန်မှာ သည်ဘဝမှာ ကိုယ်ရထားတဲ့ ကိုယ့်ခန္ဓာအပြင်ပ ပစ္စည်းဖြစ်တဲ့ အိုးအိမ်၊ တိုက်တာ၊ ခြံ၊ မြေ၊ ပစ္စည်းဥစ္စာ၊ ရာထူး၊ စည်းစိမ်၊ ဇနီးမယား၊ သမီးသားနဲ့ ဆွေမျိုးမောင်နှမတွေကို သေမင်းတမန်လာခေါ်တဲ့နေ့မှာတော့ မထားချင်လည်း ထားခဲ့ရမှာပါပဲ၊ မခွဲချင်လည်း ခွဲခဲ့ရမှာပါပဲ။ ဒါ့အပြင် ကိုယ့်တစ်ဘဝလုံး ငါ-ငါနဲ့ အမည်တပ်ပြီးသုံးစွဲခဲ့တဲ့ (သုံးနေရင်းကလည်း စွဲလမ်း တပ်မက်စိတ်တွေ ဖြစ်ခဲ့တဲ့) သည်ခန္ဓာကိုယ် (၃၂)ကောဋ္ဌာသ အစုအဝေးကြီးကိုလည်း ထားခဲ့ရမှာပါပဲ။ မီးသင်္ဂြိုဟ်စက်ကြီးထဲကို ထည့်လို့ပဲဖြစ်ဖြစ်၊ မြေကြီးထဲမှာ မြှုပ်လို့ပဲဖြစ်ဖြစ် လုပ်ချင်တာ လုပ်ကြပေတော့ဆိုပြီး ထားရစ်ခဲ့ရမှာပါပဲ။ကိုခင်ဝမ်း ထားပစ်ခဲ့တဲ့ ဓာတ်ပုံမှတ်တမ်းတွေကတော့ ကိုခင်ဝမ်း ကွယ်လွန်တဲ့ရက်ပိုင်းက ဂျာနယ် မဂ္ဂဇင်းစာမျက်နှာတွေမှာ ကျွန်တော်တို့ တွေ့ခဲ့၊ ဖတ်ခဲ့၊ မြင်ခဲ့ကြရပြီးပါပြီ။

အရာရာကို စွန့်လွှတ်ထားခဲ့ပြီဆိုတာကလည်း အမှန်ပဲလေ၊ အဲသည်အချိန်ရဲ့နောက်ပိုင်း ကိုခင်ဝမ်း ပန်းချီဆွဲချင်တော့လို့လည်း မရ၊ သီချင်းရေးချင်တော့လို့လည်း မရ၊ သီချင်းဆိုချင်တော့လို့လည်း မရတော့ပါဘူး။ "အနုပညာစည်းချက်နဲ့ပဲ ရင်ခုန်နေချင်တယ်ဗျာ" လို့လည်း ကိုခင်ဝမ်း ပြောလို့မရတော့ပါဘူး။ကိုခင်ဝမ်း ခံစားနေကျ အနုပညာအာရုံတွေလည်း ကွယ်ပျောက်လို့ ဘယ်ရောက်လို့ရောက်မှန်း မသိတော့ပါဘူး။ ကိုခင်ဝမ်း ဘာတွေဖန်တီးလေဦးမလဲလို့ ကိုခင်ဝမ်း ပရိသတ်ကလည်း မျှော်လင့်နေလို့ မရတော့ပါဘူး။ ကိုခင်ဝမ်းရဲ့ စိတ်ကူးအာရုံ အနုပညာတွေ ဖြန့်ဝေခွင့်မရတော့သလို အရင်က ကိုခင်ဝမ်းရဲ့စိတ်ကူးအာရုံတွေကို မျှဝေခံစားနေကျသူတွေလည်း ခံစားခွင့် မရကြတော့ပေဘူးပေါ့။ (အဲသည်နေရာမှာ တစ်ချက်စူးစူးစိုက်စိုက် ဉာဏ်သက်ဝင်ကြည့်ရင် ငါ့အာရုံ၊ ငါ့အနုပညာဆိုတာ ဟုတ်မဟုတ် စိတ်ကူးအာရုံတွေဟာ ကြာရှည်ခံ-မခံ၊ ပေါ်ပြီးပျောက်-မပျောက်ဆိုတာ စဉ်းစားကြည့်တာနဲ့ အဖြေပေါ်နေပါပြီ)

**တစ်ချိုးတစ်ကွေ့ တွေ့ကြရင်၊ ခွဲခွာဖို့ ရင်နာဖို့ ကြုံခဲ့ပြီ။**

ကျွန်တော်တို့ဟာ သည်ဘဝမှာ အကြောင်းအမျိုးမျိုးနဲ့ နေရာ





အမျိုးမျိုးမှာ လူအမျိုးမျိုးနဲ့ ခဏတစ်ဖြုတ် မျက်နှာချင်းဆိုင်ခဲ့ကြရတာပါ။ ဘဝရဲ့တစ်ဆစ်ချိုး၊ တစ်ချိုးတစ်ကွေ့လေးတွေမှာပဲ ကြုံကြရ ဆုံကြရတာပါ။ တစ်အိမ်တည်းသား မိသားစုတွေတောင်မှ တစ်သက်လုံးအတူတွဲလို့ မခွဲမခွာ နေချင်လို့ ဖြစ်ကြတာမှမဟုတ်တာ။ နေခွင့်လည်းမရှိပါဘူး။ နေခွင့်လည်း မရကြပါဘူး။

သည်လူနဲ့ သည်နေရာ သည်ဌာနမှာ သည်အလုပ်တစ်ခုကြောင့် အချိန်အတိုင်းအတာတစ်ခုအထိ ဆုံခဲ့ရပေမယ့် နောက်တော့လည်း နေရာပြောင်း၊ ဌာနပြောင်း၊ အလုပ်ပြောင်းလို့ ပြန်မဆုံဖြစ်ကြတော့ပါဘူး။ အဲသည်တော့ တစ်ချိုးတစ်ကွေ့ တစ်ခဏတာတွေ့နေရတဲ့ အချိန်လေးမှာ တစ်ယောက်နဲ့တစ်ယောက် ဘာဖြစ်လို့ အာဃာတထား အမုန်းပွားနေကြမလဲ၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်ရှာ အပြစ်တင်ပြီး သူမှားတယ်၊ ငါမှန်တယ်တွေ ဘာဖြစ်လို့ လုပ်နေကြမှာလဲ။ ရန်ငြိုးအတေးတွေ၊ အမုန်းအမျက်တွေကို ရင်ထဲမှာ ကိုယ်ပိုင်ပစ္စည်းလို သိမ်းဝှက်ပြီး ကိုယ့်သညာအစွဲနဲ့ ကိုယ့်စိတ်ကို ကိုယ်ပူလောင်ညစ်နွမ်းအောင် ဘာဖြစ်လို့ လုပ်နေဦးတော့မှာလဲ။

သည်လူက ငါ့ကို သည်လိုလုပ်ခဲ့တာ၊ ငါ့အပေါ်မှာ တင်စီးခဲ့တာ-အနိုင်ယူခဲ့တာ နေနှင့်ဦးပေါ့၊ငါ အောင်မြင်လာတဲ့အချိန် သူ့ကို ရတဲ့အကွက်က ပြန်နှိပ်ကွပ်မယ်ဆိုတဲ့ အာဃာတအမုန်းတရားတွေဟာ ကိုယ့်စိတ်ကို ကိုယ်ပြန်အပြစ်ပေးသလိုပဲ ဖြစ်နေတော့မှာပေါ့။

အဲဒီအချိန်မှာ သူ အငြိုးအတေးထားခဲ့တဲ့လူဟာ ဘဝအပေါ် သံဝေဂရပြီး ဘုရားတရားတော်တွေအတိုင်း ကျင့်ကြံအားထုတ်လို့ လွတ်မြောက်သွားခဲ့ပြီဆိုရင် ဘယ်လိုလုပ်မလဲ။ အငြိုးအတေးထားတဲ့သူအဖို့ ကိုယ်ကလဲ့စားချေဖို့ မှတ်ထားတဲ့လူကို အရင်လိုပဲထင်ပြီး ကလဲ့စားချေခွင့်ရခိုက် သွားချေလိုက်ပြန်ရင် ကိုယ့်သံသရာအတွက် မထိခိုက်နိုင်ပေဘူးလား။

တစ်ချိန်က လူတွေသတ်ခဲ့လို့ဆိုပြီး အင်္ဂုလိမာလမထေရ်မြတ်ကို ခဲနဲ့လိုက်ပေါက်နေဦးမယ်ဆိုရင် ဘုရားအဆုံးအမနဲ့ သံသရာက လွတ်မြောက်ခဲ့လို့ ရဟန္တာမထေရ်မြတ်ကြီးတောင် ဖြစ်နေပြီဖြစ်တဲ့ အင်္ဂုလိမာလမထေရ်ကြီးကတော့ သည်းခံပြီး ကိုယ့်ဝဋ်ကြွေးဒဏ်ကို ခံနေရုံမှတစ်ပါး အခြားမရှိ

ပါဘူးလို့ နှလုံးသွင်းနေမှာပါပဲ။ ဒါပေမယ့် 'အရင်က'ဆိုတဲ့ 'သညာအစွဲ'နဲ့ ခဲနဲ့လိုက်ပေါက်တဲ့သူတွေအဖို့ ရဟန္တာကို ကာယကံမြောက် စော်ကားမိတဲ့အပြစ်တွေ မသင့်ပေဘူးလား။ဒါတွေဟာ အမှတ်တမဲ့ပေမယ့် သံသရာက လွတ်ရာလွတ်ကြောင်း တကယ်လုပ်လာကြပြီဆိုရင် ကိုယ့်အတွက် မဂ်ဉာဏ် ရရာရကြောင်း အတားအဆီးတွေ ဖြစ်နေတတ် ပါတယ်။ အဲဒီအချိန်ကျမှ အမှတ်တမဲ့တွေဟာ အမှတ်တရတွေ ဖြစ်လာကြပါလိမ့်မယ်။

ဒါကြောင့်မို့ တစ်ချိုးတစ်ကွေ့လေးအပေါ်က ဖြစ်ရပ်တစ်ခု၊ အနိမ့်ဆုံး ဆက်ဆံရေး မပြေမှုကလေးတစ်ခုကို ရင်ထဲမှာ ထာဝရသိမ်းထားရင်း ငါက အမှတ်သညာသိပ်ကောင်းတယ်၊ ဒီကောင် ဒီလိုလုပ်သွားတာကို ငါ ဘယ်တော့မှ မမေ့ဘူးလို့ မှတ်ထားပါပြီတဲ့။ ဒါပေမယ့် အဲဒီ–ဒီကောင်ကြီးက သံသရာထဲက လွတ်မြောက်သွားပြီးတဲ့လူ ဖြစ်သွားပြီဆိုပါတော့။ အဲဒီလို အချိန်ကျမှ ဟိုတုန်းကအကြွေး လာဆပ်တာလေကွာဆိုပြီး တုံ့ပြန်ကလဲ့စား ချေမိခဲ့ကြရင် ကိုယ်ပဲ အနစ်နာကြီး နစ်နာပါလိမ့်မယ်။

သတိပဋ္ဌာန်လမ်းပေါ်က လူတွေကတော့ ခွဲခွာတဲ့အခါ သူ မျက်မှောက်ပြုနိုင်ရာ အငြိမ်းဓာတ်ကြီး အပိုင်ရှိထားပြီးဖြစ်တဲ့အတွက် ရင်နာ မနေကြတော့ပါဘူး။ ခံစားမှုဝေဒနာဆိုတာ ခန္ဓာငါးပါးရဲ့ကိုယ်စားလှယ်ဖြစ်ပြီး ပြန်မဖြစ်တော့မယ့် ဒုက္ခသစ္စာခန္ဓာကြီးနဲ့အတူ သူ့နေရာမှာပဲ ကျန်ခဲ့ သိမ်းခဲ့မှာမို့ ဘာမျှလည်း မလွမ်းတော့ပါဘူး။ လွမ်းစရာမရှိလို့ ရင်နာစရာလည်း မကျန်တော့ပါဘူး။ ပြီးတော့ အငြိမ်းဓာတ်ပိုင်ရှင်တွေဟာ သူ တစ်ချိန်က မသိလို့ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံတွေကိုလည်း နောင်တရပြီး ပူဆွေး နေလေ့ မရှိပါဘူး။ အငြိမ်းဓာတ်ကြီးကလည်း သူ ကျူးလွန်ခဲ့ပြီးဖြစ်တဲ့ အကုသိုလ်ကံမှန်သမျှကို အကျိုးပေးခွင့် မရှိတော့အောင်၊ အဟောသိကံ ဖြစ်သွားရလေအောင် ချေမှုန်းလိုက်ပြီမို့ သူဟာ အနာဂတ်အတွက် စိတ်အေး နေရပါပြီ။

### နေအပူမှာ ခြေအပူခံမယ်။

သံသရာခရီးလမ်းကို လျှောက်မိရင်တော့ ခေါင်းပေါ်က နေမင်း ကလည်း ပူနေမှာပါပဲ။ ခြေဖဝါးအောက်က မြေကြီးကလည်း ပူနေမှာပါပဲ။





ဒါကြောင့် နေအပူမှာ ခြေအပူခံမယ်ဆိုတဲ့ ကိုခင်ဝမ်းရဲ့အရေးအဖွဲ့က အလွန်သဘာဝကျပါတယ်။

ဒါပေမယ့် မဂ္ဂင်လမ်းဆိုတဲ့ သံသရာအဆန်လမ်းမှာတော့ နေမပူနိုင်အောင်အတွက် အငြိမ်းဓာတ်ကြီးက ကြားခံလို့ အုပ်မိုးပေးထားလိုက်ပြီမို့ ခရီးသွားတွေဟာ အေးမြလို့ နေပါတော့တယ်။ နေလည်းမပူ၊ မြေလည်း မပူသမို့ ခြေလည်း မပူနိုင်တော့ပါဘူး။သည့်ထက်မက စိတ်ရဲ့အပူအပင်တွေပါ ကင်းဝေးသွားပါတော့တယ်။

မဂ္ဂင်လမ်းပေါ် လျှောက်ခါစတုန်းကတော့ နေအပူထဲကနေ ခြေဖဝါး ပူပူကြီးနဲ့ ကူးပြောင်းလာခဲ့လို့လားတော့ မသိဘူး၊ အပူရှိန် အငွေ့တွေက တဟုန်းဟုန်းတောက်နေလို့ တော်တော်နဲ့ မငြိမ်းအေးခဲ့ပါဘူး။ နောက်တော့ လည်း 'သည့်တစ်ခါပဲ အပူခံတော့မယ်'ဆိုတဲ့ မဆုတ်မနစ်တဲ့ဖွဲနဲ့ ယုံယုံ ကြည်ကြည် ကြိုးစားခဲ့လို့ အပူတွေ တဖြည်းဖြည်း လျော့ပါးလာခဲ့ပြီး၊ နောက်ဆုံးတော့ ဓမ္မရဲ့မှန်ကန်တဲ့သဘာဝအတိုင်း ငြိမ်းအေးသွားတော့ တာပါပဲ။

အပူနယ်ထဲက အအေးနယ်ဘက်ကို ကူးခါစမှာတော့ အအေး နယ်ထဲမှာကလည်း နေသားတကျ မဖြစ်သေး၊စိတ်ကလည်း အပူနယ်ဘက်ကို ယိုင်ပြီး ပြန်သွားချင်၊ အပူနယ်ထဲက လုပ်ဖော်ကိုင်ဖက် ဆွေမျိုး မိတ်သင်္ဂဟ တွေကလည်း အတင်းလာဆွဲနဲ့မို့ အတော် ရုန်းကန်ခဲ့ရပါတယ်။ အဲသည် အချိန်တုန်းကတော့ တရားတော်ရဲ့ တန်ဖိုးကို အခုလောက် နက်နက်ရှိုင်းရှိုင်း သိခွင့်မရခဲ့သေးပေမယ့်လည်း တရားတော်ဟာ မှန်ကို မှန်မှာပဲ၊ စကြဝဠာ အနန္တမှာ အတုမရှိတဲ့ အနှိုင်းမဲ့ဗုဒ္ဓမြတ်စွာဘုရား ဟောခဲ့တာပဲ မှားကို မမှားနိုင်ဘူးဆိုတဲ့ ပြင်းထန်တဲ့ ယုံကြည်ချက်နဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရတနာ သုံးပါးအရိပ်အောက်ကို မျက်စိစုံမှိတ်ပြီး ခြေစုံပစ်ဝင်ခဲ့တာပါ။

''တရားသမားလို့ အထင်ခံချင်နေတာပါ''

''ထွင်တာပါ၊ ထွင်လုံးတွေပါ''

''အနုပညာသမားတွေဟာ တစ်မျိုးမဟုတ်တစ်မျိုး စတန့်ထွင် တတ်ကြတာပါ''

လောကထဲမှာ နေ–နေရတာဆိုတော့ လောကသားတို့ရဲ့ ထုံးစံအတိုင်း အမျိုးမျိုးပြောကြ ဝေဖန်ကြမှာပါပဲ။ ဒါပေမယ့် ဘယ်သူတွေ ဘယ်လိုပဲ ပြောကြပါစေ၊ ပြောတဲ့သူတွေကို အပြစ်မတင်တတ်တဲ့အပြင် ကရုဏာမျှား မေတ္တာထားလို့ ကိုယ်ယုံကြည်ရာကို ကိုယ်ဆက်လုပ် ဖြစ်သွားကြတာကလည်း နိုင်မြဲတဲ့ သတိပဋ္ဌာန်သမားတွေရဲ့ သဂေါ်တာပါပဲ။ အဲသည်လို လုပ်ခဲ့ကိုင်ခဲ့လို့လည်း ကိုယ်ယုံကြည်ရာ တရားတော်ရဲ့ စည်းစနစ်ကျတဲ့ ငြိမ်ဝပ်မှု၊ မှန်ကန်တဲ့လက်ကမ်းကြိုဆိုမှု၊ အေးမြတဲ့ဖော်ရွေမှု၊ ညင်သာ နွေးထွေးတဲ့ မဟာကရုဏာတရားရဲ့ အရိပ်အောက်မှာ ငြိမ်းချမ်းငြိမ်သက်မှုတွေနဲ့လည်း ကြုံတွေ့ခွင့်ရနေပါပြီ။

သည်အကြောင်းတွေကို ကိုခင်ဝမ်းနဲ့ မျက်နှာချင်းဆိုင်ပြောချင်လိုက်တာ။

သိမ်မွေ့တဲ့အနုပညာအာရုံတွေကို လက်ခံသိမ်းဆည်းတတ်တဲ့ ကိုခင်ဝမ်းတစ်ယောက် သည်အကြောင်းတွေကို နားထောင်ရရင် နားလည် ခံစားလွယ်တဲ့ ကိုခင်ဝမ်းရဲ့နှလုံးသားက အထိုက်အလျောက် လက်ခံနိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်နေမိပါတယ်။

လွန်ခဲ့တဲ့ဆယ်နှစ်ကျော်တုန်းက မေစတူဒီယိုခြံဝင်းကြီးထဲမှာ လမ်းလျှောက်ရင်း စကားပြောခဲ့ကြသလိုပေါ့၊ လရောင်ရိပ်ရဲ့ အေးမြမှုကို ခံစားရင်း သည်အကြောင်းတွေ ပြောခွင့်ရရင် ကောင်းမှာပဲလို့ တောင့်တမိတယ်။ အဲသည်လိုပြောပြီးတဲ့အချိန်ကျရင် ကျွန်တော်က ကိုခင်ဝမ်းကို မေးခွန်းတစ်ခု မေးချင်နေမိတယ်။ ကိုခင်ဝမ်း ဘယ်လိုဖြေမလဲဆိုတာလည်း သိချင်ပါတယ်။

''သည်လို ဓမ္မရဲ့သဘော၊ ဓမ္မရဲ့သဘာဝတွေကို ထဲထဲဝင်ဝင် သိပြီးရင် (နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်သွားတော့မယ်)လို့ ကျန်ခဲ့တဲ့ လူတွေကို ပြောဖို့လိုသေးလားဗျာ''

ဒါပေမယ့် သည်မေးခွန်းကို ကျွန်တော်လည်း ကိုခင်ဝမ်းကို မမေးဖြစ်နိုင်ခဲ့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ မေစတူဒီယိုလည်း မရှိတော့ဘူး။ ကိုခင်ဝမ်း





လည်း မရှိတော့ဘူး။'

ကျွန်တော် ကျင်လည်ခဲ့တဲ့ သီချင်းလောကက အနုပညာရှင်ကောင်းရင်းတွေ၊ မေစတူဒီယိုမှာ ဆုံနေကျ ဂီတမိတ်ဆွေတွေ အတော်များများဟာ နှုတ်ဆက်ထွက်ခွာကုန်ကြပြီ မဟုတ်လား။

အကယ်ဒမီစန္ဒရားဦးလှထွဋ်၊ အကယ်ဒမီထရမ်းပက်ဝင်းဦး၊ ဦးသန်းဖေလေး၊ ကိုစောဘွဲ့မှူး၊ နော်ဇ်၊ အောင်သူ၊ စိုးလွင်လွင်၊ မင်းအောင်၊ အနိုင်၊ လွှမ်းမိုး ....တော်တော်များများပါပဲ။ ကိုခင်ဝမ်းလိုပဲ ရှေ့ဆင့်နောက်ဆင့် နှုတ်ဆက်ထွက်ခွာသွားခဲ့ကြတာ။

ကြီးတယ် ငယ်တယ် မရွေးပါဘူး။ ငါက အရင် မင်းက နောက်မှလို့ တန်းစီထားတာ မရှိပါဘူး။ ကိုယ့်နာမည်ခေါ်သံကြားရင် ဘာမျှငြင်းမရဘဲနဲ့ လိုက်သွားရတော့တာ။

တစ်ချိန်မှာလည်း ''ဟော့ကောင်မြသန်းစံ–လာ၊ ဒီတစ်ခါမင်းအလှည့်''ဆိုပြီး ကျွန်တော့်နာမည်ကို ခေါ်ဦးမှာပါပဲ။ အဲသည်အချိန်မှာ ကျွန်တော်ဟာ ''နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်သွားတော့မယ်''လို့ဆိုခဲ့တဲ့ ကိုခင်ဝမ်းလိုပဲ သည်ဘဝထဲက အပြီးအပိုင်ထွက်သွားရဦးမှာပါပဲ။

ဒါပေမယ့် ကိုခင်ဝမ်းရေ–

အဲသည်အချိန်ကျရင်တော့ ''နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော် သွားတော့မယ်''လို့ ကျွန်တော် ဆိုဖြစ်တော့မှာ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲလို့ ကိုခင်ဝမ်းက မေးခဲ့ရင် ကျွန်တော် ဒီလိုဖြေချင်ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားခဲ့တဲ့ ဆောင်ပုဒ်အလင်္ကာလေးတစ်ခု ရှိပါတယ်။

***''ရုပ်နာမ်ဖြစ်ပျက် ပြတ်လျက်ငြိမ်းသည်***
***ရွှေ့လျားသေခြင်း ကင်းရှင်းပေသည်***
***သဏ္ဍာန်နိမိတ် ကင်းဆိတ်ထင်သည်***
***နိဗ္ဗာန် ရောက်က သိမြင်မည်''***

သည်ဆောင်ပုဒ်ကလေးကို ဘယ်အချိန်၊ဘယ်နေရာမဆိုကျွန်တော့်

စိတ်ထဲမှာ အမြဲတမ်းရွတ်ဆို နှလုံးသွင်းနေမိပြီး စကားလုံး အစုအဝေး နောက်ကွယ်က အဓိပ္ပါယ်ကို အခါအခွင့်သင့်တိုင်း အာရုံပြုနေမိလို့ပဲ ဖြစ်ပါတယ်။

သည့်အတွက် ကိုခင်ဝမ်းတစ်ယောက် ရောက်ရာအရပ်က သာဓု ခေါ်နိုင်ပါစေ။

၂၉-၁၀-၂၀၀၂



- ❑ ဓမ္မဘက်မှ လှမ်းကြည့်သောအခါ သဘာဝတရားကြီးသည် အိမ်ရှင်ဖြစ်သည်။
- ❑ သုံးဆယ့်တစ်ဘုံသား သတ္တဝါ အနန္တတို့ကား ဧည့်သည်တွေ ဖြစ်သည်။
- ❑ သုံးဆယ့်တစ်ဘုံသားတို့တွင် လူသည် အသိဉာဏ်အရှိဆုံး၊ စွမ်းရည်အထက်မြက်ဆုံးပုဂ္ဂိုလ်အဖြစ် လက်ခံထားခဲ့ကြပြီးဖြစ်သည်။
- ❑ လူ့ဘဝကို အရင်းတည်၍သာလျှင် ဇကြာဝဠာအနန္တ၏ အနှိုင်းမဲ့ပုဂ္ဂိုလ်ဖြစ်သော မြတ်ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်နိုင်သည်။
- ❑ ဤသည့်အနိုင်းအဆမှာ ကျယ်ပြန့်လွန်းလှသဖြင့် မြင်ကွင်းကို အနည်းငယ်ချုံ့ကြည့်ချင်ပါသည်။
- ❑ ကမ္ဘာမြေကြီးနှင့် လူသား။
- ❑ ကမ္ဘာမြေကြီးကား အိမ်ရှင်၊ လူသားများကား ဧည့်သည်။



<u>ကမ္ဘာမြေကြီးဘက်မှ အိမ်ရှင်ဝတ္ထုရေးဆရာလေးကနေ ကျွန်တော်တို့ကား ကမ္ဘာမြေကြီးပေါ်၌ မတီးမိုးမြင်မြုနိုင်လွန်းလှသည်။ ကျွန်တော်တို့သည် ဧည့်သည်ဝတ္ထုရေးကို ကျူးလွန်တော်ဖျက် အိမ်ရှင် ကမ္ဘာမြေကြီးအပေါ် ရက်စက်နိုင်လွန်းလှသည်။ ကျွန်တော်တို့သည် ဧည့်သည် အချင်းချင်း "ဧည့်သည်ခန်း"အတွင်း ဓေတ္တခဏ ရောက်လာခိုက် အရွက်အကြောက်ကင်းမဲ့စွာ ရန်ဖြစ်နေသည်နှင့် တူလှသည်။ သူများအိမ်ထဲ အားမနာ လူ့စာကျိုး ထိုးထိုးထောင်ထောင် ပြုမူသူတွေနှင့် တူလှသည်။</u>

# ဧည့်သည်ခန်းရောက် ဧည့်သည်တစ်ဦး

"ဧည့်သည်ခန်း"တဲ့ . . . ။

ဆရာမ ဒေါ်တူးတူးမြင့်သိန်းက မည်သို့အဓိပ္ပါယ် ဖွင့်ဆို၍ နာမည်ပေးထားသည်မသိ။ ကျွန်တော့်ဘက်ကမူ ထိုဝေါဟာရစကားလုံး သုံးခုတွဲ၏ နောက်ကွယ်၌ အဓိပ္ပါယ်တွေ အများကြီးရှိနေသည်ဟု ထင်မြင်မိပါသည်။

ပထမဦးစွာ လောကအကြောင်းအရာဘက်မှ၊ လောကီလူမှု ဆက်ဆံရေးနယ်ပယ်မှ ကြည့်ကြပါစို့။ ဧည့်သည်နှင့်အိမ်ရှင်။ အိမ်ရှင်ရှိ၍ ဧည့်သည် ရှိရသည်။ တစ်ဖန်ဧည့်သည်ရှိ၍ အိမ်ရှင်ဆိုတာလည်း သတ်မှတ်ထားရသည်။ ဧည့်သည်ဟူသည် အိမ်ရှင်တစ်ဦးပိုင်ဆိုင်သော နယ်မြေ၊ ဝင်းခြံ၊ အိမ်အတွင်းသို့ အိမ်ရှင်၏ခွင့်ပြုချက်ဖြင့်သာ ဝင်ရမည်။ ထို့အပြင် ဧည့်သည်ဘက်က ဧည့်သည်စည်းကမ်းတွေ လိုက်နာရမည်။ ဧည့်သည်သည် အိမ်ရှင်ကို မစော်ကားရ။ အိမ်တွင်းကိစ္စတွေ ဝင်ရောက်မစွက်ဖက်ရ။ ယုတ်စွအဆုံး အိမ်ထဲဝင်၍ ကြည့်ရှုလိုပါလျှင် အိမ်ရှင်ကို ခွင့်တောင်းရမည်။ အိမ်ရှင်၏ ခွင့်ပြုချက် သို့မဟုတ် အိမ်ရှင်ကိုယ်တိုင် လိုက်လံပြသခြင်းဖြင့်သာ

**အမှတ်အစဉ်**

အိမ်တွင်းကိစ္စအချို့တစ်ဝက်ကို သိခွင့်ရမည်။ ဒါတောင်မှ အိမ်ရှင်နှင့် နှစ်ပေါင်း အတော်ကြာ ရင်းနှီးခင်မင်ခွင့်ရပါမှ။ သို့မဟုတ်လျှင် ဧည့်သည်သည် အိမ်တစ်အိမ်၏ သတ်မှတ်ထားသော ဧည့်ခန်း သို့မဟုတ် ''ဧည့်သည်ခန်း''၌သာ ထိုင်နေပေရော့။ အိမ်ရှင်က ''ဧည့်သည်ခန်း''၌ ထိုင်နေသော ဧည့်သည်ကို ထွက်တွေ့မည်။ လာရင်း အကြောင်းကိစ္စကို မေးမြန်းမည်။ လုပ်ငန်းကိစ္စတွေ ဆွေးနွေးမည်။ဝတ္တရားကျေပွန်သော အိမ်ရှင်ဆိုပါက ဧည့်သည်သည် အိမ်ရှင်ဧည့်ခံကျွေးမွေးသမျှကိုလည်း ''ဧည့်သည်ခန်း'' အတွင်း၌ စားသောက်နိုင်သည်။

အိမ်ရှင့်ဘက်ကလည်း အိမ်ရှင့်စည်းကမ်းတွေ ရှိရမည်။ဧည့်သည်ကို ကောင်းမွန်စွာ ဧည့်ခံမည်၊ ချိုသာယဉ်ကျေးစွာ ဆက်ဆံမည်၊ တစ်ကြိမ်မျှ မထိတွေ့သေးသော ဧည့်စိမ်းဖြစ်နေလျှင် လာရင်းကိစ္စအကျိုးအကြောင်းကို စိတ်ပါဝင်စားစွာမေးမြန်းမည်။ ''မရှိဘူး။ မသိဘူး။ နောက်မှလာ''ဟု ရေကြီးသုတ်ပျာ နှင်ထုတ်ခြင်းမျိုး မရှိစေရ။ ယုတ်စွအဆုံး ဧည့်သည်ဘက်မှရော၊ အိမ်ရှင်ဘက်မှရော အပြန်အလှန်မေတ္တာတွေထား။ မေတ္တာတွေ ပွားလေလျှင် အိမ်ရှင်နှင့်ဧည့်သည် ဆက်ဆံရေးနယ်ပယ်သည် ညီညွတ်လှပသော သင်္ကေတကလေးတစ်ခု ဖြစ်ထွန်းလာပေမည်။ ဤသည်မှာ လူ့မှုပတ်ဝန်းကျင်သို့ လှမ်းကြည့်ဖြစ်သော ဧည့်သည်နှင့်အိမ်ရှင်တို့၏ အနေအထား။ တစ်နည်းအားဖြင့် ပုဂ္ဂိုလ်ရေးရာ၊ ပုဂ္ဂိုလ်တို့၏ကိစ္စ။

မြွတက်မှ လှမ်းကြည့်သောအခါ သဘာဝတရားကြီးသည် အိမ်ရှင်ဖြစ်သည်။သုံးဆယ့်တစ်ဘုံသား သတ္တဝါ အနန္တတို့ကား ဧည့်သည်တွေ ဖြစ်သည်။ သုံးဆယ့်တစ်ဘုံ သားတို့တွင် လူသည် အသိဉာဏ်အရှိဆုံး၊ စွမ်းရည်အထက်မြက်ဆုံးပုဂ္ဂိုလ်အဖြစ် လက်ခံထားခဲ့ကြပြီး ဖြစ်သည်။လူ့ဘဝကို အရင်းတည်၍သာလျှင် စကြဝဠာအနန္တ၏ အနိုင်းမဲ့ပုဂ္ဂိုလ်ဖြစ်သော မြတ်ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်နိုင်သည်။ ဤသည့်အနိုင်းအဆမှာ ကျယ်ပြန့်လွန်းလှသဖြင့် မြင်ကွင်းကို အနည်းငယ်ချုံ့ကြည့်ချင်ပါသည်။

ကမ္ဘာမြေကြီးနှင့် လူသား။

ကမ္ဘာမြေကြီးကား အိမ်ရှင်၊ လူသားများကား ဧည့်သည်။





လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးသည် ရေ မြေ၊လေ၊ မီး ဓာတ်ကြီးလေးပါး ပေါင်းစပ်ဖွဲ့စည်းမှုဖြင့် စကြဝဠာ အတွင်း၌ ဂြိုဟ်တစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ ဤကမ္ဘာကို ဘုရားငါးဆူပွင့်မည့် ဘဒ္ဒကမ္ဘာဟု သဗ္ဗညုတဘုရားရှင်တို့က သဗ္ဗညုတဉာဏ်တော်စွမ်းအားဖြင့် ဖော်ထုတ်ပြောဆိုခဲ့ကြပြီး ဖြစ်သည်။ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမတည်းဟူသော ဘုရားရှင်လေးဆူတို့သည် ဤကမ္ဘာမြေကြီးပေါ်၌ ပွင့်ထွန်းပေါ်ပေါက်ခဲ့ကြပြီး ဖြစ်သည်။ နောက်ထပ်ဘုရားတစ်ဆူပွင့်ရန် ကျန်ရှိနေသေးသည်။ အရိမေတ္တေယျမြတ်စွာဘုရား။

ကျွန်တော်တို့သည် လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀) ကျော်က ပွင့်ထွန်းပေါ်ပေါက်ခဲ့သော ဂေါတမမြတ်စွာဘုရား၏ ဓမ္မအမွေအဖြစ် ချန်ထားရစ်ခဲ့သော ဓမ္မက္ခန္ဓာ(၈၄၀၀၀) မှတစ်ဆင့် သဘာဝဓမ္မများကို သိခွင့်ရနေသည်။ သည့်မတိုင်မီ ပွင့်တော်မူပြီးခဲ့သော ဘုရားသုံးဆူတို့နှင့် ပတ်သက်သမျှမှာမူ အလှမ်းဝေးခဲ့ပြီ ဖြစ်သဖြင့် အသေးစိတ်သိခွင့် မရနိုင်တော့။ သာသနာနှစ်(၅၀၀၀)ကုန်ဆုံး၍ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်လွန်လေလျှင် ဘာတွေဆက်ဖြစ်မည်ကို ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ထွက်စကားများအရ သိထားရပြီးဖြစ်သဖြင့် နောင်နှစ်ပေါင်း (၂၅၀၀)ကျော်၏ အနာဂတ်အရေးသည် ...။

ထားတော့။နောင်အရေးသည် နောင်ကာလတွင် အိမ်ရှင်ကမ္ဘာမြေကြီးပေါ်၌ ဖြစ်ပေါ်လာကြဦးမည့် ဧည့်သည် ပုဂ္ဂိုလ်အသီးသီး၏ အရေးကိစ္စ။ ကျွန်တော်တို့၏ အရေးကိစ္စကား ယခုပစ္စုပ္ပန်တည့်တည့်နှင့်သာ တိုက်ရိုက်တိုက်ဆိုင်နေခြင်းကိစ္စ။ ဤနေရာတွင် မေးခွန်းတစ်ခုမေးလိုစိတ် ဖြစ်လာမိသည်။

ဘဝသံသရာ ရေယဉ်ကြော၌ ခန္ဓာပုံစံ တစ်မျိုးပြီးတစ်မျိုးရယူ လျက် ပေါ်ချည်မြုပ်ချည်ဖြင့် တမျောတည်း မျောခဲ့ကြသော ဧည့်သည်ပုဂ္ဂိုလ် ကျွန်တော်တို့သည် အိမ်ရှင်ကမ္ဘာမြေကြီးအပေါ်၌ ဧည့်သည်ဝတ္တရားတွေ ကျေပွန်ခဲ့ကြပြီလော ...။

ဦးစွာ အိမ်ရှင်ကမ္ဘာမြေကြီးဘက်သို့ ကြည့်–ကြည့်မည်။သူကား သဘာဝတရားသက်သက်ဖြစ်၍ သူ့ဘက်၌ ပြောစရာစကား ဘာဆိုဘာမျှမရှိ ဘာသာစကားမရှိ စကားလုံးမရှိ နိုင်ငံမရှိ၊လူမျိုးမရှိ အယူဝါဒမရှိ သူကား အကောင်အထည်ဖြိုဖြစ် ကိုင်တွယ်၍ရသော ပထဝီ၊ လှုပ်ရှားရုန်းကန် ထောက်ကန်တတ်သော ဝါယော၊ ယိုစီးဖွဲ့စည်းတတ်သောအာပေါ၊ ပူတတ် အေးတတ်သော တေဇောတို့ဖြင့် အဓိကပေါင်းစပ်ဖွဲ့စည်းပေးထားခြင်းမျှသာ။ တနည်းအားဖြင့် မြေဓာတ်၊ လေဓာတ်၊ ရေဓာတ်၊ မီးဓာတ်စသော ဦးဆောင် ဓာတ်ကြီး လေးပါးတို့၏ အစုအဝေးမျှသာ။ သူတို့လေးခုအနက် တစ်ခုခု လွန်ကဲလျှင် ကမ္ဘာမြေကြီး၌ တစ်မျိုးမဟုတ် တစ်မျိုးဖောက်ပြန်လာမည်။ လေဓာတ်လွန်ကဲလာလျှင် မုန်တိုင်းများ၊ ရေဓာတ်လွန်ကဲလာလျှင် လှိုင်းလုံး များ၊ မိုးသီးမိုးပေါက်များ၊ မီးဓာတ်လွန်ကဲလာလျှင် မီးတောင် ချော်ရည်များ စသည်ဖြင့် ဇဟိဒ္ဓရုပ်အစုအဖွဲ့တို့၏ ဖောက်ပြန်မှုပြယုဂ်တွေကို တွေ့ရမည်။ ဒါကလည်း သူ့အလုပ် သူလုပ်နေခြင်းမျှသာ။ ထိုဓာတ်တို့၏ သဘာဝကား အာကာသထဲတွင် အရှိတရားအဖြစ် တည်ရှိနေသကဲ့သို့ ခန္ဓာရ ထားသော သံသရာသားကောင် (ကမ္ဘာမြေကြီး၏ဧည့်သည် ပုဂ္ဂိုလ်) တို့၏ ခန္ဓာအတွင်း၌ လည်း သဘာဝတရားအဖြစ် ကိန်းဝပ်နေသည်။တစ်နည်းအားဖြင့် ခန္ဓာပိုင်ရှင် ဧည့်သည်ပုဂ္ဂိုလ်တို့သည်လည်း ဓာတ်ကြီးလေးပါးဦးဆောင်၍ ဖွဲ့စည်းထား သော သဘာဝအစုအဖွဲ့မျှသာ ...။

သို့ဆိုလျှင် ဘယ်က ဘယ်လိုလုပ်၍ 'ငါ'တွေ ရောက်လာရ ပါသနည်း။

မရှိကို အရှိလုပ်၍ အိမ်ရှင်ကမ္ဘာမြေကြီးကို ကျူးကျူးကျော်ကျော် စော်စော်ကားကားလုပ်ကာ အဘယ့်ကြောင့် အစိတ်စိတ်ပိုင်းလုပ်နေကြပါ သနည်း။ ဒါ ငါ့နေရာ၊ ဒါ ငါ့နယ်နိမိတ်၊ ဒါ ငါ့ရဲ့တံတိုင်းအကာအရံ၊ ဒါ ငါ့ရဲ့မြေ။ အိမ်ရှင်ကမ္ဘာမြေကြီးကား ဧည့်သည်စည်းနားမလည်သော ဧည့်သည်ပုဂ္ဂိုလ်တို့ကို မော့ကြည့် သက်ပြင်းချရုံမှတစ်ပါး ဘာမျှမတတ် နိုင်တော့ပြီ။

မရှိကို အရှိဟု ထင်မှားကာ ထိုအထင်မှားကိုပင် မျက်ကန်းတွေ





ဖြစ်သဖြင့် မရှိ 'ငါ'ကို အရှိ'ငါ'လုပ်ကာ အရာရာ၌ စွဲလမ်းတပ်မက် တွယ်တာ မက်မောလိုချင်ခြင်းတည်းဟူသော 'တဏှာ'။

ဟော–မူလနှစ်ဖြာ 'အဝိဇ္ဇာ' 'တဏှာ'တို့ကား သံသရာသားကောင် တို့၏ ထာဝရမိတ်ဆွေအဖြစ် နေရာယူလျက်သံသရာစက်ဝိုင်းကို လည်ပတ် စေလေပြီ။မိတ်ဆွေအဖြစ် အယောင်ဆောင် ချဉ်းကပ်လာသော တဏှာနှင့် အဝိဇ္ဇာကို နေရာပေးမိသောအခါ သံသရာသားကောင်တို့သည်ကား မြေကြီး ပေါ် ရောက်လာလိုက် မြေကြီးထဲပြန်ရောက်သွားလိုက်နှင့် လုံးလည်ချာလည် ဖြစ်နေတော့သည်။

မြေကြီးပေါ် ရောက်လာသည့်အခိုက် ကိုယ်ရပ်တည် နေထိုင် အသက်ရှင်သန်ရာ ကမ္ဘာမြေကြီးအပေါ် ကောင်းကျိုးပြုသူ အရေအတွက် ကား တစ်နေ့တခြား နည်းပါးလာသည်။ တစ်နည်းအားဖြင့် ''ဧည့်သည် ခန်း'' အတွင်း၌ လာရောက်ထိုင်နားစဉ် ဧည့်သည်ဝတ္တရားကို မသိ။ ဧည့်သည်စည်းကမ်းကို နားမလည်၊ အိမ်ရှင်ခွင့်မပေးဘဲ အိမ်ထဲအတင်း ဝင်သည်။ မီးဖိုချောင်ထဲ ဝင်ချင်ဝင်သည်။ ထမင်းနှိုက်စားချင်စားသည်။ အိမ်ထဲက ပစ္စည်းတွေကို အိမ်ရှင်ခွင့်ပြုချက်မရဘဲ ကိုင်သည်။ ကြိုက်လျှင် ယူသည်။ မကြိုက်လျှင် ဖျက်ဆီးသည်။ တစ်အိမ်လုံး မွှေနှောက်ပစ်သည်။ တစ်အိမ်လုံး ကြေမွပျက်စီးသွားသောအခါ အိမ်ထဲမှ ပြန်ထွက်သွားသည်။ အိမ်ရှင်ကား ဘာမျှမပြောနိုင်ဘဲ ကျန်ရစ်ခဲ့သည်။ သည်လိုဧည့်သည်မျိုး တွေများ လာသောအခါ အိမ်ရှင်ကမ္ဘာမြေကြီးသည် ချိုင့်ခွက် အပေါက်ရာ ဇရပွနှင့် ထုံးဂေါ်လီလေးတစ်လုံးလို ဖြစ်သွားတော့သည်။ သည်လို ပုံစံနှင့် ဆိုလျှင် ပွင့်ရန်ကျန်ရှိနေသေးသော အရိမေတ္တေယျဘုရားရှင် ပွင့်ထွန်း ပေါ်ပေါက်ပြီးပါက ဘုရားငါးဆူ ပွင့်ထွန်းပေါ်ပေါက်ခဲ့ဖူးသည်ဟူသော ဤဘဒ္ဒ ကမ္ဘာကြီးသည် စကြဝဠာကြီးအတွင်းမှ အပြီးတိုင် ပျောက်ကွယ်သွားမည့် အလားအလာမှာ သေချာနေတော့သည်။သဗ္ဗညုတဘုရားရှင်တို့၏ နှုတ်ထွက် စကား ဟောတရားများ ဖြစ်သဖြင့်လည်း မည်သည့်အခါမျှ ယွင်းမှား တိမ်းချော်ခြင်း မရှိနိုင်ပေ။

ကျွန်တော်တို့ ကျူးလွန်ခဲ့သမျှ ပြစ်မှုတို့ကို ပြန်ကြည့်ကြဦးစို့။

ကျွန်တော်တို့ ကိုယ်ခန္ဓာအသီးသီးမှထွက်သော အညစ်အကြေးမှန်သမျှကို ဤမြေကြီးပေါ်မှာ စွန့်ပစ်သည်။ ကမ္ဘာမြေကြီးကား ဘာမျှမပြော။ တံတွေး၊ နှပ်၊ မစင်၊ ဆီး၊ နောက်ဆုံး အလောင်းကောင်၊ အပုပ် ကောင်စသည်ဖြင့် စွန့်ပစ်သမျှအားလုံးကို ကမ္ဘာမြေကြီးက လက်ခံခဲ့သည်သာ။

လူသားအချင်းချင်း သေကြေပျက်စီးစေနိုင်မည့် ရေမြုပ်ဗုံးအဏုမြူဗုံး စသည်တို့ကို လူနေနည်းပါးရာ ဒေသများ၌ စမ်းသပ်ဖောက်ခွဲကြသည်။ ကမ္ဘာမြေကြီးကား ဘာမျှမပြော။ သူ့အိမ်၊ ကိုယ့်အိမ်၊ သူ့ခြံ၊ ကိုယ့်ခြံမှသည် သူ့အုပ်စု၊ သူ့အဖွဲ့အစည်းဖြင့် ကမ္ဘာမြေကြီးကို ကိုယ်ပိုင်ပစ္စည်း သဖွယ် အသုံးချ၍ အချင်းများရန်ဖြစ် စကားများနေသမျှတို့ကိုလည်း ကမ္ဘာမြေကြီးကား ဘာမျှမပြော။

ကမ္ဘာမြေကြီးဘက်မှ အိမ်ရှင်ဝတ္တရားကျေပွန်သလောက် ကျွန်တော်တို့ကား ကမ္ဘာမြေကြီးပေါ်၌ မထီမဲ့မြင်ပြုနိုင်လွန်းလှသည်။ ကျွန်တော်တို့သည် ဧည့်သည်ဝတ္တရားကို ကျူးလွန်ဖောက်ဖျက် အိမ်ရှင် ကမ္ဘာမြေကြီးအပေါ် ရက်စက်နိုင်လွန်းလှသည်။ ကျွန်တော်တို့သည် ဧည့်သည် အချင်းချင်း ''ဧည့်သည်ခန်း''အတွင်း ခေတ္တခဏ ရောက်လာခိုက် အရှက်အကြောက်ကင်းမဲ့စွာ ရန်ဖြစ်နေသည်နှင့် တူလှသည်။ သူများအိမ်ထဲ အားမနာ လျှာမကျိုး ထိုးထိုးထောင်ထောင် ပြုမူသူတွေနှင့် တူလှသည်။

ဧည့်သည်ဟူသည့် အဓိပ္ပါယ်ကိုက ခေတ္တခဏသာ လာရောက် နားနေခွင့်ရသည်ဟူသည့် အဓိပ္ပါယ်ဖြစ်သည်။ ဤသည်ကို နားမလည်။ ဧည့်သည်သည် အိမ်ရှင်ကို မစော်ကားရဆိုသော သဘာဝစည်းကမ်းကို ကျွန်တော်တို့ မလိုက်နာ။ ဧည့်သည်အချင်းချင်းကိုလည်း သူလည်း ဧည့်သည်၊ ကိုယ်လည်း ဧည့်သည်ပါလားဟု မမြင်။ အိမ်ရှင်ကို အားနာရမှန်း၊ အိမ်ရှင်အပေါ် အလိုက်သိတတ်ဖို့လိုမှန်း ကျွန်တော်တို့ မဆင်ခြင်၊ ဧည့်သည် ခန်းအတွင်း၌ ဧည့်သည်အချင်းချင်း ဖြစ်နေသောရန်ပွဲသည် အိမ်ရှင်ကို မည်မျှအထိ ဂုဏ်သိက္ခာကျဆင်းစေသည်ကိုလည်း ထည့်မတွက်။

ကျွန်တော်တို့သည် ဧည့်သည်ခန်းအတွင်း၌ ဧည့်သည်ကောင်း တစ်ယောက်လို နေတတ်ထိုင်တတ်ဖို့ အများကြီး ကြိုးစားအားထုတ်ရဦးမည်။





သဘာဝတရားကြီးထဲမှ သင်ယူစရာရှိသည်များကို အများကြီးသင်ယူရ ဦးမည်။ မိတ်ဆွေယောင်ဆောင်၍ အနားကပ် နှိပ်စက်နေသော အဝိဇ္ဇာနှင့် တဏှာကို အမြစ်ပြုတ်အောင် ဉာဏ်စွမ်းဖြင့် ဖယ်ရှားဆွဲနုတ်ရဦးမည်။

လုပ်စရာတွေ အများကြီးရှိနေသည်။ ယူတတ်လျှင် တာဝန်တွေ ချည်း ဖြစ်သည်။ ကိုယ့်ကိုယ်ကို တာဝန်ယူတတ်ဖို့ လိုသလို အိမ်ရှင်ကမ္ဘာ မြေကြီး လှပသာယာဖို့ အများကြီးတာဝန်ယူ စွမ်းဆောင်ရဦးမည်။ ကမ္ဘာ မြေကြီးအတွက် တာဝန်ယူခြင်း၊ ဧည့်သည်အချင်းချင်း ကိုယ်ချင်းစာ နားလည် ခြင်းဖြင့် ကမ္ဘာမြေကြီးကို ကျေးဇူးပြန်ဆပ်ရဦးမည်။ တစ်ချိန်က ရယူလိုခြင်း တည်းဟူသော တစ်ဖက်သတ်သဘောထားများဖြင့် ကမ္ဘာမြေကြီးအပေါ်၌ အကြွေးတင်ခဲ့သော ကျွန်တော်တို့သည် ကမ္ဘာမြေကြီး ငြိမ်းချမ်းသာယာ ရေးအတွက် ကျွန်တော်တို့၏ ပြုစုစောင့်ရှောက်ထိန်းသိမ်း ဆောင်ရွက်ကူညီ လိုသော ပေးဆပ်ခြင်း စိတ်အသစ်များဖြင့် ပြန်၍ကျေးဇူးဆပ်ရပေဦးမည်။

သဗ္ဗညုတဉာဏ်မြတ်စွာဘုရားတို့၏ သဘာဝဓမ္မ အဆုံးအမများအား ခန္ဓာဉာဏ်ရောက် လေ့လာမှတ်သား၊ သင်ကြားနာယူ၊ ဆည်းပူးအားထုတ် ခဲ့ခြင်း အကြောင်းကြောင့်ပင်လျှင် ကျွန်တော့်တွင် ကြီးစွာသောအကျိုးကျေးဇူး ရခဲ့ပေပြီ။

ငါးမှာ သည်ဘဝ၊ သည်ခန္ဓာဖြင့် သည်တစ်ခေါက် ''ဧည့်သည် ခန်း''အတွင်းသို့ လူသားတစ်ဦးအဖြစ် ရောက်ခဲ့ရသည့် ကျွန်တော်သည် အိမ်ရှင်ဖြစ်သူ ကမ္ဘာမြေကြီးအတွက် ''လာခြင်းကောင်းသောဧည့်သည်'' တစ်ဦးအဖြစ် ကြိုးစားနေထိုင်လိုစိတ်များ ဖြစ်ပေါ်လာခြင်းတည်းဟူသော အကျိုးတရားများ ရရှိလာခဲ့ခြင်း ဖြစ်ပါတော့သည်။

၁၄–၁–၂၀၀၂



<u>သတိပဋ္ဌာန်တရား အားထုတ်နေခြင်းသည်ပင်လျှင် ဘုရားရှင်ကို ကျေးဇူးဆပ်နေခြင်း ဖြစ်သလို၊ ဘုရားရှင်လိုလားတော်မူသော အကျင့်တရားနှင့် ဘုရားရှင်အား ကျေးဇူးဆပ်နေခြင်းသည်ပင်လျှင် ဘုရားရှင် မျက်မှောက်ပြုသွားခဲ့ရာ နိဗ္ဗာန်သို့ ဘုရားရှင်၏ နောက်လိုက်တပည့်သား တစ်ဦးအဖြစ် တစ်ချိန်ချိန်တွင် မျက်မှောက်ပြုနိုင်လိမ့်မည်ဟု ကျွန်တော့်စိတ်တွင် အခိုင်အမာယုံကြည်ထားပြီး ဖြစ်ပါသည်။</u>

# “စိတ်”ကို သက်နှံးသတ်၍ နေပါ့မယ်

ကျွန်တော်သည် လောကကြီးအတွင်းသို့ ဧည့်သည်တစ်ဦးအဖြစ် ရောက်ရှိနေသူ ဖြစ်ပါသည်။ထို့ထက်ပို၍ ရဟန်းလောက အတွင်းသို့ ဧည့်သည် တစ်ဦးအဖြစ် ယာယီရောက်ရှိနေခြင်းမျှသာ ဖြစ်ပါသည်။

သတိပဋ္ဌာန်တရားကို သတိဉာဏ်သက်ဝင်သည်အထိ စူးစူး စိုက်စိုက် ထဲထဲဝင်ဝင် စိတ်ပါလက်ပါ အားထုတ်လာမိသောအခါ တွေ့ထိ သိရှိလာရသော တရားတော်မှတစ်ဆင့် တရားပိုင်ရှင်ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား မျက်မှောက်ဖူးတွေ့လိုက်ရဘိသကဲ့သို့ ခံစားကြည်ညိုလာမိပါသည်။ သည့်နောက် ဘုရားရှင်၏ အဆုံးအမများကို လိုက်နာစောင့်ထိန်းနေကြကုန်သော သံဃာတော်အရှင်မြတ်အပေါင်းကို သတိဉာဏ်နှင့်ယှဉ်သော ကြည်ညိုမှုဖြင့် ကြည်ညိုလာမိပြန်ပါသည်။

သည်တော့မှပင် သရဏဂုံသုံးပါးဟူသည် ကျွန်တော့်ရင်ထဲတွင် လေးနက်မှုရှိလာပါတော့သည်။ ကျွန်တော့်စိတ်ထဲတွင် တန်ဖိုးမဖြတ်နိုင်သော ရတနာသုံးပါးကိုဖြင့် ငါအမှန်တကယ်တွေ့ပြီဟု ခံယူလာမိပါသည်။

ထိုအခါ လမ်းပေါ်၊ လမ်းတကာ၊ နေရာတကာ၊ မြင်သင့်သော

နေရာ၊ မမြင်သင့်သောနေရာ အသီးသီး၌ မည်သည့် သံဃာကိုတွေ့တွေ့၊ သံဃာဟုသာ နှလုံးသွင်းမိပါတော့သည်။ သူ့ဘက်က ဘယ်လိုပြယုဂ်တွေရှိရှိ ကိုယ့်ဘက်ကမူ "သံဃံ သရဏံ ဂစ္ဆာမိ"ပျောက်မသွားဖို့ အဓိကဟု ခံယူထားပါသည်။

ကြေးညှော်ညစ်ထပ်၊သင်္ကန်းပတ်၍ သပိတ်အစွမ်းအပွဲနှင့် ဈေးဆိုင်၊ ရပ်ရွာ၊ အိမ်လည်လှည့်၍ အလှူခံသည်ကို တွေ့ရသောအခါ၌လည်း စိတ်ပျက်ခံစက်ခြင်း မရှိတော့ပါ။ သူလုပ်တာ သူ့အကြောင်းပဲလေ၊ ကိုယ့်စိတ်ထဲ ဖြစ်ပေါ်လာတာက ကိုယ့်အကြောင်းပါပဲဟု နှလုံးသွင်းကာ ကိုယ့်စိတ်ကိုသာ ပြန်ကြည့်ပါသည်။

ထိုအချိန်အခိုက်အတန့်တွင် ကိုယ့်စိတ်ထဲ၌ မောဟခိုနား၍ တွေဝေလွင့်မျော၊ အတွေးရေယဉ်ကြောပေါ် ရောက်နေချိန်ဆိုပါက ခုန သမုတိသံဃာ၏ ဗဟိဒ္ဓအဆင်းသဏ္ဌာန်ကို မြင်ရသောအခါမှ ရင်ထဲမှာ တည်ထားသော သံဃံ သရဏံ ဂစ္ဆာမိကို သတိရမိပါသည်။ ထိုအခါ ထိုသည့်သံဃာကိုပင်လျှင် ကျေးဇူးတင်ကြည်ညိုစိတ်တွေ ဖြစ်မိလိုက်ပါသေးသည်။

ဤသည့်နောက် ဆွမ်းခံ ကိုရင်လေးထံမှ ရရှိသော သီလပေးတရားမှသည် ဓမ္မာသနပလ္လင်ထက်၌ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ အသံနေအသံထားတို့ဖြင့် သစ္စာတရားကို ဟောကြားတော်မူနေကြသည့် ဓမ္မကထိကအကျော်အမော်ကြီးများ၏ တရားဒေသနာတို့အဆုံး၊ အားလုံးသည် ဘုရားရှင်၏ အဆုံးအမ 'ဓမ္မ'များပါကလားဟု နှလုံးသွင်းခံယူမိပါသည်။

ဘုရားရှင်ကို သတိရလိုက်ပုံကတော့ မပြောပါနှင့်တော့။

သံဃာကို တွေ့တော့လည်း သံဃာတို့၏ ခေါင်းဆောင်ရှေ့သွား၊ မြတ်ဘုရားကို သတိရ၊ တရားနှင့်တွေ့တော့လည်း မူလတရားပိုင်ရှင် ဖြစ်တော်မူသော မြတ်ဘုရားကို သတိရ၊ သတိရ၊ အောက်မေ့ ကြည်ညို၍ မဆုံးနိုင်တော့ပါပေ။

ဤသည့် ကြည်ညိုစိတ် အရှိန်အဟုန်တို့ကြောင့်ပင်လျှင် ၂၀၀၁-ခုနှစ်၊ မေလကုန်ပိုင်းလောက်က ကျွန်တော် တရားစခန်းဝင်ဖြစ်ခဲ့ပါတော့





သည်။ တရားစခန်း(၁၀)ရက်၊ (၁၅)ရက်စသည်ဖြင့် မကြာခဏဝင်ခဲ့ဖူးသော်လည်း ရက်ရှည်တရားစခန်း ကျွန်တော် မဝင်ဖြစ်ခဲ့သေးပါ။ သည်တစ်ခါတော့ ရက်ရှည်ဝင်ကြည့်ချင်၏။ မည်မျှအတိုင်းအတာအထိ ဝင်လျှင်ကောင်းမည်လဲဟု စဉ်းစားကြည့်၏။ ကျွန်တော် မရှိလည်း လုပ်ငန်းတို့လည်ပတ်နိုင်အောင် ကျွန်တော်၏ လုပ်လက်စ မဂ္ဂဇင်းကိစ္စ၊ စာအုပ်ကိစ္စတို့ကိုဖြည့်ဆည်းဆောင်ရွက် စီမံပေးခဲ့ပြီးနောက် ရွှေမင်းဝံသာသနာ့ရိပ်သာသို့ ကျွန်တော် ဝင်ရောက်ခဲ့ပါသည်။ စိတ်တွင် အဓိဋ္ဌာန်ခဲ့သည်မှာ ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူခဲ့သည့် (၄၅)ဝါကာလကို ကြည်ညိုပူဇော်ကျေးဇူးဆပ်လိုသော စေတနာကို အဓိပတိထား၍ (၄၅)ရက်တိတိ ရိပ်သာဝင်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

တရားစခန်းအတွင်း၌ တစ်ရက်ကုန်သွားလေတိုင်း ဘုရားရှင်၏ မြတ်ဗုဒ္ဓဘုရားအဖြစ် အသက်ရှင်နေထိုင်ခဲ့ခြင်းတွေ တစ်ဝါပြီးတစ်ဝါ လျော့သွားပါပေါ့လားဟု နှလုံးသွင်းမိပါသည်။ ဘုရားရှင်၏ ဝါတော်အစဉ်နှင့် ဖြစ်တော်အစဉ်ကို အတန်အသင့်လေ့လာထားခဲ့သဖြင့် သည်အချိန်ကာလဆိုရင် ဘုရားရှင် ဘယ်နေရာမှာ ဘယ်လိုသီတင်းသုံးလို့ ဘယ်လို တရားတွေဟောနေခဲ့တာပေါ့ဟု သတိတရဖြစ်မိပါသည်။

နောက်ဆုံး (၄၅)ဝါပြည့်ခါနီး ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့မည်ကို သိရသောအခါ ရင်ထဲမှာ မချိမဆံ့ခံစားလာရပါတော့သည်။ သို့သော် မျက်မှောက်ကာလမှာက တရားစခန်း(၄၅)ရက်ပြည့်တော့မှာဖြစ်၍ အိမ်သို့ပြန်၊ ကိုယ်လုပ်နေကျအလုပ် ပြန်လုပ်၍ စိတ်ချမ်းသာစရာဟု ထင်မြင်နိုင်ပါသည်။ ကျွန်တော်ကား ဤသို့မဟုတ်။ ကိုယ့်အဓိဋ္ဌာန်နှင့် ကိုယ်ဖြစ်၍ ကိုယ့်အတတ်ကိုယ်စူးကာ မရှုမလှခံရပါတော့သည်။

အားထုတ်နေသည်က သတိပဋ္ဌာန်တရားအဓိပတိထား နေသည်က ဗုဒ္ဓါနုဿတိလို ဖြစ်နေသဖြင့် ဝိပဿနာဉာဏ်များ ထင်သလောက် မပေါက်ရောက်ခဲ့ပါပေ။ ဘုရားရှင်ကို ကြည်ညိုသတိရစိတ်တွေသာ ပိုလို့နေခဲ့ပါသည်။ သို့သော် ကျွန်တော်၏ တစ်ကိုယ်ရေတစ်ကာယအတွက်မူ ဘုရားရှင်အား အကျင့်တရားဖြင့် ကျေးဇူးဆပ်နိုင်ခဲ့ပြီဟု ခံယူရင်းက တရားထူးမရသော်လည်း

မမွေ့ပီတိအရှိန်အဟုန်ကြောင့် စိတ်အေးမြခဲ့သည်ကား အမှန်ပင်။

မူလတရားပိုင်ရှင် ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဤသို့ဤနှယ် ကျေးဇူးဆပ်လိုက်ရမှ ကျွန်တော် ဘဝင်ကျသွားရပါသည်။ သို့သော် ကျွန်တော့်တွင် လိုအပ်ချက်တစ်ခု ကြွင်းကျန်ခဲ့လေသည်။ အခြားမဟုတ်။ ထိုတရားစခန်း (၄၅)ရက်တွင် ကျွန်တော်သည် ''လူဝတ်ကြောင်''ဖြင့် တရားအားထုတ်ဖြစ်ခဲ့ခြင်း ဖြစ်သည့်အတွက် ဘုရား၏သားတော် သံဃာတစ်ပါးအနေဖြင့် ကျေးဇူးဆပ်လိုက်နိုင်ခြင်းမရှိပါ။ ကျေးဇူးတော့ ဆပ်ခဲ့ပါသည်။ သို့သော် အင်္ဂါရပ် မပြည့်စုံဟု ဆိုရပါမည်။

ထို့အတွက် ဒုတိယအကြိမ် ကျေးဇူးဆပ်ရန် ပြင်ဆင်ရပြန်ပါသည်။ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၌ ရဟန်းဝတ်ဖြင့် တရားစခန်း (၃)ပတ်၊တစ်လတာ အားထုတ်ဖြစ်ခဲ့ပါ၏။ ၂၀၀၂-ခုနှစ် သကြိန်တွင်း ကာလဖြစ်၏။ ထို့နောက် တတိယအကြိမ် ၂၀၀၂-ခုနှစ်၊ ဝါတွင်း(၃)လတာကာလ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း တရားအားထုတ်နိုင်ရန်အတွက် မဟာစည်ရိပ်သာကြီး၏ ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းသို့ ဝင်ရောက်ခဲ့ပါသည်။ မဟာစည်ရိပ်သာကြီး၏ သိမ်တော်၌ပင် ရဟန်းခံသည်။ ပြီးလျှင် ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်း၌ သမုတိသံဃာတစ်ပါးအဖြစ် သီတင်းသုံးရင်း ရက်ပေါင်း(၉၀) သုံးလတာကို သတိပဋ္ဌာန်ရှုမှတ်ပွားများမှုဖြင့် ဖြတ်သန်းခဲ့ပါသည်။

ဘဝသံသရာအဆက်ဆက်တွင် တွယ်ကပ်နိုအောင်းလာခဲ့သော အနုသယကိလေသာတို့နှင့် အကြိတ်အနယ် တိုက်ပွဲဝင်ခဲ့ရပါသည်။ မိုးတွေကသည်းသည်းမဲမဲ၊ ရွာမစဲ၊ ရင်ထဲမှာလည်း ကိလေသာမိုးတွေက ရွာသွန်းဖြိုးမစဲ။ ရှုမှတ်ရင်းပေါ်လာ၊ ရှုမှတ်ရင်းပေါ်လာနှင့် နားသည်ဟူ၍မရှိ။ လူအိပ်သော်လည်း ကိလေသာက မအိပ်၊ လူနားချင်သော်လည်း ကိလေသာက မနား။ ကိလေသာနှင့်လူ၊ လူနှင့်ကိလေသာ ခွာ၍မရအောင် ပူးကပ်နေပါရော့လား။ အနုသယဟူသော 'ကော်'က အားကောင်းလွန်း၊ ကပ်နိုင်လွန်းလှပါတကား။ကြာတော့ လူကသာ မောလာသည်။ ကိလေသာကား မမောသေးပါပေ။





ဤသို့ဖြင့် သုံးလတာ အချိန်တွေ ကုန်သွားခဲ့သည်။

ကိလေသာကား မကုန်။

သည်ကိလေသာတွေ မကုန်နိုင်သေးသရွေ့ ဘယ်မှာ အပြီးတိုင် စိတ်ချလက်ချ နေနိုင်ပါ့မလဲ။ ဘယ်မှာ အပြီးတိုင် ငြိမ်းချမ်းမှုရှိနိုင်ပါ့မလဲ။ ရန်သူတစ်ယောက်၊ နှစ်ယောက် ကျဆုံးတာကို တွေ့ရရုံမျှနှင့် စစ်ပွဲကြီးတစ်ခုလုံးအောင်နိုင်ပြီဟု မဆိုနိုင်သေး။ စိတ်တည်းဟူသော စစ်မြေပြင်တွင် ကိလေသာဟူသော ရန်သူအပေါင်းတို့ မြူတစ်စမကျန် ကျဆုံးကုန်မှသာ အပြီးတိုင် စိတ်အေးရပေမည်။ သို့မဟုတ်ပါက တိုက်ပွဲလေး နားလိုက်၊ ဟိုတက်သည်ဘက် အပြန်အလှန်ပစ်လိုက်နှင့် စစ်နိုင်ခြင်း၊ စစ်ရှုံးခြင်း ဟူသော အဖြေကား ပေါ်လာမည်မဟုတ်။

သို့ဖြင့် အင်အားပြန်ဖြည့်ရသည်။ လူ၊ လက်နက်၊ ရိက္ခာစုဆောင်းရသည်။ စိတ်တည်းဟူသော စစ်မြေပြင်၌ ကိလေသာရန်သူတွေနှင့် ရင်ဆိုင်တွေ့ဆုံ ချေမှုန်းနိုင်ဖို့ ဖြစ်သည်။ ''လူသေရင်သေ၊ မသေရင် ကိလေသာသေ''ဟူသော ရှေးဆရာတော်ကြီး၏စကားသည် အားဆေးသဖွယ် ဖြစ်၏။

လူဝတ်ကြောင်ဖြင့် (၄၅)ရက်တာ အကျင့်မြတ် သတိပဋ္ဌာန်တရားအားထုတ်၍ ဘုရားရှင်ကို ကျေးဇူးဆပ်ခဲ့ပြီးပြီ။ ညွှန့်သံဃာတစ်ပါးအဖြစ် ခံယူ၍ တစ်လတာ၊သုံးလတာ အကျင့်မြတ်သတိပဋ္ဌာန်တရားဖြင့် ဘုရားရှင်ကို ဒုတိယမ္ပိ၊ တတိယမ္ပိ ကျေးဇူးဆပ်ခဲ့ပြီးပေပြီ။ ယခု စတုတ္ထအကြိမ်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်လား မပြောတတ်။ ကျွန်တော်အာရုံပြုကြည်ညို၍ ကျေးဇူးဆပ်ခဲ့သည်မှာလည်း ဘုရားရှင်၏ သက်တော်ထင်ရှား (၄၅)ဝါကာလ၊ ယခုအချိန်အထိဆိုပါလျှင် ကျွန်တော်၏ လူ့ဘဝ၌နေထိုင်ခွင့်ရခဲ့သော နှစ်အရေအတွက်ကလည်း (၄၅)နှစ်။ အများသုံးအရပြောရလျှင် (၄၅)နှစ်မြောက်မွေးနေ့။ ထို့ကြောင့် ထိုနေ့၌ ဘုရားရှင်၏သားတော်အဖြစ်သို့ ခံယူခဲ့ပြန်ပါသည်။ အဓိကမှာ တရားအားထုတ်ဖြစ်ဖို့ပင်။ ရဟန်းဘဝဖြင့် တရားအားထုတ်ခြင်းသည် ပလိဗောဓနည်းစွာဖြင့် ထိထိရောက်ရောက်အားထုတ်ခွင့်ရသောကြောင့်လည်း ဖြစ်ပါသည်။

ကိုယ့်ရည်ရွယ်ချက်၊ ကိုယ့်အဓိဋ္ဌာန်၊ ကိုယ့်လမ်းကြောင်း။ ကိုယ့်

ဘဝပုံစံ၊ ကိုယ့်အာရုံပြုပုံနှင့်ကိုယ် ဖြစ်ပါသည်။ ကျွန်တော်ကား ရတနာ သုံးပါးကို အနှိုင်းအဆမဲ့ လွတ်လွတ်လပ်လပ် ကိုးကွယ်ကြည်ညိုလိုသူ ဖြစ်ပါသည်။ အနှောင်အဖွဲ့ကင်းကင်းနှင့် ကိုယ်ပိုင်ဉာဏ်စွမ်းအားဖြင့် ကြည်ညို ပူဇော်လိုသူလည်း ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခုအတွင်း ဝင်ရောက်မှု၊ အဝတ်အစားပုံစံပြောင်းမှု၊ သည်လိုကြည်ညို၊ သည်လိုယုံကြည်ရတယ်ဟု အမိန့်ပေးခံရမှု ယုံကြည် ကြည်ညိုခဲ့သူ မဟုတ်ကြောင်း ကျွန်တော်ကိုယ် ကျွန်တော်သိပါသည်။'

သတိပဋ္ဌာန်တရား အားထုတ်နေခြင်းသည်ပင်လျှင် ဘုရားရှင်ကို ကျေးဇူးဆပ်နေခြင်း ဖြစ်သလို၊ ဘုရားရှင်လိုလားတော်မူသော အကျင့်တရားနှင့် ဘုရားရှင်အား ကျေးဇူးဆပ်နေခြင်းသည်ပင်လျှင် ဘုရားရှင် မျက်မှောက်ပြုသွားခဲ့ရာ နိဗ္ဗာန်သို့ ဘုရားရှင်၏ နောက်လိုက်တပည့်သား တစ်ဦးအဖြစ် တစ်ချိန်ချိန်တွင် မျက်မှောက်ပြုနိုင်လိမ့်မည်ဟု ကျွန်တော့် စိတ်တွင် အခိုင်အမာယုံကြည်ထားပြီး ဖြစ်ပါသည်။

ဤသည့်အတွက် ကျွန်တော် သက်နီးဝတ်၏။ သမုတိသံဃာအဖြစ် ခံယူခဲ့၏။ ပြီးလျှင် သတိပဋ္ဌာန်တရားကို အားထုတ်ဖြစ်နေ၏။ ရဟန်း သံဃာလောက၏ ညီ့သည်တစ်ဦးအဖြစ်သို့ ယာယီဝင်ရောက်နေဖြစ်၏။

ထိုအချိန်တွင် မည်သူက၊ မည်သို့ သတင်းလွှင့်လိုက်သည်မသိ အသံတွေ ဆူညံပွက်လောရိုက်၍ ထွက်လာ၏။ အေးဆေးငြိမ်သက်သော ကမ္မဋ္ဌာန်းရိပ်သာအထိပင် အသံတွေ ရိုက်ခတ်လာ၏။

''ဆရာမြသန်းစံ ရဟန်းဝတ်သွားပြီတဲ့'' ဒါက အပြင်သတင်း။ ကိုယ်တိုင်မျက်နှာချင်းဆိုင်တွေ့သူတို့က ''အပြီး ဝတ်လိုက်တာလား'' တဲ့ ...။ ထို ''အပြီး''ဟူသော စကားကို စဉ်းစားနေမိ၏။

'ဂန္ထဓုရ'ခေါ် စာပေကျမ်းဂန် သင်ယူပို့ချခြင်းဟူသော အလုပ်နှင့် 'ဝိပဿနာဓုရ'ခေါ် တရားအားထုတ်ခြင်းအလုပ် နှစ်ခုအနက် နှစ်ခုစလုံး လုပ်နိုင်က လုပ်၊ မလုပ်နိုင်က တစ်ခုခုလုပ်ရမည်ဟူသော ရဟန်းဝတ်ခြင်း၏ အဓိပ္ပါယ်ထဲက ယခု 'ဝိပဿနာဓုရ'ကို ရဟန်းဘဝဖြင့် လုပ်ဖြစ်နေခြင်းသည် ပင်လျှင် စည်းကမ်းလိုက်နာနေမှု မဟုတ်ပါလား။ သို့မဟုတ်ဘဲ 'ဂန္ထဓုရ'နှင့်





'ဝိပဿနာဓုရ' နှစ်ခုစလုံး မလုပ်ဘဲ သက်နီးဝတ်၍ သမုတိသံဃာ အခေါ်ခံရုံ သက်သက်ဖြင့် သေသည်အထိ နေသွားရမည့်'အပြီး'ကို ခေါ်တာလား ...။

သို့တည်းမဟုတ် ရဟန်းတရားကို ပြီးအောင်အားထုတ်သွားသည်ကို ဆိုလိုချင်တာလား ...။ (ဒါကတော့ မြင့်လွန်း လှပါသည်။ ဉာဏ်မြင့်လွန်းသူ မှလည်း မေးမည့်မေးခွန်း၊ ထင်မြင်မည့် ထင်မြင်ချက်ဖြစ်ပါသည်။)

အသံများ။ ထင်မြင်ချက်များကို ကြားရသောအခါ စိတ်ထဲမှ ကိလေသာက ပြုံးနေပါလိမ့်မည်။ သည်မှာဖြင့် 'မြသန်းစံ'ဆိုတဲ့ကောင်က ငါ့ကို နိုင်အောင် မနည်းတိုက်နေရတဲ့အထဲ ဘေးက မဆီမဆိုင် လက်ပံသား ခေါ်နဲ့ချိုင်ကြပါပေါ့လားဟူသော အသံကို ကာယကံရှင် 'မြသန်းစံ'က ပြန်ကြားနေရပါသည်။'စိတ်'စစ်မြေပြင်တွင် ကိလေသာနှင့် စီးချင်းထိုးနေသူ တစ်ဦးအဖို့ ဘေးပရိသတ်၏အသံသည် အရေးမကြီးလှပါ။ လူဝတ်ကြောင် ဘဝ၊ သက်နီးဝတ်ဘဝဟူသည်လည်း အဓိကမကျလှပါ။ တစ်ဖန် သက်နီး ဝတ်ဘဝတွင်လည်း 'ယာယီခဏ'နှင့် 'အပြီး' ဟူသည်တို့သည်လည်း အဓိက မကျလှပါ။ မည်သည့်ပုံစံ၊ မည်သည့်အသွင်အပြင်၊ မည်သည့်အနေအထား နှင့်ဖြစ်စေ တစ်ဖန် ရန်သူကိလေသာကို အနိုင်ရဖို့နှင့် ကိုယ်မသေမီ မသေရာ အမတနိဗ္ဗာန်ရောက်နိုင်ဖို့သည်သာ အဓိကအရေးအကြီးဆုံး ဖြစ်ပါသည်။

ကိလေသာတည်းဟူသော ဝါရင့်သူရဲကောင်းကြီးနှင့် မနိုင့်တနိုင် စစ်ထိုးနေရသော ကာယကံရှင်တစ်ဦးအဖို့ သက်လုံကောင်းဖို့၊ ချက်ကောင်းကို ထိုးမိဖို့ သတိပဋ္ဌာန်အလေ့အကျင့်ကို များစွာရယူသွားရဦးမည် ဖြစ်ပါသည်။

ဤနေရာတွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီး ဆုံးမခဲ့ဖူးသောစကားကို ပြန်သတိရမိပါသည်။ ကျန်ခဲ့သော (၆)နှစ်ကျော်က သဒ္ဓါတရားအပြောင်းအလဲကြောင့် သဒ္ဓါအားထက်သန်၍ ရဟန်းပြုမည်ပြောခဲ့စဉ် ဆရာတော်ဘုရားကြီး ဆုံးမခဲ့သော စကားဖြစ်ပါ သည်။

''ဦးမြသန်းစံရဲ့ ..၊လူကို သက်နီးမပတ်ချင်ပါနဲ့၊ စိတ်ကိုသာ သက်နီးပတ်ထားစမ်းပါ၊ ကျုပ်ဆီကို ခင်ဗျားလိုပဲ စာရေးဆရာတစ်ယောက် လာဖူးပါတယ်။ နာမည်ကြီး စာရေးဆရာပါပဲ။ ကျုပ်ဆီမှာတဲ့ ဒုလ္လဘ (၁၀)ရက်

ရဟန်းခံပါရစေတဲ့။ ကျုပ်က ပြောလိုက်တယ်။ ခင်ဗျား ...၊ လူကို သက်န်းပတ်မယ်ဆိုရင် ကျုပ်ဆီကိုမလာခဲ့နဲ့လို့ ...၊အဲဒီလိုကို ငေါက်ပစ်လိုက်ရတယ်။ လူကို သင်္ကန်းပတ်ရုံနဲ့ သံဃာ မဖြစ်ပါဘူးဗျ။ စိတ်ထဲမှာ သာသနာတည်မှ သံဃာဖြစ်မှာဗျ။ ဒါကြောင့် စိတ်ကိုပဲ သင်္ကန်းပတ်ထားစမ်းပါ ဦးမြသန်းစံရာ''

အလွန်လေးနက်သောစကား ဖြစ်ပါသည်။ ဉာဏ်အတိုင်းအတွာ ကျယ်လျှင်ကျယ်သလောက် အဓိပ္ပါယ်လည်း အလွန်ကျယ်ပြန့်လှပါသည်။

ကျွန်တော်သည် ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ရခဲ့ပြီးသည်မှစ၍ စိတ်ကို သင်္ကန်းပတ်သည့် အလေ့အကျင့်ကို စွဲစွဲမြဲမြဲပြုခဲ့သည်မှာ (၇)နှစ်နီးပါးပင် ရှိရော့မည်ဟု ဆိုချင်ပါသည်။ ယခုမှ အခိုက်အတန့်ခဏ လူကို သင်္ကန်းပတ်ခြင်းသာ ဖြစ်ပါသည်။ သို့သော် လူကိုသင်္ကန်းပတ်သော်လည်း စိတ်ကို ပတ်ထားသည့်သင်္ကန်းကို မချွတ်ခဲ့ပါ။ အပြင်ပ အသွင်သဏ္ဌာန်၊ အတွင်းကအနှစ်သာရ ဖြစ်ပါသည်။ ပြောရလျှင် စိတ်အတွင်းပတ်ထားသည့်သင်္ကန်းကတော့ ဆရာသမားအဆုံးအမ ရသည့်နေ့မှစ၍ သေသည်အထိ 'အပြီး'ဖြစ်ပါသည်။ လူအပေါ်ပတ်ထားသည့် သင်္ကန်းကတော့ အခြေအနေအရ ခွာတုံတစ်လှည့်၊ ပြန်ဝတ်တစ်လှည့်နှင့် ရှိနေပါဦးမည်။ ဘဝရှေ့ခရီး၌လည်း သင်္ကန်းပတ်ထားသော 'စိတ်'ဖြင့် ကိလေသာတို့နှင့် ယှဉ်ပြိုင်ရင်ဆိုင် စစ်ခင်းရမည့်အလုပ်ကို ကျွန်တော် ဆက်၍ လုပ်ဆောင်သွားရပါဦးမည်။ ဤသည့်အတွက်လည်း ကျွန်တော် မှုပန်ကြောင့်ကြ ထိတ်လန့်တုန်လှုပ်ခြင်း မရှိတော့ပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်စိတ်ထဲတွင် အခြေတကျ စွဲစွဲမြဲမြဲနေရာယူပြီးဖြစ်သော ''သံဃံ သရဏံ ဂစ္ဆာမိ'' ရှိနေပြီဖြစ်သောကြောင့်ပါတည်း ...။

**၃၀-၁-၂၀၀၃**



- ထို့ကြောင့်ပင် ဘုရားရှင်ကို ရှိနေစေချင်သေးခြင်း ဖြစ်ပါသည်။ မသေစေလိုသေးခြင်း ဖြစ်ပါသည်။အကယ်၍သာ ဘုရားရှင် ရှိနေပါသေးလျှင် သံဃာပရိသတ်၏ ဦးထိပ်ဖျား တန့်ပွဲ၌ထိုင်၍ တင့်တယ်သပ္ပါယ်သော ဣန္ဒြေတို့ဖြင့် ထိုင်၍ဟောဥ်းပေးနေပါလိမ့်မည်။
- ထိုအခါ ဘုရားသားတော်တို့၏ ဘဝသည် မည်မျှအေးချမ်းလိုက်ပါမည်နည်း။
- မည်မျှကျက်သရေ ရှိလိုက်ပါမည်နည်း။
- မည်မျှတင့်တယ် တည်ငြိမ်လိုက်ပါမည်နည်း။
- ပရိယတ် စာသင်တိုက်များ၊ ပဋိပတ်ရိပ်သာများသို့သာ ဘုရားရှင် လှည့်လည်ကြွချီ၍ မားမားမတ်မတ် ရပ်တည်ပေးနေဦးမည် ဆိုပါလျှင် ဗုဒ္ဓသာသနာ၏ အရောင်အဝါသည် အနိုင်းမဲ့ကိုယ်တော်ကြီး၏ အရှိန်အဝါကြောင့် အနိုင်းမဲ့ ထွန်းတောက်နေပါလိမ့်မည်။ သို့သော် ဆန္ဒသာ ဖြစ်ပါသည်။
- ဘဝကား ဘဝဖြစ်ပေသည်။
- ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းဖြစ်ဖို့ရာ လွယ်သည်မဟုတ်ပါ။



<u>အခြားသောဉာဏ်များကား ဘုရားရှင်၏အရာ၌ ကိုယ်နှင့်မထိုက်တန်မှုန်း ရိပ်မိပါသည်။ သို့သော် အာသဝေါတရား ကုန်နိုင်ဖို့ရာကား ဘုရားရှင်သာမက ဘုရားရှင်၏ အဆုံးအမအတိုင်း တစ်သဝေမတိမ်း အားထုတ်နေကြသော သာဝကတို့ ခံစားခွင့်ရှိသည့်အရာ ဖြစ်ပါသည်။ ရှေးရှေး နောင်တော်သံဃာကြီး အစဉ်အဆက် တို့သည်လည်း ခံစား၊ စံစားသွားခဲ့ကြပြီးပြီ။ ဘုရားရှင်အလိုတော်ကျအတိုင်း လိုက်နာကျင့်သုံး နေထိုင်သွားမည်ဆိုပါလျှင် နောက်နောက် သံဃာတော်ငယ်တို့သည်လည်း ခံစားခွင့်၊ စံစားခွင့် ရှိနိုင်သည်သာတည်း။ သံဃာတော်မှမဟုတ် လူဝတ်ကြောင် ဥပါသကာ၊ ဥပါသိကာမတို့လည်း ခံစားခွင့်၊ စံစားခွင့်ရှိသည်သာတည်း။</u>

## သတိရလိုက်တာ အရှင်ဘုရားရယ်....

ရဟန်းဘဝသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း အဓိကရ သတိတရ ဖြစ်နေမိသည်မှာ ဘုရားရှင်ကိုသာလျှင် ဖြစ်ပါသည်။

နှစ်ပေါင်း (၂၅၀၀)တောင် ကျော်လာခဲ့မှပဲ။ ဘာ့ကြောင့် သတိတရ ဖြစ်နေရဦးမှာလဲဟု အသံတစ်သံက မေးမြန်းပါသည်။ ကျေးဇူးကြီးမားသူတို့၏ ကျေးဇူးတရားကို ကျေးဇူးသိတတ်သူ၊ ကျေးဇူးတရား၏ တန်ဖိုးကို နားလည်သူ၊ ကျေးဇူးတရားနှင့်ပတ်သက်၍ ခံစားနားလည် တန်ဖိုးထားတတ်သူတို့သည် မည်သည့်အခါမျှ မေ့လျော့လိမ့်မည် မဟုတ်ကြောင်း ချက်ချင်းပင် ခွန်းတုံ့ပြေဆိုမိပါသည်။

သည်တော့ နှစ်ပေါင်း (၂၅၄၆)နှစ်ဟူသည် ကျေးဇူးသိတတ်သူ၏ ရင်ထဲ၌ မနေ့တစ်နေ့ကလိုပင် ဖြစ်နေပါသည်။ ရင်ထဲမှာ တစိမ့်စိမ့် သနွေ့ တည်လာခဲ့ပြီးနောက် ယခုအချိန်အထိ ချုပ်မရေးရဲသော စာတစ်ပုဒ်ရှိ နေပါသည်။

ဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ပုံ မြင်ကွင်းဖြစ်ပါသည်။

ခေါင်းစဉ်ကလည်း ပေးထားပြီး ဖြစ်ပါသည်။ စကားလုံးတွေလည်း

ရင်ထဲမှာ စီထားသည်မှာ ပြည့်ကျပ်နေပြီ ဖြစ်ပါသည်။ သို့သော် ရေးရန်သတ္တိ မရှိသေးပါ။ ရေးလည်း မရေးရက်ပြန်ပါ။ အဘယ်ကြောင့်နည်း။ ရေးလိုက်မိလျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုခဲ့သည်ကို အတည်ပြု မှတ်တမ်းတင်လိုက်ရာ ရောက်မည်စိုး၍ ဖြစ်ပါသည်။

''အင်ကြင်းရဂုံ၏ မျက်ရည်အဟုန်''ဟု ပေးထားသော ထိုစာစုသည် ရင်ထဲမှာပင် လှည့်လည်စီးမျောလျက် မွန်းကျပ်နေရဆဲ ဖြစ်ပါသည်။ ပိဋကတ်သုံးပုံထဲမှာ ''မဟာပရိနိဗ္ဗာနသုတ်''တောင် တရားဝင်မှတ်တမ်းရှိတာပဲ။ သူ့ကျမှ ပိုပိုနိုင်လွန်းဟု အပြစ်တင်လာပါကလည်း ကျေနပ်စွာပင် ရင်ကော့ခံရတော့မည် ဖြစ်ပါသည်။

အဆောင်အယောင်၊ အခမ်းအနား။ အသုံးအဖွဲ့ကို ခေတ္တဘေးချိတ်၍ ပြောရမည်ဆိုလျှင် စိတ်ထဲမှာ ဘုရား မသေသေးပါ။ ဘုရားရှင်ကိုလည်း မသေစေလိုသေးပါ။ ပရိနိဗ္ဗာန်စံဝင်ချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းကာ အနုပါဒိသေသနိဗ္ဗာန်သို့ ခိုလှုံဝင်ရောက်သွားသည်ကတော့ ဘုရားရှင်၏ ကိုယ်ပိုင်အခွင့်အရေးပဲ ဖြစ်ပါသည်။ ဤအခွင့်အရေးကိုတော့ တားဆီးပိတ်ပင်၍ မရစကောင်းပါ။ ဒါက ဘုရားရှင်ဘက်က အပိုင်းဖြစ်ပါသည်။ ကိုယ့်ဘက်အပိုင်းမှာတော့ ဘုရားရှင်ကို မသေပေးနိုင်သေးပါ။

အဘယ့်ကြောင့် မသေပေးနိုင်ရသနည်းဟု အမေးမဦးမီ တစ်ပါတည်းဖြေထားမှ ဖြစ်ပေမည်။ ဘုရားရှင်ကို အနီးအနားမှာ သီတင်းသုံးနေသည်ကို မြင်နေချင်သေး၍ ဖြစ်ပါသည်။ တတ်နိုင်လျှင် ဘုရားရှင် ဂန္ဓကုဋီတိုက်အတွင်း ကျိန်းစက်နေပါက အရှင်အာနန္ဒာကဲ့သို့ မီးတုတ်ကိုင်၍ ဂန္ဓကုဋီတိုက်ကို ပတ်ကာ ဘုရားရှင်အား စောင့်ရှောက်သည့်တာဝန်ကိုပင် ထမ်းဆောင်လိုက်ချင်ပါသေးသည်။

ဘုရားရှင်ထံမှ အရှင်အာနန္ဒာတောင်းခံသကဲ့သို့ ''ပယ်လေးတန်၊ ခံလေးပါး'' ဆုတွေကိုလည်း တောင်းလိုက်ချင်ပါသေးသည်။ ဘုရားရှင် ဦးဆောင်ကြွချီတော်မူရာ နောက်မှ (နောက်ဆုံးမှပင် ဖြစ်ပါစေ) မထင်မရှား ရဟန်းလေးတစ်ပါးအဖြစ် လိုက်ပါလိုပါသေးသည်။ ဆွမ်းခံကြွရာ သံဃာတန်းကြီး၏ ရှေ့ဆုံးတွင် သုံးလောကထွတ်ထား ဘုရားရှင် ရှိနေပါလား





ဟူသော အသိဖြင့် လုံခြုံနွေးထွေးလိုပါသေးသည်။

ဘုရားရှင်၏ မဟာကရုဏာတော် ကွန်ရက်ကြီးသည် ကိုယ့် အပေါ်မှာ ထာဝရအုပ်မိုးထားသဖြင့် လုံခြုံနွေးထွေးစွာဖြင့် အေးမြချမ်းသာ နေပုံကို ခံစားလိုပါသေးသည်။

**ထိုအရှင်ဂေါတမသည်-**

***ကြွသွားသည်ရှိသော် လက်ယာခြေတော်ဖြင့် ကြွတော်မူ၏။ မဝေးလွန်းရာ၌ ခြေတော်ကို နုတ်ကြွတော်မူ၏။ မနီးလွန်းရာ၌ ခြေတော်ကို ချတော်မူ၏။ မမြန်လွန်းဘဲ ကြွသွားတော်မူ၏။ မနှေး လွန်းဘဲ ကြွသွားတော်မူ၏။ ပဆစ်ဒူးအချင်းချင်း မထိခိုက်စေဘဲ ဖမျက်အချင်းချင်း မထိခိုက်စေဘဲ ကြွသွားတော်မူ၏။***

***ကြွသွားတော်မူသည်ရှိသော် ပေါင်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ တောင့်ထားတော်မမူ၊ ခါတော်မမူ၊ အောက်ပိုင်းကိုယ်ထည်သာလျှင် ၏။ ကိုယ်အားယူ၍ ကြွတော်မမူ၊ ပြန်ကြည့်တော်မူသည်ရှိသော်၊ အလုံးစုံသော ကိုယ်တော်ဖြင့်သာ ပြန်ကြည့်တော်မူ၏။***

***အထက်သို့ မော့ကြည့်တော်မမူ၊ အောက်သို့ ငုံ့ကြည့်တော်မမူ၊ ထိုထို့ဤဤ ကြည့်လျက်သွားတော်မမူ၊ ထမ်းပိုးတစ်ပြန်မျှကိုသာ ကြည့်တော်မူ၏။ ထိုထမ်းပိုးတစ်ပြန်ထက်အလွန်လည်း ထိုအရှင်ဂေါတမအား အပိတ်အပင်မရှိသော ဉာဏ်အမြင်သည် ဖြစ်တော်မူ၏။***

ကြည့်လေ ...ဘုရားရှင်၏ ကာယိန္ဒြေက ဘယ်လောက်ကြည်ညိုစရာ ကောင်းလိုက်ပါသလဲ။ ''မဇ္ဈိမပဏ္ဏာသ ပါဠိတော်''ထဲက ''ဗြဟ္မာယုသုတ်'' ကနေတစ်ဆင့် ဖတ်ပြီး ကြည်ညိုရတာ၊ ဗြဟ္မာယုပုဏ္ဏားကြီးက ဘုရားဟုတ် မဟုတ် တပည့်ဖြစ်သူကို စုံစမ်းခိုင်းရာက တပည့်ဖြစ်သူ သူ့ရဲ့တွေ့ရှိချက်ကို ဆရာသမားဖြစ်သူ ဗြဟ္မာယုပုဏ္ဏားကြီးထံ အစီရင်ခံပြန်တင်တာလေ ....။

ရဟန်းဘဝရောက်သူတိုင်း မလွဲမသွေ ထမ်းဆောင်ရသော တာဝန်တစ်ခုဖြစ်သည့် ဆွမ်းခံကျင့်ဝတ်ကို ကျင့်သုံးနေစဉ်အတွင်း ဗြဟ္မာယုသုတ်ပါ ဘုရားရှင်၏ သွားလာ၊ လျှောက်လှမ်းပုံတွေကို မြင်ယောင်နေမိပါသေးသည်။

နောင်လာ နောက်သား တပည့်သားတို့အား သိမ်မွေ့သောအမူအရာကို ကိုယ်တိုင်ဆောင်ပြခြင်းဖြင့် သင်ကြားပြသပေးသွားသော အားလုံး၏ တစ်ဆူတည်းသော ဆရာဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးပါလားဟု ဦးခိုက်ကြည်ညိုမိနေပါသေးသည်။

***ထိုအရှင်ဂေါတမသည် ရွာတွင်းသို့ ဝင်တော်မူသည်ရှိသော်–***

***ကိုယ်ကို မြှောက်တော်မမူ၊ တောင့်ထားတော်မမူ၊ ခါတော်မမူ၊ နေရာ၏ မနီးလွန်း၊ မဝေးလွန်း၌ ကိုယ်ကို လှည့်တော်မူ၏။ လက်ဖြင့် ထောက်၍ နေရာ၌ ထိုင်တော်မမူ၊ နေရာ၌ ကိုယ်ကို လှဲပစ်ချတော်မမူ။***

***ရွာတွင်း၌နေတော်မူသည်ရှိသော် လက်ဆော့တော်မမူ၊ ခြေဆော့တော်မမူ၊ ဒူးဆစ်အချင်းချင်းတင်၍ ထိုင်တော်မမူ၊ ဖမျက်အချင်းချင်းတင်၍ ထိုင်တော်မမူ၊မေးကို ထောက်၍လည်း ထိုင်တော်မမူ။***

***ရွာတွင်း၌ နေတော်မူသည်ရှိသော် မကြောက်ရွံ့၊ မတွန့်ဆုတ်၊ မတုန်လှုပ်၊ မချောက်ချား။ ထိုအရှင်ဂေါတမသည် မကြောက်မရွံ့၊ မတွန့်ဆုတ်၊ မတုန်လှုပ်၊ မချောက်ချားဘဲ ကြက်သီးမွေးညင်းထမှု ကင်းသည် ဖြစ်၍ ကင်းဆိတ်ရာ(နိဗ္ဗာန်)၌ တည်သောစိတ်ရှိသည် ဖြစ်၍လည်း နေတော်မူ၏။***

မှတ်တမ်းတင်ခဲ့သူ ဗြဟ္မာယုပုဏ္ဏားကြီး၏ တပည့်ဖြစ်သူကိုပင် ကျေးဇူးတင်ရမည် ဖြစ်ပါသည်။ အသေးစိတ် အတိအကျ မှတ်တမ်းတင်ထားနိုင်မှုသည်ပင်လျှင် သူတို့ခေတ်ကာလ၏ ထူးချွန်သောအရည်အချင်း တစ်ရပ်ဟု အသိအမှတ်ပြုရမည်ပင်။ ဤမှတ်တမ်းကြောင့်ပင်လျှင် ဘုရားရှင်ကို မျက်မြင်ကိုယ်တိုင် ဖူးတွေ့ကြည်ညိုနေရသကဲ့သို့ ခံစားနေ ရလေသည်။

ထိုသောအခါ ရဟန်းဘဝရောက်ဆဲဓလာ တော်၏လျှော်၏။ ဘုမသိဘမသိ၊ စမ်းတဝါးဝါး နေထိုင်သွားလာလို့ မဖြစ်မှန်း ရိပ်မိလာ၏။ ဟိုမှာတွေ့လား ....ဘုရားရှင် ရှိနေတယ်လေ။ ဘုရားရှင် ဘယ်လိုနေထိုင်ပြသွားသလဲ။ သတိကင်းလွတ်၊ လက်လွတ်စပယ်၊ ပစ်စလက်ခတ် အမူအရာ တစ်ခုမျှမပါ။ သမထာသာရုပ္ပအပြည့်။ မမေ့မလျော့မပေါ့မဆသတိတရားတွေ





အပြည့်။ တမင် လူအထင်ကြီးစေဖို့ လုပ်ယူနေသော အမူအရာ ဟန်ပန်တွေလည်း မဟုတ်။ ဉာဏ်တော်သာလျှင် ရှေ့သွားခြင်းရှိသည်ဟူသော ဘုရားရှင်တို့၏ ကိုယ်ပိုင်အမူအရာ ဟန်ပန်များသာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဉာဏ်တော်အလိုကျသော လှုပ်ရှားပြုမူနေရသော ကိုယ်ကာယ အမူအရာများပင်တည်း။

ဆွမ်းခံ၊ ဆွမ်းဘုဉ်းပေးပုံကိုလည်း ဆက်၍ကြည်ညိုပါသေးသည်။

***ထိုအရှင်ဂေါတမသည် ဆွမ်းကို ခံယူသည်ရှိသော် သပိတ်ကို မြှောက်တော်မမူ၊ တောင့်ထားတော်မမူ၊ ခါတော်မမူ၊ မနည်းလွန်း၊ မများလွန်းသော ဆွမ်းကို ခံတော်မူ၏။***

***ထိုအရှင်ဂေါတမသည် – ဟင်းကို ပမာဏဖြင့် သုံးဆောင်တော်မူ၏။ ဟင်းဖြင့် ဆွမ်းလုတ်ကို လွန်စေတော်မမူ။ ခံတွင်း၌ ဆွမ်းလုတ်ကို နှစ်ကြိမ်၊ သုံးကြိမ် လှော၍ မြိုချတော်မူ၏။ တစ်စုံတစ်ခုသော ထမင်းဝါးဖတ်သည် မကြေညက်ဘဲ ထိုအရှင်ဂေါတမ၏ ကိုယ်တော် သို့မဝင်၊ တစ်စုံတစ်ခုသော ထမင်းဝါးဖတ်သည် ထိုအရှင်ဂေါတမ၏ ခံတွင်း၌ မကြွင်းကျန်။***

***ထို့အပြင် ဆွမ်းလုတ်ကို ညွှတ်လျက် အရသာကို သိသည် ဖြစ်၍သာ ထိုအရှင်ဂေါတမသည် အာဟာရကို သုံးဆောင်တော်မူ၏။ အရသာကို တပ်မက်သောအားဖြင့် သုံးဆောင်တော်မမူ။ မြူးထူးရန်၊ မာန်ယစ်ရန်၊ တန်ဆာဆင်ရန်၊ အသားအရေ ဖွံ့ဖြိုးတိုးပွားရန် သုံးဆောင်တော်မူသည် မဟုတ်။ ဤကိုယ်၏ တည်တံ့ရန်သာ၊ မျှတရန်သာ၊ ပင်ပန်းခြင်း ငြိမ်းရုံမျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ရန်သာ သုံးဆောင်မှီဝဲ၏။***

***ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်လည်းကောင်း၊ ချမ်းသာစွာနေရခြင်းသည်လည်းကောင်း၊ ဖြစ်လိမ့်မည်ဟု အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အာဟာရကို သုံးဆောင်၏။***

သဗ္ဗညုတဉာဏ်တော်ကြီး ကိန်းအောင်းပြီးဖြစ်သော်လည်း ရထား

သော ဘဝခန္ဓာကြီးကား ရှိနေသေး၏။ ထိုသောအခါ ခန္ဓာဝန်ကို ထမ်းရမည့် တာဝန်ကား ရှိနေပြန်သေးသည်။စိတ်သန္တာန်၌ ကိလေသာ အညစ်အကြေးတို့ ကင်းစင်ဝေး၍ ယိုစီးမှု အာသဝေါတရားတို့ ကုန်ခန်းခဲ့ပြီဖြစ်သော်လည်း နောက်ဆုံးရထားသည့် ဒုက္ခသစ္စာခန္ဓာဝန်ထုပ်ကြီးကိုပင် ပရိနိဗ္ဗာန် မပြုသေးမီအထိ ထမ်းထားရပါသေးသည်။ ဘယ်လောက် လေးလံလိုက်မလဲ ...။ ခန္ဓာဝန်ထုပ်ကြီး၏ လေးလံမှုကို ဘုရားရှင်သည်သာ နားလည် သဘောပေါက်နိုင်ဆုံး ဖြစ်ပါလိမ့်မည်။ ထိုခန္ဓာအတွက် မဖြစ်မနေ ထိန်းသိမ်းထားရဆဲ အချိန်အခိုက်အတန့်အတွင်း၌လည်း ဘုရားရှင်သည် စည်းကမ်းရှိရှိ နည်းလမ်းသိသိ ထိန်းသိမ်းတော်မူခဲ့သည်မှာ ဆွမ်းခံ ဘုဉ်းပေးစဉ် နှလုံးသွင်းဆင်ခြင်ရာ၌ အထူးပေါ်လွင်လှပါသည်။ ဤသည့်အတွက်ကြောင့်လည်း ဘုရားသားတော်တို့သည် ဆွမ်းဘုဉ်းမပေးမီ "ဤသည်စားဖွယ်၊ အမယ်မယ်ကို မြူးရွှယ်မာန်ကြွ၊ လုပရေးဆင်း။ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဟု၊ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား။ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုဒ်မျှလှစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း ..."ဟု ဆင်ခြင်နှလုံးသွင်း ရွတ်ဆိုကြရစမြဲ ဖြစ်ပါသည်။ သို့သော် ရွတ်ဆိုနေကျ အလွတ်ရနေသော စကားလုံးအစုအဝေးသက်သက်မျှဖြင့်မူ အဓိပ္ပါယ်ရှိမည် မဟုတ်ပါ။ "တို့ရွတ်ဆိုနေတာတွေဟာ ဘုရားရှင်ကိုယ်တော်တိုင် နှလုံးသွင်းခဲ့တာပါကလား"ဟု နှလုံးသွင်းဆင်ခြင်မှု ထပ်ဖြည့်ဆောင်းလျှင် အဓိပ္ပါယ်တို့သည် ပိုမိုလေးနက် သက်ဝင်လာမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် ဘုရားရှင်ကို ရှိနေစေချင်သေးခြင်း ဖြစ်ပါသည်။ မသေစေလိုသေးခြင်း ဖြစ်ပါသည်။အကယ်၍သာ ဘုရားရှင် ရှိနေပါသေးလျှင် သံဃာပရိသတ်၏ ဦးထိပ်ဖျား စားပွဲ၌ထိုင်၍ တင့်တယ်သပ္ပါယ်သော ဣန္ဒြေတို့ဖြင့် ထိုင်၍ဘုဉ်းပေးနေပါလိမ့်မည်။ ထိုအခါ ဘုရားသားတော်တို့၏ ဘဝသည် မည်မျှအေးချမ်းလိုက်ပါမည်နည်း။ မည်မျှကျက်သရေရှိလိုက်ပါမည်နည်း။ မည်မျှတင့်တယ် တည်ငြိမ်လိုက်ပါမည်နည်း။ ပရိယတ် စာသင်





တိုက်များ၊ ပဋိပတ်ရိပ်သာများသို့သာ ဘုရားရှင် လှည့်လည်ကြွချီ၍ မားမားမတ်မတ် ရပ်တည်ပေးနေဦးမည် ဆိုပါလျှင် ဗုဒ္ဓသာသနာ၏ အရောင်အဝါသည် အနှိုင်းမဲ့ကိုယ်တော်ကြီး၏ အရှိန်အဝါကြောင့် အနှိုင်းမဲ့ ထွန်းတောက်နေပါလိမ့်မည်။ သို့သော် ဆန္ဒသာ ဖြစ်ပါသည်။ဘဝကား ဘဝဖြစ်ပေသည်။ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းဖြစ်ဖို့ရာ လွယ်သည်မဟုတ်ပါ။

"ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ငါဘုရားဟောထားခဲ့တဲ့ ဓမ္မဝိနည်းတွေဟာ ငါဘုရားကိုယ်စား သင်တို့၏ဆရာအဖြစ်၊ ငါဘုရားကိုယ်စား အဆုံးအမတွေအဖြစ် ကျန်ရစ်ခဲ့လိမ့်မယ် အာနန္ဒာ"ဟူသော ဘုရားရှင် နှုတ်မြွက်စကားအတိုင်းပင် အဘအမွေကို နောင်တော်ကြီး၊ သံဃာတော်ကြီးများက အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင် အမွေထိန်းခဲ့ကြသည့်အတွက်လည်း ဘုရားသားတော်ဘဝတည်းဟူသော အခွင့်အရေးကို ရနေပါသေးသည်ဟူသော နှလုံးသွင်းဖြင့်သာ ကျေနပ်နှစ်သိမ့်လိုက်ပါသေးသည်။ အဘဘုရားရှင်၏ မဟာကရုဏာရသကို တိုက်ရိုက်မရခဲ့သော်လည်း တစ်ဆင့်ခံကရုဏာ အရိပ်တို့သည်လည်း ဘုရားရှင်၏ မဟာကရုဏာ အရိပ်နှင့် ထပ်တူထပ်မျှ အေးမြလှပါသည်။ ဤသည်ကိုပင် ဓမ္မသဘော သဘာဝတစ်ခုအဖြစ် ခံစားနားလည်နေမိပါသေးသည်။

မွေဘက်ဆီသို့ ဦးလည်စိတ်ညွတ်လိုက်မှပင် ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်ခဲ့သည်ဟူသော "အစားထိုးမရသည့် ဆုံးရှုံးမှုကြီး"အတွက် ဖြေသာနိုင်ပါတော့သည်။

သတိပဋ္ဌာန်လေးပါး မြတ်တရားကို အချိန်ပြည့်နှလုံးသွင်းဆင်ခြင် ရှုမှတ်ပွားများ အားထုတ်နေခြင်းသည်ပင်လျှင် ဘုရားရှင်အပေါ် ကြည်ညိုလေးမြတ် ကျေးဇူးဆပ်ရာရောက်နေပြီဟူသော အသိဖြင့်လည်း စိတ်အစဉ်သည် နှီးကြားရှင်သန်လာရပါသည်။

သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ လျောင်းရာ၊ ဆွမ်းစားရာ၊ ကုဋိတက်ရာ၊ စကားပြောရာ၊ ဆိတ်ဆိတ်နေရာ၊ သပိတ်ကိုင်ရာ၊ ယူရာ၊ လှမ်းရာ၊ သင်္ကန်းရုံရာ စသည်ဖြင့် အမူအရာတိုင်းမှာ သတိကလေး နောက်ကပါနေခြင်းဖြင့် ကုသိုလ်စေတသိက်ကို စိတ်သန္တာန်၌ အမြဲနေရာပေးလျက်မိသား ဖြစ်လာ

ပါတော့သည်။

ကာယအမူအရာ၊ စိတ်ကူးအကြံအစည်၊ ခံစားမှုရသ၊ ရုပ်နာမ် သဘာဝ သဘောတရားတို့သည် 'သတိ'၏ ခေါင်းဆောင်မှု အောက်၌ 'နာမ်ဓာတ်' နှင့် 'ဉာဏ်ကပ်'၍ အမြဲမပြတ် ရှုမှတ်ဆင်ခြင်ပါ များလတ် သော် ....။

မဆုံးနိုင်အောင် ကျယ်ပြောလှသော သံသရာနယ်ပယ်ကြီးမှသည် ချုပ်ငြိမ်းရပ်တန့်မှုတို့ တည်ရှိရာ အသံသရာနယ်ပယ်ဆီသို့ ဘုရားရှင် မည်သို့ မည်ပုံ ကူးလူးလွှတ်မြောက်သွားသည်ကို ခြေတော်ရာအစကောက်နိုင်မိပါပေပြီ။

''ဘုရားမဖြစ်မီ ငါမထပြီ''ဟူသော မဟာပုရိသ ယောကျ်ားမြတ် တို့၏ လုံ့လဥဿာဟဖြင့် နေမဝင်မီ မာရ်နတ်သားကို အောင်တော်မူပုံ၊ ညဦးယံတွင် အတိတ်ခန္ဓာအစဉ်၊ အတိတ်အကြောင်းမှန်သမျှ တစ်စမကျန် သိခွင့်ရလေသော 'ပုဗ္ဗေနိဝါသဉာဏ်'၊ သန်းခေါင်ယံ၌ တစ်လောကလုံး သက်ရှိသက်မဲ့အခြေအနေ အထွေထွေကို တစ်စမကျန် သိခွင့်ရလေသော ''ဒိဗ္ဗစက္ခုဉာဏ်'' စသည်တို့ ရတော်မူပုံ၊ နောက်ဆုံး မိုးသောက်ယံ၌ အာသဝေါတရားတို့ ကုန်ဆုံးရာ ''အာသဝက္ခယဉာဏ်''ရ၍ သဗ္ဗညုတ ဉာဏ်တော်ကြီး ပေါ်ထွန်းလာခဲ့ပြီး ဘုရားဖြစ်တော်မူခဲ့ပုံတို့သည် ယခင်က စာထဲက စကားလုံးများ အဖြစ်သာ မြင်ခဲ့သော်လည်း ခြေတော်ရာကောက်၍ ဘုရားရှင်နောက်မှ တစ်ဖဝါးမခွာ လိုက်ပါခံစား ကျင့်ကြံအားထုတ်နေသူ အဖို့ကား ကြက်သီးဖြန်းဖြန်းထ၍ ဝမ္မပီတိအရိပ်၌ နက်နဲသောအဓိပ္ပါယ်တို့ သက်ဝင်ခဲ့ရလေသည်။

အခြားသောဉာဏ်များကား ဘုရားရှင်၏အရာမို့ ကိုယ်နှင့်မထိုက် တန်မှန်း ရိပ်မိပါသည်။ သို့သော် အာသဝေါတရား ကုန်နိုင်ဖို့ရာကား ဘုရားရှင်သာမက ဘုရားရှင်၏ အဆုံးအမအတိုင်း တစ်သဝေမတိမ်း အားထုတ် နေကြသော သာဝကတို့ ခံစားခွင့်ရှိသည့်အရာ ဖြစ်ပါသည်။ ရှေးရှေး နောင်တော်သံဃာကြီး အစဉ်အဆက်တို့သည်လည်း ခံစား။ စံစားသွားခဲ့ကြပြီး ပြီ။ ဘုရားရှင်အလိုတော်ကျအတိုင်း လိုက်နာကျင့်သုံး နေထိုင်သွား မည်ဆိုပါလျှင် နောက်နောက် သံဃာတော်ငယ်တို့သည်လည်း ခံစားခွင့်၊





စံစားခွင့် ရှိနိုင်သည်သာတည်း။ သံဃာတော်မှမဟုတ် လူဝတ်ကြောင် ဥပါသကာ၊ ဥပါသိကာမတို့လည်း ခံစားခွင့်၊ စံစားခွင့်ရှိသည်သာတည်း။

ကိုယ်ရနိုင်သည့် အခွင့်အရေးကို လက်မလွှတ်တမ်း အရယူ သွားနိုင်ဖို့သည် ကိုယ်နေခွင့်ရနေသေးသည့် လက်ကျန် သက်တမ်း၌ ကိုယ် မည်သို့ နှလုံးသွင်းနေထိုင်မည်နည်းဟူသော အဖြေပေါ်၌ မူတည်နေ၏။

သို့ကြောင့် ရခဲလှသော လူ့ဘဝအတွင်း၌ပင် ရခဲလှသော ဒုလ္လဘ ရဟန်းဘဝကို ခေတ္တခဏ ခံယူခွင့်ရှိနေဆဲ ကာလ၌ ဘုရားရှင်၏ မဟာ သတိပဋ္ဌာနသုတ်တော်လာ ကျင့်စဉ်အဆုံးအမအတိုင်း ကျင့်ကြံအားထုတ် နေရင်းမှ ရှုမှတ်မှု 'သတိ'၊ ရှုဉာဏ် 'သတိ'တို့ တိုးလာတိုင်း၊ တိုးလာတိုင်း တရားပိုင်ရှင်အစစ် ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တမ်းတမ်းတတ သတိတရဖြစ်နေရခြင်း ဖြစ်ပါသည်။

အကယ်၍သာ ဘုရားရှင်သည် (ပရိနိဗ္ဗာန်စံတော်မူခဲ့ခြင်း မဟုတ်ဘဲ) ခရီးဝေးသို့ ခေတ္တကြွချီတော်မူခြင်းသာ ဖြစ်၍ ပြန်လည်ကြွချီတော်မူမည် ဆိုပါလျှင် ခွေးထွေးစွာ ပွေ့ဖက်ကြိုဆို၍ ခြေဆေးခုံ၊ ခြေဆေးအင်တုံနှင့်တကွ ခြေဆေးရေတို့ကို ကမန်းကတန်းပြင်ဆင်ရင်းမှ ''သတိရလိုက်တာ အရှင် ဘုရားရယ် ...''ဟု မျက်ရည်စက်လက်ဖြင့် ပြောနေမိမှာတော့ သေချာလှ ပါသည်။

၂၄-၂-၂၀၀၂



ဤသို့ ဆိုလိုက်၍ စိတ်ကို နှောင်ကြိုးတွေ အထပ်ထပ်ချည်တုပ်၍ အသက်ရှူပေါက် မရှိအောင် ပိတ်ချုပ်ထားရမည်လား။ မဟုတ်ပါ။ ကောက်ညှင်းထုပ် တစ်ထုပ်လို စည်းကြပ်ပိတ်ဆို့ထားရမည်လား။ မဟုတ်ပါ။ အလိုက်သင့်ကလေး ခပ်ဖွာဖွာကြည့်ပေးနေရုံ ဖြစ်ပါသည်။ စိတ်သည် ချုပ်နှောင်မှုကို မလိုလားပါ။ ပိတ်ဆို့မှုကို မနှစ်မြို့ပါ။ သူ့သဘာဝကိုက လွတ်လွတ်လပ်လပ် နေလိုသည့် သဘောရှိပါသည်။

## ခပ်ဖွာဖွာလေး နေကြမယ်

သတိပဋ္ဌာန်တရားကို နှစ်ပေါင်းများစွာ စွဲစွဲမြဲမြဲအားထုတ်လာသူ ယောဂီတစ်ဦးအား “ခင်ဗျား တရားအားထုတ်နေတာတော့ ဟုတ်ပါပြီ၊ တရားရော အားထုတ်တတ်ရဲ့လား”ဟု မေးလိုက်လျှင် ရုတ်တရက်သော် အခံရခက်ပေလိမ့်မည်။ “ခင်ဗျားဘာစကားပြောတာလဲ”ဟု ပြန်လည် ဘုတောခြင်းကိုလည်း မလွဲမသွေ ခံရနိုင်သည်။ ဘာမျှ ပြန်မပြောတဲ့ စိတ်ဆိုး မာန်ဆိုးနှင့် ချာခနဲ လှည့်ထွက်ကာ ဆူဆောင့် ငြူအောင့်ခြင်းကိုလည်း ခံရနိုင်သည်။

အမေးခံရသူဘက်မှ ဖြေစရာအဖြေတွေ တသီတတန်းကြီးရှိနေပါလိမ့်မည်။ “တရားအားထုတ်တာပဲ၊ ဘာခက်တာမှတ်လို့၊ ဥဇုံကာယံ ပဏိဓာယ”အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်ထားပြီး ရှုမှတ်မယ်၊ အောက်ပိုင်းကတော့ တင်ပျဉ်ခွေ ထိုင်ရင်လည်း ထိုင်မယ်၊ မိန်းမထိုင် ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့၊ နှာသီးဖျားစမှာ စိတ်ကိုထား။ ဝင်လေထွက်လေကိုသိ၊ ဒါမှမဟုတ် ဝမ်းဗိုက်မှာ စိတ်ကိုထား။ ဖောင်းတာ၊ ပိန်တာကိုသိ၊ ဒါမှမဟုတ် ရင်ချိုင့်မှာ စိတ်ကိုထား။ လေထိသွားတာ ထိနေတာကို ကြည့်၊

ဒါပဲပေါ့၊ အဲဒါကိုပဲ သတိထား ဝီရိယစိုက်ပြီး ကြည့်ပေးနေရင် ကြာရင် သမာဓိ ရလာမယ်။ ဒါဆိုရင် ငြိမ်းအေးလာမှာပဲပေါ့ဗျာ''ဟု ပြောပါလိမ့်မည်။ ဟုတ်ပါသည်။ သည်အထိတော့ တစ်ခုမျှ အမှားမပါပါချေ။

အရေးကြီးသည်က သမာဓိ ရလုဆဲ အခြေအနေသို့ ရောက်လာသည့်အခါ ပြဿနာတွေ စပေါ်တော့မည့်ကိစ္စ ဖြစ်ပါသည်။

ပထမပိုင်း တရားစ၍အားထုတ်သည်နှင့် ကစဥ့်ကလျား ပြန့်ကျဲ ပြေးလွှားနေသော 'စိတ်'ကို သိစရာအာရုံတစ်ခု ရှာပေးကာ ထိုအာရုံတစ်ခုတည်း သိနေဖို့အတွက် 'စိတ်'ကို နိုင်းရပါသည်။ 'စိတ်'ဟူသည် အာရုံရှိမှ နေ၍ရမည် မဟုတ်လား။ အာရုံဟူသည်လည်း 'စိတ်'ရှိနေမှပင် အာရုံ၏ သဘောသက်ဝင်နိုင်မည် မဟုတ်လား။

မူသေအာရုံတစ်ခု ပေးမထားပါက 'စိတ်'ဟူသည် ပေါက်လွှတ်ပဲစား ရောက်တတ်ရာရာ သွားနေတော့မည်သာ။ ကိုယ်ပိုင်စားကျက်နှင့် ထိန်းကျောင်းသူ မရှိလို့ကတော့ 'စိတ်'သည် တွေ့ရာစားကျက်၊ တွေ့ရာနေရာ၊ တွေ့ရာအစားအစာ ဝင်စားသည့် နွားပမာ ပြဿနာမျိုးစုံတက်တော့မည်။ ''ဟဲ့ . . သာခင်တို့အိမ်က နွားညိုကြီးလေ ငါတို့အိမ်ထဲက ကောက်ရိုးတွေ အတင်းဝင်စားသွားလို့လေ၊ အိမ်က နွားပြောက်ကြီးနဲ့ ဝှေ့လိုက်ကြတာ''

''ဒါတွင် ဘယ်ကမလဲအေ၊ ကျုပ်တို့ အခင်းထဲဝင်ပြီး ဖျက်ဆီးသွားလိုက်သေး'' စသည်ဖြင့် အသံတွေ ဆူညံ ပွက်လောရိုက်လာတော့မည်။ စည်းမဲ့ကမ်းမဲ့၊ သွားချင်ရာသွား၊ ဝင်ချင်ရာဝင်၊ တစ်ခုပြီးတစ်ခု လုပ်နေသဖြင့် အာရုံကို အာရုံမှန်းလည်း မသိနိုင်တော့ပေ။ မိမိ၏ သိတတ်သော သဘာဝကိုလည်း မိမိကိုယ် မိမိနားမလည်နိုင်တော့ပေ။

မိမိသည် အာရုံကို လက်ခံမည်။ တုံ့ပြန်မည်။ ဆုံးဖြတ်မည်။ အာရုံနှင့် ပျော်မွေ့မည်။ မကြိုက်သည့် အာရုံဆိုလျှင် တွန်းထုတ်မည်။ ဤသည်ပင်လျှင် အာရုံကို သိတတ်သည့် သဘောပါလားဟု 'စိတ်'သည် မိမိကိုယ်ကို မိမိ မရိပ်မိ။ အာရုံရှိမှ နေတတ်သည့် မိမိ၏သဘာဝကြောင့် အာရုံတွေကို အငမ်းမရ တစ်ခုပြီးတစ်ခု မှတ်သိပ်စွာ လိုက်ရှာနေတတ်သည် ကလည်း မိမိ၏ အကျင့်ဆိုးတစ်ခု ဖြစ်ကြောင်းကိုလည်း မိမိကိုယ် မိမိမသိ။





မျက်စိဆိုသော တံခါးပေါက်က သတင်းပို့လိုက်သည့် အဆင်း အာရုံ၊ နားဆိုသော တံခါးပေါက်က သတင်းပို့လိုက်သည့် အသံအာရုံ၊ နှာခေါင်းဆိုသော တံခါးပေါက်က သတင်းပို့လိုက်သည့် အနံ့အာရုံ၊ လျှာဆိုသော တံခါးပေါက်က သတင်းပို့လိုက်သည့် အရသာအာရုံ၊ ကိုယ်ခန္ဓာနေရာအနှံ့က သတင်းပို့လိုက်သည့် အထိအတွေ့အာရုံတွေကို 'စိတ်'သည် တစ်ခုပြီးတစ်ခု လက်ခံသည်။ တစ်ခုမပြီးသေး။ တစ်ခုက ရောက်နေပြီ။ တံခါးငါးပေါက်မှ အာရုံတို့သည် စိတ်အတွင်းသို့ သတင်းပို့စနစ်ဖြင့် ဝင်လာမစဲတသဲသဲ ဖြစ်သည်။ အာရုံရှိမှ နေတတ်သော စိတ်ကလည်း ဤသို့ဤနှယ် အရောင် အသွေးစုံသော အာရုံတွေ ဝင်လာမစဲတသဲသဲဖြစ်နေခြင်းအပေါ်၌ ခပ် ကြိုက်ကြိုက်။

ထိုအချိန်၌ အာရုံရောင်စုံတွေဖြင့် တမေ့တမော အပျော်လွန်နေသော 'စိတ်'ကို အာရုံတစ်ခုတည်း ကြည့်ရမည်ဟု သတ်မှတ်ပေးလိုက်သော အခါ 'စိတ်'သည် အနေရခက်ချေပြီ။ လမ်းပေါ်မှာ အဖော်အပေါင်းတွေနှင့် ကစားနေသော ကလေးကို မိခင်ဖြစ်သူက အိမ်အတွင်းသို့ အတင်းခေါ်ယူ၍ စာကျက်ခိုင်းလိုက်သည်နှင့် တူနေတော့သည်။

ကလေးငယ်သည် အိမ်တွင်းသို့ မဝင်ချင် ဝင်ချင်နှင့် ဝင်ခဲ့ရသည်။ စာအုပ်ကို မကိုင်ချင် ကိုင်ချင်နှင့် ကိုင်ရသည်။ စာထဲမှာ စိတ်ကမရောက်။ စာတွေကိုသာ သူ့အဖေကြီးကြားကောင်းအောင် အော်နေရသော်လည်း လမ်းပေါ်က သူငယ်ချင်းတွေနှင့် ဆော့ကစားနေသည့်အပေါ်၌ စိတ်ရောက်နေဆဲ။ စာကျက်၍မရ၊ အာရုံက လမ်းပေါ်မှာ။ သည်တော့ စိတ်ကလည်း လမ်းပေါ်ကိုရောက်နေ။

နောက် တဖြည်းဖြည်းနှင့် ညမိုးချုပ်၍ လမ်းပေါ်က အဖော်တွေလည်း အိမ်ထဲဝင်ကုန်မှ ''အင်း . . ငါ သွားကစားလည်း အဖော်ရှိတော့မှာ မဟုတ်ဘူး။ သူတို့တွေလည်း အိမ်ထဲ ဝင်ကုန်ကြပြီပဲ''ဟု ဆုံးဖြတ်လေမှ ကျောင်းစာအုပ်ထဲသို့ စိတ်ရောက်တော့သည်။ သည်တော့မှ ကျောင်းစာအုပ်သည် စိတ်၏ အာရုံဖြစ်လာသည်။

သည်လိုပါပဲ၊ အာရုံအများကြီးကို မရပ်မနားလက်ခံ၊ တုံ့ပြန်နေရာမှ

အာရုံတစ်ခုတည်း သတ်မှတ်၍ အလုပ်ပေးလိုက်သောအခါ 'စိတ်'သည် ဂျစ်ကန်ကန်နှင့် မလုပ်ချင် လုပ်ချင် လုပ်နေရသည်။ ထိုအခါ အထက်ပါ ကလေးငယ်ကဲ့သို့ မူလကျင်လည်နေကျ အာရုံရောင်စုံဘက်ဆီသို့သာ စိတ်သည် ပြန်၍ဦးလှည့်သွားတတ်သည်။

သည်တော့ ''ဝင်လေသိ'' ''ထွက်လေသိ'' အပေါ်၌ စိတ်က မရှိတရှိ။ ''ဖေါင်းတယ်'' ''ပိန်တယ်'' အပေါ်၌ စိတ်က မရောက်တရောက်။ သည်လိုနှင့် မရှိရှိအောင် ဝီရိယက တွန်းပေး။ မရောက်ရောက်အောင် 'သတိ'က ထားပေးလိုက်သောအခါ အချိန်အတိုင်းအတာ တစ်ရပ်အတွင်း၌ စိတ်သည် ထားရာနေရာ၌ မနေချင့် နေချင်နှင့် နေရလေတော့သည်။

သတ်မှတ်ထားပေးရာ အာရုံတစ်ခုအပေါ်၌ မနေချင့် နေချင်နှင့် နေနေရသော မလုပ်ချင် လုပ်ချင်နှင့် လုပ်နေရသော စိတ်၏ သဘာဝ၊ စိတ်၏ အထာ၊ စိတ်၏ အကြောကို စကတည်းက ယဉ်သကိုဖြစ်အောင် ကြိုတင်နားလည်ထားဖို့ လိုသည်။ ချော့မြူသိမ်းသွင်းတတ်ဖို့ လိုသည်။ မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေဖို့ လိုသည်။ သို့မဟုတ်က စိတ်သည် မလစ်လိုက်နှင့်။ လစ်လိုက်သည်နှင့် တစ်ပြိုင်နက် မူလကျင်လည်ကျက်စားရာ အာရုံရောင်စုံတွေဆီသို့ ခုန်ပေါက်ပြေးလွှား ရုန်းထွက်သွားလိမ့်မည်။

ဤသို့ ဆိုလိုက်၍ စိတ်ကို နှောင်ကြိုးတွေ အထပ်ထပ်ချည်တုပ်၍ အသက်ရှူပေါက် မရှိအောင် ပိတ်ချုပ်ထားရမည်လား။ မဟုတ်ပါ။ ကောက်ညှင်းထုပ် တစ်ထုပ်လို စည်းကြပ်ပိတ်ဆို့ထားရမည်လား။ မဟုတ်ပါ။ အလိုက်သင့်ကလေး ခပ်ဖွာဖွာကြည့်ပေးနေရုံ ဖြစ်ပါသည်။ စိတ်သည် ချုပ်နှောင်မှုကို မလိုလားပါ။ ပိတ်ဆို့မှုကို မနှစ်မြို့ပါ။ သူ့သဘာဝကိုက လွတ်လွတ်လပ်လပ် နေလိုသည့် သဘောရှိပါသည်။ ကိုယ်က မည်မျှပင် မျက်လုံးဒေါက်ထောက်ကြည့်နေပါစေ၊ အလစ်အငိုက်ဆိုတာကတော့ ရှိစမြဲ ဖြစ်ပါသည်။ ထိုအချိန်အခိုက်အတန့်ကလေးကို အခွင့်အရေးယူ၍ စိတ်သည် ပေးထားသော စားကျက်ကို ကျော်ခိုင်းကာ အဝေးသို့ ပြေးထွက်သွားပါလိမ့်မည်။ ကိစ္စမရှိပါ။ 'စိတ်'၏ ပြေးထွက်တတ်သော သဘော သဘာဝကို ကိုယ်က ကြိုတင်သိရှိထားပြီးပဲ။ ဘာမျှ အူယားဖားယားလိုက်ဖမ်းစရာ မလိုပါ။





စိတ်ဟူသည် တစ်ခုတည်း၊ တစ်လုံးတည်း၊ တစ်ဝီထိတည်းမှ မဟုတ်တာ။

တစ်လုံးပြီးတစ်လုံး၊ တစ်ဝီထိပြီး တစ်ဝီထိ၊ တစ်ခုပြီးတစ်ခု ဖြစ်နေခြင်းကိုက စိတ်သဘာဝဖြစ်ပါသည်။ ပြေးထွက်သွားသည်က တစ်လုံး၊ တစ်ခု၊ တစ်ဝီထိဖြစ်ပါသည်။ သတိရောက်မလာသေးသောအချိန်၌ စိတ်သည် သူထွက်ပြေးသွားရာ အာရုံဆီ၌ ဝီထိတွေ အစဉ်တန်းဖြစ်ကာ အသက်ဆက်ရှင်နေပေလိမ့်မည်။ သတိဝင်လာသောအခါ လွှင့်ထွက်သွားသော အာရုံဝန်းကျင်၌ အစဉ်တန်းနေသော ဝီထိစိတ်တို့ ရပ်တန့်ကုန်ပါလိမ့်မည်။ နောက်ထပ် ဝီထိအစဉ်တန်းတွေ ထပ်မဖြစ်လေသောအခါ မိမိကြိုက်ရာ အာရုံ၌ ပျော်နေသော စိတ်သည်လည်း ရုတ်တရက်သေဆုံးသွားပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် နောက်ထပ်အသစ်ပေါ်လာသည့် ဝီထိစိတ်အစဉ်တန်းတွင် ''သတိ''ပါလာပြီဖြစ်သောကြောင့်ပင်။ 'သတိ'က စိတ်လွှင့်တယ်၊ လွှင့်တယ်ဟု အသိအမှတ်ပြုလိုက်၏။ 'စိတ်'လွှင့်တယ်၊ လွှင့်တယ်ဟူသော အခြေအနေအပေါ်၌ သမာဓိက ခဏိကသဘောနှင့် တစ်ပိုင်းပြီးတစ်ပိုင်း တည်ပြီးနေလိုက်ကာ ''ပညာ'' ဝင်လာပြီ။ 'ပညာ'က အခြေအနေအရပ်ရပ်ကို သိနေလေ၏။

နောက်ထပ် စိတ်အစဉ်ဝီထိတန်း လိုက်မလာတော့သဖြင့် သတ်မှတ်မထားသော အာရုံစားကျက်ဆီသို့ ပြေးလွှားရင်း သေဆုံးသွားသော 'စိတ်'အစဉ်တန်းတို့သည် ကိုယ်နှင့်မဆိုင်၊ သူ့ထိုက်သူ့ကံ ခံပေရော့။ လွမ်းစရာ မလို၊ တမ်းတစရာ မလို၊ ပြန်ခေါ်စရာ မလို၊ ချော့မော့သိမ်းသွင်း နေရာပေးနေစရာ မလို၊ နောက်မှာ ဝီထိစိတ်အစဉ်တန်းကြီးက မရပ်မနား ရှိနေသည်ပဲ၊ နောက်ထပ်ပေါ်လာတဲ့ စိတ်အစဉ်တန်းကြီးထဲက ဝီထိစိတ်တွေကသာ ကိုယ့်စကားနားထောင်ဖို့၊ ကိုယ်ထားတဲ့ နေရာမှာ နေနိုင်ဖို့ ပို၍ဂရုစိုက်ရမည်။ ဒါက ရှေ့လုပ်ငန်းစဉ်အပိုင်း၊ အပိုင်းပိုင်း အပြတ်ပြတ်ဖြင့် တည်ဆောက်ထားသော ခဏိကသမာဓိတို့၏ တည်ကြည်မှုဖြင့် 'ပညာ'ကို ဖိတ်ခေါ်ရမည်။ 'ပညာ'အနေဖြင့် ဖြစ်ခဲ့သမျှအပေါ် သုံးသပ် ဆုံးဖြတ်ပေးဖို့ မိမိဘက်က ပြင်ဆင်ပေးထားရမည်။

အခု လက်ရှိအခြေအနေမှာ ထားရာမနေသေးသော ရှေ့စိတ်အစဉ်

တန်းကြီး၏ အစုလိုက်၊ အပြုံလိုက် သေဆုံးမှုဖြစ်စဉ်ကြီးက ကိုယ့်ကို သံဝေဂလက်ာတွေ ရွတ်ဆိုသွားသည်ကို သိဖို့ဖြစ်သည်။ ''ကျွန်တော်တို့ဟာ သေတတ်တဲ့သဘောမို့ သေဆုံးသွားရပါသည်ခင်ဗျား။ ကျွန်တော်တို့ဟာ ပြုပြင်စီရင်မှု အကြောင်းတရားကြောင့် မပေါ်ဘဲနေလို့ မရလို့ ပေါ်လာခဲ့ရတာပါ။ အဲဒါကိုက ကျွန်တော်တို့ရဲ့ ဆင်းရဲမှုပါပဲ ခင်ဗျာ''ဟူသော အသံတွေကို ကြားနာခွင့်ရလိုက်ဖို့ ဖြစ်သည်။ ထိုသို့ဆိုလျှင် လွင့်ထွက်သွားသော၊ ပျံ့လွင့်သွားသော ဝိထိအစဉ်တန်းကြီးကို လိုက်ဖမ်း၍ မောပန်းဗျာများနေမည့်အစား သူတို့ ရွတ်ဆိုသွားသော နှုတ်ထွက်စမှုတေးများကို ကြားနာခွင့်ရလိုက်ခြင်းဖြင့် မိမိအတွက် 'ပညာ'တိုးပွားခဲ့ပြီ မဟုတ်လား။

သူတို့နောက် စိုးရိမ်တကြီး လိုက်မသွားဖြစ်ခဲ့ခြင်းသည်ပင်လျှင် မိမိအတွက် ဣန္ဒြေကို ရင့်ကျက်စေခဲ့ပြီ မဟုတ်လား။ သူတို့နောက် လိုက်နေမည့်အစား နောက်ထပ်အစားထိုးပေါ်လာသော ဝိထိစိတ်အစဉ်တန်းအပေါ်၌ 'သတိ'ကို ပြန်တင်ထားခြင်းဖြင့် ကိုယ့်လုပ်ငန်းခွင်လည်း မပျက်တော့ဘူး မဟုတ်လား။ ဒီလိုဆိုလျှင် ''သေသေချာချာ ရှုမှတ်နေတဲ့ကြားထဲက လွင့်ထွက်သွားရတယ်လို့ကွာ''ဟူ၍ စိတ်လွင့်သွားသည့်အပေါ်၌ မိမိကိုယ်ကို အပြစ်တင်ကာ နောင်တတစ်ဖန်ပူပန်နေသော ကုက္ကုစ္စတို့လည်း ဖြစ်ခွင့်မရတော့ဘူး မဟုတ်လား။

စိတ်၏ ပျံ့လွင့်တတ်သော သဘာဝ၊အာရုံကို သိတတ်သော သဘာဝ၊ ဝိထိစိတ်အစဉ်တို့ ဖြစ်တတ်သော သဘာဝတို့သည် တရားအားမထုတ်ခင်က သုတမယဉာဏ်၊ စိန္တာမယဉာဏ်တို့ဖြင့် ဖတ်ရှုလေ့လာထားခဲ့သော အသိ မဟုတ်လား။ ထိုအသိသည် ယခုတရားအားထုတ်ဆဲ ခန္ဓာထဲ၌ ရှုကွက်နှင့် မှတ်စိတ် တည့်မှု မတည့်မှုအပေါ် မူတည်၍ သုံးသပ်ဆုံးဖြတ်ရာ၌ အထောက်အကူရခဲ့သည် မဟုတ်လား။ ဘာဝနာမယဉာဏ်ဖြင့် ရှုမြင်သုံးသပ် ထိုးဖောက်ကြည့်ရာ၌ ရုပ်နာမ်ဓမ္မ သင်္ခါရခန္ဓာအစဉ်တို့အပေါ် အရှိအရှိ အတိုင်း သဘာဝနှင့် အာရုံလည်း မမြဲ၊ စိတ်လည်း မမြဲဟူသော အသိတစ်ခု ကို ကိုယ်ပိုင်သိခွင့်ရလိုက်ပြီမဟုတ်လား။

ဤသို့ဆိုလျှင် ကိုယ့်ကိုယ်ထဲက စိတ်သည် ကိုယ့်စိတ်ဟု ထင်ထား





သော အထင်ကို မစွန့်လွှတ်နိုင်သေးဘူးလား။ သဘာဝတရားတစ်ခုကို သဘာဝခန္ဓာတစ်ခုက ဆောင်ထားခြင်းမျှသာဟု လက်မခံနိုင်သေးဘူး လား။ သဘာဝတရားတို့သည် မိမိ၏ ရှုဉာဏ်အောက်တွင် အမြဲတမ်း ဖြစ်ပေါ်ပြောင်းလဲ ပျက်စီးသေဆုံး အစားထိုးပြန်ဖြစ်၊ ပြန်သေဖြင့် မရပ်မနားနိုင်ဖြစ်နေခြင်းပါလားဟု မမြင်နိုင်သေးဘူးလား ...။ စိတ်လွင့်ပျံ့ခြင်းဖြစ်စဉ်တစ်ခုအပေါ်မှ သိလိုက်ရသော ပညာဖြင့် လက်တွေ့သရုပ်ဖော် ရုပ်လုံးပြသွားသော'စိတ်'ဆိုသည့် သဘာဝတစ်ခုကို ကျေးဇူးမတင်ထိုက်ပေဘူးလား ...။

ထိုအခါ စိတ်သည် ငါပဲ၊ စိတ်သည် ငါ့စိတ်၊ စိတ်သည် မြဲနိုင်တယ်၊ မွေးကတည်းကလည်း ဒီစိတ်၊ အခုလည်း ဒီစိတ်၊ ငါ့စိတ်ဟာ ဘယ်တော့မှ မပြောင်းလဲဟူသော အမြင်တို့ဖြင့် တယူသန်အစွန်းရောက်၍ ရှုးသွပ်နေဦးမှာလား ...။

အကြံပြုချင်ပါသည်။

အာရုံတစ်ခုတည်းပေါ်၌ ရှည်ကြာသော သမာဓိတွေ ဖြစ်ဖို့ ဦးတည်နေခြင်းသည် စိတ်၏သဘာဝကို ရိုက်ချိုးဖို့ ခဲယဉ်းလှ၏။ ထားသည့်အာရုံတွင် ကြာကြာကြီးတည်လျှင်၊ လိုရာခိုင်း၍ရလျှင် စိတ်ကို ပခြုပ်ထဲထည့်ထားသော မြွေလို ထားနိုင်၍ ကျေနပ်နေလျှင် စွမ်းအားတစ်ခုတော့ရမည်။ ပညာတော့ မဖြစ်။ ''သဘာဝကိုလည်း မသိနိုင်'' ''သင်္ခါရကိုလည်း နားမလည်နိုင်'' တစ်ခုကောင်းအသိကိုး၊ တစ်ခုတည်းသော ချုပ်ထိန်းမှုကိုး .....။

ပေါ်သမျှအာရုံအပေါ်၌ အပိုင်းလိုက် အပိုင်းလိုက် သိနေတတ်သော စိတ်သဘာဝ၊ အာရုံဘက်က သေဆုံးမှုကို သိခွင့်ရသော စိတ်၏သဘာဝ အာရုံနောက် လိုက်မိ၍ ကိုယ်ကိုယ်တိုင် သေပြသွားသော စိတ်၏သဘာဝကို တစ်ပိုင်းချင်း တစ်ပိုင်းချင်း သိသိသွားခြင်းဖြင့် ပညာဉာဏ်ဖြစ်မည်။ သဘာဝအစစ်အမှန်သို့ ချဉ်းကပ်နိုင်မည်။ ချုပ်ထိန်းမှုမရှိ စိတ်လည်း လွတ်လွတ်လပ်လပ်၊ ကိုယ်လည်း လွတ်လွတ်လပ်လပ်၊ ဒါပေမယ့် စည်းမဲ့ကမ်းမဲ့ မဟုတ်။ အမြဲတမ်း သတိလေးက ကပ်လို့။

ဤအသိ၊ ဤသတိ၊ ဤပညာသည် ဒီအတိုင်း ရပ်တန့်မနေ၊ တစ်ချိန်ချိန်တွင် အသိပညာတို့ ဆုံးခန်းတိုင် အခြေအနေသို့ ရောက်လိမ့်မည်။

သဘာဝတရားကြီးထဲတွင် အာရုံသုည၊ စိတ်သုညဖြစ်ရာ နေရာတစ်ခု ရှိနေပါသည်။ ထိုနေရာသို့ ရောက်အောင်သွားရပါမည်။

ထို့ကြောင့် ယခုကတည်းက တရားရှုမှတ်နေသောစိတ်ကို ငါ့စိတ်အဖြစ် သဘောမထားဖို့ အခြေခံအသိအဖြစ် မွေးမြူထားမှသာ တစ်ချိန်ချိန်တွင် ပြည့်စုံသောအသိ ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် ကိုယ့်ကိုယ်ထဲ၌ ရှိသော စိတ်ကို စကားလေးတစ်ခွန်း ပြောကြည့်စေချင်ပါသည်။

"စိတ်ကလေးရေ ...မင်းနဲ့ငါ ဒီကနေ့ကစပြီး မတတ်သာလို့ ခပ်ခွာခွာလေးနေကြဦးစို့ရဲ့"။

ထိုအခါ "စိတ်"ကလေးကလည်း တစ်ခွန်းတည်းသောစကားဖြင့် ဤသို့ပြန်လည်ပြောဆိုသည်ကို ယောဂီ ကြားရပါလိမ့်မည်။

"အင်း ..ခင်ဗျားက ကျုပ်ကို မပိုင်ဘူး။ ကျုပ်နဲ့ မဆိုင်ဘူးဆိုတဲ့ အသိဉာဏ်ပညာတွေနဲ့ ကျုပ်ကို ခွာပြီး ကြည့်တတ်လာပြီဆိုရင် ခင်ဗျား တရားအားထုတ်တတ်လာပြီလို့ ကျုပ်က ပြောရတော့မှာပါပဲလေ ...။

၂၀-၂-၂၀၀၇



- အလုပ်ဟူသည် အလုပ်သမားတို့ ချစ်မြတ်နိုးအပ်သော အရာတည်း။
- ထို့အတူ လုပ်ငန်းခွင်သည်လည်း အလုပ်သမားတို့၏ ပျော်မွေ့ဖွယ်ရာ အရပ်ဌာနပင်တည်း။
- လုပ်ငန်းခွင် စဝင်-ဝင်ချင်း၌မူ အလုပ်သမားသစ်တစ်ဦးသည် နယ်မြေစိမ်းတစ်ခုအတွင်း ဝင်ရောက်လာသူတစ်ဦးနှင့် တူနေပေမည်။
- သိရ၊ မှတ်ရ၊ ရှောင်ရ၊ ဆောင်ရမှာတွေက အများကြီး။
- ရင်ဆိုင်ရ၊ ဖြေရှင်းရ၊ ကျော်လွှားရမှာတွေက အနန္တ။
- ထိုသောအခါ ဇွဲ၊ သတ္တိ၊ ဝီရိယနှင့်စိတ်ဓာတ် မခိုင်ခံ့ပါက စိတ်ပျက်လွယ်တတ်သည်။
- ဒါက လုပ်ငန်းခွင်ကျွမ်းကျင်မှု အဆင့်ရောက်မလာခင်အထိ ဖြစ်တတ်သည့် အနေအထားပင်။



"ဟုတ်ပါတယ်၊ ဒါကိုလည်း ကျွန်တော် မြင်တွေးမိပါတယ်။ ဘုရားရှင်ရဲ့ မဟာကရုဏာ ဉာဏ်တော်ကြီးဆိုတာ စကြဝဠာအနန္တမှာရှိတဲ့ သတ္တဝါအနန္တအပေါ်မှာ တစ်ပြေးတည်း၊ တစ်သားတည်း အညီအမျှထားတဲ့ ဉာဏ်တော်ကြီးပါ၊ လောကသားအားလုံးရဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက် ကိုယ်တော်တိုင် လျှောက်နေပြီး အနစ်နာခံချင်ခံမယ်။ ဝေနေယျ သတ္တဝါ မှန်သမျှကိုတော့ စိုးစဉ်းမျှ ပင်ပန်းဆင်းရဲစေလိုခြင်း မရှိတာကတော့ အမှန်ပါ။ ဘုရားချမှတ်ပေးခဲ့တဲ့ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နည်းဟာအားထုတ်တတ်သွားရင် အင်မတန်သက်သာတာလား၊ နည်းနည်းလေးမှ မပင်ပန်းပါဘူးဗျာ။ အဲဒီတော့မှ ဘုရားရှင်ရဲ့ မဟာကရုဏာတော်ကြီးကို ကြည်ညိုလိုက်ရတာလေ၊ မျက်ရည်များတောင် ဖြိုင်ဖြိုင်ကျမိပါရဲ့"

## စိတ်-စိတ်ပါကွယ်

ဝိပဿနာဟူသည် စိတ်၏ အလုပ်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် စိတ်၏ လုပ်ငန်းခွင်ဟုလည်း ဆိုနိုင်ပါသည်။ လုပ်ငန်းခွင်တစ်ခု ရှိလာပြီဆိုလျှင် လုပ်ငန်းခွင် ကျွမ်းကျင်မှုလည်း လိုအပ်လာပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်မှု ရှိမှပင် လုပ်ငန်းခွင်အတွင်း တွေ့ရတတ်သော အခက်အခဲများ၊ အန္တရာယ်များကို ကျော်လွှားသွားနိုင်မည် ဖြစ်ပါသည်။

လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုသည်ကား အတွေ့အကြုံနှင့် တိုက်ရိုက်အချိုးကျပြန်ပါသည်။ အတွေ့အကြုံ မရှိဘဲ၊ အတွေ့အကြုံ မရင့်ကျက်ဘဲ လုပ်ငန်းခွင်ကျွမ်းကျင်မှု မရှိနိုင်ပါ။ သည်လုပ်ငန်းခွင်ထဲတွင် ကျွမ်းကျင်လိုပါလျှင် ထိုလုပ်ငန်းခွင်ထဲ ရဲရဲဝံ့ဝံ့ဆင်းကြည့်ဖို့ လိုပါသည်။ အပေါ်ယံ အပြင်ပန်း၊ ဘေးမှကြည့်ရုံ၊ စိတ်ကူးဖြင့် မှန်းဆကြည့်ရုံ၊ ကြားဖူးနားဝ ထင်ထားရုံမျှဖြင့် လုပ်ငန်းကျွမ်းကျင်မှု ရှိလာမည် မဟုတ်ပါ။

အလုပ်ဟူသည် အလုပ်သမားတို့ ချစ်မြတ်နိုးအပ်သော အရာတည်း။

**အမှုဟာစဦး**

ထို့အတူ လုပ်ငန်းခွင်သည်လည်း အလုပ်သမားတို့၏ ပျော်မွေ့ဖွယ်ရာ အရပ်ဌာနပင်တည်း။

လုပ်ငန်းခွင် စဝင်–ဝင်ချင်း၌မူ အလုပ်သမားသစ်တစ်ဦးသည် နယ်မြေစိမ်းတစ်ခုအတွင်း ဝင်ရောက်လာသူတစ်ဦးနှင့် တူနေပေမည်။ သိရ၊ မှတ်ရ၊ ရှောင်ရ၊ ဆောင်ရမှာတွေက အများကြီး။ ရင်ဆိုင်ရ၊ ဖြေရှင်းရ၊ ကျော်လွှားရမှာတွေက အနန္တ။ ထိုသောအခါ ဇွဲ၊ သတ္တိ၊ ဝီရိယနှင့်စိတ်ဓာတ် မခိုင်ခံ့ပါက စိတ်ပျက်လွယ်တတ်သည်။ ဒါက လုပ်ငန်းခွင်ကျွမ်းကျင်မှု အဆင့် ရောက်မလာခင်အထိ ဖြစ်တတ်သည့် အနေအထားပင်။

သည်တော့ သည်လုပ်ငန်းခွင်အတွင်းသို့ မိမိသည် မည်သို့မည်ပုံ ရောက်လာခဲ့သနည်း။ ပြန်ဆန်းစစ်ဖို့ လို၏။ မိမိသည် ဤလုပ်ငန်းခွင်ကို အမှန်တကယ် ချစ်မြတ်နိုးခြင်းရှိ–မရှိ။ သူတစ်ပါးက အတင်းခေါ်လို့၊ ဒရွတ်တိုက်တန်းလန်းနှင့် ယောင်တိယောင်ကန်း လုပ်ငန်းခွင်ထဲ ဝင်လာမိ သလား။သို့တည်းမဟုတ် ဤလုပ်ငန်းခွင်ထဲမှ ကျွမ်းကျင်လုပ်သား အဆင့်မြင့် စံပြတံဆိပ်ရသွားသူတစ်ဦးကို အားကျခဲ့လို့လား။ ဘာကို ယုံကြည်မိလို့လဲ။ ‘ဆု’ကို လိုချင်တာလား။ ‘ဖြစ်ချင်မှု’တစ်ခုကို တောင့်တတာလား။ ‘လုပ်ခ’ရေး အဓိကလား။ အလုပ်လုပ်နေခြင်းအပေါ်၌သာ နှစ်သက်မြတ်နိုးနေချင်တာလား။

‘ဆု’ ၊ ‘ဖြစ်ချင်မှု’ နှင့် ‘လုပ်ခရေး’ စသည့် မျှော်ကိုးမှုသမားတွေကတော့ လုပ်ငန်းခွင်ထဲ အခက်အခဲတွေ့လာလျှင် တပ်လန်နောက်ဆုတ်သွားကြစမြဲ ဖြစ်သည်။ ‘ဆု’ ရချင်ရ၊ မရချင်နေ၊ အလုပ်လုပ်နေခြင်းအပေါ်၌သာ နှစ်သက်မြတ်နိုးတတ်သူတို့ကား ရေရှည်ခံသမားတွေ ဖြစ်မည်။ထိုသူတို့သည်သာ လုပ်ငန်းခွင်အတွင်း အကောင်းတွေ့တွေ့၊ အဆိုးတွေ့တွေ့၊ မတုန်မလှုပ် အလုပ်ဆက်လုပ်နေလိမ့်မည်။ အချိန်တန်ရင် လုပ်ခရမှာပဲ၊ ကိုယ့်အလုပ်က လုပ်ငန်းခွင်အတွင်း စိတ်ပါဝင်စားနေဖို့ပါပဲဟု ခံယူတတ်ဖို့ လိုပါသည်။

ဤအခြေခံ ခံယူချက်သည် လုပ်ငန်းခွင်အတွင်း ဖြတ်သန်းတော့မည့် အလုပ်သမားတစ်ဦးအတွက် လွန်စွာအရေးပါလှသည်။ ကိုင်တွယ်





ထိတွေ့၍ရသော၊ ပကတိမျက်စိဖြင့် မြင်နိုင်သော၊ လူ့လောက လူ့ဘောင် အလုပ်ခွင်အတွင်း၌ပင် အထက်ပါကဲ့သို့ ကိုင်တွယ်ချိန်ဆ ကြိုတင်မျှော်မှန်းရသေးသည်ဆိုလျှင် ခက်ခဲနက်နဲသော စိတ်၏ သဘာဝကို ရှာဖွေနေသည့် ဝိပဿနာအလုပ်ခွင်၌ကား ဆိုဖွယ်ရာမရှိ။

ဝိပဿနာအလုပ်ခွင်အတွင်း၌ ချာချာလည်နေကြသူများ၊ အလုပ်ခွင်ကို စိတ်ပျက်၍ နောက်ဆုတ်လှည့်ပြန်သွားကြသူများ၊ ငါတို့ လုပ်နေလို့လည်း မထူးတော့ပါဘူးလေဟု နှုတ်ထွက်သွားကြသူများ၊ မဖြစ်ပါဘူး၊ ဘာကြီးမှန်းလည်း မသိပါဘူး။ ခါးညောင်း၊ ပေါင်နာ၊ ဒူးနာတာပဲ အဖတ်တင်တယ်၊ ဘာတရားမျှလည်း မရပါဘူးဟူ၍ အပြစ်တင် ဝေဖန်ကြသူများကိုသာ များသောအားဖြင့် တွေ့ရတတ်ပါသည်။

ဤနေရာတွင် ဝိပဿနာအလုပ်ခွင်အတွင်း၌ အတန်အသင့် အတွေ့အကြုံရလာသူ ယောဂီတစ်ဦးနှင့် လုပ်ငန်းခွင်၏ အရှင်သခင်ဖြစ်သူ ‘စိတ်’တို့၏ ခွန်းတုံ့ပြန်စကားသံတို့သည် လုပ်ငန်းခွင်အတွင်း ဝင်ကြရန် တာစူနေကြသူ၊ လုပ်ငန်းခွင်အတွင်း အဆင်မပြေဖြစ်နေကြသူ၊ အထိုက်အလျောက် အဆင်ပြေလာခဲ့သော်ငြား ရှေ့ဆက်မတိုးနိုင်ဘဲ ရပ်တန့်နေကြသူများအတွက် အကြောင်းအထောက်အပံ့ကောင်းတစ်ခုတော့ ရနိုင်လောက်မည် ထင်ပါသည်။ နားဆင်ကြည့်ရင်းမှပင် ဆင်ခြင်ရှုမွား ဉာဏ်အား စိုက်မိကြမည်ဆိုပါလျှင် . . . . ။

“ဘယ်လိုလဲ ယောဂီကြီး၊ ခင်ဗျားက ကျုပ်ကို ပိုင်တယ်လို့ ထင်နေတုံးပဲလား”

စိတ်က စတင်၍ မေးလိုက်သော မေးခွန်းဖြစ်ပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်မှု အတန်အသင့်ရလာပြီဖြစ်သော ယောဂီကြီးက ပြန်ဖြေပါသည်။

“မထင်ရဲတော့ပါဘူးဗျာ၊ ဘာမဆို ငါပိုင်တယ်လို့ ထင်ခဲ့လို့လည်း လုပ်ငန်းခွင်ဝင်ခါစက အပင်ပန်းကြီး ပင်ပန်းခဲ့ရပါပြီ”

“အေးလေ . . . အဲဒါကိုက ခင်ဗျားတို့ရဲ့ အမှားပဲပေါ့ဗျ။ ဘယ့်နှယ်ဗျာ၊ ကျုပ်က ကိုယ်အစီအစဉ်နဲ့ကိုယ် ဝင်လေ ထွက်လေတွေရှူပြီး ခင်ဗျားရဲ့ ကိုယ်ကြီးကို အသက်ဆက်ပေးနေတာ ကြာခဲ့ပြီပဲ။ အမိဝမ်းထဲက ကျွတ်

ကတည်းက ဆိုပါတော့။ ခင်ဗျား နေ့ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ အိပ်နေခဲ့တဲ့ အချိန်တွေမှာလည်း ကျုပ်က ပြင်ပလေရှူသွင်း၊ အတွင်းလေကို ရှူထုတ်လုပ်ခဲ့တာ ကြာကြာခဲ့ပါပေါ့။ ဒါက ကျုပ်ရဲ့စိတ္တသင်္ခါရ သဘောအရ လုပ်ရမယ့် ပုံမှန်ဝတ္တရားပဲ၊ ကျုပ်အလုပ် ကျုပ်လုပ်ခဲ့တာပါဗျာ။ ခင်ဗျားကို ဘယ်တုန်းကမှ အကူအညီတောင်းခဲ့တာ မဟုတ်ပါဘူး။ ဒါကိုပဲ ခင်ဗျားတို့က တရားထိုင်ပြီလည်းဆိုရော ကြီးကြီးကျယ်ကျယ်လုပ်ပြီး ကျုပ်ကို ဟိုနေရာထား၊ သည်နေရာထားနဲ့ ဝင်လေ၊ ထွက်လေကို အတင်းမှတ်နိုင်းနဲ့ ခင်ဗျားပိုင် ပစ္စည်းကျနေတာပဲ၊ ကျုပ်ရဲ့လုပ်ငန်းခွင်ကို အတင်းဝင်စွက်ပြီး အဓမ္မ ဝင်လုပ်တာလေ။ ကျုပ်ကလည်း ကျုပ်ပဲဗျ၊ ခင်ဗျားနဲ့ကျုပ်နဲ့မှ မဆိုင်ဘဲ၊ ခင်ဗျားကိုယ်ထဲက ဟဒယဝတ္ထုရုပ်ကို အမှီပြုပြီး နေနေတယ်ဆို ပေမယ့် တကယ်တော့ နေရာအတိအကျ မရှိပါဘူးဗျ။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့မို့သာ ကျုပ်ဟာ ဟဒယဝတ္ထုရုပ်ရဲ့ နှလုံးအိမ်လှိုဏ်ခေါင်းကို မှီပြီးတည်နေတယ်ဆိုတာကို မြင်တော်မူသွားခဲ့တာ၊ တော်ရုံဉာဏ်နဲ့ မြင်ဖို့လွယ်တာ မဟုတ်ပါဘူးဗျ။ စိတ်ဆိုတာကလည်း ရုပ်ကို တည်မှီရတယ် မဟုတ်လား။ တည်ရာ၊ မှီရာ၊ ရုပ်မရှိရင် စိတ်ဟာ ဘယ်မှာ သွားနေရမလဲ။ လမ်းဘေးဈေးသည်လို ဟိုရွှေ့ရ၊ သည်ပြောင်းရနဲ့ ဖြစ်နေတော့မှာပေါ့''

''ဟုတ်တယ်၊ အခုတော့ ကျွန်တော် သဘောပေါက်လာတယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ ပထဝီဆိုတဲ့ မြေဓာတ်၊ တေဇောဆိုတဲ့ မီးဓာတ်၊ အာပေါဆိုတဲ့ ရေဓာတ်နဲ့ ဝါယောဆိုတဲ့ လေဓာတ်အပြင် အာကာသဆိုတဲ့ ကိုင်တွယ်ထိတွေ့လို့ မရတဲ့ ဟင်းလင်းပြင်ဓာတ်၊ သိမှုဆိုတဲ့ ဝိညာဏဓာတ်တို့ဟာ သဘာဝတရားရဲ့ ကိုယ်စားလှယ်တွေအဖြစ် ကိန်းအောင်းတည်ရှိနေတယ်ဆိုတာကိုပေါ့''

''မှန်လိုက်လေ၊ ခင်ဗျား အမြင်မှန်တွေ ရလာပြီပဲ''

''ဟုတ်ပါတယ်၊ အတွေ့အကြုံက စကားပြောလာတာပေါ့ဗျာ''

''အေးပေါ့လေ၊ ဒီလိုပဲပေါ့။ မမှားသောရှေ့နေ၊ မသေသောဆေးသမား မရှိဘူးဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲ။ မဟုတ်ဘူးလားကွဲ





ရှင်းစမ်းပါဦး။ ခင်ဗျားက ခင်ဗျားကိုယ်ထဲက ကျုပ်ဆိုတဲ့ စိတ်ကို ခင်ဗျားအပိုင်ထင်တဲ့စိတ်နဲ့ အားထုတ်ခဲ့တုန်းက အခြေအနေလေးတွေ''

''စခါစတုန်းကတော့ တကယ်သစ်စ မဟုတ်လားဗျာ၊ လုပ်လိုက်မယ်ဟဲ့၊ မှတ်လိုက်မယ်ဟဲ့နဲ့ ကြိမ်းလို့ ဝါးလို့ပေါ့ဗျာ၊ ကိုယ့်ကိုယ်ထဲက စိတ်ကြီးက (ခင်ဗျားကိုပေါ့လေ) မွေးကတည်းက သည်စိတ်၊ ကြီးပြင်းလာတဲ့ တစ်လျှောက်လုံးလည်း သည်စိတ်၊ အခုလည်း သည်စိတ်၊ နောက်လည်း သည်စိတ်တစ်ခုပဲလို့ ထင်ခဲ့တာ''

''ရယ်ရတယ်နော်၊ ခင်ဗျားပြောမှပဲ ကျုပ်ရှေ့မှာ လက်ဖျစ်တစ်တွက်ကုဋေတစ်သိန်းနှုန်းနဲ့ ကျုပ်ရဲ့နောင်တော်ပေါင်း မြောက်မြားစွာ သေဆုံးသွားခဲ့ပုံကို အမှတ်ရလိုက်မိပါသေးတယ်။ ခင်ဗျားတို့ အပြင်လောကလို သင်္ချိုင်းသတ်မှတ်ပေးမယ်ဆိုရင် အလောင်းတွေဟာ ထောင်ပုံရာပုံမက ကုဋေပုံ၊ သန်းပုံ ဖြစ်နေတော့မှာပဲ။ ပြီးတော့ သင်္ဂြိုဟ်စက်ကြီးနဲ့ သင်္ဂြိုဟ်မယ်ဆိုရင်တောင် လောင်စာရှားပါးမယ့်ပြဿနာ မလွဲမသွေကြုံရမှာပဲ။ နာရေးကြော်ငြာတွေ နေ့စဉ်ထည့်ရကြေး ဆိုရင်လည်း သတင်းစာထဲမှာ အခြားသတင်းပါတော့မှာ မဟုတ်ဘူး။ အဲဒီလောက်များတဲ့ သေဆုံးမှု ဖြစ်စဉ်ကြီးတွေကိုများ ခင်ဗျားက မွေးကတည်းက အခုအချိန်ထိ တစ်ခုတည်းလို့ ထင်ခဲ့မိတာများ အံ့ပါရောဗျာ''

''ဒါပေါ့လေ၊ ဒါကတော့ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ။ လူတိုင်းပါပဲ''

''အံမယ်၊ ခင်ဗျားက ကျွန်ဝယ်ရာအဆစ်ပါ၊ သူတစ်ပါးတွေကိုပါ ဆွဲထည့်လိုက်သေးတယ်။ ကျန်တဲ့လူတွေထားပါ။ ကျုပ်က ဝိပဿနာအလုပ်ခွင်ထဲ ဝင်လာတဲ့ ခင်ဗျားနဲ့ပဲ ပြောချင်တာပါ။ သည်လုပ်ငန်းခွင်ထဲ မဝင်ရသေးသူတွေကို မဆီမဆိုင် ဆွဲမထည့်စမ်းပါနဲ့။ သေဖော်ညှိ မနေစမ်းပါနဲ့ဗျာ''

''ဟုတ်ပါပြီ။ အင်းလေ၊ ကျွန်တော် တစ်ယောက်တည်းအနေနဲ့ပဲ ပြောပါ့မယ်။ အဲဒီတော့ ခုနခင်ဗျားပြောခဲ့သလို ခင်ဗျားဘာသာ ခင်ဗျားလုပ်နေတဲ့ စိတ္တသင်္ခါရ သဘောအရ ဆောင်ရွက်နေတဲ့ ဝင်လေ၊ ထွက်လေ

ရှူရှိုက်မှုကြီးကို ပေးစမ်း။ ငါရှူမယ်၊ငါထုတ်မယ်ဆိုပြီး ဝင်လုပ်မိတော့တာပါပဲ''

''ဘယ့်နှယ် ဒီ 'ငါ'ကြီးက ဝင်ပါလာတာတုံး''

''အကျင့်ပါနေလို့ပါဗျာ။ ဘာမဆို ငါ့ပစ္စည်း။ ငါ့ဥစ္စာ၊ ငါ့စည်းစိမ်၊ ငါ့ရာထူး၊ ငါ့နေရာ၊ ငါ့လုပ်ပိုင်ခွင့်၊ ငါ့နာမည်၊ ငါ့သိက္ခာ၊ ငါ့သားသမီး၊ ငါ့ဇနီးမယား။ ငါ့ . . . .''

''တော် . . . တော်ဗျာ၊ ခင်ဗျား ငါတွေကလည်း မပြီးနိုင်တော့ဘူးလား။ တစ်ဖက်က နားထောင်နေရတဲ့ သူကို အားနာပါဦး''

''အင်းလေ၊ ခင်ဗျားပြောလည်း ပြောစရာပါပဲ။ အဲဒီ 'ငါ'ကြီးက ဘယ်အချိန်ကနေ ဘယ်လိုစရောက်လာသလဲ မပြောတတ်ဘူး။ အရာရာကို 'ငါ'ဆိုတာနဲ့ပဲ ဆက်သွယ်ခဲ့တာ ကြာခဲ့ပြီလေ။ အဲဒါကြောင့်လည်း ခင်ဗျားကို . . .''

''ဘာလဲ၊ ငါ့စိတ်လို့ ထင်လိုက်မိတယ် ပြောဦးမလို့လား''

''ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ရှေ့မှာ ကျွန်တော်တို့ လက်စွဲတော် လက်ကိုင်တုတ်ကြီး 'ငါ'ကို တပ်လိုက်ရင်းက ငါ့ကိုယ်ထဲက စိတ်က ငါ့စိတ်ပဲ ဆိုတဲ့ အသိနဲ့ ဝင်လေထွက်လေ ရှူတာ၊ ထုတ်တာတွေကို ငါလုပ် နေတယ်၊ ငါသိနေတယ်ဆိုပြီး ထင်ခဲ့တာ အဲဒီလိုလုပ်နေတာကိုပဲ တရားအားထုတ်တယ်လို့ ထင်ခဲ့တာ''

''အဲဒါကိုက ခင်ဗျားဟာ တရားအားထုတ်တာ မဟုတ်ဘဲ မတရားအားထုတ်တာ ဖြစ်မနေဘူးလား။ ကျုပ်ဆိုတဲ့ စိတ်က ကျုပ်ပဲ။ ခင်ဗျားက ခင်ဗျားပဲ၊ ဘာဆိုင်လို့လဲ၊ ခင်ဗျားက ကျုပ်လုပ်ပိုင်ခွင့်ထဲ ဝင်ကျူးကျော်၊ ကျုပ်ကို နေရာဖယ်။ ကိုယ့်ကိုယ်ကို လူတတ်ကြီးလုပ်ပြီးတော့ ငါတရားအားထုတ်နေပြီလို့ ကြွေးကြော်နေချင်တာ မဟုတ်လား''

''ခင်ဗျား တော်တော်အကင်းပါးပါလား။ ကျွန်တော့်ကို ရိပ်မိနေပြီပေါ့''

''စိတ်ပဲဗျ၊ သိတာပေါ့၊ ခင်ဗျားတို့က လောကမှာ စကားလုံးဝေါဟာရအဖြစ်နဲ့တောင် တန်းမဝင်သင့်တဲ့'အတ္တ' ကို နေရာပေးပြီး ကျုပ်ကို ဝင်ပြီးချုပ်ကိုင်ချင်လို့ ဘယ်ရမလဲ။ ဘုရားရှင်ကို ကြည့်ပါလား။ ဘယ်လောက်





ကြည်ညိုစရာ ကောင်းပါသလဲ။ လောကမှာ အနတ္တပဲရှိတယ်။ အတ္တမရှိဘူးတဲ့၊ တစ်ခွန်းတည်းနဲ့ပြတ်ရော။ ဘုရားမပွင့်ခင်အထိ တစ်လောကလုံးမှာ 'အတ္တ'ကို ရှေ့တန်းတင်၊ 'အတ္တ'ကို နေရာပေးထားခဲ့ကြတာတွေဟာ ဘုရားလည်း ပွင့်ထွန်းပေါ်ပေါက်ရော။ အကုန်လုံး ပက်လက်လန်ကုန်တော့တာပဲ မဟုတ်လား။ ဒါတောင်မှ အတ္တအစွဲကြီးတဲ့ သူတွေက ဘုရားကို မရ-အရ တိုက်ခိုက်ခဲ့ကြတာတွေကို သာသနာဦးကာလမှာ ခင်ဗျားတွေ့ခဲ့ရမှာပေါ့။ ထားပါတော့၊ ကျုပ်ပြောချင်တာက တစ်လောကလုံးရဲ့ တစ်ဆူတည်းသော ဆရာဖြစ်တော်မူတဲ့ ဘုရားရှင်ဟာ ကျုပ်ဆိုတဲ့စိတ်ကို စနစ်တကျနဲ့ အသုံးချ အကောင်အထည်ဖော်သွားလို့ သဗ္ဗညုတဉာဏ်တော်ကြီး ပေါ်ထွန်းခဲ့ပြီး အနတ္တရဲ့သဘောကို တွေ့သွားတာ မဟုတ်လား။ ဒါကို ခင်ဗျားတို့က ဘုရားကို ရှိခိုးပါ၏။ တရားကို ရှိခိုးပါ၏။ သံဃာကို ရှိခိုးပါ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး တို့ကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်စွာ ဆည်းကပ်ပါ၏လို့လည်းဆိုသေး ဘုရားအဆုံးအမအတိုင်း တရားအားထုတ်ပါတော့မယ်လို့လဲ ဆိုသေး။ တကယ်အားထုတ်တော့ ဘုရားအဆုံးအမထက်ကို ခင်ဗျားတို့ရဲ့ အစွဲသန်နေတဲ့ 'အတ္တ'ကြီးကို ကိုင်ပြီး အားထုတ်နေကြတာ မဟုတ်လား။ အဲဒီတော့ ခင်ဗျားတို့မှ မပင်ပန်း၊ မဆင်းရဲရင် ဘယ်သူ ပင်ပန်းဆင်းရဲတော့မလဲ''

''ဟုတ်ပါတယ်၊ ဒါကိုလည်း ကျွန်တော် ပြန်တွေးမိပါတယ်။ ဘုရားရှင်ရဲ့ မဟာကရုဏာဉာဏ်တော်ကြီးဆိုတာ စကြဝဠာအနန္တမှာရှိတဲ့ သတ္တဝါအနန္တအပေါ်မှာ တစ်ပြေးတည်း၊ တစ်သားတည်း အညီအမျှ ထားတဲ့ ဉာဏ်တော်ကြီးပါ၊ လောကသားအားလုံးရဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက် ကိုယ်တော်တိုင် ရှေ့ကနေပြီး၊ အနစ်နာခံချင်ခံမယ်။ ဝေနေယျသတ္တဝါမှန်သမျှကိုတော့ စိုးစဉ်းမျှ ပင်ပန်းဆင်းရဲစေလိုခြင်း မရှိတာကတော့ အမှန်ပါပဲ။ ဘုရားချမှတ်ပေးခဲ့တဲ့ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်နည်းဟာ အားထုတ်တတ်သွားရင် အင်မတန်သက်သာတာလား။ နည်းနည်းလေးမျှ မပင်ပန်းပါဘူးဗျာ။ အဲဒီတော့မှ ဘုရားရှင်ရဲ့ မဟာကရုဏာတော်ကြီးကို ကြည်ညိုလိုက်ရတာလေ၊ မျက်ရည်များတောင် ဖြိုင်ဖြိုင်ကျမိပါရဲ့''

''လုပ်ပြီ၊ ခင်ဗျားတို့တစ်တွေက သည်လိုချည်းပဲ။ ကြည်ညိုမှု အတုကြီးနဲ့တုံးကတော့ ငါဟဲ့၊ ငါကွနဲ့ ဘုရားပစ်ပယ်တော်မူတဲ့ 'အတ္တ'ကို တခုတ်တရနေရာပေးခဲ့ကြပြီ။ အခုတကယ်လည်း ကြည်ညိုတတ်ပြီလည်း ဆိုရော မျက်ရည်ကျရ လွမ်းတသသဖြစ်ကြရနဲ့ ဖြစ်ကုန်ရော''

''ခင်ဗျား အပြစ်တင်ရင်လည်း ခံရမှာပဲလေ။ ကျွန်တော် အခုမှပဲ တရားအားထုတ်တတ်ခဲ့ပြီလို့ သိတဲ့နေ့က ကျွန်တော့်လောက် ပျော်တဲ့သူ ဘယ်မှာမှ မရှိနိုင်တော့ဘူးလို့ ထင်ခဲ့မိပါသေးတယ်။ အဲဒီမှာ တစ်ဆက်တည်း လိုလို ဘုရားရှင်ရဲ့ ဂုဏ်တော်၊ ဉာဏ်တော်တွေကို ကြည်ညိုလိုက်ရတာလည်း ပြောမနေပါနဲ့တော့။ ဘုရားရှင်ရဲ့ လေးသချေ်္ခနဲ့ ကမ္ဘာတစ်သိန်း စွန့်လွှတ် အနစ်နာခံ ပါရမီဖြည့်ခဲ့ပုံတွေကိုလည်း ကြည်ညိုလိုက်ရတာ ပြောမပြ တတ်အောင်ပါပဲ''

''ဘာလဲ . . . ခင်ဗျားနဲ့ ကျုပ်နဲ့ လမ်းခွဲတဲ့နေ့ကလား''

''ခင်ဗျား . . မှတ်မိသားပဲ။ ခင်ဗျားဆိုတဲ့ 'စိတ်'ဟာ သပ်သပ်၊ ကျွန်တော်ဆိုတဲ့ ကျွန်တော်ဟာ သပ်သပ်လို့ သိမြင်တဲ့နေ့ကပေါ့''

''နေဦးဗျ၊ ဘေးကလူတွေကြားရင် တစ်မျိုးထင်ကုန်ဦးမယ်။ ကျုပ်ကတော့ ထားလိုက်ပါဗျာ၊ ခင်ဗျားလည်း အမြင်ရှင်းခဲ့ပြီပဲ။ သဘာဝ တရားထဲက 'သိမှု'သဘောတစ်ခုပေါ့ဗျာ။ ဆိုရရင် သင်္ခါရတရားတစ်ခု ပေါ့ဗျာ။ ခင်ဗျားကရော''

''ဪ . . . ဒါက ပညတ်တင်ပြီး ခင်ဗျားနဲ့ကျွန်တော်ဆိုပြီး အပြန်အလှန်စကားပြောနေကြလို့သာ။ 'ကျွန်တော် ဆိုတဲ့ ကျွန်တော်'လို့ ပြောလိုက်တာပါ။ တကယ်တော့ 'ငါ'ကို ရှေ့တန်းမတင်တော့တဲ့၊ ငါကို အသုံးမပြုတဲ့ ကျွန်တော်ဟာ ဖွဲ့အိတ်ကြီးလို ဘာမျှ အသုံးမကျတော့ပါဘူး။ ငါမရှိရင် ကျွန်တော်လည်း မရှိတော့ပါဘူးဗျာ''

''ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါကို ကြားချင်တာ၊ တော်ကြာ ခင်ဗျားက 'ငါ'လို့ ထင်ထားတဲ့ 'ကျွန်တော်'ကြီးနဲ့ ပြောမိရင် ခက်နေမှာစိုးလို့ သတိပေး ရတာပါ''

''သတိပဋ္ဌာန်တရားကို အဆက်မပြတ်အားထုတ်လာခဲ့ပြီပဲဗျ။





ဘုရားရှင်ရဲ့ တရားတော်ဆိုတာ အမှားကြီးကို ကိုင်ပြီး ဘယ်လိုအားထုတ်ခဲ့၊ အားထုတ်ခဲ့၊ အချိန်ကြာလာတဲ့အခါ အမှားထဲက အမှန်ပေါ်လာစမြဲ မဟုတ်လား''

''ဟုတ်တယ်ဗျ၊ ဒါကြောင့်မို့ ဘုရားရှင်က သန္တိဋ္ဌိကော၊ ကျင့်ကြံ ကြသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့ ကောင်းစွာကိုယ်တိုင် သိမြင်နိုင်တယ်တဲ့။ ဘယ်လောက် အာမခံချက်ရှိလိုက်သလဲ''

''အဲဒါပေါ့။ တရားကိုဆောင်ရင်(ယုံယုံကြည်ကြည်နဲ့သာ အားထုတ် နေရင်) အဲဒီတရားက ကိုယ့်ကို အမှန်ရောက်အောင် လမ်းပြသွား မှာပါပဲ။ အချိန်ကြာပြီး လည်တယ်တယ် မဖြစ်အောင်တော့ ဆရာသမားကောင်းကို ရှာဖွေဆည်းကပ်ဖို့တော့ လိုတာပေါ့''

''တစ်လောကလုံးရဲ့ တစ်ဆူတည်းသော ဆရာဖြစ်တော်မူတဲ့ ဘုရားရှင် မရှိတော့တဲ့နောက် ဘုရားရှင်ရဲ့တပည့်သား သံဃာတော်တွေဟာ ဘုရားအဆုံးအမတွေအတိုင်း ဟောဖော်ညွှန်ပြပေးနေကြတဲ့ ဆရာတွေပဲပေါ့။ တကယ်ယုံယုံကြည်ကြည်နဲ့ အားထုတ်နေရင် ဆရာကောင်းလည်း တွေ့ရမှာ မလွဲပါပဲ''

''ကဲ . . . စကားတွေ ကောင်းနေလိုက်ကြတာ၊ တရားအားထုတ်ဖို့ အချိန်တွေတောင် တော်တော်လျော့သွားပြီ''

''ဘာလဲ . . ခင်ဗျားက ကျုပ်ကိုနှင်တာလား''

''မနှင်ပါဘူးဗျာ၊ခင်ဗျား ဘာတွေ လုပ်မလဲဆိုတာ ကျုပ်စောင့်ကြည့် ချင်လို့ပါ''

''ကျုပ်အလုပ်ကတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်က ပေးပို့တဲ့ သတင်းအချက်အလက်တွေ လက်ခံစုဆောင်း တုံ့ပြန်ဆုံးဖြတ်မယ်ဗျာ။ ကြိုက်တာ၊မကြိုက်တာ၊ မသိတာ ဖြစ်စေမယ်ဗျာ၊ဒါမှမဟုတ် အဲဒီ ငါးဒွါနက မလာရင် ကျုပ်ဘာသာကျုပ် အဟောင်းတွေကို ပြန်စမြုံ့ပြန်ချင်ပြန်မယ်ဗျာ။ ရှေ့ကိုကျော်ပြီး တွေးချင် တွေးနေမယ်ဗျာ၊ အဲဒါပဲဗျာ၊ ဘာထူးဆန်းလို့လဲ''

''ကျွန်တော်လည်း ခင်ဗျားသဘာဝကို အတန်အသင့်တော့ ရိပ်မိလာပါပြီဗျာ၊ အဲဒါခင်ဗျားကို ကျွန်တော် ခွာကြည့်ခဲ့မိလို့ပါပဲ။ လုပ်လေ၊

ခင်ဗျားအလုပ် ခင်ဗျားလုပ်ပါ၊ ကျွန်တော်က ပွဲကြည့်ပရိသတ်ပဲ၊ ခင်ဗျားရဲ့ မရပ်မနား တရစပ်အလုပ်လုပ်နေတတ်တဲ့ အလုပ်သဘာဝထဲမှာ ခင်ဗျားရဲ့ နောင်တော်၊ညီတော်တွေ အစုလိုက်၊ အပြုံလိုက် အနိစ္စရောက် နေကြတဲ့ သဘာဝကို ကျွန်တော်ကြည့်ရင်း သံဝေဂ ရချင်လို့''

''ခင်ဗျားဟာက အခုအထိ သံဝေဂအဆင့်မှာပဲ ရှိနေသေးလား''

''မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတွေကို စစ်တမ်းကောက်ရင်းက ရှုမြင်သုံးသပ်နေချင်တာပါ''

''ဒီလောက် အပျက်အစီးတွေ သိရ၊ မြင်ရတာကို ခင်ဗျားမငြီးငွေ့သေးဘူးလား''

''ငြီးငွေ့တာလည်း ကြာပါပြီ၊ မဖြစ်ချင်တော့လောက်အောင် မုန်းတာလည်း ကြာပါပြီ''

''ဒါဆိုရင် တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ဆုံးတဲ့သဘောကို . .''

''ဟုတ်ပါတယ်၊ အဲဒါကတော့ ကျွန်တော့်ရဲ့ အလိုအတိုင်းလုပ်လို့ မရဘူး မဟုတ်လား။ ဓမ္မရဲ့ အလိုအတိုင်း ရှိရမှာ မဟုတ်ဘူးလား''

''ကြားရတာ ဝမ်းသာစရာပါပဲ၊ ခင်ဗျား အတော်အသင့် တိုးတက်လာပြီလို့ ဆိုရတော့မှာပဲ နောက်ထပ် ခင်ဗျားနဲ့ စကားတွေ ပြောချင်သေးတယ်''

''အားတဲ့၊ နားတဲ့အချိန် ပြောတာပေါ့ဗျာ။ အခုတော့ ခင်ဗျားက အရှုခံအဖြစ်နဲ့ ရပ်တည်ပေးပါဦး။ ကျွန်တော့် အရှုဉာဏ်ကို ခေါ်လိုက်ပါဦးမယ်''

''ကောင်းပြီလေ၊ ပြန်ဆုံကြဦးမယ်လေ။ ပျော်ပျော်ပါးပါးပေါ့''

၂၇-၂-၂၀၀၇



- ''သင်ချစ်သားတို့-သင်တို့ ထင်တိုင်းလည်း ကောင်းလှပေ၏။
- ငါ့ဘုရား၏ အလိုကား အကြင်ရဟန်းသည် ဆွမ်းစားပြီးသောအခါ တစ်နေရာရာတွင် တင်ပျဉ်ဖွဲ့ခွေပြီးနောက် ငါသည် တရားကို အားထုတ်အံ့။
- အာသဝေါ တရားမကုန်လျှင် ဤနေရာမှ မထပြီဟူ၍ ဝိပဿနာတရားကို အားထုတ်ကာ နေကြခြင်းသည် ဤပင်လုံးကျွတ်ပွင့်လျက်ရှိသော အင်ကြင်းတောကြီးကို ပို၍လှပတင့်တယ် မွှေးလျော်ဖွယ် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေမည်'' ဟု မိန့်တော်မူလိုက်သည်။
- မထေရ်မြတ်တို့၏ သာဓုခေါ်သံသည် အင်ကြင်းတောအတွင်းသို့ တိုးတိတ်စွာ ပျံ့နှံ့သွားလေသည်။



*အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးတည်း ဟူသော အာရုံတောကြီး၏ အရှင်သခင်တို့ကလည်း တစ်ချိုးတစ်စု မဖိုးနိုင်လောက်အောင် မက်လုံးပေး ဖျက်ဆီးလျက် လူရောင်စုံတို့အား အာရုံရောင်စုံတွေကြားထဲက ရုန်းမထွက်နိုင်အောင် တားဆီးထားတော့သည်။ ထိုအခါ လူရောင်စုံတို့သည် "အာရုံတော"ဦးသာ ပျော်မွေ့ရှင်းက မွန်းကျပ် နစ်မြုပ်မှန်းမသိ နစ်မြုပ်လေတော့၏။*

## တောအရပ်မှ အရှည်ဝါသီ

(၁)

တော၏ ရန့်၊ တော၏ အဆင်း၊ တော၏ အလှမှန်သမျှတို့သည် ဆိတ်ငြိမ်ခြင်းတည်းဟူသော သဘာဝတရားကို ဆောင်ယူလျက် သူတော်စင်တို့၏ နှလုံးအိမ်ကို ကြည်မွေ့စေနိုင်ပါသည်။ ထို့ကြောင့် သူတော်ကောင်းတရားကို အားထုတ် နေသူမှန်သမျှ လူသူကင်းဝေးရာ မြို့ပြအငွေ့အသက်တို့ လွှမ်းမိုးခြင်းမှ ကင်းလွတ်ရာ၊ ကိလေသာအပူမီးများ လိုက်ပါလောင်မြိုက်ခြင်းငှာ မစွမ်းနိုင်ရာသော တောရဂုံ စုံမြိုင်ခြေရှိရာသို့ ချဉ်းကပ်ကြစမြဲဖြစ်ပါသည်။

''သူတော်ကောင်းတွေမှ ကိန်းအောင်းမွေ့လျော်ကြတဲ့ စုံတောမြိုင် ....

ပန်းမာလာကြိုင် ... လွှမ်းစရာသာလှိုင် .. ကြိုင်သင်း ...''

'စုံတောမြိုင်'သီချင်းစာသား တစ်ပိုင်းတစ်စနှင့်အတူ တေးသံသာကိုပင် သတိရနေမိသေးတော့သည်။သုံးလောကထွတ်ထား ဘုရားရှင်မဖြစ်မီ အလောင်းတော်မင်းသားဘဝက မွေးဖွားရာအရပ်ကိုပင် ကြည့်ဦးတော့။

**အမှာအစဉ်**

''လူမှိုနီ အင်ကြင်းတော''

ဘုရားဖြစ်တော်မူသော အရပ်ဒေသကိုလည်း ကြည့်ဦးတော့။

''ဥရုဝေလတော''။

ဘုရားရှင် တရားဦးဒေသနာ ဟောကြားရာ အရပ်ကိုကြည့်ဦး တော့ . . . ။

''မိဂဒါဝုန်တော''။

ဘုရားရှင်အဖြစ် (၄၅)ဝါကာလ သီတင်းသုံးခဲ့ပြီးနောက် နောက်ဆုံး ပရိနိဗ္ဗာန်ပြုရာဒေသကိုလည်း ကြည့်ဦးတော့။

''ကုသိနာရုံ အင်ကြင်းတော''။

အားလုံးသည် 'တော'အရပ်ဒေသမှာချည်းဖြစ်သည်။ ဖွားမြင်တော် မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ တရားဦးဒေသနာ ဟောကြားခြင်း၊ ပရိနိဗ္ဗာန် ပြုခြင်း စသည်တို့သည် 'တော'အရပ်ကိုပင် မှီခဲ့လေ၏။

''မြို့ပြရဲ့ မွန်းကျပ်တဲ့ လူနေမှုစနစ်မှာ စီးမျောရင်းလေ ရက်စက်တဲ့ နေ့ရက်များ တိုက်ခတ်လို့ အားနည်းနေပြီဆို''

သီချင်းသမားဖြစ်ခဲ့သူမို့ ဉာဉ်၊ စရိုက်၊ ဝါသနာက အရှိန်မကုန်သေး ပြန်။ သည်တော့– ထူးအိမ်သင်၏ အမေ့အိမ် တေးစာသားအပိုင်းအစ သည်ပင် စာရေးနေစဉ် စိတ်ကူးအာရုံ၌ ဖျတ်ခနဲပေါ်လာမိပြန်ပါသေးသည်။

သောက အပူထုပ်ကိုယ်စီဖြင့် မြို့ပြ၏ ပလက်ဖောင်းရေစီးကြောင်း ပေါ်၌ ထောင်းလမောင်းထိအောင် သွားလာလှုပ်ရှားရုန်းကန်နေကြသော လူရောင်စုံများကို လှမ်းမြင်လိုက်မိသေးသည်။ ကိုယ်တိုင်လည်း သည်ရေစီး ကြောင်းထဲမှာ နှစ်ပေါင်းများစွာ စီးမျောခဲ့သည်ပေါ့။ ဆင်ယင်ထားသော ဝတ်ကောင်းစားလှ၊ ဟန်ဆောင်ပြုံးရယ်နေသော မျက်နှာအတွန့် အကွေး၊ အရွေ့ပြောင်းလှုပ်ရှားမှုတို့၏ နောက်ကွယ်၌ ကိလေသာဓားတန်းလန်းကြီး ရင်ဝ၌ စူးစိုက်နေသည်ကို မမြင်မိခဲ့။

ဘယ်လှည့်၊ ညာလှည့်၊ ခြေမြှောက်၊ လက်မြှောက်၊ ကြိုးဆွဲရာ ကနိုင်းသမျှ အဝိဇ္ဇာ၊ တဏှာဇာတ်ဆရာ၏ ချည်ငင်နှောင်ဖွဲ့ထားသော ကြိုးစ တွေကို သတိမပြုမိခဲ့။ မသိမှု စွဲလမ်းအားပိုမည်ကိုး။





သစ္စာတရားကို မသိမှုတည်းဟူသော 'အဝိဇ္ဇာ'သည် အာရုံမှန် သမျှကို တခုတ်တရ စွဲလမ်းစေတော့သည်။ငါ့ အာရုံ၊ ငါ ခံစားစရာ အာရုံ၊ ငါကြိုက်တဲ့ အာရုံ၊ သည်အာရုံလေးရှိမှ ငါနေတတ်တယ်၊ သည်အာရုံလေး မရှိရင်တော့ဖြင့် အနေခက်လှချည်ရဲ့၊ သည်အာရုံလေး ထပ်ရအောင် လုပ်ဦးမှပါပဲ စသည်ဖြင့် ငါနှင့်အာရုံ၊ အာရုံနှင့်ငါ ချာချာလည် လုံးထွေးနေ တော့သည်။

လူရှိလို့ အရိပ်ရှိနေခြင်း၊ လူမရှိရင် အရိပ်မရှိနိုင်။ ဤသည်ကို သဘောသက်ဝင်သောအခါ စွဲလမ်းမှုအပေါ်၌ ငါဟု ထင်မှတ်။ ထို ငါမှ တစ်ဆင့် အာရုံကို သိမ်းပိုက်လိုစိတ် မီးတောက်မီးလျှံများကား ပြန့်ပွားကူးစက် ကုန်တော့သည်။ နောက်ဆုံးတော့ ရောင်စုံလူစီးကြောင်းကြီးပေါ် ရောက် နေသူမှန်သမျှ အာရုံရောင်စုံတို့၏ ဆွဲဆောင်ဖြားယောင်းမှုနောက် တကောက် ကောက်လိုက်ကာ မောရမှန်း၊ ပန်းရမှန်း မသိနိုင်တော့သည်အထိ ဖြစ်လာ လေ၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးတည်း ဟူသော အာရုံတောကြီး၏ အရှင်သခင်တို့ကလည်း တစ်ခုပြီးတစ်ခု မရိုးနိုင်လောက်အောင် မက်လုံးပေး ဖျက်ဆီးလျက် လူရောင်စုံတို့အား အာရုံ ရောင်စုံတွေကြားထဲက ရုန်းမထွက်နိုင်အောင် တားဆီးထားတော့သည်။ ထိုအခါ လူရောင်စုံတို့သည် ''အာရုံတော''၌သာ ပျော်မွေ့ရင်းက မွန်းကျပ် နစ်မြုပ်မှန်းမသိ နစ်မြုပ်လေတော့၏။

သည်တော့ ''အာရုံတော''မှသည် ''သဘာဝတော''ဆီသို့ ခြေဦး လှည့်ဖြစ်ဖို့ ဆိုသည်မှာ မလွယ်လှ။ ထို့ထက် ပို၍ ''သဘာဝတော''ကြီး အတွင်း၌ သူတော်စင်တို့ မည်သို့မည်ပုံ နှလုံးသွင်းနေထိုင်သွားကြပုံကို သိနိုင်ဖို့ ခက်ခဲလှစွာ၏။ ''ကိုယ့်အရာမှ မဟုတ်ပေဘဲ။ သည်တော့ ကိုယ်နှင့် မဆိုင်သလိုဘဲ နေလိုက်ကြတော့မှာပေါ့''ဟု ပြောလိုကလည်း ပြောနိုင်ပါ၏။

သို့သော် အတုမဲ့ အနှိုင်းမဲ့ဘုရားရှင်နှင့်တကွ လက်ဝဲရံ၊ လက်ယာရံ ရဟန္တာမထေရ်မြတ်ကြီးများ၏ သဘာဝတော၌ နေထိုင်ပုံ၊ သဘာဝတော အပေါ် နှလုံးသွင်းဆင်ခြင်ပုံတို့၏ အံ့လောက်ဖွယ် စိတ်ထားများအား

တစ်စွန်းတစ်စလေးမျှ ကြည်ညိုကြည့်စေချင်ပါသည်။ တစ်နည်းအားဖြင့် မိမိရပ်တည်ရာ လက်ရှိ 'အာရုံတော'မှသည် သူတော်စင်သူတော်မြတ်တို့ နေထိုင်ရာ 'သဘာဝတော'ဆီသို့ အဝေးကြည့်မှန်ပြောင်းဖြင့် ခေတ္တ ခဏလှမ်းမျှော်ကြည့်ရှုကလေးမျှသာ ဖြစ်ပါသည်။ (ကြည့်ရှုပြီးသော် မိမိ နှစ်သက်သလို ဆုံးဖြတ်ချက်ချနိုင်ပါသည်။ ဤသည်ကတော့ ကာယကံရှင်၏ သဘောဆန္ဒအတိုင်းပေါ့ ....)

(၂)

အင်ကြင်းတောကြီးကား သာယာလှမ်းမောဖွယ် ကောင်းလှပါဘိ။

ဤနေရာ၌ ကာဠုဒါယီမထေရ်သာ ပါလာခဲ့လျှင် ဘုရားရှင်အား ကပိလဝတ်နေပြည်တော်သို့ ပင့်ဖိတ်စဉ်က တော၏ သာယာလှပပုံ အဖွဲ့အနွဲ့ ကဲ့သို့ ပိုမို၍ဝေဝေဆာဆာ ဖြစ်ပါလိမ့်မည်။ယခုတော့ ကာဠုဒါယီမထေရ်ပါမ လာခဲ့ပါ။အင်ကြင်းတောကြီး၏ သာယာလှပပုံကို ခံစားဖွဲ့နွဲ့သည်ဆိုသော်ငြား မထေရ်မြတ်ကြီးများသည် အာရုံဘက်သို့ ယိမ်းယိုင်သွားခြင်း မရှိခဲ့ကြပါ။

အင်ကြင်းပန်းတို့ကား ပင်လုံးကျွတ်ပွင့်နေချေပြီ။

ရဲရဲနီသော အင်ကြင်းပန်းပွင့်ဖတ်များ၏ အဆင်းနှင့် ကျောက်ဆိုင် ကျောက်သားလို မာကျောဖြောင့်စင်းနေသော အင်ကြင်းပင်စည်ကြီးတို့၏ သဏ္ဌာန်များသည် စိတ်ကူးပုံရိပ်၌ ထင်လာလေ၏။

ဟော ..အင်ကြင်းပန်းရနံ့တွေပင် လေညင်းအဟုန်ဖျော့ဖျော့၌ စီးမျောနေပါပေါ့။ ချိုအီနွဲ့နွဲ့ သင်းပျံ့ပျံ့ အင်ကြင်းပန်းရနံ့တွေကိုပင် သူတော် မြတ်တို့ ရှုရှိုက်နေမိကြပေါ့။

သူတော်စင် မထေရ်မြတ်တို့သည်ကား ဂေါတမဘုရားရှင်၏ သာသနာ၌ ထိပ်တန်းရောက် ဧတဒဂ်ရ ပုဂ္ဂိုလ်များပင်တည်း။ ပညာအရာ၌ ဧတဒဂ်ရ လက်ယာရံဖြစ်သော အရှင်သာရိပုတ္တရာ၊ တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ရ လက်ဝဲရံဖြစ်သော အရှင်မဟာမောဂ္ဂလာန်၊ ဓုတင်ကိုကျင့်ဆောင် ဟောပြောတော်မူရာ၌ ဧတဒဂ်ရလက်ယာရံဖြစ်သော အရှင်မဟာကဿပ၊ ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ လက်ယာရံဖြစ်သော အရှင်အနုရုဒ္ဓါ၊ အရညကင် ဓုတင် ဆောင်သောအရာ၌ ဧတဒဂ်ရ လက်ယာရံ အရှင်ရေဝတ၊





ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက ငါးဌာန၌ ဧတဒဂ်ရတော်မူ သော ဘုရားရှင်၏ အနီးကပ်အလုပ်အကျွေးဖြစ်သော အရှင်အာနန္ဒာ စသော မထေရ်မြတ်ကြီးခြောက်ပါးသည် ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်း တောကြီး၏ သာယာလှပပုံ၊ သဘာဝတရားကို ကြည့်ရှုနေကြရင်းမှ ပညာ အရာ၌ အကြီးမြတ်ဆုံးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးက စတင်၍ မေးခွန်းထုတ်လိုက်လေသည်။

''ငါ့ရှင် အာနန္ဒာ၊ ဤမျှလှပတင့်တယ်၍ ပင်လုံးကျွတ်ပွင့်ကုန်သော အင်ကြင်းတောကြီးကို ပို၍ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံလာစေရန် မည်သို့ပြုရလျှင် ကောင်းမည်နည်း ...''

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ မေးခွန်းသည်ပင်လျှင် ပညာရပ်တို့ ကိန်းခို၍ ပါလာလေပြီ။ ပန်းတွေ ခြွေချလိုက်ရင် ကောင်းမလား။ ကြွေပြီးသား ပန်းအကြွေတွေ လိုက်ကောက်ရင်း ပျော်ကြရင် ကောင်းမလား။ သင်းပျံ့နေသော အင်ကြင်းပန်းရနံ့တွေ တဝကြီးရှုရှိုက်၍ အနံ့အာရုံခံစားရင် ကောင်းမလား။ တင့်တယ်ဝေဆာနေသော အင်ကြင်းတောကြီး၏ အဆင်းကို ကြည့်၍ တမေ့တမောအာရုံခံစားနေရရင် ကောင်းမလား စသည်ဖြင့် 'ကိလေသာတော'၊'အာရုံတော'များဆီသို့ တိမ်းညွတ်လှုပ်နိုးသည့်သဘော လုံးဝမပါဝင်။ သူ့အတိုင်းတိုင်းရှိနေသော သက်မဲ့သဘာဝတရားကို ဖျက်လိုဖျက်ဆီးစိတ် မရှိ။ ထိုသက်မဲ့သဘာဝတရား၏ ကျက်သရေရှိမှုကိုပင် ပိုမို၍ တင့်တယ်အောင် မည်သို့မည်ပုံ မြှင့်တင်လျှင် ကောင်းမည်နည်းဟူသော အမေး။ ပညာဧတဒဂ်ရသူ၏ နှုတ်ဖျားမှ စီးကျလာသော အမေးဖြစ်၍လည်း ပညာရပ်က အပြည့်။

ထိုအမေးကို စတင်၍ ဖြေကြားသူမှာလည်း ဧတဒဂ်ငါးဘွဲ့ရ အရှင်အာနန္ဒာ။

''အရှင်ဘုရား၊ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံသော တရားတော်တို့ကို ဟောပြော နာကြားပြီးကာ ဝိပဿနာဘာဝနာကို အားထုတ်နေကြပါက ဤလှပတင့်တယ် ပျော်မွေ့ဖွယ် ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍ပင် ကျက်သရေ မင်္ဂလာကို

ဆောင်ဖွယ်ဖြစ်ပါသည် ဘုရား''

အရှင်အာနန္ဒာ၏ ဖြေကြားပုံကလည်း အင်ကြင်းရနံ့တို့ထက်ပင် ပို၍ သင်းပျံ့လှပါဘိ။ သဘာဝ၏ အလှအပကို တရားတော်နှင့် ယှဉ်တွဲ၍ တန်ဖိုးမြှင့်ပေးလိုသည့် အရှင်အာနန္ဒာ၏ စေတနာမှာလည်း ပညာတွေယှဉ်တွဲ သီးခိုလျက်၊ ဘုရားရှင်တစ်ဆူ ပွင့်ထွန်းပေါ်ပေါက်လေမှ သိရ၊ ကြားရ၊ အားထုတ်ခွင့်ရသည့် 'ဝိပဿနာ ဘာဝနာ'တရားကို အရှင်အာနန္ဒာသည် သဘာဝအင်ကြင်းတောကြီးအတွင်းသို့ ခေါ်ယူပင့်ဖိတ်ခဲ့ချေပြီ။

ဒုတိယဖြေကြားသူမှာ အရည်ကင်စုတင်ဆောင် တေဒဂ်ရ အရှင် ရေဝတ မထေရ်မြတ် ဖြစ်ပါသည်။ မထေရ်မြတ်၏ အဖြေကိုလည်း ကြည့်ပါလေဦး ....။

''အရှင်ဘုရား ...သမထကို အားထုတ်ကာ ရာနိဝင်စားပြီးလျှင် ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်နေကြပါလျှင် ဤလှပတင့်တယ် မွေ့လျော်ဖွယ်ဖြစ်သော အင်ကြင်းတောကြီးသည် ပို၍တင့်တယ် မင်္ဂလာ ရှိဖွယ် ဖြစ်ပါသည်ဘုရား''

မိမိစွမ်းဆောင်နိုင်ရာ၊ မိမိကျွမ်းကျင်ရာ၊ နိုင်နင်းရာဘက်မှသည် ဝိပဿနာဘာဝနာဘက်ဆီသို့ ချဉ်းကပ်ကြခြင်း ဖြစ်သည်။ တေဒဂ်ရ ပုဂ္ဂိုလ်ဟူသည် မိမိစရိုက်၊ မိမိရရှိရာ တေဒဂ်ဘွဲ့ထူး၏ အရှိန်သတ္တိနှင့် မကင်းနိုင်ပါပေ။ ထို့သည့်အလျောက် မိမိ၏စရိုက် အရှိန်သတ္တိနှင့် လျော်ညီစွာ ဖြေဆိုပုံအသီးသီး ကွဲပြားသွားကြသည်မှာလည်း စိတ်ဝင်စားစရာ ကောင်း လှ၏။

ထို့ကြောင့်ပင် ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒဂ်ရသူ အရှင် အနုရုဒ္ဓါမထေရ်မြတ်က–

''ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါအနန္တ၏ ဆင်းရဲဒုက္ခကို ခွဲခြမ်း စိတ်ဖြာကြည့်ရှု၍ သံဝေဂဖြစ်ကာ ဝိပဿနာဘာဝနာကို ပွားများရသော် ဤအင်ကြင်းတောကြီးသည် ....''ဟူ၍လည်းကောင်း။

ဓုတင်ကို ကျင့်ဆောင်ဟောပြောတော်မူရာ၌ တေဒဂ်ရသူ အရှင် မဟာကဿပမထေရ်မြတ်က–





''ဓုတင်ကို ဆောင်လျက် ဝိပဿနာဘာဝနာတရား အားထုတ် ကြရပါလျှင် ဤအင်ကြင်းတောကြီးသည် ...'' ဟူ၍လည်းကောင်း။

တန်ခိုးကြီးသောအရာ၌ တေဒဂ်ရ လက်ဝဲတော်ရံဖြစ်သူ အရှင် မဟာမောဂ္ဂလာန်မထေရ်မြတ်က –

''ဤအင်ကြင်းတောကြီး၌ အဘိဓမ္မာတရားကို ဆွေးနွေးမေးမြန်း ဖြေဆိုပြီးကြကာ ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်ကြပါမူကား ပို၍ တင့်တယ်မွေ့လျော်ဖွယ်ဖြစ်ပါသည် ဘုရား''ဟူ၍လည်းကောင်း ကိုယ်သန်ရာ သန်ရာ ရှုထောင့် အသီးသီးမှ အမြင်အသီးသီးကို လှစ်ဟကြလေသည်။

နောက်ဆုံးတွင် စကားဝိုင်းတို့၏ထုံးစံအတိုင်း မူလမေးခွန်းစထုတ်သူ ထံသို့ပင် အားလုံးက ပြန်မေးကြလေသည်။ထိုအခါ နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက–

''စိတ်၏ အလိုသို့မလိုက်ဘဲ သီလ၊ သမာဓိ၌ တည်ရှိနေလျက် ဝိပဿနာဘာဝနာကို အားထုတ်ရသော် ဤပင်လုံးကျွတ် လှပသာယာစွာ ပွင့်နေသော အင်ကြင်းတောကြီးသည် သာ၍ပင် တင့်တယ်မွေ့လျော်ဖွယ်ရာ ဖြစ်၏''ဟု ဖြေဆိုလေသည်။

မည်သို့ပင် စရိုက်ကွဲကွဲ၊ မည်သို့ပင် တေဒဂ်ရပုံကွဲကွဲ၊ ချဉ်းကပ် ပျိုးထောင် နှလုံးသွင်းပုံတွေ မည်သို့ပင်ကွဲကွဲ၊ အထွတ်အထိပ်ဖြစ်သော ''ဝိပဿနာဘာဝနာ''အားထုတ်ခြင်းဟူသော သံသရာလွတ်ရာတရား (သံသရာလွတ်ရာဦးတည်ချက်) ၌မူ အတူတူပင်ဖြစ်၏။

မထေရ်မြတ်ကြီးတို့၏ စကားဝိုင်းသည်ကား ပြီးဆုံးလေပြီ။ သို့သော် မထေရ်မြတ်တို့သာမက လောကသား အားလုံး၏ တစ်ဆူတည်းသော 'ဆရာ'ဖြစ်တော်မူသော မြတ်စွာဘုရား၏ အဆုံးအဖြတ်ကို နာကြားရန် အတွက် ဆရာသမားထံ ချဉ်းကပ်ခဲ့ကြ၏။ ဘုရားရှင်သည် မထေရ်မြတ်တို့၏ စကားဝိုင်းမှ ဆွေးနွေးချက်များကို ငြင်းပယ်တော်မမူ။ သို့သော် ဘုရားရှင် ဟူသည့်အတိုင်း မည်သူမျှ လိုက်၍မမီနိုင်သော သဗ္ဗညုတ ဉာဏ်တော်ကြီးမှ ထွက်ပေါ်လာသော နှုတ်မြွက်စကားကား အံ့မခန်းလှပါဘိ။

''သင်ချစ်သားတို့–သင်တို့ ထင်တိုင်းလည်း ကောင်းလှပေ၏။

ငါဘုရား၏ အလိုကား အကြင်ရဟန်းသည် ဆွမ်းစားပြီးသောအခါ တစ်နေရာရာတွင် တင်ပျဉ်ဖွဲ့ခွေပြီးနောက် ငါသည် တရားကို အားထုတ်အံ့။ အာသဝေါ တရားမကုန်လျှင် ဤနေရာမှ မထပြီဟု၍ ဝိပဿနာတရားကို အားထုတ်ကာ နေကြခြင်းသည် ဤပင်လုံးကျွတ်ပွင့်လျက်ရှိသော အင်ကြင်း တောကြီးကို ပို၍လှပတင့်တယ် မွေ့လျော်ဖွယ် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေမည်''ဟု မိန့်တော်မူလိုက်သည်။

မထေရ်မြတ်တို့၏ သာဓုခေါ်သံသည် အင်ကြင်းတောအတွင်းသို့ တိုးတိတ်စွာ ပျံ့နှံ့သွားလေသည်။

***စိတ်သည် အကြင်မျှလောက် ကာလပတ်လုံး***
***ခန္ဓာငါးပါးတွင် တစ်ပါးသောခန္ဓာကိုမျှ***
***တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်***
***(ငါ၏ ခန္ဓာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍) စွဲယူနေသမျှ***
***အာသဝေါတရားလေးပါးတို့မှ မလွတ်မြောက်သေး။***
***ထိုမလွတ်သေးသမျှ ကာလပတ်လုံး ငါသည်***
***ဤဖွဲ့ခွေနေသော ထက်ဝယ်တင်ပျဉ်ကို မဖျက်တော့အံ့။***
***ဤသို့ စိတ်ကို ချ၍နေ၏။***

***(မူလပဏ္ဏာသပါဠိတော်၊ မဟာဂေါသိင်္ဂသုတ်)***

အာသဝေါကုန်ခန်းပြီးသော တေဇဂ်ရ ရဟန္တာမထေရ်မြတ်တို့ ဆွေးနွေးပြောဆိုသည့်အထဲတွင် မပါဝင်ခဲ့သော ကွက်လပ်ကလေးတစ်ခုကို ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဖြည့်စွမ်းပေးခဲ့လေပြီ။

ထိုအခါ အင်ကြင်းတောကြီးသည် ပို၍ ကျက်သရေမင်္ဂလာ ရှိသွားခဲ့လေပြီ။

အင်ကြင်းတောကြီး၏ ပင်လုံးကျွတ် ဖူးပွင့်ဝေဆာ တောလုံးအနှံ့ လှပသာယာမှုကို ပိုမိုတင့်တယ်စေသည့် 'ဝိပဿနာဘာဝနာ'တရားနှင့်အတူ ထိုတရားကို အားထုတ်ရာ၌ အာသဝေါ မကုန်ခန်းမချင်း တင်ပျဉ်ခွေမဖျက်ဟူသော သာသနာ့အာဇာနည်စိတ်ဓာတ်တစ်ခုကို ဘုရားရှင်သည်





ထောက်ညွှန်ပြခဲ့လေပြီ။

သဘာဝတောကြီးထဲမှ သူတော်ကောင်းရနံ့တို့ကား ထုံသင်း မွှေးကြိုင်လှပေစွ။ သဘာဝတောကြီးထဲမှ ဝိပဿနာ ဓမ္မရသတို့ကား ခံစား၍ မကုန်နိုင်အောင် ရှိပေစွ။ ထို့ထက်ပို၍ ဘုရားရှင် ထောက်ညွှန်ပြခဲ့သည့် ဝိပဿနာတရား အားထုတ်သူတိုင်း ထားရမည့် ခိုင်မာသော သန္နိဋ္ဌာန် ဆုံးဖြတ်ချက်သည်ကား သဘာဝတောကြီး၏ လက်ရှိအလှကို ပိုမိုတင့်တယ် လှပနိုင်ပေစွ။

(၃)

အင်ကြင်းရနံ့တို့ သင်းပျံ့ရာ၊ သူတော်စင် မထေရ်မြတ်တို့ မွေ့လျော်ရာ၊ ဝိပဿနာဘာဝနာ တရားတို့ ဖြည့်စွက် ပံ့ပိုးရာ၊ ဓမ္မရသတို့ ခံစားခွင့်ရရာ၊ ဝိမုတ္တိရသတို့ဖြင့် လွတ်မြောက်ရာ၊ လွတ်မြောက်ရာအတွက် ကြီးမားသော သန္နိဋ္ဌာန်တို့ ကိန်းအောင်းရာ သဘာဝတောကြီးဆီသို့ အာရုံပြုမိရာမှ မိမိခန္ဓာရှိ ကိလေသာကို အာရုံပြန်ပြုဖြစ်၏။

ထိုအခါ လက်ရှိကိလေသာတောမှ မည်သည့်အချိန်၌ အပြီးတိုင် ရုန်းထွက်နိုင်မည်နည်းဟု မိမိကိုယ်ကို အထပ်ထပ် မေးမိ၏။ ဘုရားရှင် ညွှန်ပြသကဲ့သို့ တင်ပျဉ်ခွေ မဖျက်တော့အံ့ဟူသော သန္နိဋ္ဌာန်ကို မည်သည့်အခါ ချမှတ်နိုင်မည်နည်းဟု မေးမိ၏။

အချိန် ရွှေ့နေဦးမည်လော။ နေရာ ရွှေ့နေဦးမည်လော။ ဒါဆိုရင် ပွားတတ်သောကိလေသာကို မွေး၍ ''ကိလေသာ တော''၌ပင် ပျော်နေပေရော့။ ဖြားယောင်းသွေးဆောင်မှုကောင်းလှသော 'အာရုံတော'၌ မောပန်းနွမ်းဟိုက်နေပေရော့။

မဖြေရဲရဲ၊ ဖြေရဲရဲ၊ အားအင်ချည့်နဲ့သော စိတ်အဟုန်တို့ဖြင့် ''ကိလေသာတော'' ''အာရုံတော''၌ မပျော်လည်းနေ နေရသော ဘဝကို အာဒီနဝဖြစ်ရင်းမှပင် သဗ္ဗညုတဘုရားရှင်၏ ခိုင်မာတည်ကြည် လေးနက်လှသော စိတ်တော်နှင့် ကိလေသာ အာသဝေါတို့ ကုန်ခန်းပြီး၍ အရဟံ အမည်ရသော ဂုဏ်တော်တို့ကို ဦးခိုက်ကြည်ညိုနေမိပါသည်။

သည့်နောက် လက်ရှိအားထုတ်နေဆဲ သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကိုလည်း ဦးခိုက်ကြည်ညိုမိပါသေးသည်။



ထိုသည့်နောက်ဝယ် ဤဘဝ၊ ဤခန္ဓာ၌ တရားအားထုတ်ရမည် ဟူသော မျိုးစေ့ကို စတင်စိုက်ပျိုးပေးခဲ့သည် ကျေးဇူးတော်ရှင် ဆရာသခင် ဝနဝါသီ ဥပေယျဓမ္မသာမိထေရ် (မဟာဗောဓိမြိုင်ဆရာတော်)နှင့်တကွ ဉာဏ်လမ်းအဆင့်ဆင့်ကို ပြသပေးခဲ့ကြသည် ဆရာတော်မထေရ်မြတ် အသီးသီး အားလည်း ဂါရဝတရားဖြင့် မမေ့မလျော့ ဦးခိုက်ကြည်ညိုမိပါသေးသည်။


ဤအချိန်ဆိုလျှင် မြန်မာပြည် အရပ်ရပ်၌ တောအရပ်မှီလေ့ရှိ သော "အရညဝါသီ"ဘွဲ့အမည်ရ မဟာဗောဓိမြိုင် ဆရာတော်မထေရ်မြတ်ကြီး သည်လည်း မဟာမြိုင်တော၏ တစ်နေရာ၌ တော၏ရနံ့၊ တော၏အဆင်း၊ တော၏အလှတို့ဖြင့် တင့်တယ်ဝေဆာနေသော သဘာဝတော၏ ရသကို ရှေးမထေရ်မြတ်ကြီးတို့ကဲ့သို့ပင် ထပ်တူထပ်မျှ ဆင်ခြင်နှလုံးသွင်းနေမည်ကို မှန်းမျှော်ဦးခိုက်ကြည်ညိုနေမိရင်း ......။

၂၄-၂-၂၀၀၃



- ❑ အပ္ပမာဒသတိတရားကို လက်ကိုင်ထားခြင်းဟူသည် "**မမေ့သူ**"တို့၏ အရာတည်း။
- ❑ အပ္ပမာဒသတိတရားကို လက်ကိုင်ထားသဖြင့် "**မမေ့သူတို့**" အချင်းချင်းသည် သတိပဋ္ဌာန်တရား အားထုတ်ကျင့်ကြံခြင်းဟူသော "**အလေ့ အကျင့်**"၌ "**ဓလေ့တူ**"ကြလေပြီ။
- ❑ ထိုအခါ အဆင့်ဆင့်သော ဝိပဿနာဉာဏ်တို့ ရင့်ကြိုးတိုးတက်၍ ဉာဏ်ရင့်လာသောအခါ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်နှင့် ကိုယ်စီ ကိုယ်စီ ထိတွေ့ခွင့် ရခဲ့ကြလေပြီ။
- ❑ ထို့ကြောင့် "**မမေ့သူတို့**"သည် "**ဓလေ့တူ**" မှ "**အတွေ့တူ**" ခဲ့ကြရလေပြီ။
- ❑ "**အတွေ့တူ**"သောအခါ "**အတွေ့တူ**" သူတို့အချင်းချင်း အမှန် "**အတူတွေ့**"ရခြင်းသင့် ပေတည်းပါလော။
- ❑ ထို့ကြောင့် "**မမေ့သူတို့ ဓလေ့တူသောအခါ အတွေ့တူ၍ အတူတွေ့ကြရလေပြီ**"
- ❑ "အတူတွေ့" လိုက "အတွေ့တူ" အောင် ကြိုးစားဖို့ပင်။
- ❑ "အတွေ့တူ" ဖို့အတွက် သတိပဋ္ဌာန်အလေ့အကျင့်တည်းဟူသော "ဓလေ့တူ" ဖို့ပင်။
- ❑ "ဓလေ့တူ" မှပင် "မမေ့သူ" စာရင်းဝင် အပ္ပမာဒသတိရှင် သူတော်စင် ဖြစ်ကြရပေမည်။



*အပ္ပမာဒသတိတရားဖြင့် ပထမအဆင့်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိလေသာကို အနိုင်ရပြီးသောအခါ ဒုတိယနှင့် တတိယအဆင့်တို့တွင် ဒေါသနှင့် ကာမရာဂ ကိလေသာတို့ကို အနိုင်တိုက်ရပြန်သည်။ နောက်ဆုံးတိုက်ပွဲကား အသိမ်မွေ့ဆုံးနှင့် အနက်နဲဆုံးပင်တည်း။ သံသရာတစ်လျှောက် ချည်နှောင် အမြဲနှံ့တွဲပါလာတတ်သော မောဟအဝိဇ္ဇာနှင့် လက်ကျန်တဏှာကို တိုက်ရခြင်းပင်တည်း။ တဏှာ၏ အမျိုးမျိုးသော ကောက်ကျစ်ယုတ်မာမှုနှင့် အဝိဇ္ဇာ၏ အလစ်အငိုက်မှု၏ လွှမ်းမိုးခြင်းကို တွန်းလှန်ရခြင်းမှာသည် လွယ်လှသည်မဟုတ်။ ထို့ကြောင့်လည်း တဏှာနှင့်အဝိဇ္ဇာတို့ကို အကျွတ်အလွတ် အနိုင်ယူနိုင်သူ သာသနာ့သူရဲကောင်းတွေ ရှားရှား ဖြစ်လာရခြင်းပင်တည်း။*

## မမေ့သူတို့ ဓလေ့တူ၍ အတွေ့တူတို့ အတူတွေ့

နေရီညိုးနေပြီ။

သို့ထက်တိုင် ယခုအချိန်အထိ ခရီးစဉ် မစရသေး။ ကျွန်တော်စီးရမည့်ကားကြီးမှာ ဘီးပေါက်နေသဖြင့် အပိုဘီးနှင့် လဲလှယ်နေရဆဲ။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်လူငယ်တို့၏ ဘီးဖြုတ်၊ ဘီးတပ်နေပုံသည် လှုပ်ရှားအသက်ဝင်လွန်းလှ၏။ ဗိုးခနဲ၊ ဖတ်ခနဲ၊ ရှပ်ခနဲ လှုပ်ရှားမှုတွေသည် အသက်ဝင်လှပါဘိချင်း။ အားကောင်းမောင်းသန် ဖြစ်လှပါဘိချင်း။

သည်မျှ လျင်မြန်အားသန်ပါမှလည်း အလုပ်ဖြစ်ပေမည်။ ကားကြီးမှာ ဆယ့်နှစ်ဘီးတပ် သစ်ကားကြီး ဖြစ်သည်။ သစ်လုံးကြီးတွေ ကိုးလုံးခန့်တင်ထား၏။သစ်လုံးကြီး တစ်လုံးသည် လက်နှစ်ဖက်စာခန့် ရှိမည်ထင်သည်။ သည်မျှ ကြီးမားလှသော အင်ကညင်သစ်လုံးကြီးတွေကို ကျွန်တော် တစ်ခါမျှ မမြင်ခဲ့စဘူး။ကားပက်လက်ကြီးပေါ်တွင် အစီအရီတင်ထားသော သစ်လုံးကြီးကိုးလုံးကို သံကြိုးဖြင့် ရစ်ပတ်စည်းတုပ်ထား၏။

ဤသို့သော သစ်လုံးကားကြီးတွေ တွေ့လေတိုင်း ကားနံဘေးနား

သွား၍မရပ်ရဲ၊ မတော်တဆသံကြိုးတွေပြေပြီး သစ်လုံးတွေ လိမ့်ဆင်း လာမှဖြင့် အခက်။ရှောင်ချိန်တိမ်းချိန်ပင် ရလိုက်မည်မဟုတ်။ တစ်ခါတည်းနှင့် အရိုးကြေ၍ အရည် ခန်းသွားနိုင်သည်။ ထို့ကြောင့်ပင် အနီ့သစ်ကားကြီး၏ ခပ်လှမ်းလှမ်းတစ်နေရာမှ လှမ်းကြည့်နေခြင်း ဖြစ်သည်။ မြေပြင်ပေါ်၌ လှဲချထားသော သစ်လုံးကြီးတစ်လုံး ရှိနေသဖြင့်လည်း ထိုင်၍ ရနေသေးသည်။ ကားခေါင်းကြီးကို လှမ်းကြည့်လိုက်သောအခါ စက်အဖုံးမရှိသဖြင့် စက် အစိတ်အပိုင်း ကလီစာတွေကို ဖုန်အလိမ်းလိမ်းနှင့် မြင်နေရသည်။ ဝိုက်ခွဲထားသော လူမမာကြီးအား ပြန်မချုပ်ဘဲ ဟင်းလင်းဖွင့်ထားသည်နှင့် တူနေတော့သည်။

သည်ကားကြီးဖြင့်ပင် သည်လမ်း၊ သည်ခရီးကို အပြင်းနှင်ရမည် ဖြစ်သည်။သည်ကားကြီးကို စီးမှ၊ မစီးလျှင် တောကြီးမျက်မည်း၌ နောက်ထပ် မည်သည့်ကားကြီးမှလည်း ရှိမည်မဟုတ်။ သည်ကားကြီးတွေသည်ပင်လျှင် နောက်ထပ်နှစ်ရက်ခန့်ဆိုလျှင် ရှိတော့မည်မဟုတ်။ ခုတ်လှဲပြီးသော သစ်လုံးတွေကို သည်နှစ်ရက်အတွင်း ကားကြီးအစီး (၁၀)ခန့်ဖြင့် အပြီးသယ်ယူကြတော့မည် ဖြစ်သည်။သည့်ထက်ပို၍လည်း အချိန်ရမည်မဟုတ်။ ရာသီဥတု ကန့်သတ်ချက်ကား ရှိနေပေပြီ။ သကြိန်မိုးဟုသာ ပြောသည်။ ရွာလိုက်သည်မှာ သဲသဲမဲမဲ။ မိုးသီးတွေကလည်း မိုးစက်တွေကြားထဲ ကြွေကျမစဲ၊ တဖွဲဖွဲ။ အချို့မိုးသီးကြီးတွေသည်ပင်လျှင် ထန်းလျက်ခဲသာသာခန့် ရှိတတ်သည်။ ရှားရှားပါးပါး လက်သီးဆုပ်တစ်ဝက်ခန့် မိုးသီးတွေကိုလည်း ရံဖန်ရံခါတွေ့ရ၏။ မိုးရွာထဲ ရေထွက်ချိုးလျှင် ထိုမိုးသီးတို့ ခေါင်းပေါ်ကျက သက်သာမည်မဟုတ်။

သကြိန်မိုးရွာပြီးသောအခါ နေပြန်ပူသည်။ သို့သော် သုံးရက်ခန့် ကြာသောအခါ နောက်တစ်ကြိမ် မိုးထပ်ရွာပြန်သည်။ သည်တစ်ခါလည်း မိုးသီးတွေ တဖွေးဖွေးကြွေကျပြန်သည်။ မိုးကြောင့် လမ်းတွေပျက်ပြီ။ သစ်လုံးကားကြီးတွေသည် တောထဲ၌ စီတန်း၍ လမ်းခြောက်သွေ့ဖို့အတွက် စောင့်နေကြရသည်။ တောတွင်းသစ်ဆွဲလမ်းဆိုသည်မှာ လိပ်သဲကျောက် အောက်ခံ ကတ္တရာလမ်းမာမာနှင့် မြို့ပေါ်လမ်းတွေလိုမဟုတ်။သစ်ဆွဲလမ်းနှင့်





အဆင်ပြေရာတောကို ဖြတ်၍ ဘူဒိုဇာကြီးများဖြင့် ထိုးကာ လမ်းထွင် ထားခြင်း ဖြစ်သည်။နေပူလျှင် ဖုန်ထူသည်။ မိုးရွာလျှင် ဗွက်ဖြစ်မည်။ ရေဝပ် မည်။ ပြီးတော့ ညွှန်နစ်မည်။ ညွှန်နစ်လို့ကတော့ အလေးချိန်များလှသော သစ်လုံးကားကြီးတွေ ရုန်းဖို့မလွယ်။သည်ကြားထဲ တောင်ဆင်း၊ တောင်တက် တွေ့ရှိလျှင် ခက်ပြီ။

ထို့ကြောင့်ပင် ယမန်နေ့က ရွာထားသောမိုးအရှိန်ကြောင့် သစ်လုံးကားကြီးတွေသည် တောထဲ၌ တစ်ရက်ကျော်ခန့် စောင့်အိပ်နေရ၏။ သစ်ထုတ်လုပ်ရေးကုမ္ပဏီပိုင် လမ်းရှင်းကားကြီးတွေတော့ ရှိပါသည်။ သို့သော် သူတို့တွေသည်လည်း များများတော့မတတ်နိုင်။ ရာသီဥတု အမြန်ခြောက်သွေ့ပါစေဟု ဆုတောင်းရင်းက အချို့လမ်းအတားအဆီးများကို ဖယ်ပေးနေရ၏။

"ကဲ ..ပြီးပြီဟေ့"

ယာဉ်မောင်းဖြစ်သူ၏ အော်သံသည် မှောင်ရီပျိုးစပြုနေပြီဖြစ်သော တောအုပ်အတွင်းသို့ ထိုးဖောက်ပျံ့လွင့်သွားလေသည်။

"ကဲ ..ပစ္စည်းတွေသိမ်း၊ ဘာမှမကျန်ခဲ့စေနဲ့နော်။ လာ..ဆရာ သွားကြစို့၊ ဆရာက ကျွန်တော့်ကားနဲ့ မလိုက်နဲ့တော့၊ နောက်က ဝန်ပေါ့ ကားနဲ့သာ လိုက်ခဲ့ပေတော့"

ယာဉ်မောင်းကြီးက ကျွန်တော့်ကို ဖိတ်ခေါ်နေ၏။ ကျွန်တော့် ခရီးသွားအိတ်တွေက ကားခေါင်းခန်းတွင် တင်ထားနှင့်ပြီးပြီ။ ရှေ့မှာ ကား လေးစီးခန့် သွားနှင့်ပြီ။ ကျွန်တော်တို့ ယာဉ်နှစ်စီးမှာ နောက်ဆုံးက ဝိတ်လိုက်ရမည်ဖြစ်၏။ သစ်ကားကြီးက နှစ်စီး။ ယာဉ်နောက်လိုက်ကမူ တစ်ယောက်တည်းရှိသည်။ ကျွန်တော်က လူပို။ ကားကြုံလိုက်စီးသူ။ သို့သော် အရေးကြုံလျှင် ကျွန်တော်လည်း ယာဉ်နောက်လိုက် လုပ်ချင် လုပ်ရနိုင်သည်။ ကုန်းအတက် ကြမ်းတုံးပြေးခုတာတို့ ဘာတို့ လုပ်ချင်လည်း လုပ်ရလိမ့်မည်။ သစ်လုံးကိုးလုံးတင်ထားသော ကားကြီးက ရှေ့ကသွားနှင့် သည်။ ထိုကားကြီး၏ ယာဉ်မောင်းမှာ အသက်ကြီးလှပြီ။ ပင်ပန်းမှုအစုစုတို့ လွှမ်းခြုံထားသဖြင့် သူ့တစ်ကိုယ်လုံးသည် ညစ်ပေနွမ်းဖတ်နေ၏။

ကျွန်တော် စီးရမည့်ကားမှာမူ ရုပ်ကျိုးနေသဖြင့် သစ်လုံးတွေကို ပြန်ချခဲ့ရသည်။ ဒါတောင်မှ သစ်လုံးကြီး လေးလုံးကို စတီအဖြစ် တင်လာသေးသည်။ သို့သော် ပုံမှန်သစ်ကားကြီးများနှင့်စာလျှင်တော့ ဝန်ပေါ့ကားဟု ဆိုရမည်ပင်။ ယာဉ်မောင်းကတော့ လူငယ်လေးတစ်ဦး။ သူ့မှာ အိမ်ပြန် မြန်ရောက်ဖို့ စိတ်စောနေပုံရသည်။ မောင်းကြီးမည်းမည်း မဖြစ်မီ သည်တောကြီးထဲမှ ထွက်နိုင်ပါ့မလား စိုးရိမ်နေပုံပင်။ ရှေ့ကသွားနှင့်သော သစ်လုံးကိုးလုံးတင် ကားကြီးမှာလည်း သူတို့ အပိုင်အုပ်စုထဲကဖြစ်၍ ထိန်း၍ ခေါ်သွားရဦးမည်။ ယခုသူမောင်းနေသည့် ကားကလည်း ရုပ်ကျိုးနေပြီ။ ခရီးကြုံစီးနင်းမည့်သူ ကျွန်တော်ကလည်း အဆစ်ပါလာသေး၏။

ကားစထွက်၍ ဘာမျှမကြာသေး။အမှောင်ရိပ်သည် တောအတွင်း၌ ဖြန့်ကြက်စိုးမိုးပေပြီ။ ကျွန်တော်က ဆယ့်ငါးရက်တိုင်တိုင် နေထိုင်ခဲ့သော စခန်းကုန်းကလေးရှိရာသို့ ယာဉ်ပေါ်မှပင် လှမ်း၍ လက်အုပ်ချီမိုး ရှိခိုးလိုက်မိသည်။ ထိုစခန်းကုန်းလေးပေါ်ရှိ ကျောင်းဆောင်ရှည်မျောမျောလေးထဲတွင် ကျေးဇူးတော်ရှင် ဆရာအရှင်သည် အပ္ပမာဒသတိတရားကို မရပ်မနား ပွားများလျက် ရှိနေပေလိမ့်မည်။

ဆရာအရှင်၏ ခြေတော်ရင်း ဝပ်စင်း၍ ရက်ရှည်လများ အပ္ပမာဒ သတိတရားများကို ပွားများလိုလှသော်လည်း ဆရာအရှင်၏ လုပ်ငန်းစဉ် အတွက် အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ကျွန်တော် လှည့်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာအရှင်ကမူ 'ပြန်'ဟူ၍လည်း မနှင်။'နေ'ဟူ၍လည်း မပြော။ နေလိုက နေ၊ ပြန်လိုက ပြန်၊ သို့သော် 'နေ'လျှင်မူ ဆရာအရှင်အတွက် ကျွန်တော်နှင့်ပတ်သက်၍ ကြောင့်ကြမှုတစ်ခု ပိုနေလိမ့်မည်။ ကျွန်တော့် အပေါ်ထားရှိသော ဆရာအရှင်၏ ကရုဏာ၊ မေတ္တာ တရားတို့သည်ကား ကြီးမားလှပါဘိခြင်း။

"ကျုပ်က တရားအလုပ်လုပ်တဲ့သူဆိုရင် ကျုပ်ထက် ဘယ်လောက်ပဲ ငယ်ပါစေ၊ ယုတ်စွအဆုံး မွေးခါစကလေးပဲဖြစ်ဖြစ်၊(၇)နှစ် သားလေးပဲဖြစ်ဖြစ်၊ တရားအလုပ်လုပ်ပြီဆိုရင် ကျုပ်က အလွန်ကိုလေးစား တာဗျ။ အဲဒီလို တရားအပေါ် လေးစားတဲ့လူဆိုရင် ကျုပ် မရချင်နေစေဦးတော့။ အဲဒီလူကို





ကျုပ်ထက် အရင်ရောက်နှင့်အောင် ဖြည့်ပေးချင်တာဗျ။ အချိန် မရွေးချင်ဘူး။ ကျုပ်အလုပ် ပျက်ချင်ပျက်ပါစေ။ တရားအပေါ် လေးစားတဲ့လူကို ကျုပ်ထက်အရင် တရားရစေချင်တာ။ ဒကာကြီး ဒီမှာအားထုတ်လို့ ဆုံးဖြတ်ရခက်တာ တစ်ခုခုဆိုရင် အချိန်မဆိုင်းနဲ့ဗျ။ ကျုပ်ဆီချက်ချင်းလာ။ ချက်ချင်းဆွေးနွေး၊ ချက်ချင်းအဖြေရှာဗျ။ နို့မဟုတ်ရင် ဆုံးဖြတ်ရခက်တာနဲ့ မတင်မကျဖြစ်နေရင် ရှေ့ခရီးဖင့်နေမှာ စိုးတယ်ဗျ"

သည်မျှအထိ ကရုဏာကြီးမားလေသောအခါ ကျွန်တော်ပင်လျှင် အနေရခက်လာသည်။ ဆရာအရှင်တွင် လုပ်ငန်းစဉ်တွေ အများကြီးရှိနေသေးသည်။ ကျွန်တော်တို့ မမြင်နိုင်၊ မသိနိုင်သေးသော၊ ကျွန်တော်တို့ဉာဏ်ဖြင့် မရိပ်မိနိုင်သော ဓမ္မကိစ္စတွေ အများကြီးရှိနေလိမ့်မည်။ သည်မျှ ကြီးမားသော ဓမ္မတာဝန်တွေရှိနေလျက်က ကျွန်တော်တစ်ယောက် ရှိနေခြင်းသည် ဆရာအရှင်အတွက် ကြောင့်ကြမှုတစ်ခု ထမ်းထားသလို ဖြစ်နေရသည်ဆိုပါလျှင် အဘယ်မှာ မျှတနိုင်ပါတော့မည်နည်း။ မျှတခြင်းသည်ပင်လျှင် တရား၊ တရားဟူသည်ပင်လျှင် မျှတခြင်း။ ထို့ကြောင့် တရားမျှတခြင်းဟူ၍ တစ်တွဲ တစ်စပ်တည်း ခေါ်ဝေါ်သုံးစွဲကြခြင်း မဟုတ်လား။ သည့်အတွက် ကျွန်တော့်ဘက်က သိတတ်ရမည်။ အိမ်ရှင်က ဘယ်လောက် ဧည့်ခံကောင်းကောင်း၊ ဧည့်သည်က အလိုက်သိတတ်ရမည်။ အချိန်တန် အိမ်ပြန်ရပေမည်။ ပြီးတော့ သတိပဋ္ဌာန်တရားဆိုသည်ကလည်း အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ် မရွေး အားထုတ်ရမည့် တရားပေပဲ။

ဘယ်နေရာရောက်မှ၊ ဘယ်သူနဲ့မှ၊ ဘယ်လိုပုံစံနဲ့မှ အားထုတ်မယ် ဟူ၍ ပုံသေချမှတ်ထား၍မရ။ ပုံသေဆိုလျှင် ပညတ်အစွဲဝင်မည်။ ပုဂ္ဂိုလ် ပညတ်၊ နေရာပညတ်၊ ပုံသဏ္ဌာန်ပညတ်တွေ ရှေ့ကခံနေလျှင် ပရမတ်ခရီး နှင်ရာ၌ ခရီးတွင်မည်မဟုတ်။

ဆရာအရှင်က ဤမျှအထိ အခွင့်အရေးပေးခဲ့ခြင်းသည်ပင် လွန်လှပြီ။ ကျွန်တော်သည် ဆရာအရှင်၏ စခန်းအပြောင်း၊ တောအပြောင်း၊ နေရာအပြောင်း၌ ခရီးခွင့်ကြုံ၍ ဆရာအရှင်သက်နှိုက်ကိုဆွဲ၍ လိုက်ပါခဲ့ခြင်း ပင်။ ဤသည်ကလည်း ဆရာအရှင်ကိုယ်တိုင် အနီးကပ်တပည့်သာဝကအား

အမှာရှိသဖြင့် ကျွန်တော် လိုက်ပါဝံ့ခဲ့ခြင်း ဖြစ်ပါသည်။

"ဦးမြသန်းစံဘက်က တရားနဲ့ပတ်သက်လို့ ပြောစရာ၊ ဆွေးနွေးစရာလေးတွေ ရှိနေပါလိမ့်မယ်။ သူ့စိတ်ထဲ မတင်မကျဖြစ်နေတာလေးတွေ သူ့ခမျာ သိချင်နေရှာပါလိမ့်မယ်။ သူ့ကိုတော့ ခေါ်လိုက်ပါဗျာ"

"ဦးမြသန်းစံက ရဟန်းဝတ်နေတယ်လို့ ကြားတယ်ဘုရား"

"အေးလေ . . ရဟန်းဖြစ်သွားပြီဆိုရင်တော့ ကျုပ် မပိုင်တော့ဘူးပေါ့ဗျာ။ ထားလိုက်တော့ပေါ့"

ထိုအချိန်တွင် ကျွန်တော်သည် ဆရာအရှင်၏ အဆုံးအမအတိုင်း စိတ်ကို သက်နှိုးပတ်၍ အမြဲနေဖြစ်ရန်အတွက် အကျွမ်းတဝင် မရှိလှသော သက်နှိုးဝတ်နယ်ပယ်မှ ဖယ်ခွာ၍ အကျွမ်းတဝင်ရှိနှင့်ပြီးသော လူဝတ်ကြောင်နယ်ပယ်သို့ ပြန်လည်ရောက်ရှိနေပြီတည်း။

"အတော်ပဲဗျို့၊ ဗိုလ်မှူးရေ့ဆရာတော်ကြီးက ဗိုလ်မှူးကို သေသေချာချာ ပြောလိုက်တာဗျ။ တရားနဲ့ပတ်သက်ပြီး ဗိုလ်မှူးကို ချီးမြှင့်ချင်ပုံရတယ်။ အဲဒါ ကျွန်တော်ပြောတဲ့နေ့ အရောက်သာ လာခဲ့ပေတော့ဗျာ"

ကျွန်တော့် စိတ်ထဲတွင်လည်း ဆရာအရှင်ကို လွမ်းဆွတ်လှပြီဖြစ်သည်။ မတွေ့ရ၊ မမြင်ရ၊ မဖူးရသည်မှာလည်း (၅)နှစ်နီးပါးရှိခဲ့ပြီ။ သည်ကြားထဲတွင် ဆရာအရှင်၏ ပြတ်သားသော ကြေညာချက်အရ ကျွန်တော်သည် ဆရာအရှင် မွေ့လျော်သီတင်းသုံးရာ ပုံတောင်ပုံညာတောသို့ ယောင်၍မျှပင် မကပ်ဝံ့ခဲ့။ ဆရာအရှင်တွင် ကျွန်တော်တို့ဉာဏ်ဖြင့် လက်လှမ်း မမီနိုင်သော မေ့ကိစ္စ၊ မေ့တာဝန်တွေ တစ်ပုံတစ်ပင်ကြီး ရှိနေပေမည်။ အကြောင်းရှိလို့ မလာရလို့ တားထားတာပဲ။ သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့။ ဆရာအရှင်နှင့် သမုတိစ္စာအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံ၍ ဆရာတပည့်၊ တပည့်ဆရာ အတွယ်အတာ သံယောဇဉ်တရားတွေ ပွားများနေကြပြီဆိုလျှင် သူလည်း အလုပ်ပျက်၊ ကိုယ်လည်း အလုပ်ပျက်ဖြစ်ရုံမှတစ်ပါး အခြားအကျိုးကျေးဇူး မရှိပြီ။ ဤသို့သော နှလုံးသွင်းဖြင့် ကျွန်တော်သည် ပုဂ္ဂိုလ်ချင်း မျက်နှာချင်း မဆိုင်ရလျှင် ဓမ္မချင်း မျက်နှာချင်းဆိုင်ရအောင် ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့၏။





ဘုရားခန်းတွင် ထောင်ထားသော ဆရာအရှင်၏ ပုံတော်ကြီးတွင် ဆရာအရှင်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို သွတ်သွင်းကြည်ညို၍ နေ့စဉ် ဦးထိပ်တင်ရှိခိုး၏။ နေ့စဉ် သပိတ်ကြီးဖြင့် ဆွမ်းကပ်၏။ ဆရာအရှင်ကိုယ်တိုင် ဆွမ်းစားကြွလာသည်နှင့်မခြား အမှတ်ထင်ထင် အလုပ်အကျွေးပြု၏။ ပြီးလျှင် ဆရာအရှင်ရှေ့မှောက် မျက်စိအောက်တည့်တည့်၌ တရားထိုင်၏။ ဆရာအရှင် အာရုံပြုနေသော ဓမ္မ၏နယ်ပယ်သို့ ရုံဖန်ရံခါ သမ္မာသက်ပွအားကောင်းချိန်၌ ရော်ယမ်းမှန်းဆ ကြည်ညိုကြည့်မိ၏။ ဤသည်ပင်လျှင် ဆရာအရှင်အား ဓမ္မဖြင့် ဖူးတွေ့နေခြင်းဖြစ်သည်ဟု ခံယူမိလေသည်။

တရားစခန်း၊ တရားရိပ်သာများသို့ ရက်ရှည်လများ သွားရောက်၍ သတိပဋ္ဌာန်အလေ့အကျင့်တွေ ထူထောင်ခဲ့သည့်အခါများ၌လည်း ဆရာအရှင်၏ ဂုဏ်တော်သွင်းပုံတော်ကို အမြဲဆောင်ယူသွား၏။ ခေါင်းရင်း အမြင့်နေရာ၌ အမြဲထား၍ ဦးထိပ်ပန်ဆင်၏။ နားလည်ရန်ခက်ခဲသည့် သိမ်မွေ့နက်နဲသော ဓမ္မပိုင်းဆိုင်ရာ အသိအမြင်များနှင့် တွေ့ကြုံလာရသည့်အခါ အမြင်နှင့်ဆုံးဖြတ်ချက်မှန်စေဖို့ ဆရာအရှင်ထံ အမြဲဦးတိုက် လျှောက်ထားမနေဖြင့် ပန်ကြားခဲ့၏။

ဤသည်တို့ကို ဆရာအရှင်၏ သီလအား၊ သမာဓိအား၊ ပညာအားတို့ကလည်း ဆရာအရှင်အား အသိပေးထားနှင့်ပြီး ဖြစ်ပေလိမ့်မည်။ သည့်အတွက်ကြောင့်ပင် ဆရာအရှင်သည် တစ်ဆင့်စကားပါး၍ ကမ်းလက်၊ လှမ်းလက်တို့ဖြင့် ဆင့်ခေါ်ယူခဲ့ခြင်းဖြစ်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

ကျွန်တော် စီးလာသော သစ်ကားကြီးသည် ပလ္လင်တောင်ပေါ်သို့ မနိုင်မနင်းနှင့် အတင်းရုန်းတက်နေလေသည်။ ဒါတောင်မှ ပလ္လင်တောင်မကြီးမဟုတ်သေး။ ပထမကုန်းအတက်ပဲ ရှိသေးသည်။ ကျွန်တော်တို့ ရှေ့က သစ်လုံးကိုးလုံးတင်ကားကြီးသည် ဒုတိယကုန်းအတက်ကို ကုန်းရုန်းတက်နေသဖြင့် ကျွန်တော်တို့ကားသည် ဘရိတ်မှေးနင်း၍ နောက်မှ ရပ်စောင့်နေလိုက်ရသည်။ ရှေ့ကားမှ ယာဉ်နောက်လိုက်သည် ကြမ်းတုံးကိုင်၍ ကိုးလုံးတင်ကားကြီးနောက်မှ ဖုန်တလုံးလုံးကြားပြေးလွှား၍ လိုက်နေရသည်။

ကျွန်တော်လည်း အသင့်ပြင်ထားရ၏။ ကိုယ်တိုင်စီးလာသောကား ကုန်းပေါ်တက်လျှင် ကျွန်တော်သည်လည်း ယာဉ်နောက်လိုက်ဖြစ်ဦးတော့မည်။

ရှေ့မှကားကြီးသည် ကုန်းထိပ်သို့ ရောက်သွားပေပြီ။ ရှေ့ကားပေါ်မှ ပစ္စည်းတစ်ခု ဖုန်လုံးတွေကြားထဲ ပြုတ်ကျသွားသည်ကို ကျွန်တော်ရော၊ ယာဉ်မောင်းပါ တွေ့မြင်လိုက်ကြရ၏။ မှောင်ရီရိုဝါးဖြစ်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရ။ ပြီးတော့ ရှေ့ကားကို လှမ်းအော်ဖို့ရာကလည်း မည်သို့မျှ မကြားနိုင်။

တဂဲဂဲဖြင့် ကုန်းရုန်းတက်နေသော ကားစက်သံကြီးသည် ဆူညံပြည်ဟိန်းလျက် တစ်တောလုံး၊ တစ်တောင်လုံးကို ဖုံးလွှမ်းသွား၍ ဖြစ်သည်။ ပလ္လင်တောင်ထိပ်သို့ ရောက်သွားသောအခါ မောပန်းနွမ်းဟိုက်သွားသည့် အလား ခေတ္တရပ်နားနေ၏။ သည်တစ်ခါတော့ ကျွန်တော်တို့ကားအလှည့်၊ ကျွန်တော်တို့ကားသည် အခြားကားများနှင့် ယှဉ်၍ ဝန်ပေါ့ဟုသာ ဆိုရသော်လည်း သစ်လုံးလေးလုံး ပါနေသေးသည်။ ထို့ကြောင့် အလေးချိန်အတန်အသင့်ရှိသည်။ ပြီးတော့ ရုပ်က ကျိုးထားသေးသည်။ အခန့်မသင့်လျှင် ဤကုန်းအတက်၌ ပျက်သွားနိုင်သည်။ ထိုးရပ်သွားနိုင်သည်။ ဤသို့ဆိုလျှင် တောကြီးမျက်မည်းထဲ၌ တစ်ညတာ စခန်းချရပေမည်။

ပလ္လင်တောင် မရောက်မီကလေး၌ပင် ဆယ့်နှစ်ဘီးတပ် သစ်ကားကြီးတစ်စီးကို လမ်းဘေးမှာ ရပ်ထားတာ တွေ့ခဲ့ရသေး၏။ ဂီယာဘောက်စ်ကြွေသွားသည်ဟု ပြော၏။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ရိက္ခာအချို့ဖြင့် ကားကိုစောင့်ရင်း ကားအနီး၌ပင် စခန်းချ၍ ကျန်ရစ်ခဲ့၏။ ကျွန်တော်တို့ကားတွေနှင့် ကားပစ္စည်းအပို မှာလိုက်၏။ ကျွန်တော်တို့ကားတွေက သစ်စခန်းသို့ရောက်၍ သစ်လုံးတွေချပြီးနောက် ကောင်းသောကားတွေ ပြန်တက်လာမှပင် သူတို့အတွက် ကားပစ္စည်းပါလာမည်ဖြစ်၏။ ကားပစ္စည်းပြန်ရောက်မှပင် ကားပြင်၍ရမည်။ ပြီးမှ သစ်လုံးတွေနှင့်အတူ ပြန်မောင်း၍ရမည်။ ကားပစ္စည်းမရောက်မချင်း တောကြီးမျက်မည်းထဲ၌ ရိက္ခာမစုံမလင်နှင့် ဒုက္ခခံ၍နေပေရော့။

ကျွန်တော်သည် ကားကြီး ပလ္လင်တောင်ထိပ်သို့ ရောက်ဖို့ ဆုတောင်းနေရ၏။ ချောချောမောမော ရောက်ပါစေ၊ အတားအဆီးများ





ကျော်လွှားနိုင်ပါစေ။ ဆရာအရှင်ထံသို့လည်း လှမ်း၍အာရုံပြုရ၏။ ကားကြီးကား ကုန်းအမြင့်သို့ တက်နေပေပြီ။ ကုန်းတစ်ဝက်၌ ဂီယာပြောင်း၍ တုန့်ခနဲဖြစ်သွား၏။ ကျွန်တော်သည် ယာဉ်မောင်းကို လှမ်းကြည့်လိုက်မိ၏။ ကြမ်းတိုး ပြေးခုရမှာလား။ ကျွန်တော်ထင်သည့် အတိုင်းပင်။

"အစ်ကို ‥ အောက်ခထာ ဆင်းပေးပါဦး"

"ကြမ်းတိုး ခုပေးရမှာလား"

"မဟုတ်ပါဘူး။ ကျွန်တော့်ဘက်မှာ ရှေ့ကားက ပြုတ်ကျသွားတဲ့ ကားပစ္စည်းကောက်ဖို့ပါ"

ကျွန်တော် အမြန်ခုန်ဆင်းလိုက်၏။ ကားရှေ့မှပတ်၍ ယာဉ်မောင်းဖြစ်သူဘက်သို့ သွားလိုက်သည်။ သူပြသည့်နေရာတွင် ကားပစ္စည်းအပိုင်းအစကြီးတစ်ခု တွေ့ရ၏။ ကောက်ယူလိုက်သောအခါ ပို့ုင်းတန်းကြီး ဖြစ်လေသည်။ ထိုပစ္စည်းကြီး ကောက်ယူပြီးသည်နှင့် ကျွန်တော် ကားပေါ်ပြန်တက်လိုက်သည်။ ကားက ပလ္လင်တောင်ကုန်းပေါ်သို့ ဆက်၍တက်နေပြီ။ ကုန်းထိပ်သို့ အတော်ရုန်းကန် ကြိုးစားတက်ပြီးသောအခါ ရှေ့ကားနှင့် ယှဉ်၍ ရပ်လိုက်ရင်းမှ–

"ပို့ုင်းတန်းကြီး ပြုတ်ကျလို့ ကောက်လာခဲ့ပြီ။ ထိန်းမောင်းလာလို့ ရမလား"

"အေး ‥ ရပါတယ်ကွာ၊ ရှေ့မှာ ကုန်းတက်မှ မရှိတော့တာ"

"ဒါဖြင့်လည်းပြီးရော၊ ကျွန်တော်တို့ကား ရှေ့ကသွားနှင့်မယ်"

"အေး ‥ အေး၊ သွား ‥ သွား"

ရှေ့က ယာဉ်မောင်းကြီးနှင့် ကျွန်တော်တို့ကား ယာဉ်မောင်းလူငယ်တို့သည် ကားစက်သံတဂဲဂဲကြီးကြားမှ အပြန်အလှန်ပြောနေကြခြင်းပင်။ ကျွန်တော်တို့ကား ဆက်ထွက်လာသောအခါ တစ်ဖက်ကား ယာဉ်မောင်းကြီး၏အသံသည် ကားနောက်ဘက်တွင် ကျန်ရစ်ခဲ့သည်။ နောက်မှာကျန်ခဲ့သော ယာဉ်နောက်လိုက်ကို လှမ်းခေါ်နေခြင်းဖြစ်သည်။

"ဟေ့ကောင် ‥ လာတော့၊ ဒီမှာ ပို့ုင်းတန်းကြီး သူတို့ ကောက်လာခဲ့ပြီ။ မမှောင်ခင် ခပ်မြန်မြန်လာဟေ့"

ပလ္လင်တောင်ကို ကျော်ပြီးသောအခါ တောကြီးတစ်ခုလုံး မှောင်အတိ ဖြစ်သွားတော့သည်။ ကားမီးကြီးများကိုထိုး၍ မောင်းရ၏။ တော်ပါသေးသည်။ ပလ္လင်တောင်အတက်၌ မှောင်ရီပြိုးစ မှုန်ပျပျမို့။ သစ်ကားကြီးများ မီးထိုးသောအခါ နောက်ဘက် သစ်လုံးကြီးများကိုပါ မြင်ရအောင် ထိုးထားရ၏။ တစ်တောလုံး မှောင်အတိကျသွားပြီ ဖြစ်သဖြင့် ကားမီးထိုးထားသော သစ်ဆွဲလမ်းမှတစ်ပါး အခြားမမြင်ရတော့။ လမ်းကလည်း ပြေပြစ်သွားပြီ။ သည်တော့မှပင် ယာဉ်မောင်းလူငယ်ထံမှ စကားသံထွက်လာတော့သည်။

''အခုမှ နည်းနည်းစိတ်အေးရတယ် အစ်ကိုရေ။ ကျွန်တော်တို့ကားနှစ်စီးလုံးက တစ်စီးမကောင်းရင် တစ်စီးက အဖော်အဖြစ် တောထဲမှာ အတူအိပ်ရမှာပဲ။ သည်ပလ္လင်တောင်အတက် တစ်ချက်ပဲကြောက်တာ။ ကျန်တာကတော့ လမ်းပြေပါတယ်။ စိုးရိမ်စရာ မရှိပါဘူး''

စိုးရိမ်စရာ မရှိဟုဆိုသော်လည်း လှုပ်ရှားပြေးလွှားနေသော သူ့စိတ်တို့သည် ရုတ်တရက် မငြိမ်သက်နိုင်သေး။ ဤသည်ကို ကျွန်တော် သတိပြုမိသည်။ သို့နှင့် စိတ်အာရုံငြိမ်သက်ဖို့ အမြဲတစေ ဝီရိယထားလေ့ရှိသော သူတော်စင်များဆီသို့ အာရုံပြုနိုင်ဖို့ စကားလမ်းကြောင်း တည်ပေးလိုက်ရသည်။

''မင်းတို့ တောထဲ တောင်ထဲမှာသွားတော့ သည်လို အခက်အခဲတွေ အန္တရာယ်တွေကြားမှာ ဘုရားစာတွေ မရွတ်ကြဘူးလား''

''ဟာ ‥ ရွတ်တာပေါ့ အစ်ကိုရာ၊ ဒါပေမယ့် ဒီတောက တစ်မျိုးပဲ။ အများအခေါ်တော့ မယ်တော်ပေါ့လေ၊ ဗိုသန်းဘုရင်မ စစ်ရှုံးပြီး သည်အရပ်မှာလာပြီး အစောင့်ဖြစ်တယ် ပြောတာပဲ၊ အဲသည်မယ်တော်က ဘုရားစာဆိုရင် မကြိုက်ဘူးတဲ့''

''ဟ ‥ မင်းစကားက အဆန်းပါလား။ ငါတော့ ဒါမျိုး တစ်ခါမျှ မကြားဖူးဘူး''

''ဟုတ်တယ်အစ်ကိုရ၊ကျွန်တော်တို့က မန္တလေးဘက်က လာတာ၊ ဒီမှာ သစ်ကုမ္ပဏီနဲ့ညှိပြီး အိမ်က သစ်ကားတွေနဲ့ သစ်ရာသီမှာ သစ်ဆွဲတဲ့ အလုပ် လာလုပ်တာ။ ဘုရားစာမဆိုဘဲ ဘယ်နေနိုင်ပါ့မလဲ။ ဘုရားထက်





မြတ်တာ ရှိတာမှမဟုတ်တာ''

ယာဉ်မောင်းလူငယ်သည် ဘာသာတရားကို အတန်အသင့် ကိုင်းရှိုင်းကြည်ညိုပုံရသည်။

''အဲသည်တော့ မင်းတို့ သည်တောကလူတွေ ပြောလို့ဆိုတာနဲ့ ဘုရားစာ ရွတ်တာတို့ မေတ္တာပို့တာတို့ မလုပ်ကြတော့ဘူးလား''

''သူများတွေတော့ မသိဘူး။ကျွန်တော်တော့ ရွတ်တာပါပဲ။ဒါပေမယ့် ဟိုတလောတုန်းကတော့ သစ်ကားခေါင်းခန်းမှာ ဘုန်းကြီးတစ်ပါးထိုင်လာတာ အဲဒီသစ်ကားကြီး တုံးလုံးပက်လက်မှောက်သွားဖူးတယ်။ အဲဒါ မယ်တော်မကြိုက်လို့ တွန်းချတာဆိုလားပဲ။ ဒါနဲ့ ယုံရမလိုလို ဖြစ်သွားရတယ်။ ပြီးတော့ ပွဲတွေဘာတွေနဲ့ တောင်းပန်ရတာပေါ့လေ။ အဲသည် ကတည်းက ဘုန်းကြီးတွေ ကားကြုံလိုက်ပြီဆိုရင် သစ်ကားတွေ သိပ်မတင်ရဲကြဘူး''

ဒေသခံ အသီးသီးသည် ကိုယ်ကျင့်လည်ရသည့် ပတ်ဝန်းကျင်၊ ကိုယ်ကြုံရသည့် အတွေ့အကြုံနှင့် အစဉ်အလာ ကြားဖူးနားဝတို့အပေါ် မူတည်၍ အစွဲအလမ်းတွေ ရှိကြစမြဲ။ ကျွန်တော်ကား ငြိမ်သည်။ ဒေသခံတို့၏ အစွဲအလမ်း အယူအဆအပေါ်၌ အမှန်အမှား ကန့်လန့်ကာခြား၍ ရန်စကားတို့ဖြင့် အငြင်းမပွားချင်။ အမြတ်ဆုံးရတနာသုံးပါးကိုသာ နှလုံးသွင်း၍ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်မှန်သမျှကိုသာ မေတ္တာပို့သ အမျှဝေနေမိလေသည်။ မေတ္တာဟူသော သူတစ်ပါး အကျိုးကို လိုလားသောစိတ်ကို သူတစ်ပါးဟူသော ပုဂ္ဂိုလ်အပေါင်းတို့က မကြိုက်ရှိပါ့မလား။

သူ့မှာ ငါ့ကို ချမ်းသာစေလိုတဲ့စိတ်တွေ ကိန်းအောင်းဖြစ်ထွန်းနေပါပေါ့လားဟူသော အသိတရားနှင့်အတူ မေတ္တာလှိုင်းတို့ ရိုက်ခတ်သော အရှိန်အဟုန်သတ္တိတို့၏ အေးမြမှုကို ငြင်းဆန်လိုသူ မည်သူရှိနိုင်ပါအံ့နည်း။

ဤနေရာတွင် မေတ္တာနှင့်ပတ်သက်၍ ဆရာအရှင်၏ ဆုံးမစာတို့သည် အာရုံထဲသို့ အစီအရီပြေးဝင်လာ၏။ ခေါင်းစဉ် ပေးထားပုံကလည်း ရိုးရိုးလေးနှင့် ဆန်းလှသည်။ ''အအေးစာ မစားလိုသူ မရှိ''တဲ့။

***''မေတ္တာဓာတ်၏ အေးမြသန့်စင်သော အရသာကိုကား ရန်သူလည်း ကြိုက်၏။မိတ်ဆွေလည်း ကြိုက်၏။မိမိကိုယ်တိုင်လည်း နှစ်ခြိုက်သော***

**တရားဖြစ်၏။**

**သင်၏ ထိုပို့လွှတ်မှုမှ မေတ္တာဓာတ်၌ ရာနံပါတ်ခေါ် ကိလေသာ အပင်းကင်းသောမေတ္တာမျိုး။ မေတ္တာစစ် ဖြစ်ဖို့ကား အလွန်အရေးကြီးလှချေသည်။ ကိုယ်ချင်းစာစိတ် အဆာသွင်းထားသောမေတ္တာမျိုး။ မေတ္တာစစ်ဖြစ်ဖို့လည်း အလွန်အရေးကြီးလှချေသည်။ မိမိ၏ သားသမီးနှမ၊ အစ်မတို့အပေါ်ဝယ် ထားရှိသော သနားခြင်း။ တကယ်ကောင်းစား ချမ်းသာစေလိုသော စေတနာအရင်းခံ အဆန်သွင်းထားသော မေတ္တာမျိုး။မေတ္တာစစ် ဖြစ်ဖို့လည်း အလွန်အရေးကြီးလှချေသည်။ သို့မဟုတ်က သင့်ထံမှလည်း သောက–ဗျာပါဒများ ရောနှောကာ ပါသွားတတ်ရာ ပြန်လည်ရောက်ရှိလာသော တန်ပြန်ပုံရိပ်သဏ္ဌာန်များကား အဆိုးဘက် ဆန်တက်ပြန်သည်။ အိပ်မက်ဆိုးများဖြင့် တုံ့ပြန်တတ်လှချေသည်။**

**သင်မေတ္တာပို့သဖြင့် ထိုသူတို့ ကျန်းမာချင်လည်း ကျန်းမာ မည်။ ကျန်းမာချင်မှလည်း ကျန်းမာမည်။ ထိုသူတို့ ကျန်းမာခြင်း၊ မကျန်းမာခြင်းကား လိုရင်းမဟုတ်။ သင့်ထံ၌ ဝင်ရောက်သောင်းကျန်း နေကြသော ထိုရာဂ၊ ဒေါသဒိုးများကို မှုတ်လွှင့်ပစ်ခြင်းသာ လိုရင်း ဖြစ်၏။ ဘုရားရှင်၏ လက်ထက်တော်က ဒေါသအိုးများကို ဆန့်ကျင် ဘက်အားဖြင့် ပေးသနားတော်မူသော ''ဒေါသနှင်'' ကမ္မဋ္ဌာန်းမျိုး ဖြစ်ချေ၏။ထို့ကြောင့် မေတ္တာသည် ကိုယ်တိုင်လည်း နှစ်ခြိုက်သော တရား မည်ချေ၏။ မေတ္တာကား နှီးရှည်ပင်ပန်းခွမ်းနယ်လေသူ စမ်းချောင်း ရေ မျှော်လေသူတိုင်း၏ ဒိုကိုးရာအားဆေးမျိုး ပမာတည်း။''**

ဒေသခံတို့၏ ယုံကြည်မှု၊ အယူအဆ၊ အစွဲအလမ်းတို့သည် များသောအားဖြင့် ပါးစပ်ရာဇဝင်များ ဖြစ်တတ်သဖြင့် မှန်ခြင်း မှားခြင်းဟူ၍ ဝင်၍ မဆုံးဖြတ်သာ။ သို့သော် မိမိဘက်ကမူ မေတ္တာဓာတ်၏ အေးမြသော အရှိန်အဝါသတ္တိကို တွန်းထုတ်ခြင်းနှမြောတသခြင်း မရှိစွာဖြင့် မည်သူ့ကိုမဆို ပေးဆပ်နိုင်ဖို့သည်သာ အရေးကြီးဆုံး ဖြစ်လေသည်။ တောမှ၊ မြို့မှ မဟုတ်၊ နေရာတိုင်း၊ ဌာနတိုင်း၌ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါတွေ အနန္တရှိကြသည်ပဲ။





''မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ။ ချမ်းသာကိုယ်စိတ်မြဲပါစေ''ဟူ၍ မေတ္တာသုတ်၌ ထည့်သွင်းထားသည် မဟုတ်လား။ မြင်အပ်သော၊ မြင်ရသော သတ္တဝါဟူသည် တော၌ တွေ့ရခဲလှသည်။ မမြင်အပ်သော၊ မမြင်ရသောသတ္တဝါတွေသာ တောတောင်သဘာဝ၌ မှီ၍ အမှန်ဘဝ အနန္တ များပြားလှပေသည်။ ဘုရားရှင်၏ မေတ္တာသုတ် ပေါ်ပေါက်လာပုံနှင့် တောနေရဟန်း(၅၀၀)တို့၏ ပထမအကြိမ် တောဝင်ရာ၌ ချောက်ချားတုန်လှုပ်ခဲ့ရပုံ ဖြစ်စဉ်သည် သာသနာ့သမိုင်း၌ အထင်အရှား ရှိခဲ့သည်မဟုတ်လား။

ထို့ကြောင့်ပင် ကျွန်တော်သည် မဟာမြိုင်တောကြီးအတွင်း၌ နေထိုင်ကြကုန်သော မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါတို့အား ချမ်းသာစွာဖြင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ၊ ခန္ဓာတွင် ဉာဏ်ယှဉ်မိသောဘဝ၌ သံသရာအစဉ်အဆက် ခန္ဓာ ငါထင်၍ အပျက်မမြင်ခဲ့သော အဝိဇ္ဇာတို့ ဝေးကွာ၍ အဝိဇ္ဇာသက် ရှည်ရာရှည်ကြောင်း တဏှာထပ်လောင်းခဲ့လေသမျှ မကုန်ကြသေးသော ဘုံဘဝဘေးတို့၌ လောဘ၊ဒေါသ ကိလေသာဦးဆောင်တရားတို့အား ဗုဒ္ဓဘုရားရှင်၏ သစ္စာလေးပါး အမြိုက်တရားဖြင့် အပြီးတိုင်ငြိမ်းသတ်နိုင်ကြပါစေကြောင်း အလေးအနက်အာရုံပြု၍ ဆုတောင်းမေတ္တာပို့သနေမိပါသည်။

ကျွန်တော်၏ အာရုံပြုဆုတောင်းခြင်းသည် ပါးစပ်မှ စကားလုံးတွေ စီကာစဉ်ကာ ထွက်ကျလာခြင်းမျိုး မဟုတ်ပါ။မျက်စိစုံမှိတ်ကာ မမြင်အပ်သော သတ္တဝါများဆီသို့ အလေးအနက် အာရုံပြု၍ သူတို့တစ်တွေ၏ အကျိုးစီးပွားကို တမ်းတမှန်းဆ မြင်ယောင်ရင်းက ပီတိအဟုန်ဖြင့် မေတ္တာလွှမ်းခြုံနေခြင်းပင်တည်း။ ထိုအချိန်အတွင်း၌ သစ်ကားကြီး၏ တဂဲဂဲအော်မြည်သံကို ကြားသော်လည်း မကြားရသည့်ကဲ့သို့။ သစ်ကားကြီးပေါ်၌ ရုပ်ခန္ဓာပင်ပန်းဆင်းရဲသော ဝေဒနာကို ခံစားနေခြင်းမျိုးလည်း မဟုတ်တော့ပါ။ အရာအားလုံးနှင့် ခေတ္တခဏဝေးကွာ၍ မေတ္တာတရားတည်းဟူသော အလွန်လေးနက် ကြည်လင်သန့်စင်သည့် အာရုံတစ်ခုပေါ်တွင် ကျွန်တော်၏ စိတ်ဓာတ်သတ္တိအဟုန်တို့ ခေတ္တမျှ သွားရောက်ခိုလှုံနေခြင်းပင်တည်း။ အချိန်မည်မျှကြာလိုက်သည်မသိ။ ယာဉ်မောင်းလှူငယ်၏ စကားသံကြောင့် ကျွန်တော်

သည် မေတ္တာတည်းဟူသော တစ်ခုတည်းသော အာရုံပေါ်မှ ပြန်လည်နိုးထလာရပါတော့သည်။

"လမ်းမကြီးပေါ်ရောက်ပြီ အစ်ကိုရေ၊ ဒါက ကလေး၀- ခန္တီးဘက်ကိုသွားတဲ့ ဗျူဟာလမ်းကြီးပေါ့၊ ဒီလမ်းကြီးပေါ်မှာတော့ ကားပျက်လည်း ကိစ္စမရှိဘူး၊ ကားကြီးတွေ အများကြီးရှိတယ်၊ ပျက်သွားလို့ ပြင်မရတော့ရင်လည်း လမ်းပေါ်မှာ ဒီအတိုင်းထားပစ်ခဲ့ပြီး ကားကြုံစီးသွားလို့ရတယ်"

ယာဉ်မောင်းလူငယ်သည် ယခုမှပင် လွတ်လပ်ပေါ့ပါးသွားဟန်ရှိသည်၊ အသက်ရှူချောင်သွားပုံလည်းရသည်။ ကျွန်တော်သည်လည်း မေတ္တာတည်းဟူသော ရေအိုင်ကြီးအတွင်းမှ ပြန်တက်လာခါစ ဖြစ်သဖြင့် လန်းဆန်းကြည်လင်နေပေပြီ။ ဒေသခံတို့၏ ပါးစပ်ရာဇဝင်တို့ကြောင့် မမြင်ရသောသတ္တဝါတို့အပေါ် အာရုံပြု၍ ပုံရိပ်ဖော်ကာ ကြောက်စိတ်(ဒေါသ)တို့ကို မွေးမြူနေခြင်းထက် (အဒေါသ)မေတ္တာကို မွေးယူလိုက်ခြင်းကြောင့် မျက်မှောက်အကျိုးအဖြစ် စိတ်အေးချမ်းခဲ့ရလေပြီ။ လက်ငင်းချမ်းသာမှု ရခဲ့လေပြီ။ သတိပဋ္ဌာန်တရား အားထုတ်သူတို့အတွက် အကောင်းဆုံးသော အကူအထောက်အပံ့မှာ 'မေတ္တာ' ဟူသော သူတစ်ပါးအကျိုးလိုလားစိတ်ပင်တည်း။

ကလေး၀-ခန္တီး မဟာဗျူဟာလမ်းသည် ကတ္တရာလမ်းချောတော့ မဟုတ်ပါ။ သို့သော် အောက်ခံအမာရှိသဖြင့် တောတွင်းသစ်ဆွဲလမ်းထက်တော့ အများကြီး သာပါသည်။ ထို့ကြောင့်ပင် ယာဉ်မောင်းလူငယ်သည် သူ၏ကားကို အရှိန်အဟုန် မြှင့်၍ မောင်းလေတော့သည်။ သစ်လုံးကလည်း လေးလုံးသာ တင်ထားသဖြင့် ၀န်ပေါ့ကားဟူသော ကမ္ပည်းထိုးကာ ရှေ့ကသွားနှင့်သော (၉)လုံး၊ (၁၀)လုံး၊ (၁၂)လုံးတင်၊ (၁၂)ဘီးသစ်ကားကြီးများကို တစ်စီးပြီးတစ်စီး ကျော်တက်နေတော့သည်။ ကားကျော်တက်ရန် ဟွန်းသံပေးသည့်အခါ တစ်ဖက်ကားကလည်း ဟွန်းပြန်တီးသည်။ ဟွန်းသံ၊ ကားသံ၊ တစ်ကားနှင့်တစ်ကား ပြန်လှန်အော်ဟစ်သံတို့သည် ရွှေကျင် သစ်တောကြိုးဝိုင်းကြီး၏ ညတစ်ညကို ရှင်သန်လှုပ်နိုးစေသည့်အလား။





ခဏကြာတော့ သစ်လုံးစစ်ဆေးရေးစခန်းတစ်ခုသို့ ရောက်သည်။ ကားတွေ တစ်စီးပြီးတစ်စီး ရပ်ကြရသည်။ အောင်ချမ်းသာသစ်စခန်းသို့ ရောက်ရန် ငါးမိုင်ခန့်သာ လိုတော့သည်။ သစ်ကားကြီးများသည် မဟာမြိုင်တောကြီးအတွင်းမှ တစ်ကြိမ်လွတ်မြောက်လာခဲ့ပါပေါ့လားဟူသော အသိဖြင့် သက်ပြင်းတွေ တဟင်းဟင်းချလိုက်သည့်အလား တရှူးရှူးတရှဲရှဲဖြင့် ရပ်နားနေကြလေပြီ။

သစ်လုံးပြေစာများကို စစ်ဆေးနေစဉ်အတွင်း ကျွန်တော်သည် မဟာဗျူဟာလမ်းမကြီးပေါ်တွင် ခြေညောင်းလက်ဆန့် လမ်းလျှောက်နေမိသည်။ စစ်ဆေးရေးဂိတ်တဲအတွင်းမှ ဖယောင်းတိုင်မီးအလင်းရောင်က လမ်းမကြီးပေါ် တစ်စွန်းတစ်စ ဖြာကျနေသည်မှအပ လမ်းမကြီးသည် မှောင်ပိန်းလျက်။

သစ်လုပ်သားတို့၏ စကားသံတွေကြားမှ ရေဒီယိုသံသဲ့သဲ့ကို ကြားရ၏။ လတ်တလောနိုင်ငံတကာအခြေအနေနှင့် အီရတ်စစ်ပွဲသတင်း။ ဘဂ္ဂဒက်မြို့ကျသွားပြီ၊ အီရတ်ခေါင်းဆောင် ရှာမတွေ့။ မရိန်းတပ်သားတို့ သူတစ်ပါးနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်။ စစ်၏အနိဋ္ဌာရုံကြောင့် အီရတ်ပြည်သူတို့၏ ဒုက္ခအဖုံဖုံ။ ကူးစက်မြန်ပြင်းထန် ဆားစ်ရောဂါဆန်း၏ အချိန်ကိုအတွင်း သေဆုံးကြခြင်းဟူသော တုန်လှုပ်ဖွယ်ရာသတင်း။

သည်သတင်းတွေ၊ သည်အသံတွေကို မကြားချင်သော်လည်း ကြားနေရသည်။ မမြင်ချင်သော်လည်း မြင်နေရသည်။ အနီးကပ် ထိတွေ့ကြုံနေရခြင်းမျိုး မဟုတ်သော်လည်း လူထုဆက်သွယ်ရေး ယန္တရားတို့၏ ခေတ်မီတိုးတက်လာမှုကြောင့် ကိုယ်တိုင်ပင်လျှင် ထိုပတ်ဝန်းကျင်ထဲ ရောက်နေသည့်အလား။ လူ့ဘ၀ ရနေ၍သာ ဝိပတ္တိတရားလေးပါးထဲမှ အပါယ်လေးပါးတို့၌ ဖြစ်ရခြင်းဟူသော 'ဂတိဝိပတ္တိတရား'မှ ကင်းလွတ်နေသော်ငြား 'ကာလဝိပတ္တိ'၊ 'ဥပဓိဝိပတ္တိ'၊ 'ပယောဂဝိပတ္တိ'တရားတွေသည် ကား ရင်ဆိုင်ကြုံတွေ့ရစမြဲ ဖြစ်၏။ 'ဝိပတ္တိ'ဟူသည် ဖောက်ပြန်ချို့ယွင်းချက်ပင်တည်း။ ဆရာအရှင်၏ ဆုံးမစကားကို သတိရမိ၏။

"ဦးမြသန်းစံရေ၊ ခင်ဗျား နောက်အနှစ်ငါးဆယ်မှာ လူပြန်ဖြစ်ချင်

သေးလားဗျ''

''တပည့်တော် ဘာမျှ မဖြစ်ချင်တော့ပါဘုရား''

''အေးဗျ . . . မဖြစ်ချင်တော့ရင် မဖြစ်အောင် ကြိုးစားလုပ်တော့ဗျ။ နောက် အနှစ်ငါးဆယ်ဆိုရင် ခင်ဗျားတို့ ကျုပ်တို့ အခုကြုံနေရတာတွေထက် ပိုဆိုးလာလိမ့်မယ်ဗျ။ ဆုတ်ကပ်ကိုးဗျ''

''အဲဒါကြောင့်မို့ တပည့်တော် ဘာမျှ ပြန်မဖြစ်ချင်တော့လို့ တရားကို ကြိုးစားထိုင်နေတာပါဘုရား''

''အေး . . ကောင်းတယ်ဗျ။ ဘာမျှ ပြန်မဖြစ်ရင် ဘယ်တော့မှ မဆင်းရဲတော့ဘူးဗျ။ ခန္ဓာရသရွေ့ ဒုက္ခချည်းပဲလို့သာ မှတ်ပါ။ နတ်လည်း ဒုက္ခနဲ့ပါပဲဗျ။ ဗြဟ္မာလည်း ဒုက္ခဝိသိမ်း မကောင်းငြိမ်းသေးပါဘူးဗျ။ နိဗ္ဗာန် တစ်ခုတည်းသာ ဒုက္ခဝိသိမ်း ကင်းငြိမ်းတာဗျ။ နိဗ္ဗာန်ကို မျက်မှောက်ပြု နိုင်တာဟာလည်း ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေပဲဗျ။ သူတို့လို ဖြစ်ချင်ရင် သူတို့စင်းခဲ့တဲ့လမ်းပေါ်လျှောက်ပြီး သူတို့လို လုပ်ရုံမှတစ်ပါး အခြားမရှိပါဘူးဗျ''

ယခုမျက်မှောက်မှာတွင် သစ်လုပ်သား ကားသမားတို့၏ ဒုက္ခတွေကို မျက်မြင်အထင်သားတွေ့နေရပြီ ဖြစ်၏။ ဒါက တစ်ညတာ ခရီးနှင့်ကြုံစဉ် လေးအတွင်း လူအမျိုးမျိုးတို့၏ အသက်မွေးမှုအစုံအစုံကြား တစ်ခုသော အသက်မွေးဝမ်းကျောင်းနေမှု ပုံစံလေးအတွင်းမှ ဒုက္ခဆင်းရဲကို တွေ့လိုက်ရခြင်းပင်တည်း။ သည်ယာဉ်တန်းကြီး စမထွက်မီ ကားဘီးဖြုတ်တပ် လုပ်နေစဉ်အတွင်း ဝါရင့်သစ်ကားမောင်းသမားကြီး ညည်းတွားခဲ့သောအသံကို ကြားမိပြန်၏။

''လုပ်ရတာ မသက်သာလိုက်တာကွာ၊ ဒီပင်ပန်းဆင်းရဲမှုတွေ ဘယ်တော့မှ လက်စသိမ်းနိုင်ပါ့မလဲ မသိဘူး။ ကိုယ့်မှာ ဘာမျှကိုယ်ပိုင် မရှိသေးသရွေ့ သူများဆီမှာ အခစားလုပ်၊ သူများခိုင်းတာတွေ လုပ်ရင်းနဲ့ပဲ လုံးပါးပါးနေရတော့တာ''

ကားမောင်းသမားကြီးသည် ရုပ်ခန္ဓာဆင်းရဲပင်ပန်းမှုနှင့် ပစ္စည်း ပိုင်ဆိုင်မှုနည်းပါးခြင်းတို့အပေါ် ရုပ်တရားဘက်မှ ဆင်းရဲဒုက္ခအဖြစ်





သတ်မှတ်ကာ အပြစ်မြင်နေခြင်းဖြစ်သည်။ ကျွန်တော်ကာမူ သူပြောခဲ့သော စကားတွေကို ဓမ္မနားဖြင့် နားထောင်ကြည့်ဖြစ်၏။ ဟုတ်ပါသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော အပါယ်လေးပါးလွတ်သော ပထမဉာဏ် ကလေးမျှ မရလျှင် တဏှာ၊ အဝိဇ္ဇာတို့က သံသရာသက်ရှည်အောင် ဆက်၍ ခိုင်းနေပေဦးတော့မည်။ ဤသည်မှာ မိမိ၌ ကိုယ်ပိုင်ဉာဏ် မထူထောင်ရသေးသဖြင့် တဏှာ၊ အဝိဇ္ဇာတို့၏ ခိုင်းဖတ်ဖြစ်နေရခြင်းပင်တည်း။တဏှာ၊ အဝိဇ္ဇာတို့ထံ၌ အခစားဝင်လုပ်နေရခြင်းပင်တည်း။ နတ်တလူတောရစခန်းတုန်းက ဆရာအရှင်ဆုံးမခဲ့သော ဓမ္မစကားတို့ကို ပြန်လည် ကြားယောင်မိပြန်ပါသည်။

''ကိလေသာဝဋ်ဆိုတာ လူ့ဘဝကို ရောက်နေတဲ့ ပုဂ္ဂိုလ်သည် တို့ ရနေတဲ့ လူ့ဘဝကို သာယာနေတာဟာ အဲဒါ ကိလေသာဝဋ်၊ နောင်ကိုလည်း ဒီလိုဘဝမျိုးရောက်ဖို့ဟာ ကောင်းမှုတွေ မလုပ်ဘူးလားဟေ့''

''လုပ်ပါတယ်ဘုရား''

''လူ့ဘဝရောက်ဖို့ရာ မျိုးစေ့သည် ကောင်းမှုထင်တယ်။ လူ့ဘဝ ရောက်ဖို့ရာ စေတနာမျိုးစေ့သည် ကောင်းမှုသည် အဲဒါ လူ့ဘဝရောက်ဖို့ရာ အကြောင်းမဟုတ်ဘူးလား''

''မှန်လှပါဘုရား''

''အဲဒီစိတ်နဲ့ လူ့ဘဝကို နောက်တစ်ခါကောင်းနိုးနိုး၊ ရနိုးနိုး၊ ဒီထက်ဟုတ်နိုးနိုးနဲ့ မျှော်ကိုးပြီး လုပ်တဲ့စိတ်မှန်သမျှ အဲဒါ **'ကိလေသာဝဋ်'**။ အဲဒီ **'ကိလေသာဝဋ်'**ကြောင့် တို့ကောင်းမှုတွေ ပြုနေတာ**'ကမ္မဝဋ်'**။ အဲဒီ **'ကမ္မဝဋ်'**အတိုင်း တို့ လူ့ဘဝတွေ ရလာတာ **'ဝိပါကဝဋ်'**မဟုတ်ဘူးလား။ အဲဒီတော့ အရင်ဘဝက **'ကမ္မဝဋ်'**တွေ လုပ်ခဲ့လို့ အခုဒီဘဝ ရလာခဲ့ပြီ။ ဘဝအကျိုးပေး အခုခံစားနေရပြီ။ အရင်ဘဝတုန်းက စေတနာထက်မှု မထက်မှုအတိုင်း ဒီမှာ အကျိုးပေး လာဖြစ်နေတာ ထင်တယ်''

''မှန်လှပါဘုရား''

''အကုန်လုံး သူဌေးဖြစ်ချင်တာချည်းပါပဲ။ သူဌေးမဖြစ်ချင်တာ ရှိလို့လား''

''မရှိပါဘုရား''

"ဖြစ်သလားဗျာ"

"မဖြစ်ပါဘုရား"

"တချို့လူဖြစ်ရုံ၊ တချို့တော့ စားနိုင်သောက်နိုင်အထိ၊ တချို့ သုံးမကုန်၊ စွဲမကုန်၊ တချို့တစ်ခါတည်း ဒီဘက် တစ်ကျပ်လောက်ဝင်တယ်။ ဟိုဘက်က တစ်ဆယ်လောက်ထိ ပြန်ထွက်တယ်။ တချို့ဒီဘက်က တစ်ဆယ်ဝင်တယ်၊ တစ်ကျပ်လောက်ပဲ ပြန်ထွက်တယ်။ အကျိုးပေးချင်း တူသလား"

"မတူပါဘုရား"

"ဘဝအကျိုးပေးကို အဆင့်အတန်းမြင့်မြင့် ခံစားချင်သူတော့ အကုန်လုံးပါပဲ။ ဘယ်သူမဆို အဆင့်နိမ့်တာမျိုးတော့ မခံစားချင်ကြပါဘူး ဗျာ။ ဒီလိုဆိုရင် တို့ အခုဖြစ်နေတဲ့ လူ့ဘဝရဲ့ ဆူကြံနိမ့်မြင့်သည် စေတနာက ဆုံးဖြတ်ပေးတာ မဟုတ်ဘူးလား။ တို့ လုပ်လို့ရလား"

"မရပါဘုရား"

"စေတနာက ဆုံးဖြတ်ပေးတာ မဟုတ်ဘူးလား။ အဲဒါ တို့ အရင်ဘဝကပြုခဲ့တဲ့ ကိလေသာ၊လူ့ဘဝကို မျှော်တဲ့ ကိလေသာ။အဲဒီ လူ့ဘဝကို မျှော်၊ ကောင်းမှုကို မျှော်ပြီး ပြုလုပ်တဲ့ ကောင်းမှု။ အဲဒီကောင်းမှုအတိုင်း တို့ ဒီမှာလာပြီး **'ဝိပါကဝဋ်'**လာခံနေရတာ။ ဟုတ်ရဲ့လားဟေ့"

"မှန်လှပါဘုရား"

"ဒီဘဝ ရောက်လာပြန်တော့လည်း နောက်ထပ်ဘဝမျှော်တဲ့ **'ကိလေသာဝဋ်'**ကြောင့် **'ကမ္မဝဋ်'**တွေ ပြုတယ်။ နောက်ဘဝ **'ဝိပါက ဝဋ်'**ထပ်ဖြစ်ဦးမှာပဲ။ ဒီလိုနဲ့ နောက်တစ်ခါ ဘဝရဦးမှာပဲ။ အဲဒီလို လူဖြစ်ခဲ့ဖူးသူက လူ့ဘဝရောက်ဖို့ရာရယ်၊ စိတ်နေစိတ်ထား အမျှော်တွေ၊ အဲဒီအတိုင်းပြုလုပ်တဲ့ ကံတွေ။ အဲဒီအတိုင်း အကျိုးခံစားဖို့ဖြစ်လာရ။ အဲဒါ လူ့ဘဝ၌ လည်နေတဲ့ ဝဋ်သုံးပါး၊ နတ်တွေ၊ ဗြဟ္မာတွေကရော၊ နတ်ပြည်၊ ဗြဟ္မာပြည်ရောက်ဖူးတဲ့ ပုဂ္ဂိုလ်ကရော ဒီဝဋ်သုံးပါးနဲ့ ထင်တယ်။ နတ်ပြည်၊ ဗြဟ္မာပြည်ကို မျှော်ကိုးတဲ့စိတ်။ **'ကိလေသာ'**ထင်တယ်။ မျှော်ကိုးပြီးပြုတဲ့ **'ကံ'**ထင်တယ်။ အဲဒီအတိုင်း သွားခံစားတဲ့ အကျိုးပေး **'ဝိပါက်'**ထင်တယ်။





အဲဒီလို အကျိုးပေး **'ဝိပါက်'**ခံစားရင်းနဲ့ နောက်တစ်ခါပြန်ပြီး လူတို့ နတ်တို့ ဗြဟ္မာတို့ ထပ်မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်ပါတယ်ဘုရား"

"ဒီလိုဆိုရင်တော့ **'ကိလေသာ'**ပြန်လည်ဦးမှာပဲ။ **'ကံ'**ပြန်လာဦးမှာပဲ။ တစ်ခါ **'ဝိပါက်'**ပြန်သွားဦးမှာပဲ။ နတ်ပြည်မှာလည်း ဒီသုံးခုနဲ့ လည်တာ ထင်တယ်။ ဗြဟ္မာပြည်ရောက်တဲ့ ပုဂ္ဂိုလ်ရော"

"ဒီသုံးခုနဲ့ လည်မှာပါဘုရား"

"ဗြဟ္မာ့အရသာ၊ ဗြဟ္မာ့ချမ်းသာကိုသာ သူ သာယာတဲ့စိတ် ရှိမှာပဲ။ သာယာတဲ့စိတ်ရှိရင် ဒါမျိုးတောင့်တတဲ့စိတ် ပေါ်မှာပဲ။ နောက်တစ်ခါလည်း ဒီလိုဗြဟ္မာအဆင့်အတန်းနဲ့နေဖို့ သာယာမှာပဲ။ အဲဒီသာယာတဲ့အတိုင်း တို့ ဗြဟ္မာဖြစ်နိုင်တဲ့ ကံ ထပ်မလုပ်ဘူးလား။ ဒီလိုဆို ဗြဟ္မာအကျိုးပေး ထပ် မသွားဘူးလား"

"သွားမှာပါဘုရား"

"သွားရင် ထပ်ပြီးတော့ မသာယာဘူးလား"

"သာယာမှာပါဘုရား"

"ထပ်သာယာ၊ ထပ်မလုပ်ဘူးလား"

"လုပ်ပါတယ်ဘုရား"

"ထပ်လုပ်တော့ ထပ်အကျိုးမခံစားရဘူးလား"

"ခံစားရပါတယ်ဘုရား"

"ဗြဟ္မာ့ပြည်မှာလည်း အဲဒီ **'ကိလေသာဝဋ်'**၊ **'ကမ္မဝဋ်'** **'ဝိပါက ဝဋ်'** လည်နေတာပဲ။ တစ်ခါ လူ့ပြည်ကနေပြီးတော့ နတ်ပြည်၊ လူ့ပြည် ကနေပြီးတော့ ဗြဟ္မာ့ပြည်။ ဒီလိုပဲ ဝဋ်တွေ ဆက်ဆက်လည်နေတာပဲ။ ဝဋ်လည်နေရသမျှ ဒုက္ခရနေတာပဲ မဟုတ်လား။ တစ်ခုရှိရင် တစ်ခုဒုက္ခ ရောက်တာပဲ။ ဒါကြောင့်မို့ ဘုံသုံးပါး၌ဖြစ်နေတဲ့ အထက်တန်းက ဖြစ်နေတဲ့ ဝဋ်သုံးပါးပဲဖြစ်ဖြစ်၊ အလယ်အလတ်တန်းလောက်က ဖြစ်နေတဲ့ ဝဋ်သုံးပါး ပဲဖြစ်ဖြစ်၊ အောက်တန်းစားဘဝနဲ့ လည်နေတဲ့ ဝဋ်သုံးပါးပဲဖြစ်ဖြစ်၊ အကုန်လုံး ဒုက္ခချည်းပဲ။ အဲဒီဒုက္ခကို ဒုက္ခမှန်းမသိလို့ သာယာတပ်မက်နေတဲ့ စိတ်ဟာ

သမုဒယ ပဲ။ ဟုတ်ရဲ့လားဟေ့။ ဒီတော့ သမုဒယလေး ချုပ်ငြိမ်းချင်လို့ရှိရင် **'နိရောဓော နာမ နိဗ္ဗာန်'**။ အဲဒီစွဲလမ်းစိတ်ကလေး၊ ကြိုက်စိတ်ကလေး ချုပ်ငြိမ်းသွားတာသည်ပင်လျှင် **'နိရောဓ'**ပဲ။ **'နိရောဓ'**သီးခြားမရှိပါဘူး။ ဒီနေရာစား၊ ဒီနေရာသေ၊ ဒီနေရာပျောက် အစွဲမကျန်ရစ်။ တို့ ရေထဲသွားတဲ့ ခြေလှမ်းလေးလိုပေါ့ကွယ်၊ ရေထဲသွားတဲ့ခြေလှမ်းဟာ လှမ်းလိုက်တဲ့ အချိန်တော့ဖြင့် ဖဝါးရာလေး ရှိထင်တယ်ဟေ့၊ နုတ်လိုက်တော့ ရှိသေးလား''

''မရှိပါဘုရား''

''ရှုမှတ်မှုနဲ့ သွားနေတဲ့ ယောဂီတစ်ယောက်ဟာ မြင်ရင် မြင်တာနဲ့ ပြီးသွားရမယ်။ ကြားရင် ကြားတာနဲ့ ပြီးသွားပြီ။ နံရင် နံတာနဲ့ ပြီးသွားပြီ။ စားရင်ရော ချို၊ ချိုတာနဲ့ ပြီးသွားပြီ။ ကြက်ဆိုတာ၊ ဝက်ဆိုတာ မပါတော့ဘူး။ စွဲစရာတွေ အကုန်လုံး ပယ်ထားတယ်လေ။ အဲဒီနေရာတွင် ပြီးသွားပြီ။ သူတို့ရဲ့ခြေလှမ်းလေးဟာ မဂ်ရေစင်နဲ့ ဆေးသွားတဲ့ ခြေလှမ်းလေး မဟုတ်ဘူးလား''

ဆရာအရှင်၏ တရားအဆုံးအမသည် ရှင်းခနဲလင်းခနဲပြော် . . . ကိုယ်တိုင်က ကိုယ့်ခန္ဓာပေါ်မှာ နှစ်ပေါင်းများစွာ ရှင်းလင်းအောင် လေ့လာထားခဲ့သူမို့လည်း သူတစ်ပါးကို ရှင်းလင်းအောင် ဟောပြောနိုင်ခြင်းပင်။ ခန္ဓာဉာဏ်ရောက် ပဋိပတ်သမားတို့သည် အခြေခံပရိယတ်နှင့် ပေါင်းစပ်၍ ပြောဟောလေသောအခါ ပြော၍ မဆုံးနိုင်။ ဟော၍ မကုန်နိုင်။ ပညတ်ဝေါဟာရ စကားလုံးတွေဘက်ဆီသို့ တစ်ချက်မျှ စောင်းငဲ့လှည့်ကြည့် အာရုံပြုလိုက်မိသည်နှင့် တစ်ပြိုင်နက် ခန္ဓာဉာဏ်စိုက်ခဲ့သမျှ ကိုယ်ပိုင်အသိတရားတို့ကား ပြော၍ မကုန်၊ ရေး၍ မခန်းနိုင်အောင် ခန္ဓာကိုယ်ထဲက ခုန်ထွက်ကျလာသည့်အလား မရပ်မနားရှိနေတော့သည်။

သစ်လုံးစစ်ဆေးရေးစခန်းမှ သစ်လုံးကားကြီးတွေကို စစ်ဆေးပြီးသောအခါ ရပ်နားနေသော ကားတန်းကြီးသည် ပြန်လည် အသက်ဝင်လာ၏။ ကားမီးကြီးတွေ ဖွင့်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလေသည်။ ကားစက်နှိုးသံတွေ အစီအရီပေါ်လာ၏။ ကျွန်တော်စီးလာသော လေးလုံးတင် သစ်ကားကြီးသည် ရှေ့ဆုံးမှစ၍ မောင်းထွက်လေသည်။





ရှေ့က သွားနှင့်မယ်ဟူသော အချက်ပြအသံနိမိတ်လား မပြောတတ်။ ယာဉ်မောင်းလူငယ်သည် ကားဟွန်းသံ ကြီး (၂)ချက်ကို ရှည်ရှည်တီးနေပြန်သည်။ တပွမ်ပွမ်ဟူသော ဟွန်းသံအကျယ်ကြီး (၂)ချက်ကို ကြားရသဖြင့် နောက်ကားတွေကလည်း ဟွန်းသံတွေ ထပ်ဆင့်တီးကြပြန်သည်။ သူတို့လည်း အသင့်ဖြစ်ပြီ၊ တစ်ဆက်တည်းလိုက်လာခဲ့မယ်ဟူသော သင်္ကေတသဘောမျိုးဖြစ်မည်ထင်သည်။

ကားဟွန်းသံများ၊ ကားဘီးလိမ့်သံများ၊ ကားစက်သံကြီးများ တစ်ပြိုင်နက်ပေါ်လာသဖြင့် ခုနက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်သည် ဆူညံနိုးထလာသည်သို့ ရှိ၏။ ကားအရှိန် အတန်အသင့်ရလာသောအခါ ယာဉ်မောင်းလူငယ်က–

''အစ်ကိုက 'မောက်ကတော်'ကို ဒီည ဆက်သွားချင်တာလား''

''အဆင်ပြေသလိုပေါ့''

''ကျွန်တော်တို့ ကားကတော့ ဆက်ထွက်ဖြစ်ချင်မှ ထွက်ဖြစ်မယ်။ နောက်မှာပါတဲ့ ကားတွေထဲက ကြုံတဲ့ကားနဲ့ ဆက်လိုက်သွားပေါ့။ ကားအားလုံးကတော့ 'မောက်ကတော်'ဆိပ်အရောက် သစ်လုံးတွေ ပို့ရမှာပဲ။ ဒါပေမယ့် အတော်မိုးချုပ်နေပြီဆိုတော့ မနက်မှ ထွက်ဖြစ်ကြဖို့ များတယ်။ 'အောင်ချမ်းသာ'မှာပဲ အိပ်ကြ၊ နားကြဖို့ များတယ်။ အစ်ကိုလည်း ကျွန်တော်တို့နဲ့အတူ အိပ်ချင်အိပ်ပေါ့။ ကျွန်တော်တို့တဲက အကျယ်ကြီးရယ်''

ယာဉ်မောင်းလူငယ်က အခြေအနေရှင်းပြရင်း ဖိတ်မန္တကပြုနေလေသည်။ သည်အရပ်၊ သည်ဒေသသို့ ကျွန်တော် တစ်ခါမျှ မရောက်ဖူးခဲ့။ ထို့ကြောင့် သင့်သလို မီးစင်ကြည့်ကရမှာပဲဟုသာ စိတ်ကူးထားလိုက်မိသည်။ ထို့ကြောင့် ယာဉ်မောင်းလူငယ်အား–

''အခြေအနေအရပေါ့လေ။ ဒါနဲ့ 'အောင်ချမ်းသာ'ရောက်ရင် 'မောက်ကတော်'ဆိပ်ကို ဘယ်လောက်ထပ်သွားရဦးမှာလဲ''

''မိုင် ၂၀–ကျော်လောက် ရှိတယ်အစ်ကိုရ။ သစ်လုံးကားကြီးနဲ့ တောတွင်းလမ်းဆိုတော့ အနည်းဆုံး သုံးနာရီကျော်ကျော်လောက် ထပ်မောင်းရဦးမှာ''

''ကလေးဝက ဆင်းလာမယ့် အမြန်စက်လှေက မောက်ကတော်ဆိပ်ကို ဘယ်အချိန်လောက် ရောက်တတ်လဲ''

''မနက် (၇)နာရီကျော်လောက် ရောက်တတ်တာပဲ။ အဲဒီစက်လှေ စီးချင်ရင်တော့ ဒီည ဆက်ထွက်မှရမှာ။ မနက်မှဆိုရင် မမီနိုင်တော့ဘူး''

''ဒါဆိုရင် အောင်ချမ်းသာမှာရော မန္တလေးဆင်းတဲ့ကားကြီးတွေ ဘယ်အချိန်လောက် ရောက်တတ်လဲ''

''နေ့လယ် (၁)နာရီလောက်မှ ရောက်တယ်။ မန္တလေးကို နောက်တစ်နေ့မနက် ရောက်တာပေါ့။ ဒါပေမယ့် ကားက ပင်ပန်းတယ် အစ်ကိုရ။ အစ်ကိုလည်း လာတုန်းက တွေ့ခဲ့မှာပဲ။ ရေဦး–တန့်ဆည်ကျော်လို့ ဒီဘက်ရောက်ရင် ကောင်းတော့တာမှ မဟုတ်တာ။ ကျွန်တော်တို့ တောထဲက သစ်ထုတ်တဲ့လမ်းကတောင်မှ ကောင်းသေးတယ်။ တန့်ဆည်၊ ကံထူးမရဲ့ ဒီဘက်မှာ ပလ္လင်တောင်မကြီး တက်ရတယ် မဟုတ်လား။အဲဒါ ရှေ့ကားတစ်စီး ပျက်သွားလို့ကတော့ မကောင်းမချင်း နောက်ကားတွေ တန်းစီစောင့်ရတတ်တာ။ အဲဒီလိုစောင့်တာ တစ်ခါတလေ လေး–ငါးရက် ကြာချင်ကြာတတ်တာ''

''ဟုတ်လား။ ဒါဖြင့် ကားလမ်းကတော့ မလွယ်တော့ဘူးပေါ့''

''မလွယ်ဘူးအစ်ကို။ အခုမိုးတွေလည်း စကျလာပြီ။ အရင်တုန်းက ဖုန်လမ်းဟာ အခု ဗွက်နစ်ရင် နစ်မယ်၊ မြေကျုံရင်ကျုံမယ်။ တောင်ပြိုရင် ပြိုမယ်၊ တစ်ခုခုပဲ။ အခုဆွဲနေတဲ့ ချင်းတောင်တန်း၊ ရှမ်းတောင်တန်းကားကြီးတွေတောင် သိပ်မကြာခင် သိမ်းတော့မယ် ထင်တယ်။ ချင်းတွင်းမြစ်ကြောင်းအတိုင်း စုန်ဆင်းပြီး ရေလမ်းကနေ အမြန်စက်တပ်ယာဉ်နဲ့ မုံရွာကို ဆင်းတာ အကောင်းဆုံးပဲ အစ်ကို''

''အေးလေ . . . ဒီလိုဆိုရင် အမြန်စက်လှေနဲ့ပဲ သွားတာ ကောင်းပါတယ်။ မနက်ဖြန်စက်လှေ မမီလည်း နောက်တစ်နေ့ပေါ့''

''မနက်ဖြန် မီမှာပါ။ ကျွန်တော်တို့အထဲက ကားတစ်စီးစီးကတော့ ဒီညအရောက် မောက်ကတော်ဆိပ်ကို သစ်လုံးသွားချမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သစ်လုံးတွေ သယ်ဖို့ရက်က သိပ်မလိုတော့ဘူး မဟုတ်လား။





တောထဲက အမြန်ဆွဲထုတ်ဖို့ ညတွင်းချင်း ချပြီးရင် နောက်နေ့မနက် မဟာမြိုင်တောထဲ ပြန်ဝင်ရဦးမှာ အစ်ကို''

သူတို့သည်လည်း ရာသီဥတုနှင့်ယှဉ်၍ အချိန်လုနေရပြီ ဖြစ်သည်။ သစ်လုံးတွေက မဟာမြိုင်တောကြီးထဲတွင် အလုံး (၃၀၀၀)ခန့် ကျန်သေးသည်။ ရာသီဥတုက ဆိုးလာပြီ၊ မိုးက ဆက်ချင်လာပြီ။ ထို့ကြောင့် သစ်ကားသမားတို့သည် ပင်ပန်းနွမ်းကြေနေသည်ကို ဂရုမထားနိုင်။အချိန်ရှိခိုက် လုံ့လစိုက်ကြရသည်။ ဒီသစ်ရာသီလေးတစ်ခုအတွင်း မြိုးမြိုးမြက်မြက်ကလေး ရလိုက်ဖို့ အရေးကြီးသည် မဟုတ်လား။

သူတို့တွေ၏ အသက်မွေးဝမ်းကျောင်း ပြုနေပုံကြည့်၍ ကျွန်တော့်မှာ ရင်မောရသည်။ မဟာမြိုင်တောကြီးသည် မမြင်အပ်သူတို့၏ အနှောင့်အယှက်တွေ ရှိသလို မြင်အပ်သောသတ္တဝါတို့၏ အနှောင့်အယှက်တွေလည်း ရှိ၏။ တောကြီးထဲတွင် ဆင်ရိုင်းတို့၏ အော်သံကို ရံခါရံခါကြားရတတ်၏။ ဝက်ဝံတွေကလည်း တောစခန်းတို့အနီး သွားသွားလာလာနှင့်။ ဝက်ဝံတို့ ကြိုက်တတ်သော ပျားရည်များရရှိရာ ပျားအုံကြီးတွေက သစ်ပင်အမြင့်ကြီးတွေပေါ် နေရာအနှံ့ရှိနေသည်ကို။ ပျားတွေကလည်း ပျားကြီးမျိုးတွေ။ မည်းမည်းဝါဝါ အစင်းကြီးတွေနှင့်။ တုပ်လိုက်လျှင် မစားသာ။ သူတို့ကို မထိလို့တော့ ဘာမျှမလုပ်။ ထိလိုက်သည်နှင့် သူတို့ခန္ဓာအရင်းပိုင်းဆီမှ ဆူးကောက်ကြီးကို ချန်ထားရစ်တတ်၏။ ဆူးကောက်ကြီးစူးလျှင် ပူခနဲဖြစ်သွားတတ်၏။ ချက်ချင်းနုတ်ပစ်မှ။ မနုတ်ပစ်လျှင် အနာကြီးဖြစ်မည်။ ဆူးကောက်ကြီးကို နုတ်ပစ်သော်လည်း အဆိပ်က ချက်ချင်းပင် ကိုယ်တွင်း ပျံ့နှံ့သွား၏။ နှစ်ကောင်လောက် အတုပ်ခံလိုက်ရလို့ကတော့ တစ်ရက်စာလောက် ပျားဆိပ်တက်ကာ ဖျားချင်သလိုလိုပင် ဖြစ်သွား၏။ ကိုက်သောနေရာတစ်ဝိုက်၌လည်း ပျားဆိပ်တက်၍ ထုပိန်းကာ ယောင်ကိုင်းနေတော့၏။

ပြီးတော့ သည်အချိန်သည် လမ်းလျှောက်ပျားဖွပ်သမားတို့၏ ပျားဖွပ်ရာသီဖြစ်၏။ ပျားရည်တွေ ဂါလန်လိုက် ရတတ်၏။ ပျားဖွပ်သမားတွေသည် တောထဲ၌ ကြိုရာအိပ်၊ ကြုံရာစား၍ သစ်ပင်မြင့်ကြီးများပေါ်သို့ တက်ကာ ပျားဖွပ်ကြလေသည်။ ပျားဖွပ်နေစဉ် ပျားအတုပ်ခံရပါက

အပင်မြင့်ကြီးထက်၌ အောင့်အည်းကြိတ်မှိတ်ခံနေပေရော့။ သစ်ပင်မြင့်ကြီးပေါ်မှ ပြုတ်ကျလျှင် မစားသာ။ တစ်ခါက ဝက်ဝံကြီးတစ်ကောင်ပင်လျှင် ပျားအုံကြီးအတွင်းမှ ပျားရည်တွေ သောက်နေစဉ် ပျားလုပ်သားတွေက ဝက်ဝံကြီး၏ နှုတ်သီးကို ဝိုင်းတုပ်သဖြင့် ဝက်ဝံကြီးခမျာ မခံနိုင်လွန်း၍ အပင်ပေါ်မှ ပြုတ်ကျရာ အောက်၌ ငုတ်စူးပြီး သေလေ၏။ ဤသည်ကိုပင်လျှင် ပျားဖွပ်သမားနှင့်မုဆိုးတို့က ဝက်ဝံသားကို ဖျက်ယူ၍ စားသောက်နေသေးသည်။

ဝက်ဝံ၏ အန္တရာယ်၊ ဆင်ရိုင်းတို့၏ အန္တရာယ်၊ ပျားကြီးတို့၏ အန္တရာယ်တွေ ရှိသလို မျောက်တွေကလည်း အမြဲတစေ ဆူညံအော်ဟစ်နေတတ်သေးသည်။သည့်ထက်ပို၍ တောနက်လျှင် အခြားသော သားရဲတိရစ္ဆာန်မျိုးစုံတို့ ရှိပေဦးမည်။ သည့်အတွက် ယခုအခါ မဟာမြိုင်တောကြီးကို ဘေးမဲ့တောအဖြစ် နိုင်ငံတော်က သတ်မှတ်လိုက်ပေပြီ။ ယခုနှစ် သစ်ထုတ်လုပ်နေကြခြင်းသည် နောက်ဆုံးအကြိမ် ဖြစ်သည်။ နောက်နှစ်ဆိုလျှင် သစ်ထုတ်စခန်းလည်း ရှိမည်မဟုတ်၍ တောတွင်း သစ်ဆွဲလမ်းတို့သည်လည်း ယခုနှစ်မိုးနှင့်အတူ ကွယ်ပျောက်သွားပေတော့မည်။ မိုးတွင်းဆိုလျှင် ဆရာအရှင်၏ ပလ္လင်တောင်အနီး ခေါင်နန်းစခန်း ကုန်းမြင့်ဝန်းကျင်၌ စီးနေသော ချောင်းကလေးမှာ ရေပြည့်လျှံလိမ့်မည်။ ထိုအခါ ကုန်းကလေးသည် ကျွန်းကလေးသဖွယ် ဖြစ်တော့မည်။ ပတ်ဝန်းကျင်နှင့်အဆက်ပြတ်တော့မည်။ အနီးဆုံးရွာသည်ပင်လျှင် (၅)မိုင်ခန့် ဝေးလေ၏။ မိုးထဲလေထဲ၊ ငှက်ဖျားတောထဲ၌ ဆရာအရှင်က ရဲရဲတင်းတင်း ဖွဲ့နှဲဘဲကြီးစွာဖြင့် အရာရာကို ရင်ဆိုင်ဝံ့သော်လည်း ကျွန်တော်တို့သည် ဆရာအရှင်၏ အနီးကပ် အလုပ်အကျွေး ကပ္ပိယကြီးအတွက် စိုးရိမ်မိ၏။ ကပ္ပိယကြီး၌ အဖော်မရှိ။ အရေးအကြောင်း၌ ကပ္ပိယကြီး ဖျားနာနေပါက ဆရာအရှင်အတွက် ဆွမ်းကိစ္စ ခက်ရော့မည်။ သည့်အတွက် ကပ္ပိယအကူတစ်ယောက်ထားဖို့ လျှောက်ထားသော်လည်း ဆရာအရှင်က လက်မခံ။

"တစ်ယောက်ထားလို့ တစ်ယောက်ပိုလာရင် အဲဒီတစ်ယောက်အတွက်ကြောင့် ဝန်ထုပ်ပိုမယ်ဗျ။ အရင်လည်း ကျုပ်တစ်ပါးတည်း။





တောအနှံ့နေလာတာပါဗျာ။ ကပ္ပိယရှိတဲ့အခါလည်း ရှိပေါ့။ မရှိတဲ့အခါလည်း မရှိသလိုပေါ့။ ကျုပ်အတွက် မပူပါနဲ့၊ တောထွက်လာတယ်ဆိုကတည်းက အသက်အသေခံ ထွက်လာခဲ့တာပဲဗျ။ အဓိက ကတော့ လူတွေတရှုန်းရှုန်းနဲ့ မရှုပ်ဖို့ပဲဗျ။ လူတွေ တရှုန်းရှုန်းနဲ့ ရှုပ်နေရင် ကျုပ် အလုပ်ပျက်တယ်ဗျ။

အခုလို ဝေးလံသီခေါင်၊ အန္တရာယ်က များများ၊ လမ်းပန်းဆက်သွယ်ရေးက ခက်တဲ့ တောမျိုးကို ကျုပ်ကတမင်ရွေးထားတာ။ ဒီလောက်ခက်ခက်ခဲခဲကြီးကို လာချင်ရင်လည်း လာကြဗျာ။ လာတဲ့လူလည်း ဒုက္ခများပြီး ပြန်သွားရလိမ့်မယ်။ ကပ္ပိယကို ကျော်ပြီး ကျုပ်နဲ့တိုက်ရိုက်တွေ့ပြီဆိုရင်လည်း ကျုပ်ပြောထားပြီးတဲ့အတိုင်း သည့်ထက်နက်တဲ့တောထဲကို ထပ်ဝင်ဦးမှာပဲ။ ကျောင်းဆောက်ပေးထားတဲ့ ဒကာတွေလည်း ပင်ပင်ပန်းပန်းနဲ့ ကျုပ်ကို ထပ်ရှာကြရဦးမယ်။ အားလုံးဒုက္ခများမယ့် အလုပ်ကို ဘာဖြစ်လို့ လုပ်ချင်ကြတာလဲဗျာ။

ပုံတောင်ပုံညာတောဘက်တုန်းကလည်း ကျုပ် အတိအလင်းကြေညာပြီး မေတ္တာရပ်ခံခဲ့ပြီးသားပါ။ ဒီသုံးနှစ်တော့ ကျုပ်အလုပ်ကို ကျုပ်ဖြောင့်အောင် လုပ်ပါရစေဆိုတာလေ။ ဒါလည်း စကား နားမထောင်ကြပါဘူးဗျာ။ နည်းမျိုးစုံနဲ့ လိုက်လာကြတာပါပဲ။ လိုက်လာလေ၊ ပိုဆိုးလေဖြစ်မယ်ဆိုတာ ကျုပ်လည်း စကားနဲ့တွင်မက အလုပ်နဲ့သက်သေပြခဲ့ပြီးပါပြီဗျာ။အခု ဒီမဟာမြိုင်တောမှာလည်း ကျုပ် ဒီမူကိုပဲ ဆက်ကျင့်သုံးမှာပဲ။ သုံးနှစ်တိတိ ဘယ်သူနဲ့မျှ မတွေ့ချင်ဘူးဗျာ။ ကျုပ်လုပ်ရမယ့် အလုပ်တွေ ရှိနေသေးလို့ ဒီတရားအလုပ်ကို ဖြောင့်အောင်လုပ်နိုင်ဖို့ ကျုပ်ပြောထားတဲ့ စကားကို နားထောင်ကြဖို့ မေတ္တာရပ်ခံချင်တာပါ။

လူတွေကလည်းဗျာ။ နာမည်ကြားဖူးလို့ ပွဲကြည့်သလို ကြည့်ရအောင် လာတာမျိုး များပါတယ်ဗျာ။ ပညာလိုချင်လို့ လာတဲ့လူ မရှိသလောက်ပါပဲ။ ကျုပ်မှာကလည်း ကျုပ်ဒုက္ခနဲ့ကျုပ်ဗျ။ တစ်တော၊ တစ်တောင်ကို သုံးနှစ်စီ အဓိဋ္ဌာန်နဲ့ သီတင်းသုံးခဲ့လေတော့ အခု တောထွက်လာတာ နှစ်ဆယ့်သုံးနှစ်ထဲမှာဆိုတော့ နေရာများခဲ့သလို တပည့်ဒကာတွေ များခဲ့လေတော့ ဘာရယ်မဟုတ်၊ သံယောဇဉ်နဲ့ နောက်က တကောက်

ကောက် လိုက်နေကြတာဗျ။ သူတို့တွေကို အလုပ်လုပ်ကြဖို့ အလုပ်စခန်းတွေ ကျုပ် လုပ်ပေးခဲ့ပြီးပါပြီ။ တရားတွေ ဟောခဲ့တာလည်း မနည်းတော့ပါဘူးဗျာ။ အခုရော ကျုပ်ကိုယ်စား ကျုပ်ရေးထားတဲ့ ကျမ်းစာအုပ်တွေနဲ့ သူတို့အကျိုးကို ဆောင်နေတာပဲ မဟုတ်လား။ တော်ရောပေါ့ဗျာ။ ကျုပ်လုပ်ရမယ့် အလုပ်ကို အနှောင့်အယှက်ကင်းကင်းနဲ့ လုပ်ပါရစေတော့။

အင်း . . . ပုထုဇဉ်တွေဆိုတာ အစွဲစိတ်က များလေတော့ ဟိုလူ့ကျ တော့ အခွင့်အရေးပေးတယ်။ ဟိုအသင်းအဖွဲ့ကျတော့ မျက်နှာလိုက်တယ်။ သူတို့က မူလပထမပါနဲ့ စုံလို့ဗျာ။ နောက်က အကြွေးတောင်းသလို လိုက်နေကြတာ၊ မပြီးတော့ပါဘူးဗျာ။ ကိုယ့်အလုပ် ကိုယ်လုပ်နေကြပါတော့ လားဗျာ။ ကျုပ်နောက်လိုက်နေရင် ပုဂ္ဂိုလ်ကိုပဲ တွေ့ရမှာပေါ့ဗျာ။ ဓမ္မကို တွေ့ချင်ရင် ကျုပ်ဟောခဲ့တဲ့တရားတွေ၊ ကျုပ်ရေးခဲ့တဲ့ ကျမ်းစာတွေက တစ်ဆင့် ဓမ္မကို ချဉ်းကပ်နိုင်ပါသဗျာ။ ဒါတွေဟာလည်း ကျုပ်ကအဆန်းထွင် ပြီး ပြောတာ တစ်ခုမှ မပါပါဘူးဗျာ။ အဘဘုရားရှင် ဟောမိန့်ခဲ့တာတွေကို ကျုပ်က တစ်ဆင့်ပြန်ပြောခဲ့တာချည်းပါဗျာ။

အဲဒီတော့ ကျုပ်ကို ပုဂ္ဂိုလ်ရေးအရ ဆည်းကပ်ကိုးကွယ်နေတာထက် ဘုရားစကားကို ပိုပြီးနားထောင်ဖြစ်အောင် ကြိုးစားဖို့ မလိုဘူးလားဗျာ။ အဲဒီလို ဘုရားစကားကို နားထောင်တယ်ဆိုရင် ဘုရားလုပ်ခိုင်းတဲ့အလုပ်ကို လုပ်ဖြစ်နေရင် ဘုရားအလိုကျ သတိပဋ္ဌာန်တရားကို အားထုတ်နေရင် ပုဂ္ဂိုလ် လိုသေးလို့လားဗျာ။ ကျုပ်အနားမှာ နေရုံနဲ့တရားမရ၊ နိဗ္ဗာန် မရောက် နိုင်ပါဘူးဗျ။ ကျုပ်ကို ဖူးရုံသက်သက်နဲ့လည်း တရားမရနိုင်ပါဘူးဗျ။ နိဗ္ဗာန် မရောက်နိုင်ပါဘူးဗျ။ ဘုရားကို ပုဂ္ဂိုလ်ခင် ခင်ပြီး နောက်က တကောက် ကောက်လိုက်ဖူးနေတဲ့ ဝက္ကလိရဟန်းကို ဘုရားရှင်ဘယ်လို ဆုံးမခဲ့တယ် ဆိုတာလည်း အားလုံးသိကြပြီးသားပါဗျာ။ တရားအားထုတ် နေတယ်ဆိုရင်ပဲ ကျုပ်ကို လုပ်ကျွေးတာထက်၊ ပုဂ္ဂိုလ်ရေး လာဖူးနေတာထက် ပိုပါတယ်ဗျ။ ကျုပ်နဲ့ အတူတူတွေ့လိုသပဆိုရင် ကျုပ်တွေ့နေတဲ့အာရုံကို ထပ်တူထပ်မျှ တွေ့အောင်ကြိုးစားလုပ်ကြဖို့ပါဗျာ။ ဒါဆိုရင် ကျုပ်နဲ့ အမြဲတမ်းတွေ့ခွင့် ရနေမှာပါပဲဗျာ။ ရှေ့က သွားနှင့်ကြတဲ့ ဘုရားရှင်နဲ့တကွသော ရဟန္တာ





အရိယာများအားလုံး အဲဒီလိုပဲ နှလုံးသွင်းဆင်ခြင်ပြီး အားထုတ်သွားကြတော့ နိဗ္ဗာန်ဆိုတဲ့ မဂ်ရဲ့အာရုံမှာ အတွေ့တွေ တူလို့ အတူတွေ့နေကြ တယ် မဟုတ်လားဗျာ''

ဆရာအရှင်၏ အဆုံးအမစကားတို့ကား လေးနက်လှပါဘိချင်း။ အပ္ပမာဒသတိတရားကို လက်ကိုင်ထားခြင်းဟူသည် **'မမေ့သူ'**တို့၏ အရာ တည်း။ အပ္ပမာဒသတိတရားကို လက်ကိုင်ထားသဖြင့် **'မမေ့သူတို့'** အချင်းချင်းသည် သတိပဋ္ဌာန်တရား အားထုတ်ကျင့်ကြံခြင်းဟူသော **'အလေ့ အကျင့်'**၌ **'ဝေလေ့တူ'**ကြလေပြီ။

ထိုအခါ အဆင့်ဆင့်သော ဝိပဿနာဉာဏ်တို့ ဖွံ့ဖြိုးတိုးတက်၍ ဉာဏ်ရင့်လာသောအခါ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်နှင့် ကိုယ်စီ ကိုယ်စီ ထိတွေ့ခွင့် ရခဲ့ကြလေပြီ။ ထို့ကြောင့် **'မမေ့သူတို့'**သည် **'ဝေလေ့တူ'** ရာမှ **'အတွေ့တူ'** ခဲ့ကြရလေပြီ။ **'အတွေ့တူ'**သောအခါ **'အတွေ့တူ'** သူတို့အချင်းချင်း အမြဲ **'အတူတွေ့'**ရခြင်းပင် မဟုတ်ပါလော . . . ။

ထို့ကြောင့် **'မမေ့သူတို့ ဝေလေ့တူသောအခါ အတွေ့တူ၍ အတူတွေ့ကြရလေပြီ'**

'အတူတွေ့'လိုက 'အတွေ့တူ'အောင် ကြိုးစားဖို့ပင်။

'အတွေ့တူ'ဖို့အတွက် သတိပဋ္ဌာန်အလေ့အကျင့်တည်းဟူသော 'ဝေလေ့တူ'ဖို့ပင်။

'ဝေလေ့တူ'မှပင် 'မမေ့သူ'စာရင်းဝင် အပ္ပမာဒသတိရှင် သူတော်စင် ဖြစ်ကြရပေမည်။ ဤသို့သော လေးနက်သည့် ဓမ္မစကားတို့ကို ချီးမြှင့်နေချိန် တွင် ဆရာအရှင်၏ အသံတော်သည် ကရုဏာဓာတ်တို့ ပြည့်လျှမ်းလျက် ညင်သာတိုးဖျော့နေပေသည်။ ဆရာအရှင်၏ ဉာဉ်စရိုက်အတိုင်း၊ အရယ် အရွှမ်း အပျော်အမောတွေဖြင့် စကားဝိုင်းကို စိုပြည်စေပြီးသည်နှင့် တစ်ပြိုင် နက် ဤသို့သော အလေးအနက်မှာကြားသည့်စကားတွေ စီးထွက်လာစမြဲ။ ဤသည့်အကဲကို သတိဖြင့် ရိပ်ဖမ်းနားထောင်တတ်လေမှ အဖိုးတန်ဆုံးမ စကားတို့ကို နှလုံးသွင်းခွင့်ရပေမည်။ သို့မဟုတ်က ဆရာအရှင်၏ အရယ် အရွှမ်း ဖွလုံးတွေကြောင့် အရယ်အမောဘက် စီးမျောသွားပြီး အပျော်အမောတို့

အရှိန်မသေပါက အဖိုးတန်ဆုံးမစကားကို နှလုံးသွင်းခွင့်ပင် ရလိုက်မည် မဟုတ်။ ဆရာတပည့် ဆိုသည်ကလည်း ဆရာ့အထာ၊တပည့်က ရိပ်မိလေမှ 'ပလဲနံပ'သင့်ပေမည်။ ဆရာပေးလိုသော ဓမ္မကို လက်ခံရရှိပေမည်။ သို့မဟုတ် ပေးကားပေး၏ မရတတ် ဖြစ်တတ်လေ၏။ အဆင့်မြင့် ဓမ္မနယ်ပယ်ဟူသည် ဓမ္မပရိယာယ်တို့ဖြင့် တန်ဆာဆင်တတ်စမြဲ။ ဝိနည်းလွတ်အောင် ရှောင်တိမ်းပြောဆိုကြရစမြဲ။ တိုက်ရိုက်မဟုတ်သော တစ်ဆင့်ခံစကားမျိုးဖြင့် ကွယ်ဝှက်ဖုံးကွယ်၍ ပြောဆိုကြရစမြဲ။ တပည့်ဖြစ်သူက အကင်းပါးပါး၊ သတိတရား အားကောင်းကောင်းနှင့် ဆရာဖြစ်သူထံမှ ထွက်ကျလာသော စကားစုအပေါ် သတိဉာဏ်ယှဉ်၍ အဓိပ္ပါယ်ဖော်ဆောင်တတ်လေမှ တော်ခါကျပေမည်။

သို့မဟုတ်ပါက တဲ့တိုးကြီးရေးသား၍ ဆရာအရှင်ကတော့ ဤသို့ ဤနယ် အမိန့်ရှိသည်။ဆရာအရှင်ကတော့ ဤသို့ ဤနယ် ဖြစ်ခဲ့လေသည်ဟု ဝေါဟာရစကားလုံးတို့ဖြင့် မှတ်တမ်းတင်ရေးသားလိုက်ပါက ဆရာအရှင်အတွက်လည်းမကောင်း၊ ရေးသူအတွက်လည်း မကောင်းနိုင်ပါပေ။ ကျွန်တော်သည်ပင်လျှင် လွန်ခဲ့သော (၈)နှစ်ခန့်က ဆရာအရှင်နှင့် (မိုင်းပြင်းမြို့နယ်) သုဝဏ္ဏသျှံတောင်ပေါ်တွင် စတင်တွေ့ဆုံခဲ့စဉ်က ဆရာအရှင်အပေါ် ပုဂ္ဂိုလ်ရေးအရ အကြည်ညိုလွန်ခဲ့သဖြင့် **"မေတ္တာ၊ ဓမ္မ၊ သာသနာ့အလင်းရောင်တို့၏ အေးမြသောဆွဲငင်အား"**စာအုပ်၌ ဆရာအရှင့်အကြောင်းကို သာသာထိုးထိုး ရေးခဲ့မိလေသည်။ ထိုသောအခါ စာထက်အက္ခရာ မတင်သင့်သော အချို့သောအကြောင်းအချက်တွေ ပါသွားခဲ့ဖူးပါသည်။ ဤသည့်ကိစ္စနှင့်ပတ်သက်၍ ဆရာအရှင်သည် ကျွန်တော်နှင့် တွေ့တိုင်း ရယ်မောသံနှင့် ဆုံးမစကားပြောကာ ကျွန်တော်၏ ဉာဏ်ကွက်လပ်ကို ဖြည့်ပေးခဲ့လေသည်။

"တကယ်လို့များ ကျုပ်မှာ နောင်ဘဝဆိုတာများ ရှိသေးရင်ပေါ့လေ ကြက်ကလေး၊ ငှက်ကလေးများ ဖြစ်လို့ရှိရင်တောင် ဈေးထဲသွားရောင်းခါနီးမှာ ချိန်ခွင်ပေါ် တက်ရသေးသဗျာ။ အခုတော့ ဦးမြသန်းစံကြီးရဲ့ ကလောင်ရှေ့လည်း ရောက်ရော၊ ကျုပ်မှာ ချိန်ခွင်လေးပေါ်တောင် တက်ခွင့်





မရလိုက်ပါဘူးဗျာ။ တစ်ခါတည်းကို မချိန်တော့ဘဲနဲ့ တန်းရောင်းတော့တာကိုး။ ဟုတ်ဗျာ"

ဤအဆုံးအမဖြင့်ပင်လျှင် အဓိပ္ပါယ်ဖော်ယူတတ်ပါက ဆရာအရှင်၏ လက်ရှိရောက်ရှိနေသော ဓမ္မ၏နယ်ပယ်သည် အထင်းသားပေါ်လွင်နေပါလိမ့်မည်။ အပ္ပမာဒသတိတရားကို မရပ်မနား တရစပ်ပွားများနေသူအဖို့ 'ကြက်ကလေး၊ ငှက်ကလေး'တို့၊ 'နောင်ဘဝ'တို့ ဆိုသော စကားသည် စကားလုံးအဖြစ်သာ ရှိပေလိမ့်မည်။ အဓိပ္ပါယ်အဖြစ်မှ အသက်မဝင်နိုင်ရာ။ ဤအဆုံးအမ ရပြီးသည်မှစ၍ ကျွန်တော်သည် ဆရာအရှင်နှင့် ပတ်သက်၍ ရေးရမှာ လက်တွန့်သွားခဲ့ရသည်။ မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများအနီး နေထိုင်ရသည်မှာ သတိထားနိုင်မှ တန်ခါကျပေမည်။ သို့မဟုတ်က ကိုယ့်အလို၊ ကိုယ့်ဆန္ဒဘက် ဆွဲယူ၍ ထင်ယောင်မှန်းဆ ကြားဖူးနားဝနှင့် ရေးခဲ့လေသမျှ ဖြူစင်မြင့်မြတ်သူတို့၏ ဓမ္မအပေါ် အလိုက်မသိကျူးကျော်သလို ဖြစ်ရော့မည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ဖြစ်မည်ထင်သည်။ ဆရာအရှင် ပုံတောင်ပုံညာတောတွင် သီတင်းသုံးခဲ့စဉ်က မြို့ပေါ်မှာ ဆရာအရှင်နှင့်ပတ်သက်သော အသံတွေ ဆူညံပွက်လောရိုက်ခဲ့သည်ကိုလည်း သတိရမိသေးသည်။ နေရာဒေသမတူကြသော ဆရာအရှင်၏ တပည့်သာဝကတို့၏ စာတစ်တန်၊ ပေတစ်တန်၊ အသွားအပြန်စကားသံတို့ ပလူပျံဆူညံခဲ့ဖူးပါသည်။ ကျွန်တော့်ထံသို့လည်း ဆရာအရှင်အကြောင်းရေးသူ စာရေးဆရာတစ်ဦးအဖြစ် မိတ္တူစာတို့ဖြင့် အသိပေးကြေညာလျှော ရောက်ရှိလာခဲ့လေသည်။ ဘာတွေဘယ်လိုဖြစ်ကြသည်မသိ။ ထိုစာတွေ၏ အဓိပ္ပါယ်ကိုလည်း ကျွန်တော်နားမလည်။ကျွန်တော်နှင့်လည်း ဘာမျှမဆိုင်၊ဘာမျှမပတ်သက်။ကျွန်တော်နှင့် သက်ဆိုင်ပတ်သက်သည်ကတော့ ဆရာအရှင်သာ ဖြစ်ပါသည်။

ဆရာအရှင်၏ ကျေးဇူးတရားကြောင့်ပင် ကျွန်တော်သည် ပမာဒလေခ၍ ကာမဂုဏ်အာရုံတွေကြား တရှိုက်မက်မက် ခံစားလိုခဲ့သမျှတွေတို့ခနဲရပ်တန့်ခဲ့ရ၏။ လူ့လောက၊ လူ့ဘဝအလယ်၌ လူသိထင်ရှား နာမည်ကျော်ကြားခြင်းတည်းဟူသည့် သားတစ်တုံးချိထားသော ကျီးနှင့်တူမှန်း ကျွန်တော့်ကိုယ် ကျွန်တော် မရိပ်မိခဲ့။ နတ်သီးဖျားတွင် ချိထားသော

အောင်မြင်မှုသားတစ်တုံးကြောင့်ပင်လျှင် ကျွန်တော် အကြီးအကျယ် ဒုက္ခရောက်ခဲ့ရလေတော့သည်။ သားတစ်တုံးဟူသည် ပုထုဇဉ်တို့နှင့်တူသော ကျီးတို့၏အစာ။ သူတို့လည်း စားချင်ရှာမည်။ ကျီးတစ်ကောင်၏ နှုတ်သီးဖျားတွင် ရောက်နေသောအခါ ဘေးက ကျီးတွေ ဘယ်ကြည့်ရက်နိုင်ပါ့မလဲ။ လုကြတော့မှာပေါ့။ သူတို့၏အစာ မဟုတ်လား။ ဣသာ မစ္ဆရိယဟူသည် အရိယာနယ်ပယ် မရောက်နိုင်သေးသမျှ ပုထုဇဉ်တို့ အနေဖြင့် ဘဝအဖော်မွန် သဖွယ် အမြဲလက်တွဲထားသည် မဟုတ်လား။

ထိုသောအခါ သားတစ်တုံး လက်ဝယ်ရနေသော ကျီးခမျာ ဝိုင်း၍ ထိုးဆိတ်ခံရတော့သည်။ သားတစ်တုံးကို ဝိုင်း၍ လုကြတော့သည်။ သည် သားတစ်တုံး ချီထားသရွေ့ ကောင်းကောင်းလည်း မစားရ၊ ကောင်းကောင်းလည်း မနားရနှင့် ကျီးဘဝ ဒုက္ခတွေက အဖုံဖုံ။ သို့နှင့် သားတစ်တုံးကို လွှတ်ချလိုက်လေမှ ဒုက္ခငြိမ်းတော့သည်။ နောက်ထပ် ကျီးတစ်ကောင် သားတစ်တုံး ရသွားပေပြီဟော့.. သားတစ်တုံး မချီဖူးသေးသော ကျီးတို့ကား အမောတကော လိုက်ကြပြန်ပြီ။ သားတစ်တုံး လွှတ်ချလိုက်သော ကျီးကိုပင် လှည့်၍ မကြည့်နိုင်အား။ ဇောများစွာဖြင့် သားတစ်တုံး ချီသွားရာ ကျီးနောက်သို့ တကောက်ကောက်လိုက်၍ ထိုးဆိတ်လုယက်နေကြပြန်ပါပြီ။

ကျွန်တော်က ဆရာအရှင်နှင့် တွေ့ဆုံခဲ့ပြီးသည့်နောက် ကြုံခဲ့ရသည့် လောကဓံတရားတို့ကို တင်ပြလျှောက်ထားလေသောအခါ ဆရာအရှင်သည် ပြုံး၍နားထောင်နေလေသည်။ ပြီးမှ –

''အေးဗျာ၊ ဦးမြသန်းစံကြီးလည်း လောကဓံတရားတွေ အမျိုးစုံ ကြုံခဲ့ပြီပဲ။ ကျုပ်လည်း အခုကြုံနေရတာပဲလေ။ ဘုရားရှင်ရော လောကဓံတရားနဲ့ ကင်းလို့လားဗျာ။ ဘယ်သူမှ မကင်းကြပါဘူးဗျာ။ အကောင်းလောကဓံ၊ အဆိုးလောကဓံ နှစ်ခုစလုံး ကြုံရမှာပါပဲဗျာ။ ဘယ်လောကဓံနဲ့ ကြုံကြုံ ခံနိုင်ရည်ရှိဖို့ အဓိက မဟုတ်လားဗျာ။ မင်္ဂလသုတ်နောက်ဆုံးပိုဒ်မှာလည်း ပါတယ်မဟုတ်လား။ ကောင်းဆိုး လောကဓံတရားတို့နှင့် ကြုံသော်လည်း မတုန်မလှုပ်သောစိတ်နဲ့ နေနိုင်တာက ဘုရားရှင်နဲ့ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်ကြီးတွေ မဟုတ်လားဗျာ။ အဲဒီတော့ လောကဓံကို မတုန်မလှုပ် ခံနိုင်တဲ့





စွမ်းရည်ရဖို့ မလိုဘူးလားဗျာ''

''မှန်ပါတယ်ဘုရား။ ဒါကြောင့်မို့ အဲဒီစွမ်းရည်ထူးကို ရအောင် ကြိုးစားနေရတာပါပဲ ဘုရား''

''ဒီလောကဓံတွေဆိုတာလည်း သူများတွေ လုပ်နေတာ မဟုတ်ဘူးဗျ။ ကိုယ်လုပ်ခဲ့တာတွေဗျ။ ကိုယ်ပြုသောကံ ကိုယ်ထံပြန်လာရစမြဲဆိုတာလေ။ တူကိုကိုင်ပြီး ကျောက်တုံးကို နာနာထုရင် ကျောက်တုံးနဲ့တူထိပြီး ပြန်ကန်တဲ့အရှိန်ကြောင့် ကိုယ့်နဖူးကိုပြန်ထိတတ်တယ်ဗျ။ အဲဒါ ကျုပ်တို့ သတိထားရမှာတွေပဲ''

ဆရာအရှင်၏ အဆုံးအမကား မှတ်သားလောက်စရာပင်။

''ဦးမြသန်းစံကြီးလည်း ရဟန်းတွေ ခဏခဏဝတ်ဖူးတာပဲ။ ရဟန်းဘဝရောက်တော့လည်း ရဟန်းလောကဓံ ခံရမှာပါဗျ။ လူ့ဘဝနေတော့လည်း လူ့လောကဓံ ခံရမှာပါဗျာ။ ဘယ်သူမှ မလွတ်ဘူးဗျ။ အဲ တစ်ခုတော့ရှိတယ်။ ရဟန်းဘဝမှာဖြစ်ဖြစ်၊ လူ့ဘဝမှာဖြစ်ဖြစ် သံဃာတွေအပေါ်တော့ နှလုံးသွင်းမှန်ဖို့ လိုပါတယ်။ သံသရာမှာ သားမယား အငြိုအငြင်ဆိုတာ အားလုံးခံခဲ့ရဖူးတာချည်းပါပဲဗျာ။ သံဃာအငြိုအငြင်ဆိုတာကတော့ သံသရာမှာ သာသနာနဲ့ကြုံတုန်းကလေးသာ ခံရတာ။ ခံရခဲပါတယ်ဗျ။ ခါးစည်းသာ ခံပေတော့ဗျာ။ ပြုံးပြုံးကြီးသာ ခေါင်းငုံ့ခံပေတော့ဗျာ။ ကျုပ်ဆိုရင် တောထွက်ကြီး ဘာကြီးနဲ့ပေါ့။ ဝနဝါသီလို့လည်း ပြောသေး။ စာတွေက မြို့ပေါ်က ဂျာနယ်တွေ၊ စာစောင်တွေထဲမှာချည်းပဲ ဆိုတာလေ။ ကြားပါတယ်ဗျာ။ အချို့များ ကျုပ်ရဲ့ လူ့ဘဝနာမည်နဲ့တွဲပြီး တောရဆောက်တည်လို့လည်း ပြောသေး။ မြို့ပေါ်က စာစောင်တွေမှာချည်းပဲ တွေ့တွေ့နေရလို့ **'မြို့မငြိမ်း'** ကြီးဆိုလား ..၊ ဟား ..ဟား ဟုတ်ဗျာ။ နာမည်လည်း ပေးတတ်ပါပေတယ်ဗျာ။ ကျုပ်ကတော့ ခံရခဲလှတယ်ဆိုပြီး ငုံ့ခံနေပါတယ်ဗျ။ နာမည်နည်းနည်းပါးပါး လူသိလာပြီဆိုရင် ဒီလိုပဲ ကြုံကြရမှာ မဟုတ်လား။ ခင်ဗျားရော အရှင်ပညာစက္ခုဘဝရောက်တုန်း မြသန်းစံဆိုတာကြီးက လိုက်နှောင့်ယှက်လို့ ဟိုရှောင်၊ သည်ပုန်း လုပ်ခဲ့ရတယ် မဟုတ်လား။ အဲဒါ ကိုယ်ခင်းတဲ့ဇာတ်ပဲလေ။ ကိုယ်က နာမည်လိုချင်ခဲ့တာကိုး။ လိုချင်လို့လုပ်၊

လုပ်တော့ရ၊ ရတော့ ဒုက္ခချည်းပဲ မဟုတ်လား''

''စစ်ကိုင်းဘက်မှာ ဆရာတော်ကြီးတစ်ပါး တလောက ပျံလွန်တော်မူသွားတော့ မီးသင်္ဂြိုဟ်လိုက်မှ ဓာတ်တော်တွေကျလို့ ရဟန္တာကြီးမှန်း သိရတယ်တဲ့ဘုရား။ တောထွက်ကြီးလို့ ပြောပါတယ်။ သီတင်းသုံးသွားခဲ့တာကလည်း အကြော်တဲသာသာ တဲကလေးနဲ့ တောစပ်တစ်နေရာမှာတဲ့ဘုရား။ ဘယ်သူမျှလည်း အထင်မကြီးဘူး။ ဆေးဖော်ကြောဖက်လည်း မလုပ်ကြဘူးတဲ့ဘုရား။ အချို့များ (ကန်တော့ပါရဲ့) အရူးကြီးလို့တောင် ထင်ခဲ့ကြတာတဲ့''

''ကောင်းဗျာ၊ တစ်ခါတည်းကို ဝန်ဓာတ်သိမ်းသွားတော့တာ၊ အဲဒါမျိုးဆို ဘယ်လောက်ကောင်းမလဲဗျာ၊ လူသိများခြင်းဟာ အတော့်ကို ဒုက္ခကြီးတာဗျ''

''မှန်ပါတယ်ဘုရား''

ယခုမှတော့ မတတ်နိုင်။ ပြုခဲ့သောကံက ရှိခဲ့ပြီမို့ အကြောင်းဖန်လာတော့လည်း အလိုက်သင့်ရင်ဆိုင်ရတော့မည်ပင်။ ရလာသော အကျိုးအပေါ် ဒိဋ္ဌိမကပ်မိဖို့သာ လိုတော့သည်။ သို့သော်လည်း သမထဟူသော ငြိမ်းအေးသော ဘဝပိုင်ရှင်တို့သည် သမထသုခကိုတော့ ခံစားခွင့်ရလိုသေးသည် မဟုတ်လော။ ကိလေသာအပူတောတို့ ထူပြောရာ လူတောသူတောကို ရှောင်ခွာ၍ သဘာဝတော၏ရင်ခွင်သို့ ခိုလှုံခဲ့ခြင်းသည်ပင်လျှင် သမထသုခနှင့် နေခွင့်ရဖို့ မဟုတ်ပါလား။

ဤသည့်အကြောင်းများကြောင့်ပင် ဆရာအရှင်တစ်ပါးတည်း သမထသုခ ခံစားနိုင်ဖို့ ဆရာအရှင်ထံပါးမှ ကျွန်တော် ဖယ်ခွာခဲ့ရခြင်းပင်တည်း။ ဆရာအရှင်နှင့် မတွေ့ဖြစ်၊ မဆုံဖြစ်ခဲ့သည့် ငါးနှစ်တာကာလအတွင်း၌ ကျွန်တော် လျှောက်လှမ်းခဲ့ရသော မွေခရီးလမ်းပေါ်မှ အတွေ့အကြုံအဖုံဖုံတို့ကိုလည်း တင်ပြခဲ့ပြီးပြီ။ ဆုံးဖြတ်ရန်ခက်ခဲသည့် သတိဉာဏ်ပိုင်းဆိုင်ရာ ဉာဏ်အနုအရင့် အဆင့်ဆင့်တို့၏ သဘောသဘာဝအပေါ်၌လည်း မွေသာကစ္ဆာလုပ်၍ အဖြေထုတ်ခဲ့ပြီးပြီ။ ရှေ့ဆက်၍ ကိုယ့်တရား ကိုယ်ရှာ၊ သပ္ပါယမျှရာ နေရာ၌ နေ၍ အမြဲတစေ ကိုယ့်ခန္ဓာအပေါ် ဉာဏ်စိုက် နေဖို့ပဲ





လိုတော့သည်။

ရင်တွင်းအောင်း မွေများကို ဖွင့်ဟထုတ်အံလိုက်ရသည့်အတွက်လည်း ရင်ပေါ့သွားသည်သို့ ရှိသည်။သည်တော့ ကိုယ့်လမ်း ကိုယ်လျှောက်ရုံမှတစ်ပါး အခြားမရှိပြီ။ ကျေးဇူးရှင်ကြီးနှင့်မှအတူ လက်တွဲ၍ နိဗ္ဗာန်ဝင်ချင်လို့ပါဆို၍လည်း မရ။ဆရာတပည့်မို့ ပြိုင်တူနိဗ္ဗာန်နန်း စံမြန်းချင်လို့ပါဆို၍လည်း မရ။ ကိုယ့်ကိလေသာဓာတ် ကိုယ့်ဘာသာကိုယ် ဖြတ်ရပေမည်။ ကိုယ့်သံသရာ ကိုယ်ဘာသာကိုယ် ဖယ်ခွာတတ်ရမည်။ ကိုယ့်စိတ်အနား မခွဲမခွာ အမြဲပါနေသော တဏှာ၊ အဝိဇ္ဇာတို့ကို ခန္ဓာမှာ ဉာဏ်လွှာ၍ ကြည့်တတ်ရမည်။ ပြီးတော့ အဝိဇ္ဇာ၊ တဏှာတို့နှင့် ထာဝရကျော့ခိုင်းခွဲခွာနိုင်ဖို့ သတိ၏ အရှိန်အဟုန်ကို မြှင့်တင်ရမည်။ သို့မှသာ ခန္ဓာဓာတ်သိမ်း ဒုက္ခငြိမ်း၍ အေးငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့ ခိုဝင်နိုင်ပေမည်။

မဟာမျူဟာလမ်းဆုံပေါ်သို့ သစ်လုံးကားကြီးများ ရောက်ရှိလာပြီဖြစ်သည်။ ဘယ်ဘက်သွားလျှင် မုံရွာ–မန္တလေးသို့ ရောက်မည်။ သစ်လုံးကားကြီးများသည် ညာဘက်သို့ ချိုးချလိုက်ကြသည်။ သည်ဘက်တွင် သစ်လုံးတွေ စုပုံချဖို့ မောက်ကတော်ဆိပ် ရှိနေသည်။ အောင်ချမ်းသာစခန်းမှ တစ်ဆင့်သွားရပေမည်။ လမ်းဆုံမှနေ၍ အောင်ချမ်းသာသို့ သိပ်မဝေးလိုက်ရ။ (၁၀)မိနစ်လောက်ကြာတော့ ရောက်ပြီ။ မီးရောင်တွေ လင်းထိန်နေသော ရပ်ကွက်ကြီးတစ်ခုထဲသို့ မောင်းဝင်လာသည်နှင့် တူနေတော့သည်။

လမ်းဘေး ဘယ်ညာတစ်လျှောက် အိမ်ဆိုင်များဖြစ်သည်။ စားသောက်ဆိုင်တွေ များ၏။ စက်သုံးဆီရောင်းသည့် ဆိုင်တွေများလှ၏။ ကာရာအိုကေသီချင်းဆိုခန်းတွေလည်း ရှိ၏။ ကားဘီးလေထိုးဆိုင်၊ ကားအောက်ပိုင်းပြင်ဆိုင် စုံလှ၏။ ယာဉ်ရပ်နားစခန်းကြီးလို ဖြစ်သဖြင့် ကားဝပ်ရှော့တွေလည်း များလှသည်။ ကျွန်တော် စီးလာသောကားကြီးသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ထိုးရပ်လိုက်၏။

''ကဲ ..အစ်ကိုရေ၊ ခဏနားဦး။ ကျွန်တော့်ကားကတော့ ဆက်ထွက်ဖြစ်မှာ မဟုတ်တော့ဘူး။ ရုပ်ကျိုးနေလို့ ပြင်ရဦးမှာ။ ကြုံမယ့်ကား တစ်စီးနဲ့ ကျွန်တော်ပြောပြီး အစ်ကို့ကို တင်ပေးလိုက်ပါမယ်''

''အေးကွာ၊ ရပါတယ်''

ပစ္စည်းတွေချပြီး ဆိုင်အတွင်း၌ ဝင်ထိုင်လိုက်ရ၏။ အအေး တစ်ဘူး မှာသောက်ရင်း ကားကြုံကို စောင့်နေရ၏။ ညောင်းသောအခါ ဆိုင်အပြင်ဘက်ထွက်၍ လမ်းလျှောက်ရင်းမှ ဆရာအရှင်ရှိရာ မဟာမြိုင်တောကြီးဘက်ဆီသို့ မှန်းရော်ကြည့်မိ၏။

မဟာမြိုင်တောကြီးသည် ယခုအချိန်ဆိုလျှင် မှောင်ပိန်းနေပေမည်။ ယခုအခါ၌ပင် လဆန်းရက်ပိုင်းဖြစ်သဖြင့် ညသန်းခေါင်ကျော်လျှင် လရောင်က ထိန်ထိန်သာတတ်၏။ သို့သော်လည်း သစ်ပင်ကြီးတွေ ပိန်းပိတ်အုပ်ဆိုင်းနေသဖြင့် များသောအားဖြင့် အမှောင်ထုကသာ ကြီးစိုးလေသည်။ ညပိုင်းရောက်လျှင်တော့ ပျားတွေ တဝီဝီပျံဝဲသည့်အသံကို မကြားရတော့။ ပုစဉ်းရင်ကွဲတို့ အော်သံတွေသာ တောလုံးအနှံ့ ဆူညံမြည်ဟီးနေတတ်၏။ တောနေတိရစ္ဆာန်တို့၏ သဘာဝအော်မြည်သံတို့ကို ပယ်ရှားလိုက်လျှင် တော၏ တိတ်ဆိတ်မှုသည်ကား ကြီးစိုးနေသည်သို့ ရှိ၏။ စိတ်မငြိမ်သူတို့အတွက်မူ တိတ်ဆိတ်ခြင်းသည် အကြောက်တရားကို ဖိတ်ခေါ်နေသည့်နှယ်။

လူတို့နှင့် အတူတွဲနေသော ကိလေသာအပူငွေ့တို့ ဝေးရာသို့ ရှောင်ဖယ်ထွက်ခွာလာသော သမာဓိရှင်၊ သတိရှင်၊ သိက္ခာရှင်တို့သည်ကား တော၏တိတ်ဆိတ်ခြင်းကို အနှစ်သက်ဆုံး ဖြစ်ပေလိမ့်မည်။ အကာလည၏ တိတ်ဆိတ်မှု၊ တော၏ ဆိတ်ငြိမ်မှု၊ လူသူအနှောင့်အယှက်တို့၏ ကင်းဝေးမှုကို အဖော်ပြု၍ အပ္ပမာဒသတိရှင်တို့သည် ညလုံးပေါက်အိပ်စက်ခြင်း မပြုကြတော့။ ဘုရားရှင်၏ အပ္ပမာဒသတိတရားဖြင့် ကိုယ့်ကိုယ်ကို မရပ်မနားဆုံးမကာ ခန္ဓာ၏ အပြစ်တို့ကို တစ်ထစ်ချင်း သိမြင်ဉာဏ်ယှဉ်လျက် ရှိနေပေမည်။

အပ္ပမာဒသတိတရားဖြင့် ပထမအဆင့်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိလေသာကို အနိုင်ရပြီးသောအခါ ဒုတိယနှင့် တတိယအဆင့်တို့တွင် ဒေါသနှင့် ကာမရာဂ ကိလေသာတို့ကို အနိုင်တိုက်ရပြန်သည်။ နောက်ဆုံးတိုက်ပွဲကား အသိမ်မွေ့ဆုံးနှင့် အနက်နဲဆုံးပင်တည်း။ သံသရာတစ်လျှောက် ခန္ဓာ၌ အမြဲဒွန်တွဲပါလာတတ်သော မောဟအဝိဇ္ဇာနှင့် လက်ကျန်တဏှာကို





တိုက်ရခြင်းပင်တည်း။ တဏှာ၏ အမျိုးမျိုးသော ကောက်ကျစ်ယုတ်မာမှုနှင့် အဝိဇ္ဇာ၏ အလစ်အငိုက်ယူ၍ လွှမ်းမိုးခြင်းကို တွန်းလှန်ရခြင်းဟူသည် လွယ်လှသည် မဟုတ်။ ထို့ကြောင့်လည်း တဏှာနှင့်အဝိဇ္ဇာတို့ကို အကျွတ်အလွတ် အနိုင်ယူနိုင်သူ သာသနာ့သူရဲကောင်းတွေ ရှားမှရှား ဖြစ်လာရခြင်းပင်တည်း။

အစစ်တို့နည်းပါးလာသောအခါ အတုတွေက နေရာယူလွှမ်းမိုးလာတတ်စမြဲ။ စကားလုံးသတ်မှတ်ချက်ဖြင့် အထင်ခံရတတ်စမြဲ။ မာနမကင်းသူတို့ကလည်း ထိုသို့အထင်ခံရခြင်းကိုပင် ကျေနပ်ကြစမြဲ။ ယုတ်စွအဆုံး ထင်ရအောင် တမင်လုပ်ပြ၊ ပြောပြကြသူတွေပင် ရှိလာကြစမြဲ။ အတုတွေကို အစစ်ထင်ကြသည်မှာလည်း သဒ္ဓါနှင့် ဘယာကို နေရာအပေးမှားသူတို့၌ ကြုံကြရစမြဲ။ ကိုယ့်ဘက်ကလည်း သူ့ထံက အမျှော်၊ သူ့ဘက်ကလည်း ကိုယ့်ဘက်ကိုလှမ်းအမျှော်နှင့် နှစ်ဖက်အမျှော်တို့ကြောင့်ပင် အတုကို အစစ်ထင်၊ အတုကလည်း မိမိကိုယ်မိမိ အစစ်ဟု ထင်ရုံမက မြင်လာ၊ ထိုအခါ ဆရာမှား၍ သံသရာမှောက်လေတော့သည်။

''ဦးမြသန်းစံကြီးရေ ဘာတွေ ရနေပြီ၊ ဘယ်လောက်ရောက်နေပြီလို့ ကိုယ့်ကိုယ်ကို ဘယ်တော့မှ နှုတ်ခမ်းမသိမ်းလိုက်ပါနဲ့ဗျ။ အမှန်တကယ် သိခဲ့ရင်လည်း၊ အမှန်တကယ်မြင်ခဲ့ရင်လည်း သိခဲ့သမျှ မြင်ခဲ့သမျှအပေါ် အပြစ်မြင်လိုက်ဗျာ။ အပြစ်မမြင်ရင် ချစ်ခင်မိပြီးတဲ့နောက် အဲဒါလေးနဲ့ပဲ သံယောဇဉ်တွယ်နေပြန်ရင် ရှေ့ဆက်မတက်တော့ဘူးဗျ။ နိဗ္ဗာန်ကို အပြီးတိုင် ခိုလှုံခွင့် မရမချင်း ဘယ်တော့မှ မငြိမ်းသေးဘူးဗျ။ အဲဒီ နိဗ္ဗာန်သည်သာ ဘုရား၊ ရဟန္တာတို့ အမြဲနေရာ မဟုတ်လားဗျာ။ အမြဲ မျက်မှောက်ပြုရာ မဟုတ်လားဗျာ။ သည်တော့ ကြားအဆင့် ကြားဘူတာ ဘယ်နေရာ ရောက်ရောက် သာယာမနေနဲ့ဗျာ။ ငါ့မှာ ကိစ္စတွေပြီးအောင် မဆောင်ရွက်ရသေးဘူး။ ငါလုပ်စရာ ကျန်သေးတယ်။ ခန္ဓာဇာတ် အပြီးတိုင် ချုပ်ငြိမ်းတဲ့ နိဗ္ဗာန် လက်မှတ် ငါမရသေးဘူးလို့သာ ကိုယ့်ကိုယ်ကို တွန်းအားပေးဗျ။ နို့မို့ရင် ခင်ဗျားက စစ်သားဖြစ်ခဲ့တဲ့လူမို့၊ စစ်မြေပြင်ဥပမာနဲ့ပဲ ပြောရဦးမယ်။ ရန်သူ့တပ်မကြီးကို ကျောပေးပြီး ထမင်းထိုင်စားနေတာနဲ့ မတူဘူးလားဗျာ။

ဟိုမှာ ခင်ဗျားကိုယ်ထဲက ကိလေသာရန်သူတွေက မကုန်သေးဘူး။ဒါတွေက ခင်ဗျားကို နည်းအမျိုးမျိုးနဲ့ တိုက်ကြ၊ ခိုက်ကြဦးမှာ။ ရွာသိမ်းတိုက်ပွဲပြီးရင်၊ မြို့သိမ်းတိုက်ပွဲ မြို့သိမ်းတိုက်ပွဲပြီးရင်၊ ခရိုင်သိမ်းတိုက်ပွဲ တစ်ဆင့်ပြီးတစ်ဆင့် ပိုခက်လာလိမ့်မယ်ဗျာ။နောက်ဆုံး မြို့တော်သိမ်းတိုက်ပွဲဆိုရင် ဘယ်လောက် ခက်လိမ့်မလဲ။ ရေကြောင်းအကူ၊ လေကြောင်းအကူ၊ လူလက်နက်၊ ပစ္စည်း။ ရိက္ခာတွေ ဘယ်လောက်လိုမလဲ။ ဘယ်လောက်ကြီးကျယ်လာမလဲ။ စစ်နည်း ဗျူဟာပိုင်းမှာရော ဘယ်လောက် သိမ်မွေ့လာမလဲ။ တိုက်ပွဲကလည်း ဘယ် လောက်ပြင်းထန်လိုက်မလဲ။ အဲဒါကိုသာ တွက်ကြည့်ပေတော့။ ဒါကြောင့်မို့ ရပြီးသားလေးကိုပဲ လက်ဆောင်ရတဲ့ဓာတ်ပုံလေးကို ခဏခဏ ထုတ် ကြည့်ပြီး ပီတိဖြစ်နေရင် ရန်သူတွေ အများကြီးဝိုင်းနေတဲ့အထဲမှာ အိုးစည် ဗုံမောင်းတွေနဲ့ ကနေသလို ဖြစ်နေမယ်။ ရန်သူတပ်မကြီးကို ကျောခိုင်းပြီး အေးအေးဆေးဆေး ထမင်းထိုင်စားနေသလို ဖြစ်နေမယ် ဟုတ်ဗျာ''

အတုနှင့်အစစ်ဟူသည် ဤနေရာ၌ပင် အနှစ်သာရကွဲပြားပြီတည်း။ ဆရာအစစ်ဟူသည် နောက်ဆုံးခရီးပန်းတိုင် မရောက်မချင်း တပည့်ဖြစ်သူကို တွန်းအားပေး ဆွဲခေါ်တတ်ကြစမြဲ။ ကိလေသာရန်သူတွေနှင့် လုံးလား ထွေးလားဖြစ်နေရမည့် တပည့်ဖြစ်သူကို မကြည့်ရက်ကြစမြဲ။ ထို့ကြောင့်ပင် လျှင် ကရုဏာရှေ့ထား၍ ဟောကြားဆုံးမ လမ်းပြကြစမြဲ။ ဤသည့် အတွက် ကျွန်တော်သည် 'ဆရာအရှင်'ဟူ၍ ရင်ထဲ၌ဖြစ်တည်လာသော အဓိပ္ပါယ် တို့ဖြင့် ပညတ်တန်းတင်လျက် တင်စားခေါ်ဝေါ်သုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် ကျွန်တော်၏ ဘဝအမြင်တို့ ပြောင်းလဲခဲ့ရသည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် ကျွန်တော်သည် သတိပဋ္ဌာန် တရားအရိပ်၌ ခွေးသိပ်ခိုလှုံဖြစ်ခဲ့သည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် လောကဓံတရားတို့၏ ထိုးနှက်မှုကြောင့် ခံခက်နာကျင်ခဲ့သည့် အကြားမှပင် ခံနိုင်ရည်ရှိရှိဖြင့် ခံနိုင် လာခဲ့သည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် ကိုယ့်အပေါ် အပြစ်မြင်





သူတို့ အပေါ်၌ပင် ချစ်ခင်စိတ် မွေးလာနိုင်ခဲ့သည်။ ချစ်ခင်ရာမှပင် ကျေးဇူးပင် တင်တတ်လာခဲ့သည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် အားလုံးကို ကျေးဇူးရှင်အဖြစ် ရှုမြင်တတ်လာခဲ့သည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် 'ဥပေက္ခာအဝန်းအဝိုင်း' အတွင်း၌ နေတတ်လာခဲ့သည်။

'ဆရာအရှင်'၏ အဆုံးအမကြောင့်ပင် . . . . . ။

ကျွန်တော့်အပေါ်၌ တင်ရှိနေသော ဆရာအရှင်၏ ကျေးဇူးတရား များကို ဆက်၍ ရေးဖွဲ့လျှင် ကုန်နိုင်အံ့မထင်။

၁၉၉၆–ခုနှစ်၊ မိုင်းပြင်းတောင်ပေါ်၌ ဆရာအရှင်နှင့် စ၍တွေ့။ ၁၉၉၇၊ ၁၉၉၈–ခုနှစ်တွင် နတ်တလူတရားစခန်း၌ ဆရာအရှင်ထံမှ ဓမ္မဆိုင်ရာ အသိအမြင်များ အနီးကပ်အဆုံးအမခံ။ (၁၀)ရက်တစ်ကြိမ်၊ (၁၂)ရက်တစ်ကြိမ်၊ လောကီ လောကုတ္တရာအဖြာဖြာ ဆရာအရှင်ကြုံခဲ့ လေသမျှ သိခွင့်ရခဲ့။ သည့်နောက် ၁၉၉၈–ခုနှစ်နောက်ပိုင်း ဆရာအရှင် ပုံတောင် ပုံညာတောသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ပြီးနောက် မဆုံဖြစ်တော့။ သည်ကာလအတောအတွင်း ကျွန်တော် ဝန်ထမ်းလောက၊ အနုပညာ လောကတို့မှ အနားယူ။ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်မှန်သမျှ နောက်လှည့်မကြည့်။ သံသရာမှာ တစ်ခါတစ်ရံမျှပင် မရခဲ့ဖူးသေးသည့် အငြိမ်းဓာတ်ဆီသို့သာ တစ်ခုတည်းသော အဓိပတိအာရုံအဖြစ် ဦးတည်၊ လမ်းရှာ လမ်းဖောက်ရင်းမှ လမ်းမကောက်စေဖို့ နီးစပ်ရာ ဆရာအရှင်အသီးသီး၏ အဆုံးအမခံယူ၍ ကြိုးစားအားထုတ်။ လူမှုတာဝန်ဘက် မကျေပွန်သူဟု သတ်မှတ်လိုက သတ်မှတ်စေဦးတော့။ အငြိမ်းဓာတ်၌ ဥာဏ်မကပ်နိုင်သေးသရွေ့ တစ်လက်မ မျှ နောက်မဆုတ်ခဲ့။

ငါ၏ ဦးခေါင်းတို့သည် သွေးချင်းချင်းနီရဲနေပြီ၊ သို့သော် ညွတ်ကား မညွတ်ဆိုသည့် အဆိုကို နှလုံးသွင်း၊ နောင်ရိုးတိုက်ပွဲစိတ်ဓာတ်မျိုးဖြင့် ကိုယ်တွင်းကိလေသာတို့နှင့် စီးချင်းထိုး . . ။ ထိုအခါ . . . ။

''ခုန ကားကြုံလိုက်လာတဲ့အစ်ကို ဘယ်ရောက်နေသလဲ။ ဒီမှာ

မောက်ကတော်ဆိပ်ကို ကားထွက်တော့မယ်''

ယာဉ်မောင်းလူငယ်အော်သံကို ကြားရသဖြင့် ကျွန်တော့် အတွေးစတို့ ပြတ်သွားရသည်။ ကျွန်တော်သည် ဆိုင်နံဘေး အမှောင်ရိပ်ထဲတွင် လမ်းလျှောက်နေသဖြင့် သူတို့က ကျွန်တော့်ကို မမြင်။ ကျွန်တော်က အသံပြုရင်းမှ ဆိုင်ရှေ့ မီးအလင်းရောင်အောက်သို့ လျှောက်ဝင်ခဲ့မိသည်။

''မောက်ကတော်ဆိပ်ကို ထွက်တော့မှာလား။ ဘယ်ကားထွက်မှာလဲ''

''အဲဒီကားပဲ အစ်ကို''

ကျွန်တော် လှမ်းကြည့်လိုက်တော့ တောစခန်းမှ စထွက်ခါစက ကားဘီးဖြုတ်လဲခဲ့ရသော ကားဖြစ်နေသည်။ ယာဉ်မောင်းကြီးက ကျွန်တော်နှင့် မျက်မှန်းတန်းမိနေပြီ။

''ကဲ . . ဆရာ၊ ကျွန်တော့်ကားနဲ့သွားမယ်၊ ဒီမှာ ကားလည်း ပြင်ပြီးပြီ။ ဆရာ့အထုပ်တွေသာ ယူခဲ့ပေတော့''

ကျွန်တော့် ခရီးဆောင်အိတ်တို့ကို တင်ပြီးသည်နှင့် ကားကြီးသည် အောင်ချမ်းသာစခန်းမှ စထွက်တော့သည်။အောင်ချမ်းသာမှ မောက်ကတော်ဆိပ်သို့ သွားသောလမ်းသည်လည်း သစ်ဆွဲလမ်းပင်။ ကျောက်လမ်း၊ ကတ္တရာလမ်းတွေ မရှိ။ မိုးရွာထားသဖြင့် အချို့နေရာများ၌ ဗွက်အိုင်များ ရှိနေသည်။ လမ်းကျဉ်းသဖြင့်လည်း ထိန်းမောင်းနေရသည်။

သည်တစ်ခါတော့ ကားကြီးမှာ သစ်လုံးကိုးလုံးတင်ထားသဖြင့် အထ၊ အသွားနှေးနေလေပြီ။မဟာမြိုင်တောမှ ထွက်လာသကဲ့သို့ လေးလုံးတင် ဝန်ပေါ့မဟုတ်တော့။ တဂဲဂဲအော်သံနှင့် တောထဲကို ဖြတ်ရပြန်ပြီ။ အောင်ချမ်းသာမှထွက်တော့ ည(၁၀)နာရီပင် ထိုးတော့မည်။လမ်း၌ သစ်လုံးများ ပုံထားသည်ကိုလည်း တွေ့ရတတ်၏။ သစ်ကားများ အစီအရီ ရပ်နားနေသည့် စခန်းအချို့ကိုလည်း တွေ့ရ၏။ အချို့စခန်းများမှာ ရွာငယ်ကလေးများနှင့်ပင် တူနေတော့သည်။ မီးစက်ကလေးများ၏ အကူအညီဖြင့် မီးချောင်းတွေ လင်းထိန်နေ၏။ သစ်လုပ်သားတို့အတွက် အပန်းဖြေ ဗွီစီဒီ၊ ကာရာအိုကေ သီချင်းဆိုခန်းတွေလည်း ဖွင့်ထား၏။ ဗွီစီဒီကာရာအိုကေ





ရေစီးကြောင်းသည် တောချုံအုံကြားထဲသို့ပင်ထိုးဖောက်ဝင်ရောက်နေလေပြီ။

'မောက်ကတော်'ဆိပ်သွားရာ သစ်ဆွဲလမ်းတစ်လျှောက် တစ်မိုင်ကွာ၊ နှစ်မိုင်ကွာတိုင်း၌ ကာရာအိုကေဆိုင်တွေ ရှိ၏။ အပူအအေး ဖျော်ရည်မျိုးစုံနှင့်တွဲလျက် ဘီယာ၊ အရက်၊ အမြည်း စားသောက်ဆိုင်ကလေးတွေလည်း ရှိ၏။ဘီယာသောက်သူသောက်၊ အရက်နှင့်အမြည်းဖြင့် အပန်းဖြေသူဖြေ၊ ကာရာအိုကေဆိုင်များ၌ ကိုယ်ရရာသီချင်းလေးတွေကို တစ်ပုဒ် ငါးဆယ်ပေး၍ ဆိုသူတို့ တီးလုံးနှင့်တွဲထွက်လာသော ကိုယ့်အသံ ကိုယ်ကြား၍ ပီတိဖြစ်သူဖြစ်နှင့် တောလမ်းခရီးသည် ကားသံ၊ လူသံ၊ သီချင်းသံတို့ဖြင့် ဆူညံ နေတော့၏။ သည်လမ်းခရီးသည် မြို့ပြနှင့်နီး၍ စည်ကားနေပုံပင်။ မဟာမြိုင်တောကြီးအတွင်းမှ ထွက်လာခဲ့သော လမ်းတစ်လျှောက်နှင့် ကွာခြားလှပါဘိ။

အားလုံးသည် ကိုယ့်ကိလေသာကို ကိုယ်အစာကျွေးနေကြသည့်နှယ်။လူသာ အိပ်ချင်အိပ်မည်။ ဘယ်တော့မှ မအိပ်သော ကိလေသာ။လူသာ ရပ်ချင်ရပ်မည်၊ ဘယ်တော့မှ မရပ်သော ကိလေသာ။လူသာ နားချင်နားမည်၊ ဘယ်တော့မှ မနားသော ကိလေသာ။ ကိလေသာအာသဝေါတရားတို့ ယိုစီးခြင်းကား သန္တိသုခ အငြိမ်းဓာတ်၌ အပြီးတိုင် ခိုလှုံမှပင် ရပ်နားချုပ်ငြိမ်းသွားပေလိမ့်မည်။

ဆရာအရှင်၏ အဆုံးအမတစ်ခုကို ကြားယောင်မိပြန်ပါသည်–

''ကိလေသာဝန်ထုပ်ကလည်း ဘယ့်နှယ်တုံး။ စိတ်ထဲမှာ တော်နေကြိုက်တာတွေ တွေးလိုက်၊ တော်နေရင် မကြိုက်တာတွေ တွေးလိုက်၊ တို့မသိတာတွေ တွေးလိုက်၊ တစ်ခါတလေ ငေးနေလိုက်နဲ့ ကိလေသာစိတ်နဲ့ ကင်းတာ ဘယ်နှခါ ရှိတုံးဗျာ''

''မရှိပါဘူးဘုရား''

''စိတ်နဲ့ကိလေသာ၊ ကိလေသာနဲ့စိတ်ဟာ အမြဲတမ်းတွဲနေတာထင်တယ်။ အဲဒီတော့ စိတ်ငြိမ်နေရင် ကိလေသာ ဝပ်နေတာပဲ။ စိတ်သွားရင် ကိလေသာလည်း လိုက်နေတာပဲ။ စိတ်က အတွေးနဲ့ ပြန့်နေရင် ကိလေသာလည်း ပြန့်မှာပဲ။ စိတ်က တစ်ခုတည်းအပေါ်ကို ချိတ်ချတ်ဖြစ်နေရင်

တို့ ကိလေသာလည်း အဲဒီအပေါ်မှာ ချိတုံချတုံရှိနေမှာပဲ။ ကိလေသာဝန်ထုပ်ကြီးထမ်းနေရတာ တို့ ဘယ်တော့မှ မချရဘူး။ အဲဒါ စိတ်ထဲမှာထမ်းနေရတယ်။ အိပ်တာတောင် မနားရဘူးဗျာ။ မောဟစိတ်နဲ့အိပ်တာထင်တယ်ဗျာ''

''မှန်ပါ့ဘုရား''

''မောဟဝန်ထုပ်ကြီး ထမ်းရတယ်ဗျာ။ အိပ်တာတောင် မောဟစိတ်နဲ့ အိပ်တာ။ ဒီကြားထဲ အိပ်မက်ကလေးနဲ့ လောဘ၊ ဒေါသစိတ်တွေလာဦးမှာပေါ့လေ။ မကောင်းပါဘူးဗျာ၊ တို့ ကိလေသာဝန်ထုပ်ကလည်း တို့အမြဲတမ်း ထမ်းထားရတယ်။ ဘယ်ဘဝရောက်ရောက် မနားရဘူးဗျာ။ အဲဒီကိလေသာဝန်ထုပ်ကြီး ထမ်းနေရတာကိုရော ဒုက္ခလို့ထင်မလား''

''မထင်ကြပါဘူးဘုရား''

''ကဲ . . ဘယ်လိုလုပ် ဒုက္ခကနေ လွတ်အောင်လုပ်မလဲ။ ဒါဝန်ထုပ်တစ်ထုပ်၊ ပြီးတော့ ကာမဝန်ထုပ်ပဲ။ တို့ တွေးမှု မျှော်မှု၊ ကြံမှုလေ။ အဲ ကာမဝန်ထုပ်ရော တို့ဘယ်အချိန်နားရသလဲ''

''မနားရပါဘုရား''

ရပ်နားခြင်း မရှိနိုင်သော ကိလေသာတို့၏ သဘာဝကို ဆရာအရှင်သည် တပည့်ဒကာတို့အား ကြုံကြိုက်သည့် အခါတိုင်း ဟောပြောဆုံးမဩွန်ပြပေးတတ်လေသည်။ သည်တရား၊ သည်စကားတို့သည် ကျွန်တော့်နှလုံးအိမ်တွင် ခိုတွဲ၍ တိပ်ခွေတစ်ခွေကို ပြန်ရစ်၍ အထပ်ထပ်ပြန်ဖွင့်နေသည့်အလား။ မကြာခဏ ကြားယောင်နေသော်လည်း တစ်ဆင့်ပြန်ပြောစရာ ပတ်ဝန်းကျင်က မရှိသည့်နှယ် ရှားပါးလှသည်။ ထို့ကြောင့်ပင်သာမန်လူမှုဘဝ ပတ်ဝန်းကျင်၌ 'နေကောင်းလား' 'မတွေ့တာကြာပြီနော်' 'ဘာတွေလုပ်နေလဲ' 'ဘယ်တုန်းက ဘယ်ကို သွားသေးတယ်ဆို' 'ဝလာတယ်နော်' 'ပိန်သွားတယ်နော်''အဆင်ပြေရဲ့လား''ကလေးတွေ ဘယ်နှတန်းရောက်ပြီလဲ' စသည့် ပဋိသန္ဓာရစကားများနှင့်သာ တစ်နေ့ပြီး တစ်နေ့ကုန်သွားကြရစမြဲ။

တွေ့နေကျလူ၊ လုပ်နေကျအလုပ်၊ သွားနေကျလမ်း၊ ပြောနေကျ





စကားတို့ဖြင့်သာ ထွေးလုံးရစ်ပတ်လျက် အသိဉာဏ်တို့သည်လည်း ရုန်းရုန်းရရ ထိုးဖောက်၍ထွက်မလာ။ ဤသည်မှာ မမေ့မလျော့၊ မပေါ့မဆသော အပ္ပမာဒသတိကို အခြေခံ၍ သတိဉာဏ်တည်ဆောက်ခဲ့သည့် အလေ့အကျင့်ကို မထူထောင်ဖြစ်ခဲ့၍လည်း ဤသို့ ဤနှယ် ချာချာလည်နေကြရခြင်းပါပေ။

မောက်ကတော်ဆိပ်ကမ်းသို့ မရောက်မီ ခြောက်မိုင်ခန့်အလိုစားသောက်ဆိုင်တဲကလေး၌ ခဏနားကြရပါသည်။ ညတစ်နာရီခွဲနေပြီ။ နောက်တစ်နေ့၏အစဟု ဆိုရပေမည်။

''ဒီမှာပဲ ခဏနားကြရအောင်၊ ဆက်သွားရင် မောက်ကတော်ဆိပ်ကို မနက်သုံးနာရီလောက် ရောက်သွားရင် မှောင်ကြီးမည်းမည်းနဲ့၊ အိပ်စရာ၊ နားစရာ နေရာမရှိနဲ့ ဆရာ ဒုက္ခရောက်နေဦးမယ်။ ကျွန်တော်တစ်ယောက်တည်းဆိုရင်တော့ မောက်ကတော်ဆိပ် သစ်လုံးသွားချပြီးတာနဲ့ အောင်ချမ်းသာကို ဝန်ပေါ့ပြီးပြန်မောင်း။ မနက် ဝေလီဝေလင်းဆိုရင် အောင်ချမ်းသာပြန်ရောက်၊ ခဏနားပြီးရင် မဟာမြိုင်ကို ပြန်တက်ရင်ရပြီ''

ယာဉ်မောင်းကြီးက သူ့ အစီအစဉ်ကို ရှင်းပြနေသည်။ ကျွန်တော့်ကိုငဲ့သဖြင့်လည်း ကျေးဇူးတင်ရပါသည်။ သို့နှင့် ဈေးဆိုင်အတွင်းခန်း ဝါးကြမ်းခင်းလေးပေါ်၌(၂)နာရီခန့် ခါးဆန့်ကျောဆန့်ကြရသည်။အိပ်၍ကား မပျော်ပါ။ လမင်းကြီးက ထိန်ထိန်သာနေပြီဖြစ်၏။ ဘုရားဂုဏ်တော်နှင့် ဉာဏ်တော်ပွားများရင်းကပင် မေတ္တာပို့ အမျှဝေ၍ ထိသိသတိတို့ဖြင့် လျောင်းလျက်ဣရိယာပုတ်ဖြင့် ရှုမှတ်နေလိုက်မိသည်။

နံနက် (၃)နာရီခွဲလျှင် ကျွန်တော့်ကို နှိုးပါဆရာဟု ပြောထားသဖြင့်ကျွန်တော်ကပင် ယာဉ်မောင်းကြီးကို သွားနှိုးရသည်။ သူသည် ကားခေါင်းခန်းတွင် စိတ်ချလက်ချ အိပ်မောကျလျက် ရှိနေလေပြီ။ ဟောက်သံသဲ့သဲ့ပင်ထွက်နေသေးတော့သည်။ အသက်က ကြီးလှပြီ။ တောတွင်းသစ်ထုတ်လုပ်ရေး ကားမောင်းသည့် ပင်ပန်းမှုဒဏ်က ဖိစီးထားသဖြင့် နွမ်းနယ် နုံးချည့်ခဲ့သမျှကို အားပြန်ဖြည့်နေခြင်းနှင့် တူလှ၏။

''ဆရာကြီး။ ၃–နာရီခွဲပြီဗျ''

နှစ်ခွန်း၊ သုံးခွန်းခန့် နှိုးလိုက်ရသည်။ ယာဉ်မောင်းကြီးသည်

နိုးသည်နှင့် ကိုယ်ကို ရှန်းထလျက် စတီယာရင်ကို တန်းကိုင်လေသည်။ ကျွန်တော် ကားပေါ်ရောက်သည်နှင့် သူ ကားစက်နှိုးတော့သည်။ ကားမီးကြီးထိုး၍ မောင်းထွက်လာခဲ့သည်။ မောက်ကတော်ဆိပ်သို့ ရောက်သောအခါ ဖောင်ဖွဲ့ရန် သစ်လုံးကြီးတွေ အစီအရီပုံထားသည်ကို တွေ့ရ၏။ သစ်လုံးတွေ အစစ်ဆေးခံပြီးတော့ နံနက် (၅)နာရီခွဲပေပြီ။ သစ်လုံးတွေ ကားပေါ်မှ ဖြုတ်ချခါနီး၌ ယာဉ်မောင်းကြီးက ကျွန်တော့်အား သတိပေး၏။

''ဆရာ အောက်မဆင်းနဲ့တော့၊ ကားခေါင်းမှာပဲ ထိုင်ပြီး သေသေချာချာကိုင်ထား၊ တဝုန်းဝုန်းနဲ့ သစ်လုံးတွေ ကျလိမ့်မယ်''

သံကြိုးဖြေ၍ သစ်လုံးတွေ ဖြုတ်ချပြီးသောအခါ ကားကြီးသည် တကယ့်ကို ဝန်ပေါ့ကားကြီး ဖြစ်သွားပေပြီ။ ယာဉ်မောင်းကြီးက မောက်ကတော်ဆိပ်ကမ်းသို့ ကျွန်တော့်ကို တကူးတက လိုက်ပို့ပေးပါသည်။ မောက်ကတော်ဆိပ်ကမ်းနှင့် သစ်လုံး စခန်းကား အတန်ငယ်ဝေးသေး၏။ မောက်ကတော်ရွာထဲကို ဖြတ်သွားရ၏။ ဆိပ်ကမ်းရောက်တော့ နံနက်(၆)နာရီထိုးပြီ။ နံနက် (၇)နာရီကျော်လျှင် ဒေသအခေါ် ''အမြန်ယာဉ်''သည် ကလေးဝမှနေ၍ ချင်းတွင်းမြစ်အတိုင်း စုန်ဆင်းလာပေမည်။

''ကဲ . . ဆရာရေ သွားမယ်ဗျို့''

ယာဉ်မောင်းကြီးသည် ကျွန်တော့်ကို နှုတ်ဆက်၍ မှုန်ရီဖျိုးဖျ အလင်းရောင်ကြားထဲ၌ ထွက်ခွာသွားလေသည်။ ကျွန်တော်က –

''အခုလို တကူးတကလိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ'' ဟူ၍သာ ပြောလိုက်နိုင်တော့သည်။ တစ်ညတာလုံး သစ်လုံးကားကြီးနှင့် တောတွင်းခရီးကြမ်းကြီးကို မရပ်မနားဖြတ်လာခဲ့ရသဖြင့် ကျွန်တော့် ရုပ်ခန္ဓာလည်း အတော်အတန် ပင်ပန်းနွမ်းနယ်နေလေပြီ။ ထိုစဉ်မှာပင် ဆရာအရှင်၏ ဓမ္မအဆုံးအမတွေသည် ကျွန်တော်နားစည်မြှေး၌ ရိုက်ခတ်နားဆိုလာ၏။

''လာလို့ ပြန်ရတာ၊ အိမ်ဆိုတာ ရှိလို့ အိမ်ပြန်ရတာပါဗျ။ အိမ်မရှိတဲ့သူ အိမ်ပြန်စရာ မလိုတော့ပါဘူးဗျ''

ကျွန်တော်သည် ဖွဲ့စည်းဆောက်တည်ထားခဲ့ပြီးဖြစ်သော မိသားစုရှိရာအိမ်သို့ ပြန်ရပေဦးမည်။ သံယောဇဉ်အနှောင်အဖွဲ့ သမုဒယသစ္စာတို့၏





နှိပ်စက်၌ နှောင်အခါ မနစ်မကျွံမိစေဖို့ အပ္ပမာဒသတိတရားကို လက်ကိုင်ထား၍ ကြိုးစားသွားရပေဦးမည်။ အိမ်မရှိ၍ ပြန်စရာမလိုတော့သော ဆရာအရှင် အဖို့ ယခုအချိန်ဆိုလျှင် မဟာမြိုင်တောကြီးအတွင်း အပ္ပမာဒသတိတရားတို့ဖြင့် ဓမ္မ၏အေးမြသောအရိပ်၌ ငြိမ်းချမ်းစွာ ခိုနားလျက် ရှိနေပေမည်။

ကျွန်တော်သည်လည်း ဆက်၍ **'မဝေမှသူ'** စာရင်းဝင်ဖို့ ကြိုးစားရမည်။

သို့မှသာ ဆရာအရှင်နှင့် 'ဝေလေ့တူသူ'ဖြစ်ပေမည်။

ထိုအခါ ဆရာအရှင်၏ ဓမ္မအာရုံနှင့် ထပ်တူထပ်မျှ **'အတွေ့တူ'** မှုကို ခံစားရပေမည်။

ထိုသောအခါ **'အတွေ့တူ'**သူတို့ အချင်းချင်း **'အတူတွေ့'**ကြရပေမည်။

ဆရာအရှင်နှင့် ခွဲခွာလိုက်၊ ပြန်တွေ့လိုက်ဖြင့် ပုဂ္ဂိုလ်ချင်း ဆုံတွေ့မှုမှသည် ဆရာအရှင်နှင့် ဓမ္မဖြင့် အမြဲတစေ ဆုံတွေ့နိုင်ဖို့အတွက် ကျွန်တော့်ဘက်မှ ထပ်လောင်းအားဖြည့် ကြိုးစားရပေဦးတော့မည်။

ဤသည်ကို မဟာမြိုင်တောကြီးအတွင်း၌ သီတင်းသုံးစံပျော်နေသော ''ဆရာအရှင်''သို့မဟုတ် ''ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး''သိနေလောက်ပြီဟု ယုံကြည်မိရင်းမှ ဆရာအရှင်ရှိရာသို့ ရည်မှန်းဖူးမြော် ကြည်ညိုပြီးရှိုက် ကန်တော့လိုက်မိပါတော့သည်။ ။

၁၄-၉-၂၀၀၇

# မြသန်းစံ

## မမေ့သူတို့ ဓလေ့တူ၍
## အတွေ့တူတို့ အတူတွေ့

- အမှုမာခံ သစ္စာတရားကို
  လက်ကိုင်ထားခြင်းဟူသည် မမေ့သူ တို့၏ အရှာတည်း ။
- အမှုမာခံ သစ္စာတရားကို လက်ကိုင်ထားသဖြင့်
  မမေ့သူတို့ အချင်းချင်းသည်
  သစ်ပင်တွေနှင့် တရားအားထုတ်ကျင့်ကြံခြင်းဟူသော
  အလေ့အကျင့် ၌ ဓလေ့တူ ကြလေပြီ ။
- ထိုအခါ အချင်းချင်းသော မိတ်ဆွေသူငယ်ချင်းတို့
  ဖွဲ့စည်းတိုးတက်၍ ဖြစ်ထွန်းလာသောအခါ
  နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်နှင့် ကိုယ်စီကိုယ်စီ
  ထိတွေ့ ခွင့်ရခဲ့ကြလေပြီ ။
- ထို့ကြောင့် မမေ့သူတို့ သည်
  ဓလေ့တူ ရာမှ အတွေ့တူ ခဲ့ကြရလေပြီ ။
  အတွေ့တူ သောအခါ အတွေ့တူ သူတို့ အချင်းချင်း
  အမြဲ အတူတွေ့ ဖြစ်ပေမည် မဟုတ်ပါလော ။
  ထို့ကြောင့် မမေ့သူတို့ ဓလေ့တူသောအခါ
  အတွေ့တူ၍ အတူတွေ့ ကြရလေပြီ ။

